




မှုခင်းစာပေဖြန့်ချိရေး

အမှတ် ၂၊ ၅ လမ်း၊ ဖဆပလ ရပ်ကွက်၊

ကန်တော်ကလေး၊ စာတိုက်၊ ရန်ကုန်။




စာနယ်ဇင်းကြိုတင်ခွင့်ပြု
အတွင်းစာသား— (၀၄၆)
မျက်နှာဖုံး— (၂၉၀)

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ အုပ်ရေ-၃၀၀၀
ဧပြီလ၊ ၁၉၈၂-ခုနှစ်

မျက်နှာဖုံး
ဒီဇိုင်း — ပန်းချီတင့်ထွဏ်း
ဓာတ်ပုံ — နေပေါ်ထွန်း
အဖုံးရိုက် — နန်းသဇင်

ဘလောက်
ဇမ္ဗူတလူ

ထုတ်ဝေသူ
ဦးတင်လှိုင် (၀၉၀၆)
မိုးစန္ဒာစာပေ
၂/၅လမ်း၊ ဖဆပလ၊ ရန်ကုန်

ပုံနှိပ်သူ
ဒေါ်တင်ရီ (၀၂၈၃၉)
နန်းသဇင်ပုံနှိပ်တိုက်
၁၉၆၊ ၃၉-လမ်း၊ ရန်ကုန်
ဖုံး-၇၃၀၂၇


တန်ဖိုး ၇-ကျပ်

မှုးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့်
ရာဇဝတ်မှုများ လျော့နည်း ပပျောက်ရေးသို့

စီစဉ်သော

ချစ်မေတ္တာလိမ်လည်မှုနှင့် ဖြစ်ရပ်ဆန်း

# မှုခင်း

TRUTH IS STRANGER THAN FICTION

စိစဥ်သူ ၄

# စာဖတ်သူသို့

**မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်**
**ရာဇဝတ်မှုများလျော့နည်းပပျောက်ရေးသို့**
ဟူသော ကြွေးကြော်ချက်ကို ဆုတ်ကိုင်လျက် နီလေးမောင်မှုခင်းကိုပြည်သူ့လက်သို့ တင်ဆက်ခဲ့သည်မှာ အုပ် ၃၀ မြောက်ခဲ့ပါပြီ။

ထုတ်ဝေခဲ့ပြီးသည့် စာအုပ်များတွင် ဖြေဖျော်ရေးသာမက အကျိုးပြု စာပေဆောင်းပါးများကိုလည်း ရွေးချယ်ဖော်ပြခဲ့ပါသည်။

ဤစာအုပ်တွင်လည်းစာဖတ်သူတို့၏ လေးစားမှုကိုဖြည့်စွမ်းသောအားဖြင့် ဥပဒေပညာရှင်ကြီးများ၏ ဥပဒေရေးရာဆောင်းပါးများကိုဖော်ပြထားပါသည်။

အချိန်မှီထွက်နိုင်ရေးကို ဦးစားပေးရပါသဖြင့် ပြင်ဆင်မွမ်းမံမှုတွင် စိတ်တိုင်းကျ မဖြစ်သေးကြောင်းကိုလည်း ဝန်ခံပါသည်။

ဆက်လက်ထွက်မည့် စာအုပ်များတွင် ယခုထက်ပို၍ ထူးခြားမြိုင်ဆိုင်မှုနှင့်တင်ဆက်နိုင်ရန် ကြိုးပမ်းပါမည်ဟု အစီရင်ခံအပ်ပါသည်။



နီလေးမောင် စီစဉ်သော ဖြစ်ရပ်ဆန်း မှုခင်း


ရေ နေဆိုတာ ပျောက်စေဆရာကြီးမဟုတ်ဘူးဗျ၊
မောင်သံဒိုင် (၁၀)

လူလိမ်လူညာတို့ရဲ့အထာကို သိမထားဘူးဆိုရင်၊
နီလေးမောင် (၂၀)

ပြန်ပေးမှုကို သတင်းပေးနိုင်ရင် ဆုငွေ ဒေါ်လာ ၁၆ သန်း၊
တက္ကသိုလ် ကျော်မြင့်ဦး (၃၆)

အခင်းဖြစ်ညက လှအေးဟာ သေကာနီး အော်သွားသေးတယ်ကွ
မောင်မောင်နိုင်ဦး ([illegible])

ကလေးစရိတ်ပေးခိုင်းတာ သူ့ကလေးဖြစ်ကြောင်း သေချာလို့ပေါ့၊
ဦးဝင်းမြင့် ([illegible]) (၅၃)

မောင်ရင်တို့ရှာနေတာ ဒီမိသားစုပဲထင်ပါရဲ့၊ ဟုတ်လား၊
[illegible] (၆၃)

မီးရှို့မှုသည် အရေးကြီးသလောက်၊ အမှုစစ်ရင်ဆိုင်ရမည့် ပြဿနာကလည်း၊
သိရိမ့်ချို ဦးလှဘော် (၇၅)

ကန်ထဲမှ ရုတ်တရက်ပေါ်လာသော လူသေအလောင်းကြီးကြောင့်၊
ကျော်ထက်ထွန်း (၉[illegible])

ကျွန်တော့်သဘောကတော့ ရေအဆုံး၊ကုန်းတစက်တဲ့ အဒေါ်ရဲ့၊
ရွှေမြိုင် တင့်မော် (၁၀၂)

ဟော—ခြေရာတွေကတော့ ဆေးခန်းထဲ တန်းဝင်နေတာပါလားဗျို့၊
ပဒုမ္မာ စောမောင် (၁၁၀)

ရှင် ကျွမ်းကိုရိုက်ယင်၊ရှင်သတ်တာလို့ ကျမပုလိပ်ကိုတိုင်မယ်၊
ချောင်းဆုံ အုန်းသွင် (၁၅၀)

သင်သာတရားခံကြီးဖြစ်ယင်၊ ဒီအမှုတွေကို ဘယ်လိုဆုံးဖြတ်မလဲ၊
ဦးအောင်သန်းထွန်း (၁၆၁)

မျက်ခြေမပြတ်စေနဲ့၊ သတိထား၊ ဒီကောင်တွေ အကြံရှိပုံရတယ်၊
နေလင်းထွန်း (၁၆၈)

လူများတော့၊ ပြဿနာများ၊ပြဿနာများတော့၊အမှုများပေတာပေါ့၊
ကောက်လှိုင်း (၁၀၂)

ဖတ်စရာ၊ မှတ်စရာ၊ ဗဟုသုတ ရယူစရာတွေနှင့်အတူ၊

## ခေတ်ပေါ် ထောက်လှမ်းရေး စုံထောက်ဂီတ

## ယာဉ်မောင်းယင်း နားမထောင်ရ

အနောက်တိုင်း တေးဂီတများကို ယာဉ်မောင်းနေစဉ် နားထောင်ပါက၊ သွေးတိုးနှုန်း မြင့်မားလာနိုင်ပြီး မတော်တဆ ယာဉ်တိုက်မှုများ ဖြစ်ပွားစေနိုင်သဖြင့် ယာဉ်မောင်းစဉ် တေးဂီတကို နားမထောင်ရန်၊ တရုတ်နိုင်ငံ ဆရာဝန်များက ယာဉ်မောင်းများကို ညွှန်ကြားထားသည်။

အဆိုပါ တေးဂီတသံသည် သွေးကိုဆူစေ၍ စည်းချက်အလိုက် ယိမ်းထိုးလှုပ်ရှားစေသောကြောင့် ယာဉ်တိုက်မှု ဖြစ်ပွားစေနိုင်သည်ဟု ဆိုသည်။

N.A.B, A.F.P

## ပြန်ပေးဓာတ်ကြောင်း၊ ကာရတေးလက်ဆောင်း


အန[illegible]ဦး ပြန်ပေးဆွဲ ခံခဲ့ရာမှအစ၊ အီတလီ ကွန်မင်ဒို ရဲများ၏ သဲသဲကြိတ်ရင်ခုံစရာ စွန့်စားခန်းများကို လျှပ်တပြက် ဓာတ်ပုံရိုက်ချက်များဖြင့် တင်ပြထားသည်မှာ .....................

○




ဗိုလ်မှူးချုပ်-ဒိုဇီယာ

သူကား ... အီတလီနိုင်ငံ ဗရိုနာမြို့ရှိ ဥရောပ တောင် ပိုင်း၊ နေတိုးကြည်းတပ်ဖွဲ့များ ဌာနမှ ရာထူးအကြီးဆုံးအမေရိကန် စစ်ဖက်အရာရှိ ဖြစ်သည်။



၁၇-ဒီဇင်ဘာ ဂ ရက်နေ့

ဒိုဇီယာ၏ တိုက်ခန်းသို့ လူစိမ်းလေးဦး
ရောက်လာကာ ဒိုဇီယာကိုမေ့အောင်ရိုက်၍
အိမ်ပြင်သို့ ဆွဲထုတ်သွားသည်



ရဲများရောက်လာသောအခါ ကြိုးတုတ်ခံနေ
ရသော ဒိုဇီယာ၏ ဇနီး ဂျူးဒစ်သ်ကို တွေ့
သဖြင့် ရဲက သူမကို ကယ်တင်လိုက်ရသည်။




လူဆိုးများက
ဒိုဇီယာ၏ဓါတ်ပုံနှင့်၊
၎င်းတို့လိုလားချက်စာတန်းကို
သက်ဆိုင်ရာသို့
ဤကဲ့သို့
ပို့ပေးလိုက်သောအခါ

# မြေလှန်ရှာပြီ

အီတလီ ရဲများက ဒိုဇီယာကို ပြန်လည် ကယ်တင် နိုင်ရေးနှင့် လူဆိုများကိုဖမ်းမိနိုင်ရေးအတွက် မြေလှန်ရှာသည်၊ ဤသို့ လယ်ထဲမှ လူ မ နေ သည့် အိမ် မျိုး ကို ပင် အလွတ်မပေး။






လူဆိုးများကိုခြေရာခံနိုင်ရေးအတွက် လမ်းမပေါ်မှ မသင်္ကာသူများပင် အလွတ်မပေးပဲ ရှာဖွေသည်။


## ခြေရာခံမိပြီ


အီတလီရဲတို့၏ ကြိုးစားမှုကြောင့် လူဆိုး များကို ခြေရာခံမိသည်။ ဒိုဇီယာအား ဖမ်းဆီးချုပ်နှောင် ထားသည့်နေရာကို သိလိုက်ပြီ

ဒိုဇီယာကို ကယ်တင်နိုင်ရေးအတွက
ရဲက စီမံချက်များ ရေးဆွဲသည်၊ တိုင်ပင်သည်၊
ညှိနှိုင်းသည်၊ ထောက်လှမ်းသည်။
နောက်တော့....

## ကွန်မန်ဒို
## လူစွမ်းကောင်းများ

သားရေမျက်နှာဖုံးစွပ်
ကွန်မန်ဒိုလူစွမ်းကောင်းများကို ဤသို့
အပြင်းအထန်လေ့ကျင့်ပေးသည်။






၁၉၈၂-ဖေဖော်ဝါရီ ၄-ရက်၊ နံနက် ၁၁-နာရီ ၂၈-မိနစ်

ဒိုဇီယာကို ဖမ်းထားသည်ဟု သတင်းရသည့် ရှစ်ထပ်တိုက်၊ ရှေ့သို့ ထရပ် ကားတစီးထိုးရပ်လာသည်။ ချက်ချင်းကားပေါ်မှ စက်သေနပ် ကိုယ်စီကိုင် အထူးကွန်မန်ဒို ၁၀-ဦးက ဤသို့ပြေးလာကာ လူဆိုးများ ဌာနချုပ်ထဲသို့ ပြေးဝင်သွားပြီ....



ကာရတေးလက်ဝါးစောင်း


အခန်းထဲမှသေနတ်ကိုင် လူဆိုးမှာ လျှပ်တပြက်ဝ[illegible]
[illegible]သောကွန်မန်ဒိုများကိုကြည့်၍ မှင်သက်မိ[illegible]
ဝင်ကွန်မ[illegible]ကြပ်ကြီး၊တဦး၏ ပြင်းထန်[illegible]
ကာရတေးလက်ဝါးစောင်းအထက်ကို ခံလိုက်ရ[illegible]

## လျှပ်တပြက် ရိုက်ချက်



လျှပ်တပြက် ကွန်မန်ဒိုတဦးက ညာသို့ သေနတ်ဒင်ဖြင့်[illegible]
လိုက်သည်။


စက္ကန့် ၉၀အတွင်း
စက္ကန့် ၉၀ အတွင်း
ကွန်မန်ဒိုများကလူဆိုးများအား
ဤသို့ထိန်းချုပ်လိုက်သည်နှင့်
တပြိုင်နက်


က်စွန့်ဆံဖျား
အခြားကွန်မန်ဒိုများက
ဒိုင်ယာကို
လူဆိုးများလက်မှ သက်စွန့်ဆံဖျား
ကယ်ထုတ်နိုင်ခဲ့သည်




နောက်တော့
လူဆိုးများ ပြေးမလွတ်နိုင်ရန်
လူဆိုးများ၏ဌာနချုပ်ကို
ရဲအဖွဲ့ဝင်များက
ဝန်းရံထားလိုက်သည်။

ဘေးကင်းလုံခြုံမှု



ဘေးကင်းလုံခြုံမှု
ရခဲ့ပြီဖြစ်သည့်
ဒိဇီယာမှာ...

## အားပါးတရ



ညီညို
အစားအစာကို
အားပါးတရ
စားနေချိန်

### သမ္မတထံမှဗုန်း



မှတ်ဆိပ်ရှိ်ဝ်ႏနေသဲ အမေရိကန် သမ္မတ
ရီဂင်က ဝင်းမြောက်စကားပြောကြားသည်
ညီညို တုန့်ပြန်လျက်

## ဝမ်းသာကြည်နူး



လူဆိုးတို့လက်မှ လွတ်မြောက်လာသော ဒိုဇီယာနှင့်
ချစ်ဇနီး ဂျူးဒစ်သ်တို့ ဝမ်းသာကြည်နူးနေစဉ်တွင်...









အမိုက်ဇာတ်နိဂုံး

လူဆိုးတသိုက် ကတော့ သူတို့၏ မလှပသည့် အမိုက်ဇာတ် နိဂုံးကို စောင့်စားနေခဲ့ရပါပြီတည်း။

ပြောက်ကျားနီ ၁၇ ဦး
ထောင်ဒဏ်များချမှတ်

ဗီရိုနာ (အီတလီ) မတ် ၂၅

အမေရိကန် ဗိုလ်ချုပ်ကြီး ဂျိမ်းဒိုဇီယာအား ပြန်ပေးဆွဲမှုဖြင့် အပြစ်ရှိကြောင်း စစ်ဆေး တွေ့ရှိရပြီးနောက် အီတလီ ပြောက်ကျားနီ တစ်ဖွဲ့ဝင် ၁၇ ဦးအား စုစုပေါင်း ထောင်ဒဏ် အနှစ် ၃၀၀ ကျော် ကျခံစေရန် ယနေ့ အပြစ်ဒဏ် ချမှတ်လိုက်သည်။ ဗီရိုနာ အက်ဆိုက် တရားရုံးမှ ပြောက်ကျားနီ ၁၇ ဦးအား အပြစ်ဒဏ်ချမှတ်ရာတွင် အများဆုံးထောင်ဒဏ် ၂၇ နှစ် ဖြစ်ပြီး အနည်းဆုံးထောင်ဒဏ် ၁၆ ... ဖြစ်သည်။ အင်အေဘီ၊ ရိုက်တာ

## ထောင်ဒဏ်အနှစ် ၃၀၀

ဒိုဇီယာအား ပြန်ပေးဆွဲမှုဖြင့်၊ အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိရပြီးနောက်၊ တရားခံ ၁၇-ဦးအား စုစုပေါင်း ထောင်ဒဏ် အနှစ် ၃၀၀ကျော် ကျခံစေရန် (၂၅-၃-၈၂) ရက်နေ့က ဗီရိုနာ အက်ဆိုက် တရားရုံးမှ အမိန့်ချသည်။ ထောင်ဒဏ်များရာတွင် အများဆုံးထောင်ဒဏ် ၂၇-နှစ်မှ အနည်းဆုံး ထောင်ဒဏ် ၁၉ နှစ် ဖြစ်သည်။

၀ ၀ ၀

◯ ပြန်ပေးမှု သတင်း အပြည့်အစုံကို ခါမျက်နှာ (၃၆) တွင်ဖော်ပြထားသည်။





ဒီလို ထိုးလား၊ ခုတ်လား၊ ရိုက်လား၊ ဆိုတဲ့ ကိစ္စတွေကို ဥပဒေကတော့ နာကျင်စေမှုလို့ ခေါ်တယ်၊ အဲဒီမှာ အာမခံ ရနိုင်တာလဲရှိတယ်၊ မရနိုင်တာလဲရှိတယ်ဗျ။

ဖြူဖြူပိန်ပိန် အသက် (၄၀) ကျော်ခန့် အမျိုးသမီးတဦး အိမ်ထဲသို့ ငိုးတူးပြာတာနှင့် ဝင်လာပါသည်။ ကျွန်တော်ရုံးက ပြန်ရောက်စ ညနေ ၅) နာရီခန့် ဖြစ်ပါသည်။

'ကိုဝင်း၊ ဂါတ်တဲ လိုက်ခဲ့ စမ်းပါ'

'ဘာကိစ္စလဲဗျ ထိုင်ပါဦး'

'အရေးကြီးလို့ ပေါ့ရှင့်'

'အင်းလေ အရေးကြီးတာကို ပြောပါဦး'

'ကျွန်မသားရဲ စခန်းက ခေါ်သွားလို့'

'ဘာဖြစ်လို့လဲ'

'ရန်ဖြစ်ကြတာရှင့်'

'ကွဲပြကုန်သလား'

'လက်ကိုတော့ ဓားထိသွားတယ်ပြောတာပဲ'

ကျွန်တော်သိလိုက်ပါပြီ။ စိန်စိန်၏သား ကျောက်ဖြူ ဓားရေးပြသဖြင့် ရဲက ဖမ်းသွားခြင်း ဖြစ်လေသည်။ ကျွန်တော်က စိန်စိန်ကို ဆက်မေးလိုက်၏။

'ဒဏ်ရာက တော်တော်ပြင်းသလား'

'မသိဘူး ဆေးရုံ့ခေါ်သွားရတယ်တဲ့'

'ယခုခေတ် လူငယ်တွေဟာ တယ်ပြီး လက်ယဉ်ကြတာပဲ'

'ကလေးတွေကလဲ ဆုံးမလို့ကို မရဘူး'

'ခင်ဗျားအလို လိုက်လွန်းလို့ ဆုံးမမရတာပေါ့'

'ရဲစခန်းဘာသွားလုပ်မှာလဲ'

'အာမခံရအောင် လုပ်ပေးပါ'

'အာမခံဆိုတာ ရသင့်မှရမှာ ဗျ'

'ရှင်ရှေ့နေပဲ လုပ်ပေးပေါ့'

'ရှေ့နေဆိုတာ ပျောက်ခဲ့စ ဆရာကြီး မဟုတ်ဘူး ဥပဒေရှိမှ ရတာဗျ'

ခိုနိုစိန်သည် ရှေ့နေဆိုလျှင် အလုံးစုံပြီး ဖြောက်သည်သင်နေ ၏။ အားကိုးတကြီးနဲ့ လာသည်ကို အကူအညီ မပေးနိုင်လည်း စိတ်ကျေနပ်မည်မဟုတ်၊ ခင်မင်သူများဖြစ်သဖြင့်အပြစ်တင်လည်း လွတ်တော့မည်မဟုတ်၊ ဒီတော့ ဒေါ်စိန်စိန်ကို စိတ်အနှည်းငယ် သက်သာရအောင် ရှင်းပြရလေသည်။

'ဒီလို ထိုးလား၊ ခုတ်လား၊ ရိုက်လားဆိုတဲ့ ကိစ္စတွေကို ဥပဒေကတော့ နာကျင်စေလိုမှုလို့ ခေါ်တယ်၊ အဲဒီမှာအာမခံ ရနိုင်တာလဲ ရှိသလို၊ မရနိုင်တာသဲ ရှိတယ်'

'ဒါတော့ ဘယ်သိမလဲရှင့်'

'ဟုတ်တယ်လေ ခင်ဗျားသိအောင်လို့ ရှင်းပြနေတာ၊ တော်တော်ကြာကြာတော့ ကျွန်တော်က မကူညီချင်လို့ ထင်နေမှာ စိုးလို့ပါ'

'နာကျင်စေမှုမှာ အမိကအားဖြင့် အဖြစ်များတာကတော့ ပုဒ်မ ၄၃၁ပဲ၊ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၃၊ ၃၂၄၊ ၃၂၅ နှင့် ၃၂၆တို့ ပါပဲ'

အဲဒီမှာ သုံးတဲ့လက်နက်နဲ့ ထိခိုက်တဲ့ ဒဏ်ရာမှာ သာမန် ဒဏ်ရာလောက်ဆိုလျှင် ဥပမာ လက်သီးနဲ့ထိုးလို့ နာကျင်တာမျိုးဖြစ်လျှင် ပုဒ်မ - ၃၂၃နဲ့ အရေးယူတယ်၊ အာမခံရတဲ့ ပုဒ်မပဲ၊ အဲ ပြင်းပြင်းထန်ထန် ဒဏ်ရာ ဖြစ်မယ်၊ ဥပမာ တုတ်နဲ့ရိုက်လို့ ကွဲပြဲသွားတာ အတွင်းကြေကြေပြီး မေ့မြောသွားတာမျိုးဆိုလျှင် ပုဒ်မ ၃၂၅နဲ့ အရေးယူတယ်၊ ထောင်ဒဏ် (၇) နှစ်အထိ ပြဋ္ဌာန်း ထားတယ်၊ အာမခံရနိုင်တယ်၊ စဉ်းစဉ်းစားစားနဲ့မှ ပေးလိမ့်မယ် ဒဏ်ရာရဲ့ပြင်းထန်မှုကြီးလား ငယ်သလား ဆိုတာကို ဆရာဝန် ဆေးစာကိုလဲ ကြည့်ရသေးတယ်'

'ဒါတွေတော့ ကျွန်မဘယ်သိမလဲ'

ခင်ဗျားသိအောင် ရှင်းပြပါမယ်၊ ဆက်ပြီးနားထောင်ပါဦး ဒါမှရဲစခန်းကျတော့ ဘာကြောင့်



အာမခံ မရဘူး၊ ရတယ်ဆိုတာ ကျွန်တော် ထပ်ရှင်းမပြရ တော့ ဘူးပေါ့'

'အဲ ချွန်ထက်တဲ့ လက်နက်နဲ့ အသုံးပြုလို့တဲ့ ဒဏ်ရာကျတော့ သာမန်လောက် ထိခိုက်သွားတာမျိုး ဆိုလျှင် ပုဒ်မ-၃၂၄နဲ့ အရေးယူမယ်၊ ထောင်ရုံတန်ရုံ အသားမြဲသွားတာမျိုးပေါ့ အပြစ်ဒဏ်ကတော့ ထောင်ဒဏ် (၃) နှစ် ပြဋ္ဌာန်း ထားတယ်၊ အာမခံကတော့ ရနိုင်ပါတယ်၊ ဒါပေမဲ့ ဆေးစာလဲ ဆရာဝန်မှတ်ချက်ကို ကြည့်ပေးတယ် အကယ်၍ ပြင်းပြင်းထန်ထန် ဒဏ်ရာမယ်ဆိုယင်တော့ ပုဒ်မ၃၂၆နဲ့ အရေးယူတယ် ထောင်ဒဏ်ကတော့တသက်တကျွန်းအထိ ပြဋ္ဌာန်းထားတယ် အာမခံကတော့ လောလောဆယ် ဘယ်လိုမှမစဉ်းစားနဲ့ဦး မရနိုင်ဘူး'

'ပြင်းပြင်းထန်ထန် ဆိုတာက ဘယ်လိုလဲရှင့်'

'ဟုတ်တယ်ခင်ဗျားမေးလိုက်တာ ကောင်းတယ်'

'အပြင်းအထန် နာကျင်စေမှု ဆိုတာက ဥပဒေမှာအချက်(၈) ချက် ပြဋ္ဌာန်းထားတယ်'

(၁) လူကိုသင်းကွပ်ခြင်း။
(၂) လူ၏မျက်စိတဘက်ကိုအမြဲမမြင်အောင်ပြုခြင်း၊
(၃) လူ၏နားတဘက်ကို အမြဲမကြားအောင်ပြုခြင်း။
(၄) ကိုယ်လက် အင်္ဂါ၊ အဆစ်အမြစ် ခုခုကျိုးပဲ့ပျက်စီးအောင် ပြုခြင်း။
(၅) ကိုယ်လက် အင်္ဂါ အဆစ်အမြစ်တခုခု၏အင်အားကို ဖျက်ဆီး ခြင်း သို့တည်း မဟုတ် အမြဲချို့တဲ့အောင် ပြုခြင်း။
(၆) ဦးခေါင်းကို ဖြစ်စေ၊ မျက်နှာကို ဖြစ်စေ၊ အမြဲ အရုပ်အဆင်းပျက်အောင်ပြုခြင်း၊
(၇) အရိုးကို သို့တည်းမဟုတ် သွားကို ကျိုးအက်ကွဲအောင် ဖြစ်စေ၊ တိမ်းလွဲအောင် ဖြစ်စေ ပြုခြင်း။
(၈) အသက်ကို အန္တရာယ်ဖြစ်အောင် သို့တည်း မဟုတ် နာကျင် ခံရသူသည် ရက်ပေါင်း နှစ်ဆယ် အတွင်း ကိုယ်အင်္ဂါ အပြင်းအထန် ခံရအောင်သို့တည်းမဟုတ် ရက်ပေါင်း (၂၀) အတွင်း မိမိ လုပ်ဆောင်မြဲ အလုပ်



အကိုင်တို့ကို မလုပ်ကိုင်နိုင်
အောင် နာကျင် စေခြင်း။

စတဲ့အချက်များ ပြဋ္ဌာန်းထားတယ်။ တချို့ ကျေးတောရွာလဲ ဒဏ်ရာက သိပ်မကြီးသေးတော့ ဆေးရုံပေါ်မှာ အရက် (၂၀) ကျော်အောင် ကြံဖန်တက်နေပြီး ရောဂါဒဏ်ရာကြီးအောင် လုပ်ကြတာတွေလဲ ရှိကြသပေါ့ဗျာ'

'ဒီလို တော့ ပေါက် ပေါက်ရှာရှာ မလုပ်ချင်ပါဘူးရှင်'

'ဒီတော့ အာမခံရနိုင်တဲ့ ဒဏ်ရာ ဟုတ် မဟုတ်ကို ရဲစခန်းနဲ့ ဆေးရုံ လိုက်ကြည့်ကြတာပေါ့'

ကျွန်တော် ရှင်းပြလိုက်တော့မှ ဒေါ်စိန်စိန်သည် ပို၍ တုန်လှုပ်သွားပါသည်။ ပြီးတော့ ညည်းလိုက်ပါသည်။

'လက်တွေဘာတွေများ ပြတ်သွားယင်တော့ ဒုက္ခပါပဲရှင်'

○ ○ ○

'ဟလို - ရွှေနေကြီး၊ ဘာရှိလို့လဲ'

သူငယ်ချင်းဖြစ်သူ စခန်းမှူး အေးသန်းက ဆီးကြို လိုက်ခြင်းဖြစ်ပါသည်။

'စခန်းမှူးကြီးထံ အလည်လာတာပေါ့ဗျာ'

'အကြောင်းဆိုသော်....'

'ညနေကရဲကဖမ်းလာတဲ့ ဓားခုတ်မှု ကိစ္စ အကျိုး အကြောင်းလေး သိချင်လို့ပါ၊ ဒါက တရားခံရဲ့ မိခင်လေ'

'အော်...ထိုင်ပါ'

'ကောင်လေးကတော့ သူခုတ်မိတယ်လို့ ဝန်ခံတယ်ကွ'

'ဒဏ်ရာ များလား သူငယ်ချင်း'

'လက်ဖြတ်ရမယ် ထင်တယ်၊ ဒါနဲ့ သွေးလွန်မှာကိုစိုးရိမ်ရတယ် ဆေးရုံပို့လိုက်ပြီ'

စခန်းမှူး၏ စကား ကြောင့် ဒေါ်စိန်စိန်၏မျက်နှာ ဖြူပတ် ဖြူလျော် ဖြစ်သွားပြီး မျက်ရည်များပင် ဝဲလာသည်ကို တွေ့ရ၏၊

'အာမခံ မ ရ နိုင် ဘူး လား ဆရာရယ်'

'ဒီအချိန်မှာ မစဉ်းစားနဲ့ဦး၊ ခင်ဗျား၊ စောသေးတယ်၊ ဒီ ရွှေနေကြီးကရော ရှင်းမပြဘူးလား'

စခန်းမှူးက ကျွန်တော့်ဘက်ကိုပါ မေးငေါ့ပြယင်း ပြောလိုက်ပါသည်။

'ရှင်းပြထားပါတယ် သူငယ်

ချင်းရယ်၊ မိခင်ဆိုတော့လဲ သံယောဇဉ်က ကြီးတယ် မဟုတ်လား’

‘သံယောဇဉ်ကြီးယင်လဲ ဒီလို လက်လွှန် ခြေလွန် မဖြစ်အောင် စောစော ထဲက သား သမီး ကို ထိန်းရတယ်၊ ဒီအရွယ် လေးတွေဟာ ဘာမှ မစဉ်းစား တတ်ကြသေးဘူး’

‘ကျွန်မလဲဆုံးမပါတယ် ဆရာရယ်’

ဒေါ်စိန်စိန်ကလည်း ဤမျှသာ ပြောနိုင်တော့သည်။ ကျွန်တော်ကပင် စကားဖြတ်လိုက်ပါသည်။

‘ကဲ- ကျေး ဇူး တင် ပါတယ် သူငယ်ချင်း၊ ကိုယ်ကလည်း အိမ်နားပါးနီး ဆိုတော့ မနေသာလို့ လိုက်လာခဲ့ရတာပဲ၊ကဲ ဒေါ်စိန်စိန် သွားစို့၊ ပြီး တော့ မှ စားစရာလေး ဘာလေး လာပို့တာပေါ့’

ပြောပြောဆိုဆိုပင် ကျွန်တော်တို့ နှစ်ယောက် ရဲစခန်းမှ ထွက်လာခဲ့လေသည်။

○ ○ ○

ဒေါ် စိန် စိန် သည် အသက် (၃၅) နှစ်လောက်တွင် လင်သေမုဆိုးမ ဖြစ်ခဲ့ရ၏၊ နောက် အိမ်ထောင်မပြုပဲ ကျန်ရစ်သော သားနှင့် သမီးနှစ်ယောက်ကိုလုပ်ကျွေးနေသူဖြစ်၏။

ဖတဆိုးလေးများဖြစ်၍ အလိုလိုက်ရာမှ သားဆိုးအမေဖြစ်လာရ၏၊ ကျောက်ဒိုးမှာပညာလည်းမသင်၊အလုပ်လည်းမလုပ်။ မအေနှင့် ညီမလေးတို့ရှေးရောင်းရသမျှ ထိုင်သုံးနေသူသာဖြစ်၏။ ဒေါ်စိန်စိန်က သူ့ သား သမီး များကို အေးက ပြောလျှင်လည်း ကြိုက်တတ်၊ကောင်းကင်ကို မောင်းတင်လိုက်မည် ဟု ပင် ကြိမ်း မောင်း တတ်သေး၏။

ဒီတော့ ကလေးကို မြှောက်သလို ပင့်သလို ဖြစ်လာ၏။ ငုပြီးဆိုးသည်ထက် ဆိုး လာ တော့တာပေါ့။ ယခု အ ကြိမ် သည် ကျောက်ဒိုးအဖို့ ဒုတိယ အကြိမ် ဖြစ်ပါသည်။

ကျောက် ဒိုး သည် လောင်းကစား ဖက်လာသဖြင့် မိခင်ပေးသည့် ပိုက်ဆံဖြင့် မလောက်တော့ပေ။ အလစ်ခိုးစပြုလေပြီ၊ မိခင်လည်း တစတစ လုံးပါး ပါးလာရသည်၊ ဒါတွင် အားမရ သဖြင့် ကားဝပ်ရှော့မှတာလပတ်ကြီးကို ခိုးလေတော့သည်။

ကျောက်ဒိုး ကံဆိုးချင်တော့ အပြင် ထုတ် မရောင်းလိုက်ရမီ မိသွားလေသည်၊ရဲစခန်းသို့ ရောက်လေတော့သည်၊ ကျွန် တော် ပဲ လိုက်ရပြန်၏၊ ဒေါ်စိန်စိန်ကတော့ သူ့ သား မ ခိုး တတ် ပါ ဘူး၊ အပေါင်းအသင်းတွေကြောင့် ဟု ဆင်ခြေပေးပြန်၏။

ဥပဒေအရ ခိုးသည်ဟူခြင်းမှာ သူတပါး၏ ပစ္စည်းကို ခွင့်ပြုချက်မရပဲ မရိုးဖြောင့်သောသဘောဖြင့် နေရာမှ ရွှေ့ စေ လျှင် ခိုးသည်မည်၏ ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုထားပါ၏။

ဤသို့ အား ဖြင့် နေ အိမ် အဆောက် အအုံ အပြင်အပတွင် ဘတ်စ်ကားပေါ်၊ သင်္ဘောဆိပ်၊ ရုပ်ရှင်ရုံ၊ မီးရထားပေါ် စသောနေရာ များတွင် ခိုးသူ များအား ပုဒ်မ-၃၇၉ အရ အရေးယူရ၏။ ၎င်းတို့ကို ဝေါဟာရပညတ်အားဖြင့် ‘ခါးပိုက်နှိုက်’ ဟုခေါ်ပါ၏။

နေအိမ်စသည်တို့ဝင်ရောက်၍ ခိုးသူများအား ပုဒ်မ-၃၈၀ အရ အရေးယူရ၏။ ဘိန်း စား များ၊ အလစ် ထဘီဝင်ရှုတ်သည့် ကိစ္စ၊ တချို့လည်း အိမ်မှာ နေ့လည်ဘက် လူမရှိမှန်းသိ၍ အလစ် ဝင်ဆွဲသည့်ကိစ္စများဖြစ်၏။

ဤဥပဒေများမှာ မူလ ဥပဒေများ ဖြစ်ကြ၏။ အထူးဥပဒေများအရလည်း သူခိုးများ အတွက် ပြဋ္ဌာန်းချက်ရှိ၏။

ပြည်သူပိုင် ပစ္စည်း များ ကို အလွဲသုံးစား လုပ်ခြင်း၊ တိုခြင်း၊ သျှ ိုခြင်း ပြုသူ သူခိုး များအား ပြည်သူ့ ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ-၆ (၁) ဖြင့် အရေးယူရ၏။

ထို့အတူ သမဝါယမအသင်းများမှ သူခိုးများကိုလည်း သမဝါယမဥပဒေ ဇယား ၂၊ အပိုဒ် (၆)ဖြင့် အရေးယူကြ၏၊

ကျောက်ဒိုးမှာ ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ-၃၇၉ ဖြင့် အပြစ် ရခဲ့ပြီးသူ ဖြစ်၏၊ ယခုလည်း ခွန်ထက်သော လက်နက် ဖြစ်သည့် ဓားကို အသုံးပြုပြန်လေရာ ပုဒ်မ ၃၂၄ ဖြစ်မလား၊ ပုဒ်မ- ၃၂၆ ဖြစ်မလား၊တခုခုကတော့သေချာနေပါသည်၊

‘ကိုဝင်း’

‘ဗျာ၊’

ကျွန်တော်တို့ လမ်းလျှောက်

ပြန်လာယင်းအရွေးကောင်းတုံး ဒေါ်စိန်စိန် ခေါ်လိုက်သဖြင့် ထူး လိုက်မိခြင်း ဖြစ်ပါသည်။

'စိန်စိန်ကို ပစ်မထားပါနဲ့ နော် အားကိုးမရှိတာကို ကိုဝင်း သိသားပဲ'

ကျွန်တော် ဒေါ်စိန်စိန်၏ မျက်နှာကို ကြည့်လိုက်ပါသည်။ ညှိုးငယ်နေသည့်က အမှန်ပါ။ ဒီတော့လည်း အားပေးပြန် ပါသည်။

'အားမငယ်ပါနဲ့ စိန်စိန်ရယ် တရားကို နတ်စောင့် ပါတယ်'

စိန်စိန်ဘာလုပ်ရမလဲ ပြောဦး မြလ'

'အကောင်းဆုံးကတော့ လူ နာရှင်ကို သတင်းသွားမေးပါ၊ တောင်းပန်ပါ၊ ဆေးဖိုးဝါးကူ ညီပါ၊ ဒီအချိန်ဟာ အလိုအပ် ဆုံးပဲ'

'ဒေါ်စိန်စိန်က ခေါင်းညိတ် ပြပါသည်။ ပြီးတော့ သူမအိမ်သို့ ပြန်သွားလေသည်။

သားသမီးများအတွက်ခေါင်း ညိတ် မခံလိုသော ဒေါ်စိန်စိန် တယောက် ယခုတချီတွင်လည်း မျက်နှာငယ်ဖြင့် တောင်းပန်ရှာဦး တော့မည် တကား။

○ ○ ○

သမားတော် ဆရာဝန်ကြီး၏ ကြိုးပမ်းမှုကြောင့်သာ အေးလက် မဖြတ်ရပေ။ သာ အေးရော ကျောက်နိုးပါ သက်သာခွင့်ကြ သည်ဟု ဆိုနိုင်ပါ၏။

ခေးသွားကို လက်ဝဲလက်ဖြင့် ခံလိုက်ရာတွင် ရှပ်၍အရိုးထိသွား ခြင်းဖြစ်၏။ လက်သန်းနှင့် လက် သကြွယ်မှာတော့ အကြောများ ထိခိုက်သွားသဖြင့် မသန်တော့ ပေ။

တရပ်ရွာသား ဖြစ်၍ တ ကြောင်း၊ ဒေါ်စိန်စိန်ဘက်မှ တာ ဝန် ကျေပွန်စွာ တောင်းပန်ပြုစု ခြင်းကြောင့် တကြောင်း၊ ဒေါ် သ အမှိပ်အရောင်များ နည်းပါး လျက် သွားပေသည်။ မှုန်းစကို တိုစေ၍ ချစ်စကို ရှည်စေရမည် မဟုတ် ပါလား။

ရုံတော်သို့ အမှုမှာပုဒ်မ ၃၂၆ အရ စွဲတင်ထားသည်ဖြစ်၍ကျေ အေးခွင့်ကား မရရှာပေ၊ မှန်ပါ သည် လက်လွတ်စပယ် ရှေ့ နောက် မစဉ်းစားပဲ လုပ်ချင်တိုင်း လုပ်ပြီးမှ ကျေအေးပါသည် ဆိုရုံ ဖြင့် ကျေနပ်ဖွယ် မဟုတ်ပါပေ။

ဤအစဉ်အလာမျိုး ရှိနေပါ လျှင် မဆင်မခြင် လူရမ်းကား များအတွက် နှိပ်ကွပ်ရန် အခက် အခဲ ကြုံလာတတ်ပေသည်။ ဥပ ဒေသည် လူတဦး တယောက် ကောင်းကိုကြည့်၍ မရပါ။ ပြည် သူတရပ်လုံး၏ အကျိုးစီးပွားရေး နှင့် လုံခြုံရေးကို မြော်မြင်၍ စဉ်း စားဆုံးဖြတ် ရပါသည်။

ဘုရားရုံးတော်မှ ငယ်ရွယ်သူ ဖြစ်သည့်အကြောင်းကို ထောက် ထား၍ အပြစ်ဒဏ်ကို သက်ညှာ စွာဖြင့် ထောင်ဒဏ် (၃) နှစ် ချ မှတ်လိုက်လေသည်။

ထိုနေ့က ကျွန်တော်၊ အပါး တွင် ထိုင်နေသော ဒေါ် စိန် စိန် သည် အံ့ဘင်းကား မျက်ရည် ဖြိုင် ဖြိုင် ကျ၍ ထွက် ခွာ သွား လေ သဘည်း။

တောင်းဆိုး ပလုံးဆိုးကိုသာ ပစ်ရိုးထုံးစံရှိသော်လည်း သား ဆိုး သမီး ဆိုး နှင့် ပတ်သက်လာ လျှင်ကား မိခင်တို့သည် မျက်ရည် ဖြာ၍ လွမ်းရမြဲပင်တကား။

မောင်သံနိုင်

## ဟီးရိုးအင်းဘယ်က

## လာသလဲ

ဂျာမနီနိုင်ငံမှ ဗေယာ အမည် ရှိ ဘယ ဆေး ထုတ် လုပ် သည့် ကုမ္ပဏီကြီးသည် ဘိန်း ပါသည့် ဆေးဝါးတမျိုးဖြစ်သည့် (Dia-celyl Morphine) ကို ဖော် စပ်၍ ဖြန့်ချိ ရောင်း ချ ရန် စီစဉ် သောအခါ ထိုဆေး၏ အမည်ကို ဟီးရိုးအင်း(Heroin)ဟု စတင် အမည် တပ်၍ ၁၈၉၈ ခုနှစ်က စ၍ တကမ္ဘာ လုံးသို့ ဘာသာ စကား ၁၂ မျိုးဖြင့် ကြော်ငြာခဲ့ လေသည်။ ယနေ့ နာမည်ကျော် ဟီးရိုးအင်းသည် ထို အ ချိန် မှ စတင်ခဲ့ခြင်းဖြစ်လေသည်။

○ ○ ○

# ပလက်ဖောင်းပေါ်မှလှည့်ကွက်များ



နီလေးဆောင်

မြို့တော်၏....

ပလက်ဖောင်းများပေါ်တွင် လူလိမ်လူညာတို့ ကျက်စားလေ့ရှိသည်။

သူတို့သည် မသိနားမလည်သူများကို လှည့်စားလိမ်ညာ၍ အကွက်ချောင်းနေသည်။

သည်တော့ သူတို့အထာ၊ သူတို့လှည့်ကွက်ကို သိမထားဘူးဆိုရင်.... ....

(၁)

ပလက်ဖောင်း ပေါ်မှ လှည့်ကွက်များ အမည်ဖြင့် မှုခင်းတွင် ဆောင်းပါးတပုဒ်ရေးခဲ့ပါသည်။

ထိုဆောင်းပါးကို ဖတ်ရှုရသူတို့အထဲတွင် မိမိတို့ ကိုယ်တိုင် အလှည့်ခံလိုက်ရသူတို့က သူတို့ခံလိုက်ရပုံကို ရှက် ရှက် နှင့် ဝန်ခံဖွင့်ဟလာပါသည်။

သည်အထဲတွင် ရွှေထုပ် ချ၍ အလိမ် အလှည့် ခံရသူ အတော်များများပါလာပါသည်။ ဒီနည်းကတော့ ရိုးလွန်းလှပြီမို့ အကျယ်မရေးလိုတော့ပါ။

တခါက ကျွန်တော် ကိုယ်တိုင်ပင် အ ထုပ် ကလေး တခု ကောက်ရလိုက်ပါသည်။ နေရာကမဟာဗန္ဓုလပန်းခြံထောင့်၊ အချိန်



က မနက်ပိုင်း။ စက္ကူထုပ်ကလေးကို ဖွင့်ကြည့်လိုက်တော့ ဝင်းဝင်းလက်လက်နှင့် ရွှေကြိုး တကုံး။ တစ်ကျပ်သားခန့်ရှိမည်။ ရွှေဆိုင်ဘောက်ချာကလေး တခုပါသည်။ အလေးချိန်၊ တန်ဖိုး၊ အပ်သည့်ရက်၊ အလျော့တွက် စသည်များ။

ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။

ပတ်ဝန်းကျင်ကိုမျက်စိကစားကြည့်သည်။ ဘယ်သူမှ မရှိ။ လူရှင်းနေသည်။ ချက်ချင်း အထုပ်ကလေးကို အိတ်ထဲ အမြန်ထည့်လိုက်သည်။ ပိုးပြီပေါ့။ ကာလပေါက်ဈေး အရ ဆိုလျှင် လေးထောင် ကျော်ကြီး များ တောင်းစောစော ပိုင်းက စက္ကူ ရုံးတွင် ပုံနှိပ်မှတ်တမ်း မှားသဖြင့် ကိုခင်ဟန်က ဟောက်လွှတ် လိုက်သည့်ကိစ္စကိုပင် မေ့သွားသည်။

'အစ်ကိုကြီးတော့ ပွတာပဲ'

နောက်မှ ကပ်၍ပြောလိုက်သံကြောင့် ကျွန်တော်ရင်ထိတ်သွားမိသည်။

ငနဲသားတယောက်။

ဘယ်အချိန်က ပေါ်[illegible]သည်မသိ။ ကျွန်တော့်အနား ရောက်နေပြီ။

'ဘာလဲကွ'

ကျွန်တော်က ခပ်တည်တည်ပြန်ဟောက်သည်။

'ဟဲ-ဟဲ၊ အစ်ကိုကြီးကလဲဗျာ ကျွန်တော်မြင်ပါတယ်၊ ကျွန်တော်ကောက်မလို့ လုပ်တုန်း အစ်ကိုကြီး ကောက်သွားလို့ပါ။ တယောက်တဝက်ပေါ့ဗျာ မဟုတ်ဘူးလား'

ငနဲသာ က အားဘည်ပေါက်နှင့် လုပ်နေသည်။

ချက်ချင်းကျွန်တော့်ခေါင်းထဲ အသိဉာဏ် ဝင်လာသည်။ ဒီလိုလှည့်ကွက်တွေကို မသိနားမလည်သူတွေ မခံရအောင် ကျွန်တော်ကိုယ်တိုင်ပင် သတိပေးရေးသားနေခဲ့လေသည် မဟုတ် ပါလား။

ကံ ကောင်း၍ လို့၊ အသိဉာဏ်ကို လောဘတရားက ဦးမဆောင်နိုင်ခင် အချိန်မီထိန်းချုပ်နိုင်လိုက်ပါပြီ၊

သို့သော်....

သူတို့ လုပ်နည်း လုပ်ကွက်ကို လက်တွေ့ တွေ့သာသား လိုသဖြင့် [illegible]မိသည်။

'အေး ဟုတ်တယ်ကွ၊ ရွှေဆွဲကြိုးက လေးထောင်လောက်တန်တယ်။ ဘယ်လိုလုပ်မလဲ၊ ရဲစခန်းသွားအပ်ယင်ကောင်းမလား'

ကျွန်တော်က သူ့ကိုသွေးတိုးစမ်းလိုက်သည်။

'ဟာ-အစ်ကိုကြီးကလဲ အ, ပါဗျာ၊ လမ်းပေါ်က ကောက်ရတာ ပံ့ သက္က ပေါ့၊ တယောက်တဝက်ယူကြတာပေါ့'

'ဒါဖြင့် မင်း ဆွဲကြိုးယူလိုက် ငါ့ကို ၂၀၀၀ ပဲပေးဟုတ်လား ရော့'

ကျွန်တော်က ဆွဲကြိုးကို သူ့အား ပေးလိုက်သည်။

'ကျွန်တော့်မှာ ပိုက်ဆံ မပါဘူး၊ အစ်ကိုကြီးပဲ ဆွဲကြိုး ယူပါ၊ ကျွန်တော့်ကို ငွေအမ်းပါလား'

'ဟာ- ငါ့လဲငွေမပါဘူးကွ'

'ဒီလိုလုပ်ပါလား၊ အစ်ကိုကြီးနာရီက ဘယ်လောက်တန်သလဲ'

သူက ကျွန်တော့် လက်ပတ်နာရီကိုကြည့်ကာ မေးသည်။

'ဒါ တီတိုနီ ဝမ်းဝမ်းနိုင်း ကွ ၁၅၀၀ ကျော်တန်တယ်'

'ဒါဖြင့် အဲဒီ နာရီကို ကျွန်တော့်ပေး၊ ဆွဲကြိုးကိုအစ်ကိုကြီးယူသွား၊ အစ်ကိုကြီး က တောင်မြတ်ဦးမယ်'

ကျွန် တော် တွေး ထင် ထားသလိုပင် သူတို့ပုံသေနည်းကဝင်လာပါပြီ။ ကျွန်တော် ခေါင်းကို အလုပ်ပေးနေမိပါသည်။

ကျောက်တံတား ပြည်သူ့ ရဲတပ်ဖွဲ့မှ မြို့နယ်မှူး ဗိုလ်ကြီးစိုးလှမြင့် မျက်နှာကို သွားမြင် လိုက်မိသည်၊ သူ၏နယ်မြေတွင် ဒုစရိုက်မှု မှန်သမျှ အမြစ် ပြုတ် ရေး ကို စွမ်းစွမ်းတမန် ကြိုးပမ်းနေသောမြို့နယ်မှူးကြီးကို သွား၍သတင်းပေးရမည်လား၊ မှုခင်းကျဆင်းရေးအတွက် ကူညီရမည့် တာဝန်မှာ ပြည်သူ တိုင်း၏ တာဝန် ဖြစ်ကြောင်း နားလည်ပါသည်။

သို့သော် မလွယ်ပါ။

ပတ်ဝန်းကျင်ကို ကြည့်သည်။ အကူ အညီ ပေးနိုင်မည့် သူကို မတွေ့။ တွေ့သည်ကထိုငနဲသား၏ လူနှစ်ယောက်။

မလှမ်းမကမ်းမှ အကဲခတ်နေသည်။

ဒီတော့ သူ့ကို ရဲလက်အပ်ဖို့ မလွယ်ပါ။ ဒါကြောင့် လုပ်သင့် လုပ်ထိုက်သည့်အလုပ်တခုကိုလုပ်လိုက်ပါသည်။

'ကဲ- ငါ့လူ ဒီလို လုပ်ကွာ၊ မင်းပဲ အားလုံး ယူလိုက်ပါတော့

ငါ မ ယူ တော့ ဘူး ဟုတ်လား၊ ရော့ရော့'

ကျွန်တော်က ဆွဲကြိုးထုပ်ကို သူ့လက်ထဲထည့်ကာ နောက်ခိုင်း ထွက်လာခဲ့သည်။

နောက်သို့ လှည့်မကြည့်သော်လည်း အောင့်သက်သက် ဖြစ်ခါ ကျောက်ရုပ်တရုပ်လို ငေးငိုင်ကျန်ခဲ့မည့် ငနဲသား၏အဖြစ်ကိုမှန်းဆ ယင်း လမ်းလယ်မှာ ကျွန်တော် တဟားဟား အော်ရယ်လိုက်မိပါတော့သတည်း။

ဝ ဝ ဝ

(၂)

ဒီတခါတင်ပြမည့် လှည့်ကွက်ကို ဖွင့်ဟသည်က ကျွန်တော်၏ မိတ်ဆွေ ပန်းချီဆရာ တယောက် ဖြစ်ပါသည်။ သူ၏ လုံခြုံရေးကို ငဲ့လျက် သူ၏အမည်ကို မထုတ်ဖော်တော့ပါ။ မှုခင်း၏ ပင်တိုင် ပန်းချီ ဆရာ တယောက် ဖြစ်ပါသည်။ ပန်းချီ ကိုကြာထွက်းဟုပဲ ဆိုကြပါစို့။

'ကျွန်တော်တို့ ရပ်ကွက် သာယာရေးအတွက် စတိတ်ရှိုးတပွဲ စီစဥ်ထားပါတယ်။ ဒီနေ့ နာမည်ကြီး စတီရီယိုအဆိုကျော်တွေ ပါဝင်ပါတယ်။လက်မှတ်တစောင်ကို ၃၀ ကျပ်နဲ့ အားပေးပါခင်ဗျား'

တန်ဆောင်တိုင်ပွဲရက်အတွင်း အရပ်ထဲမှ လူတစု ပန်းချီဆရာ၏ အိမ်သို့ရောက်လာသည်။

ပန်းချီကိုကြာထွက်းက သူတို့ထံမှ ပွဲစဥ်ကို ယူကြည့်သည်။

ဘိုဘိုဟန်၊ သန်းနိုင်၊ မင်းအောင်၊ ကိုင်ဇာ၊မျိုးအောင်၊ နော်လီဇာ၊မေဆွ ဝ၊ချိုပြုံးစသည် စသည်ဖြင့်။

'ဟာ- တကယ့် နာမည်ကြီး အဆိုတော်တွေပါလား'

ကိုကြာထွက်းက ကိုယ့်ရပ်ကွက်အတွက်ဂုဏ်ယူစွာဆိုသည်၊

'ဟုတ်တယ် ဖေဖေကြီး ရေ၊ သမီး သူတို့အသံပဲ ကြားဖူးဘယ် လူတွေကို တခါမှ မမြင်ဖူးသေးဘူး၊ ကိုင်ဇာကို သမီး သိပ်မြင်ချင်တာပဲ'

ကိုင်ဇာအခွေထွက်တိုင်း ဦးဦးဖျားဖျား ဝယ်ပေးရသော ကိုင်ဇာအသဲစွဲ သမီး ငယ် က ဝမ်းသာအားရ ပြောသည်။

'အစ်ကိုခရ အတော်ပဲ၊ ဝေးဝေး မသွားရပဲကိုယ့်အရပ်ထဲမှာ ခုလို နာမည် ကြီးတွေ စုံစုံ နား ထောင်ဖို့ မလွယ်ဘူးနော်'

ဇနီးသည်ကမှတ်ချက်ချသည်။

ဒီဗိုင်းတခု ရေးပေးဖို့ဆိုလျှင် အခေါက်ခေါက်အခါခါ ကြိမ်ဖန်များစွာ တိုက်တွန်းရတတ်သော ပန်းချီကိုကြာထွက်းကား ခုတော့ ဇနီးသည်၏ တခွန်းတည်းသော စကားနှင့်ပင် ငွေ ၃၀-ကျပ် ထုတ်ကာ လက်မှတ် သုံးစောင် ဝယ်လိုက်ပါပြီ။

ပွဲ စမည့်ညဥ့်တွင် ကို ကြာထွက်းတို့မိသားစု စတိတ်ရှိုးစင် မြင့်သို့ စောစော ရောက်နေကြသည်။

သူမ ချစ်သော အဆိုတော် များကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်မို့ သမီးငယ်က ပျော်နေရှာသည်။

တီးဝိုင်းကတော့ လျှပ်စစ်ဂီတာတွေ၊ ဂျပ်စဘင်တွေနှင့် အကျအန ဒါပေမဲ့ တီးမှုတ်နေသူက အရင်ထဲမှ လူငယ်များပင် ဖြစ်သည်။ နာမည်ကြီး အဆိုတော် တွေ လာမည်မို့ ခုံတိုင်း အတန်းတိုင်း လူတွေပြည့်လျှံနေပြီ။

အခမ်းအနား ကြေငြာသူ၏ အသံက ထွက်လာသည်။ ဆူညံနေသော အသံများ တိတ်သွားသည်။

'ကြွရောက် လာ တဲ့ ပ ရိတ် သတ်များခင်ဗျား၊ ပရိတ်သတ် များရဲ့ အချစ်တော် ဘိုဘိုဟန် ခရီးလွန်နေလို့ အချိန်မီရောက်မလာနိုင်ပါဘူး၊ ဒါကြောင့် ဘိုဘိုဟန်ရဲ့ 'ဦးဘညွန့်ရဲ့ချစ်ဒုက္ခ' သီချင်းကို ကျွန်တော်တို့ အဖွဲ့က 'မောင်မောင်ကောက်'က ဆိုပါမယ်ခင်ဗျား'

ဆိုပါပြီ၊ တီးမှုတ် ကြ ပါပြီ၊ သီချင်းဆုံးသွားပါပြီ။

အခမ်းအနားမှူး အသံထွက်လာပြန်သည်။

'ပရိတ်သတ်များခင်ဗျား ခုဆိုမှာကတော့ ကိုင်ဇာရဲ့အလှည့်ပါ ကိုင်ဇာဆိုသည်နှင့် သမီးငယ်က လက်ခုတ်တီးသည်၊ ပရိတ်သတ်တွေ လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ဒါပေမဲ့ ကိုင်ဇာဟာ နေမကောင်းဖြစ် နေ တဲ့ အ တွက် အချိန်မီမရောက်လာနိုင် ပါ ဘူး၊ ဒါကြောင့် ကိုင် ဇာ ရဲ့ 'မိုး' မောင်မောင်ပေါက်က ဆိုပါမယ် ခင်ဗျား'

'ဟင် ဘာမှန်းလဲမသိဘူး'

ဇနီးသည်က ရေရွတ်သည်၊

# ပြင် ဆင် ခြင်း ဆို တာ ဘာ လဲ

ကြံရွယ်ချက်ကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောစီစဉ် စီမံမှုများ ပြုလုပ်ခြင်းသည် ပြင်ဆင်ချက်ပင်ဖြစ်သည်။ရုပ်ပိုင်းဆိုင်ရာဖြစ်၍ သိမြင်နိုင်သည်။ **ဥပမာ။** ။လူသတ်ရန် အကြံအစည်အတွက် ဓားဝယ်ခြင်း၊ ဓားသွေးခြင်း၊ အချိန်ရွေးခြင်း စသည်တို့သည် ပြင်ဆင်ခြင်းပင် ဖြစ်သည်။

ဥပဒေသဘောအရ....

အချို့ပြစ်မှုများကို ပြင်ဆင်ရုံနှင့် ပြစ်မှုမြောက်နိုင်သည်။ အချို့ပြစ်မှုများကို ပြင်ဆင်ရုံမျှဖြင့် ပြစ်မှု မမြောက်နိုင်။

**ဥပမာ။** ။ဒမြမှုကျူးလွန်ရန် ပြင်ဆင်လျှင်ပင် ၊ပုဒ်မ ၃၉၉-အရ ပြင်ဆင်မှုမြောက်သည်။ခိုးမှုကျူးလွန်ခြင်း ပြင်ဆင်ခြင်းသည် ပြစ်မှုမမြောက်ပါ။

မောင်မောင်ပေါက်က စင်ပေါ် ဟဲနေပါပြီ၊

'ဒါ—ဒါ—ခရဲခွောင်းရောင်းတဲ့ ကောင်လေးမဟုတ်လား' ဇနီးသည်က ကိုကြာဘွက်ကို လက်ကုတ်မေးသည်၊

'ဖေဖေကြီး အဲဒါ ကိုင်ဇာလား'

သမီးငယ်က မေးသည်၊

ကိုကြာထွက်း မဖြေနိုင်၊ အံ့ကိုတင်းတင်း ကြိတ်ထားမိသည်၊

ဒီလိုနှင့် သန်း နိုင် အ စား မောင်မောင်ချောက်

မင်း အောင် အစား မောင်မောင်နောက်

တယောက်ပြီး တ ယောက် တက်ဟဲနေကြသည်၊

နောက်ဆုံး-

ကိုကြာထွက်း သည်းမခံ နိုင်ဘော့ စုန်းကနဲ ထလိုက်မိသည်၊ ဒီလောက်ဆို သူသဘောပေါက်ပါပြီ၊

'ညီမ အစ်ကို အိမ်ပြန်ဦးမယ်ကွာ၊ လုပ်စရာ အလုပ် တလေးတွေ ပြန်လုပ်ဦးမယ်၊ ပြီးယင်ပြန်ခဲ့ပေါ့ကွာ ဟုတ်သား'

ကိုကြာထွက်း လူကြားထဲမှ တိုးထွက်လာသည်၊

'ဟင်- ဖေဖေကြီး ကိုင်ဇာကို မစောင့်တော့ဘူးလား'

သမီးငယ်၏ အသံက သူ့အား လှောင်နေသယောင် အိမ်ရောက်၍ အလုပ်စားပွဲထိုင်သော်လည်း ဘာမှလုပ်မရ စိတ်တွင်း ကသိကအောက် ဖြစ်နေမိသည်။ ငွေ ၃၀ ကျပ်ကို မနှမျော ပါ၊ အနှပ်ခံလိုက်ရသည်ကိုတော့ ခံပြင်းမိသည်အမှန်။

ဒီကြားထဲ ဖြတ်ကနဲ 'ကျွားပြန်' ပုံပြင်ကို သတိရလိုက်သည်။ ကြိုဖျားကိုဖြတ်၍ 'ကျွားပြန်' ဟု ရုံသွင်းပြသည့် ဇာတ်လမ်း။

'အို- ငါတယောက်တည်းမှ မဟုတ်ပဲ တရပ်လုံးခံရတာ ဘာ ရှက်စရာရှိလို့လဲ'

ကိုကြာထွက်းက သူ့စိတ်သူ ဖြေသည်၊ ထိုစဉ် ပွဲစင်ဆီမှအသံ တသံက ပြန့်လွင့်လာသည်။

ကြွရောက်လာတဲ့ ပရိတ်သတ်များ ခင်ဗျား၊ အ ဆို တော် မေဆွ ° အချိန်မီရောက်မလာတဲ့ အတွက် မေဆွ °ရဲ့ 'ဒသာလို မိန်းမ' 'သီးချင်းကို ကျွန်တော်တို့အဖွဲ့က မေဇွ °က သီဆိုပါ့မယ်၊ သောတဆင်ကြပါခင်ဗျား'

ကိုကြာထွက်း၏ အော်ဟစ်

ရယ်သံက မေငွ၀ီ၏ အသံကို ဖုံးလွှမ်းသွားခဲ့ပါချေပြီတည်း။

○ ○ ○

(၃)

ဒီတခါတင်ပြလိုတာက မိတ်ဆွေ စာရေးဆရာတယောက် အကြောင်း၊ သူကလည်း နယ်နယ်ရရ စာရေးဆရာမဟုတ်။ ကျွန်တော်၏ မှခင်းတွင် ပင်တိုင်ရေးနေသူဖြစ်သလို အက် ဘီ အိုင်၊ စကော့တလန်ယာဒ်၊ စသည့်နိုင်ငံတကာမှ စုံထောက်အဖွဲ့များကို ကြီးကြီးကျယ်ကျယ် ရေး သား ထုတ်ဝေသူပါတည်း။

တနေ့....

သူ၏အိမ်ရှေ့သို့ ကားတစီး ဆိုက်လာသည်။

ကားပေါ်မှ သစ်သစ်ယပ်ယပ် ခန့်ခန့်ထည်ထည် ဝတ်ဆင်ထားသော စုံတွဲတတွဲဆင်းလာသည်။ ယောကျ်ားက အတက်ချီအိတ်ကို ကိုင်လို့။

'အိမ်ရောင်းမယ်လို့ ကြော်ငြာတွေလို့'ပါ။

ယောကျ်ား ဖြစ်သူက ပြောသည်။

'ဟုတ် ပါ တယ်- ဟုတ် ပါ တယ်—ကြွပါ- အိမ်ထဲဝင်ပါ စာရေးဆရာက ဖိတ်ခေါ်သည်။

သို့သော်- ပွဲစားတွေများလား ဟု တွေးရသေးသည်။

မှန်ပါသည်။

အိမ်ရောင်းဖို့ ကြော်ငြာထဲက လာလိုက်သည့်ပွဲစားတွေ၊ ခြေချင်လိမ်မျှ သူတို့နှင့်ပင် အချိန်ကုန်ရသည်၊ အလုပ်လဲမဖြစ်။

'ပွဲစားတော့ မဟုတ်ဘူးနော်'

စာရေးဆရာက ပွင့်ပွင့်လင်းလင်းပဲ မေးသည်။

'မဟုတ်ပါဘူးဗျာ ကျုပ်တို့က ကိုယ်တိုင်ဝယ်မှာပါ'

'စိတ်မရှိပါနဲ့ဗျာ တနေ့ တနေ့ ပွဲစားတွေနဲ့ပဲ ရင်ဆိုင်နေရလို့ပါ'

နောက်တော့ အရောင်း အဝယ်ရေးကိစ္စ ပြောသည်။

နေရာလဲကြိုက်တယ်၊ ဈေးလဲ မဆိုးပါဘူး၊ အဆင်ပြေပါလိမ့်မယ် အိမ်အခြေအနေ ကြည့်ချင်တယ်ဗျာ ထပ်ပြီး ပြင်ရ ဆင်ရ ရှိ မရှိပေါ့'

ယောကျ်ားကပြောသည်။



'ဟာ- ကြည့် ရ ပါ တယ်ဗျာ ကျုပ်ကိုယ်တိုင်လိုက်ပြပါ့မယ်'

'ဒီအစ်ကိုကြီးက တယောက်တည်း နေတာလား'

မိန်းမဖြစ်သူက စပ်စုသည်'

'မဟုတ်ပါဘူး ကျုပ်ဇနီးက ရုံးသွားနေပါတယ်၊ ညနေမှပြန်ရောက်မှာပါ'

စာရေးဆရာက ပြော ယင်း အိမ်ရှေ့တံခါး ထပိတ်သည်။

နောက်တော့ တအိမ်လုံးလိုက်ပြသည်။

'ဟောဒါအိပ်ခန်း၊ ဒါက မီးဖိုချောင်၊ ဒါက စတိုခန်း၊ အိမ်သာက ရေလောင်းအိမ်သာ'

စာရေးဆရာက တခု မ ကျန် လိုက်ပြသည်။ သူတို့ကလဲအသေးစိတ်ကြည့်သည်။

လင်မယားချင်း တီးတိုးတိုင်ပင်သည်ကိုကြည့်၍ သူတို့ကြိုက်နေပြီ ဖြစ်ကြောင်း မှခင်းစာရေးဆရာပီပီ အကဲခတ်မိလိုက်ပြီ။

အားလုံးကြည့်ပြီးတော့ အိမ်ရှေ့ခန်း ပြန်ထိုင်သည်၊ အိမ်ဂရံကြည့်လိုသည်ဆို၍ အခန်း ထဲ ရှိ ဗီရိုထဲမှ ဂရံကိုယူ၍ပြရပြန်သည်။

ယောကျ်ားဖြစ်သူက အိမ်ဂရံကို ဖတ်နေစဉ် အမျိုးသမီးက သူ့ယောကျ်ားကို တီးတိုး ပြောသည်။

'မင်းကတော့လုပ်ပြီ အိမ်ရှင်ကို အားနာစရာကွာ....

ယောကျ်ား က ပြော ကာ စာရေးဆရာကို လှမ်း ကြည့်သည်။

'ဘာများပါလိမ့်'

'အော်....အမျိုးသမီးက အိမ်သာ ထွက်ချင်လို့ဗျာ။

'ဒါများဗျာ အားနာစရာ မဟုတ်တာ....သွားပါ.... စောစောက ကျွန်တော်ပြထားတာပဲ'

သည်တော့ အမျိုးသမီးက နောက်ဖေးဝင်သွားသည်။

စာရေးဆရာနှင့် ယောကျ်ားဖြစ်သူက လိုအပ်သည် များ ကို ဆက်၍ ဆွေးနွေးသည်။

ဈေးတဲ့ပြီး စာ ချုပ် မည့် ရက် ငွေချေသည့်နေ့တွင် အိမ် ရှင် က ပြောင်းပေးရမည် ဖြစ် ကြောင်း အိမ်ဂရံမှ နာမည်လွှဲပြောင်းခြင်း၊ ကိစ္စ....

'အော်....ခြံထဲမှာ သီးပင်တွေ ဘာတွေ ရှိသလား'

ယောကျ်ားဖြစ်သူက ပြူတင်းပေါက်မှ ခြံထဲသို့ကြည့်ကာ မေးသည်။

' ရှိတယ်ဗျ၊ ငါး နှစ် အခုန်း

၅၀-ပင် ရှိတယ်၊ နောက် သရက်ပင် သုံးပင်၊ နှစ်ပင်က သီးနေပြီ၊ လာလာ ကျပ်ပြမယ်'

စာရေးဆရာကဦးဆောင်ကာ ခြံထဲမှ သီးပင်များကို လိုက်ပြသည်။ ခြံစည်းရိုး အခြေအနေကို လေ့လာသည်။

ထိုစဉ်တွင် အမျိုးသမီးပါ ခြံထဲ ဆင်းလာသည်။

'ခင်ရေ.... မင်းကြိုက်တဲ့ပုံစံပဲ၊ ငါလဲ—သဘောကျနေပြီ'

'ကဲ....အရောင်းအဝယ် ဖြစ်ပြီသာ သဘောတားပေတော့၊ သဘက်ခါကို စာချုပ်ဖို့ ကျွန်တော်တို့ ရှေ့နေပါ ခေါ်လာ ခဲ့မယ်။ သည်ဘက်ကလဲ သက်သေအဖြစ် နင်ကွက်ကောင်စီဝင်တွေ ပါနိုင်ယင် ကောင်းမယ်'

'စိတ်ချပါဗျာ ကျပ်အားလုံး စီစဉ်ထားလိုက်ပါ့မယ်'

သူတို့ကားကလေးထွက်သွားသည်။

'တကယ်ဝယ်မဲ့ လိုချင်တဲ့လူနဲ့ ဆိုတော့လဲချက်ချင်းပါပဲလား'

နောက်တော့ ချက်ချင်းပင် လိုအပ်မည်ထင်သည့် အရောင်း အဝယ် စာချုပ်ကို အ ကြမ်း ရေးသည်။

ထိုစဉ် ဇနီးသည်ကရုံးမှ ပြန်ရောက်လာသည်။

'မိန်းမရေ အိမ် တော့ ဈေးတည့်သွားပြီဟေ့၊ သ ဘက် ခါ စာချုပ် ငွေချေလိမ့်မယ်'

'ဟုတ်လား၊ ဘယ်ကလဲ.... ဈေးကရော အဆင်ပြေလား'

'အဆင်ပြေရုံဘယ်ကမလဲကွာ မိုးကုတ်ဘက်က သဌေးတွေလား ထီပေါက်ထားတဲ့ လူတွေလား တော့ မသိဘူးဟေ့၊ငါကရောင်းနိုင်မဲ့ဈေးထက် တစ်သောင်း တင်ပြောတာတောင် မ ဆစ် ဘူး ကွ၊ သိပ် ကြိုက် နေ ပုံ ရ တယ်၊ ကောင်းတာပေါ့ကွာ၊ ငမ်းသာတဲ့ အထိမ်းအမှတ်နဲ့ ဒီနေ့ထမင်းမချက်နဲ့တော့ဟေ့၊ မြို့ထဲက တရုတ်ဆိုင် တဆိုင်မှာ သွားစားရအောင်၊ ရေချိုး အဝတ် လဲ ကွာ ငါလဲ ဒီစာချုပ်ကို ပြီးအောင်ရေးလိုက်ဦးမယ်'

စားဖတ်သူခင်ဗျား....

အိမ်အရောင်းအဝယ် တည့်ရုံမျှက ငွေတသောင်းပင် အပိုရလိုက်တော့ စာရေးဆရာလင် မယား လက်တွဲ၍ မြို့ထဲထွက်သွားပြီဟု ထင်ပါသလား၊ ဆက်ဖတ်ပါဦးခင်ဗျာ....။

'အစ်ကိုရေ....အစ်ကို....လာပါဦး'

အိပ်ခန်းတွင်းမှ မိန်းမဖြစ်သူ၏ အ ထိတ် တလန့် အော် သံကြောင့် စာရေးဆရာက ပြေးဝင်သွားသည်။

'ဘာလဲကွ အထိတ်တလန့်'

'ရှင်....ရှင်— ဒီဗီရိုဖွင့်သေးသလား'

'ဖွင့်တယ်လေကွာ စောစောက အိမ်ဂရံယူတယ်၊ ဘာဖြစ်လို့လဲ'

'ဒါဖြင့် အံဆွဲထဲက ပိုက်ဆံ အိတ်ရော'

'မသိဘူးလေကွာ ရှာပါဦး၊ မင်းအထားမှားလို့များလား'

'အားလုံးရှာပြီးပြီ မတွေ့ဘူး၊ ဟော့ဒီမှာ သော့တွဲလဲ ဖွင့်နေတယ်၊ ဟင်—ရှင်မနက်က ပေးထားတဲ့ငွေ-၁၃၀၀လဲ မရှိတော့ဘူး'

'ဟိုက်'

ကုတင်တိုင်မှာ ချိတ်ထားတဲ့ ငါ့သက်ဒတ်နာရီလဲ မရှိတော့ပါလားဟ။

'မနက်က ကျွန်မရုံးမသွားခင် အကုန်ရှိတယ် ဘယ်သူလာသေးလဲ'

'ဟိုအိမ်ဝယ်တဲ့ လင်မယားလားကွ၊ ဟာ ငါသိပြီ'

'သေချင်းဆိုးမ အိမ်သာသွားမယ်ဆိုပြီးတော့ ဟင်း တောက် သေလိုက်ပါတော့ကွာ'

o o o

(၄)

နောက်ဆုံး တင်ပြမှာကတော့ ဆွတ်ပြန့်ကြည်နူးဖွယ်ဇာတ် လမ်းလေး တပုဒ်ပါ။

အဓိကဇာတ်ကောင်က ကျွန်တော့်မိတ်ဆွေထုတ်ဝေသူတဦးပဲ ဖြစ်ပါသည်၊သူက ယနေ့နာမည်ကြီးနေသော စာရေးဆရာ ကိုဠ စာ၏ ဝတ္ထု များ ကို တာဝန်ခံ ထုတ်ဝေ နေသူ။ သူ့ အမည်ကို တော့ မဖော်လိုတော့ပါ။ ထွန်းအောင်စိန်ပဲ ဆိုကြပါစို့။

ဒီနေ့ ထွန်း အောင် စိန် က စာအုပ်ဖြန့်သည်၊ စာအုပ်ဖြန့်ပြီးတော့ အားနေပြီ၊ အိမ်လဲ မပြန်ချင်သေး။ အ ခါ ဟိုင်း ဆိုလျှင် ရွှေမင်းသမီး လက်ဖက်ရည် ဆိုင်နှင့် ရူပါကွင်း လက်ဖက်ရည်ဆိုင်တွင် တလှည့်စီထိုင်၍ လိပ်ပြာပျံ

သလို သွက်လက် ဖျတ်လတ်စွာ လှုပ်ရှားနေသည့် ကောင်မလေး တွေကို ငေးမောနေမြဲ၊

အသောက်အစား ကင်းသည့် သူတို့ လူပျို လူလွတ် တယောက် အဖို့ စိတ်အပမ်းဖြေစရာ သည်လို နေရာသာ ဖြစ်ပါသည်ဟု သူက အကြောင်းပြလေ့ရှိသည်။

ခုတော့ အဲဒီ ဆိုင် တွေ ကို မသွားချင်တော့ မနက်ပိုင်းကပင် နှစ်ဆိုင်စလုံးထိုင်ခဲ့ပြီးပြီ မဟုတ်ပါလား။

သူက ဆူးလေ ဘုရား လမ်း အတိုင်း လျှောက်လာယင်း ရဲရင့် ရှိအောက်ရောက်သောအခါ နာရီ ကြည့်လိုက်သည်၊ ရုပ်ရှင် မီသေးသည်ပဲ။ ချက်ချင်းပင် လေးကျပ်တန်းမှ လက်မှတ်ဝယ်၍ ရုံထဲဝင်ခဲ့သည်။ ဆိုဗီယက် ဇာတ်ကားဖြစ်သဖြင့် လူသိပ်မရှိလှ။ အချို့ ခုံများက လွတ်နေသည်။

ထွန်းအောင်စိန်က လက်ဆွဲ အိတ်ကိုဝဘက်ဘေးမှခုံလွတ်တွင် ချ၍ စိတ်လွတ်လက်လွတ် ထိုင်ချ လိုက်သည်။ နမူနာ သုံးကား လောက်ပြပြီး ဇာတ်လမ်းစသည်။

ဇာတ်ကားက အင်္ဂလိပ် စာတန်းထိုးကား ဖြစ်သည်၊ ဇာတ် လမ်းကောင်းသဖြင့် ရုပ်ရှင်ထဲတွင် စိတ်ဝင်စားနေစဉ်ရေမွှေးနံ့ သင်း သင်းက သူ့နှာခေါင်းထဲသို့ တိုး ဝင်လာသလို နူးညံ့သော အထိ အတွေ့က သူ့ ညာဘက် လက် မောင်းကို ထိ လာ သ လို ခံစား လိုက်ရသဖြင့် ဘေးကိုလှည့်ကြည့် လိုက်မိသည်၊

'ဟင်-မိန်းကလေးတယောက် ပါလား'

ဟုတ်ပါသည်။

သူ့ညာဘက်ဘေးခုံတွင် မိန်း ကလေး တ ယောက် ရောက်နေ သည်ကို သတိ ပြုလိုက်မိသည်။

တ ယောက် တည်း ရှိ သည် ထင်၍ စိတ်လွတ်လက်လွတ် ထိုင် နေမိသည်ကို အားနာသွားကာ ပြန်၍ မတ်မတ်ထိုင်လိုက်ရသည်။

'ဇာတ်ကား ပြတာ ကြာ ပြီ လားဟင်'

ကြည် လင် တိုး ညှင်း သော အသံကလေးဖြင့်သူ့ကိုမေးသည်၊

'မကြာသေးပါဘူး၊ ၅ မိနစ် လောက်ပဲ ရှိပါသေးတယ်'

ထွန်းအောင်စိန်က ဖြေယင်း မသိမသာ စောင်း ကြည့်သည်။ အသက် ၁၈-၁၉ အရွယ် မိန်း မချောကလေးတယောက်ပင် ဖြစ် သည်။လက်ထဲတွင် ဗလာစာအုပ် အချို့ ကိုင်ထားသည်ကို သတိ ပြုလိုက်မိသည်။

'ဒီကားက ဒီနေ့ နောက်ဆုံး မဟုတ်လား၊ စူစီက ဆိုဗီယက် ကားဆို သိပ် ကြိုက်တာ၊ ဒါနဲ့ အတန်းမတက်ပဲ လာကြည့်တာ'

'ဟုတ်တယ်၊ ဒီကား ဘော် ဘော် ကောင်း တယ် ပြော ကြ တယ်'

ထွန်းအောင်စိန်က အလိုက် အထိုက် ပြန် ပြောသည်၊ ရုပ်ရှင် ကြည့်နေရသော်လည်းသူ့စိတ်က မိန်း က လေး ဆီ တွင် ရောက်နေ သည်။ တယောက်ထည်း လာ ကြည့်တာလား၊ ဒေသ ကလား၊ မိန်း ကလေး တခုခုပဲ။ စဉ်းစား ယင်း မိန်းကလေးကို တချက်ခိုး ကြည့်လိုက်ပြန်သည်၊

အဘော် လှသည့် ပုံပါလား။

'ဟင်- စာတမ်းထိုးတာကလဲ မြန် လိုက် တာ နော်၊ ဖတ် လို့ တောင် မပြီးသေးဘူး'

မိန်းကလေးက ညည်း သလို ပြောသည်၊

'ဟုတ်တယ်၊ စာဖတ်နေယင်း ကြည့်ရတာ အရသာ ပျက်တာပေါ့'

ထွန်းအောင်စိန်ကပြောသည်၊ နောက် သူ့ကိုယ်သူ အထင်ကြီး သွား သည်။ မိန်း က လေး နှင့် အလိုက်သင့် ပြောနိုင်သားပေပဲ။

'ဟုတ်တယ်၊ စူစီတော့ စာ လိုက် မဖတ် တော့ဘူး၊ ရုပ်ရှင်ပဲ ကြည့်မယ်။ အရေးကြီးတဲ့ အခန်း ကျမှပဲ ဒီအစ်ကို့ကိုမေးမယ်နော်'

'ဟုတ်ကဲ့-ရပါတယ်'

တခါ တခါ မိန်းကလေးက သူ့ဘက်ကို ကိုယ်ညွှတ်၍ မေး သည်။သည်တော့ သူတို့ပခုံးချင်း ထိလိုက်၊မျက်နှာချင်းကကပ်လိုက် ခွာလိုက်။ သင်းပျံ့သော ရေမွှေး နံ့သည် သူ့ရင်ကို ဗိုလ်ကျနေစေ ပါပြီ။

ထွန်း အောင် စိန်၏ အခွေး ကသည်း ရုပ်ရှင်ကားထဲတွင် မရှိ တော့၊ သူ့ ဘေးမှ မိန်းမချော ကလေးအကြောင်းသာ စဉ်းစား နေမိသည်။

မိန်းကလေးက ရှိုးသား ဖော် ရွေပုံရသည်၊ နောက် ခေတ်ဆန် သည်၊ ရဲဘင်းပုံရသည်၊ သူ့ကို ယောက်ျား တယောက် ရယ်လို့ ရှိဘွန့်တွန့်မရှိ။မိန်းကလေးသူငယ် ချင်းလို သ ဘော ထား နေပုံရ သည်။

ရယ်စရာရှိလည်း ပွင့်ပွင့်လင်းလင်း ရယ်မောသည်၊ သနားစရာရှိလည်း မျက်ရည်ကျလာသည်ကို တွေ့ရပြန်သည်။

အော်....မောရပါဘိ မိန်းကလေးရယ်၊သည်လိုနှင့်ဇာတ်ကားပြီးသွားသည်။

တရုံလုံးမီးတွေပွင့်သွားသည်။

'တောက်....ဇာတ်ကားကလဲ အပြီးမြန်လိုက်တာကွာ'

ထွန်းအောင်စိန် ကြိတ်၍ ရေရွတ်မိသည်။

'ဒီအစ်ကို ကို ကျေးဇူးတင်ပါတယ်၊နောက်တွေ ယင် လဲ ခေါ်နော်၊ စုစီက ဒေ သ တစ် ကပါ၊ သွားမယ်နော်'

ထွန်းအောင်စိန် ရင် ထဲတွင် ဟ သွားသည်။

စာအုပ် က လေး တွေ ပိုက် ၍ ထွက်သွားသော မိန်းကလေး၏ ကျောပြင်ကို ငေးပင်း သက်ပြင်းချလိုက်မိသည်။

'တောက်....ငါ့ကို့က အ,တာ ဘယ်မှာ နေတယ် ဆိုတာ မေးလိုက်ရအကောင်းသား ၊ အို.... ဒေသတစ် ကဆိုတော့ စုံစမ်းယင် ရနိုင်မှာပါ'

ထွန်းအောင်စိန်က စဉ်းစားယင်း ဘေးမှရှယ်အိတ်ကို လှမ်းကိုင်လိုက်သည်။

'ဟိုက်'

လက်ဆွဲအိတ် မ ရှိ တော့ ပါလား၊ရင်ထဲတွင်ထိတ်သွားသည်၊ ခုံအောက်များ ကျနေသလား၊ ခုံအောက်တွင်လည်းမရှိ၊ ပတ်ဝန်းကျင်တွင်လဲမရှိ။

မိန်းကလေးဘက်ကို အာ ရုံ ရောက် နေတုန်း ဘေး က တ ယောက်ယောက်က ဖျောင်သွားလေပြီလား။

ထွန်းအောင်စိန် ရုံ ပြင် ပြေး ထွက်သည်၊ ရုံမှုဂိတ် စောင့် ကို တိုင်သည်၊ မိန်းကလေးကို ထွက်ရှာသည်။ သူ့အိတ် ကိုင်လာသူ ရှိမရှိ လိုက်ကြည့်သည် အချည်းအနှီးပါတည်း။

အိတ်ထဲတွင် စာအုပ်ဖြန့်ထားသည့်ဆိုင်မှ ဘောင်ချာများ၊ ငွေ ၇၀၀-ကျပ်ကျော်၊ မျက်မှန်၊ ဒိုင်ယာရီ၊နယ်အမှာစာရင်း၊နောက် ပြီး လက်နှိပ်စက်ရိုက်မည့် လက်ရေးစာမူအသစ်...

သူ့အိတ်ကို မိန်းကလေး ယူသွားသည်မဟုတ်ကြောင်း သူသိသည်။ မိန်းကလေးက သူ့ယာဘက်တွင်ထိုင်၍ အိတ်က ဝဲဘက်တွင်ရှိသည်။ နောက်မိန်းကလေးထသွားတော့ သူ့လက်ထဲတွင် ဗလာစာအုပ်ကလေးသုံးအုပ်သာ ပါသည်ကို တွေ့လိုက်ရသည်။

ဒါဖြင့်—ဒါဖြင့်—

မိန်းကလေးဘက်အာရုံရောက်နေတုန်း တဘက်မှ တယောက်ယောက်က ဆွဲသွားခြင်းသာ ဖြစ်မည်။

ခံလိုက်ရပြီ။

'သင့်ပစ္စည်းကို သတိပြုပါ'ဟု ရုပ်ရှင်မပြမီ သတိပေး စာတမ်းထိုးသည်ကို သတိ ရလိုက်သည်။

ငွေ တွေ ပါ သွား သည် ကို မနှမြောပါ။

အရေးကြီးသည်က လက်ရေးစာမူ။ ဒီစာမူက တန်ဖိုးဖြတ်လို့မရ၊ လျော်လို့မရ။ စာရေးဆရာကလည်း မိတ္တူထားသည်မဟုတ်။ ထပ် ရေး ဖို့ မလွယ်။ အဲ ဒါ က ပြဿနာ။

'သေ ရဲ တာ ဟိုဒင် ....' ဟု ကြွေးကြော်ခဲ့သည့် အဖွဲ့အစည်းမှ ထွက်လာသော စာ ရေး ဆ ရာကိုငစာနှင့် ဘယ်လို ရင်ဆိုင်ရပါ့။

ရက်စက်ပါပေ့ မစုစီရယ်....။

နီလေးမောင်

○....○....○....○....○....○....○....○....○....○

## ပြစ်ဒဏ်ချ မှတ်ခြင်း

ပြစ်မှုကျူးလွန်သူ တယောက်အပေါ်၌— ပြစ်ဒဏ်သက်မှတ်ရာတွင် ထိုသူအပေါ်တွင် ဒေါသအငြိုးထား၍ ဆုံးဖြတ်သတ်မှတ်ရန်မဟုတ်၊ ၎င်းကျူးလွန်ခဲ့သော ပြစ်မှုမျိုးနှင့်ပတ်သက်၍ အခြားသူများအား အဟန့်အတား ဖြစ်စေရန်နှင့် ကျူးလွန်သူအားလည်း— ပညာပေးစေလိုသော စေတနာကို ရှေ့ထား၍ ဆုံးဖြတ်ရန် ဖြစ်သည်။

[၁၉၆၆ မတ်၊ ၁]

○....○....○....○....○....○....○....○....○....○



- ကာဘိုင်သေနတ်ကိုင် ရဲ ၁၂၀၀
- ကျည်ကာအင်္ကျီဝတ် ရဲ ၂၀၀၀ကျော်

တို့ ပိုက်စိတ်တိုက်ရှာဖွေခဲ့ရကာ၊ဆုတော်ငွေ ဒေါ်လာ ကုဋေချီ၍ ထုတ်ခဲ့ရသည့် ပြန်ပေးမှုနှင့် အီတလီရဲတို့၏စွမ်းရည်ကို သဲထိတ်ရင်ခုန် ဖွယ်ဖတ်ရမည့် ပြည်ပမှုခင်း၊

တက္ကသိုလ် ကျော်မြင့်ဦး

ဒိုဇီယာပြန်ပေးမှုနှင့် ....

# အီတလီရဲတို့၏အစွမ်း

**အမည်မဖော်သူထံမှသတင်းစကား**

''အခုပြောနေတာ ရက်ဒ်ဘရီဂိတ်အဖွဲ့ကပါ ဗိုလ်မှူးချုပ်ဂျိမ်းစ် ဒိုဇီယာကို ကျုပ်တို့ ပြန်ပေးဆွဲလိုက်ပါပြီ၊ ကြေငြာချက်တရပ်ကို မကြာခင်ထုတ်ပြန်ပါ့မယ်''

အမည်မဖော်သူတဦးထံမှ အမင်္ဂလာ တယ်လီဖုန်း သတင်း တရပ်က မီလန်မြို့ရှိ အီတလီအေအန်အက်စ်အေ သတင်းဌာနသို့ ဝင် လာသည်။

ဗိုလ်မှူးချုပ်ဒိုဇီယာ(၅၀)နှစ်မှာ ဗရိုနာမြို့ရှိဥရောပတောင်ပိုင်း နေတိုးကြည်းတပ်ဖွဲ့များဌာနချုပ်တွင် ရာထူးအကြီးဆုံးအမေရိကန်အရာရှိဖြစ်သည်။ သူကားထောက်ပံ့ပို့ဆောင်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာဒု-သေနာပတိချုပ်တာဝန်ကို ထမ်းဆောင်နေရသူတည်း။

**အခင်းဖြစ်ပွားခဲ့ပုံက**

လွန်ခဲ့သောဒီဇင်ဘာလ ၁၇ ရက်နေ့တွင်ဒိုဇီယာ၏ တိုက်ခန်းကို ပိုက်ဆက်သမားအဝတ်အစားနှင့် လူလေးယောက် တံခါးလာခေါက်သည်၊ နောက်တော့ သူတို့က သူ့ခေါင်းကိုအမြှေမ့်ဆော်

ထည့်ပြီးဆွဲထုတ်သွားခဲ့ကြသည်။ သူ့ဇနီးဂျူးဒစ်ကိုလည်း သံကြိုးနှင့် တုပ်နှောင်၍ပါးစပ်ကို ပိတ်ထားခဲ့ကြသည်။ နောက်ပိုင်းတွင်မှ ဂျူးဒစ်၏သုပ်မိလုပ်ရာ နံရံနှင့် ကြမ်းပြင်တို့ကို ထုရိုက်ကန်ကြောက်သံများကြောင့် အခန်းနီးနားချင်းတွေ ရောက်လာခဲ့ပါ၏။ သို့သော်သည်။ ထိုအချိန်တွင် ပြန်ပေးသမားများမှာ သေးနာရီသောက် အချိန်ရနှင့်သွားလေပြီ။

ဝက်စပ္ပါဝိုင် စစ်တက္ကသိုလ်မှ ၁၉၅၆ခုနှစ်တွင် ဘွဲ့ရခဲ့သူဒိုဇီယာမှာ အီတလီနိုင်ငံရှိ အမေရိကန်စစ်မှုထမ်း၁၂၀၀ တို့ကိုကွပ်ကဲအုပ်ချုပ်နေသောရေဘပ် ဗိုလ်ချုပ်(၆)ဦးနှင့် ကြည်းတပ် ဗိုလ်ချုပ်(၇)ဦးတို့တွင် တယောက်အပါအဝင်ဖြစ်၏။ သူသည်ရိုးရိုးကုပ်ကုပ်နှင့်အေးအေးဆေးဆေးနေထိုင်ဘတ်သူဖြစ်သည်။ ဗီယက်နမ်၊ဂျာမနီနှင့် ဘက်ဆပ်စစ်တို့တွင် စစ်မှုထမ်းခဲ့စဉ်က ဆုတံဆိပ်များရရှိခဲ့သည်။ သူ့ကို ယခုပြန်ပေးဆွဲခြင်းမှာမူ အမေရိကန် လူမျိုး [illegible] နေတိုးတာဖွဲ့ဝင်ဖြစ်ခြင်း တည်းဟူသော အကြောင်း သုံးရပ်ကြောင့်ဖြစ်သည်ဟု ခန့်မှန်းကြသည်။

ဝ ဝ ဝ

လူပျောက်ရှာပုံတော်

ဒိုဇီယာကိုပြန်ပေးဆွဲသွားပြီးနောက် ရက်ပိုင်းအတွင်းမှာပင် အီတလီရဲ ၁၂၀၀ တို့ကကာဘိုင်သေနတ်များလွယ်လျက် ဗရိုနာမြို့နယ် အတွင်းတွင် လမ်းများပိတ်ဆို့၍ ရှာဖွေကြသည်။ အလားတူပင် အီတလီ မြောက်ပိုင်းတခွင်မှအခြားမြို့ကြီးများဖြစ်သော ပဒုအာ ဘိုလဇာနိုနှင့်မက်စထရီမြို့ ဝန်းကျင်တို့တွင်လည်း ကျည်ကာ အင်္ကျီဝတ် အီတလီရဲတပ်ဖွဲ့ဝင် ၂၀၀၀တို့ကစက်သေနတ်များ လွယ်လျက် ပိုက်စိတ်တိုက် ရှာဖွေကြသည်။ လူမနေသည့် အိမ်များကို ဖွင့်ရှာသည်။ ကားများကိုရပ်ခိုင်းပြီး စစ်ဆေးသည်။ သို့သော် ဒိုဇီယာနှင့်ပတ်သက်၍ဘာသဲလွန်စမျှမရကြ။

ထိုရက်ပိုင်း အတွင်းမှာပင် အနေအရိုက်နှင့်သံအမတ်ကြီးမက်ဆွဲရပ်မှာသည်းဂျနီအာမြို့သို့အသည်အပတ်သွားရောက်နေရာမှလိုအပ်သလိုကူညီနိုင်ရန်အတွက်ခရီးစဉ်ကိုဖြတ်ကာ ရောမမြို့သို့ သုတ်ခြေတင်ပြီး ပြန်လာသည်။ အမေရိကန်ကာကွယ်ရေးဌာနမှအကြမ်းဖက်သမားတိုက်ဖျက်ရေးကျွမ်းကျင်ပါရဂူ(၆)ဦးလည်း ရောက်လာကြသည်။ သို့သော် အမေရိကန်တို့မှာနောက်မှသာ အသာစောင့်ကြည့်နေကြ၏။ စစ်ဆင်ရေး တရပ်လုံးကို အီတလီရဲအဖွဲ့ကသာဦးဆောင် တာဝန် ယူသွားကြသည်။

သတင်းမှားတွေက တမှောင့်။

ထိုအတောအတွင်း သတင်းမှားတွေကလည်းအီတလီရဲတို့ကိုအတော် ကလေး ဒုက္ခပေးခဲ့ကြသည်။ တကြိမ်တွင်အမည်မဖော်လိုသူတဦးက ပင်လယ်ကမ်းခြေရှိပတ်စကာရာမြို့မှမိုင် ၃၀ အကွာရှိ ရေကန်ထဲတွင် ဒိုဇီယာ၏အလောင်းရှိသည်ဟုတယ်လီဖုန်းနှင့်သတင်းပေးလာသဖြင့်အီတလီရဲတို့မှာ ထိုရေတကန်လုံးမှရေများကို စုပ်ထုတ်ပစ်ရသည့် အထိအလုပ် များသွားခဲ့ရသည်။

ဘောရှတ်မြို့ရှိအေအင်န်အက်စ်အေ သတင်းဌာန သို့ လည်း တယောက်က တယ်လီဖုန်းဖြင့် သတင်းပေးလာသေးသည်။အာရပ်ဘာသာရပ်ဖြင့်ပေးသော ထိုသတင်းတွင်မူဒိုဇီယာကိုကွပ်မျက်ပြီးပြီ။ အလောင်းကို အမည်မရှိသော ရွာကလေးတရွာတွင်တွေ့ရှိနိုင်သည်ဟုဆိုသည်။ သို့သော် ရဲတို့မှာ ဘာမျှ မတွေ့ခဲ့ရ။ ထို့ကြောင့် နောက်ပြောင်မှုတရပ်ဟုသာယူဆလိုက်ကြရသည်။

ကြေငြာချက် အမှတ်(၁)

ဒုတိယရက် သတ္တပတ်တွင်မူ ပြန်ပေးသမားများထံမှ ကြေငြာချက်အမှတ်(၁)ထွက်လာသည်။ လက်နှိပ်စက်ဖြင့်(၆)မျက်နှာရိုက်ကူးထားသော ယင်းစာရွက်များကို ရောမမြို့လည်ခေါင်ရှိ အမှိုက်ပုံးတပုံးထဲတွင်သွားယူရန် ရဲကိုအမည်မဖော်လိုသူတဦးက တယ်လီဖုန်းဖြင့် အကြောင်းကြားခဲ့ခြင်းဖြစ်၏။ သို့သော် ယင်းစာရွက်များတွင် ၎င်းတို့၏ လိုလားချက်ကိုထုတ်ဖော်တောင်းဆိုခြင်း မရှိသေး။

ဖမ်းပြီ

ဒုတိယရက်သတ္တပတ်အလယ်လောက်တွင်အမေရိကန်လီ ရဲတို့သည်ကျောင်းဆရာဟောင်း ပတ်စ်ကွာအော်ရိုရာဘယ်လီ (၃၄)နှစ်နှင့် ပုံနှိပ်စက်သမား တဦးဖြစ်သော ဖလေဗီယိုအမီကို(၂၆)နှစ် တို့ကို မသင်္ကာသူများ အဖြစ် ဖမ်းဆီးလိုက်ကြသည်။ သို့တစေသူတို့အနေဖြင့် ထိုပြန်ပေးမှုတွင် မည်သည့်အပိုင်းကဏ္ဍမှ ပါဝင်သည်ကိုကား အတိအကျမသိရသေး။

နောက်တပတ်တွင် လူဦးရေ ၉၁ ယောက် ရှိသော ပွန်ဘော အော်လတိုမြို့ကလေးကို သတင်းအရ ရဲအဖွဲ့ဝင် ၁၀၀ ကျော်တို့ဖြင့် ဝိုင်းဝန်း ရှာဖွေ ကြ သော်လည်းဘာမျှမထူးခြားခဲ့။ အမေရိကလီအစိုးရက ထိုစစ်ဆင်ရေး တွက် နောက်ထပ်ရာပေါင်းများစွာ လူအင်အား ထပ် ဖြည့် ပေးသည်။ ထိုအဖွဲ့တွင် အယ်လ်စ်တောင်တက် တပ်ဖွဲ့ဝင်များကိုပါ ထည့်သွင်း ပေးလိုက်သည်။ ပဒူအာမြို့အနီးတွင် ကားများကို ရပ်တန့် စစ်ဆေးရာမှ နောက် ထပ် မသင်္ကာဖွယ် လေးဦးကိုလည်း ဖမ်းဆီးလိုက်သည်။

ဆုငွေထုတ်

တတိယမြောက် ရက် သတ္တပတ်တွင် ဗရိုနာရဲအာဏာပိုင်တို့က အဆိုပါအမှုနှင့် ပတ်သက်၍ သတင်း အတိအကျပေးနိုင်သူကို အမေရိကန်ဒေါ်လာ ၁၆၇၀၀၀ ပေးမည် ဖြစ် ကြောင်း ကြေငြာလိုက်သည်။ ထိုရက် သတ္တ ပတ်ကုန်ဆုံးခါ နီးတွင် ဒိုဇီယာ၏ မိတ်ဆွေ သင်္ဂဟ များ ကလည်း သူ၏ လွတ်မြောက်ရေး အတွက် သတင်းပေးသူကိုဆုငွေ အမေရိကန်ဒေါ်လာ ၁၆ သန်းပေးမည်ဟုကြေငြာလိုက်ပြန်သည်။

ကြေငြာချက်အမှတ် (၂)

ထိုအချိန်တွင်အမေရိကလီရဲအဖွဲ့မှ ကျွမ်းကျင်သူတို့မှာ ပြန် ပေးတို့၏ ကြေငြာချက် အမှတ်(၂)ကို လေ့လာ စစ်ဆေးနေကြပြီးဖြစ်၏။ ထိုစာရွက်များနှင့် အတူအကြမ်းဖက် သမားတို့ကဒိုဇီယာ၏ ဓာတ်ပုံ တပုံကိုလည်းထည့်ပေးလိုက်ရာဝဘက်ချက်လုံးအောက်တွင် ပွန်းပဲ့သောဒဏ်ရာတခုကိုတွေ့ရှိခဲ့ကြရသည်။ ရက်ဒ်ဘရီဂိတ်၏ ကြွေ ကျော်သံ ကဒ်ပြား တခုကို ကိုင် လျက် ရပ်နေရသော ဒိုဇီယာ၏ပုံ နောက်တွင် သူတို့ဂိုဏ်း၏ အမှတ်တံဆိပ်ကိုလည်းတွေ့ရှိရသည်၊ ယခုဒုတိယစာမှာလည်း စကားကျယ်တွေနှင့် ဝါဒဖြန့်ထားတာတွေကသာများနေသည်။

ဇနီးသည်ဂျူးဒစ်

အမေရိကလီရဲတို့က ဆက်လက်စုံစမ်း ထောက်လှမ်း နေစဉ် အတွင်းအမေရိကန်သမ္မတ ရေဂင်နှင့်နိုင်ငံခြားရေး ဝန်ကြီးဟိဂ်တို့က ဒိုဇီယာ၏ ဇနီး ဂျူးဒစ်သည် ကလေးနှစ်ယောက်နှင့်အတူ ဗရိုနာမြို့လယ်ခေါင်က တိုက်ခန်းမှာပင် သတိနှင့် ဆက်လက် နေထိုင်ယင်း ဒုတိယအကြိမ်မြောက် ရုပ်မြင်သံကြားမှနေ၍အမေရိကလီလူထုကို သူတို့၏မေတ္တာ စေတနာတို့အတွက်ကျေးဇူးတင်စကား ပြောကြားသည်။

လျှို့ဝှက်စခန်းများမိ

ဇန်နဝါရီလ (၄)ရက်နေ့ဘွင်းမှ အမေရိကလီရဲတို့သည် အကြမ်းဖက်သမားများဟု ယူဆရသူ ဗီထရဲသားနှင့် အင်နီယိုဒီရော့တိုတို့ကို ရောမမြို့တွင် ဖမ်းဆီး ရမိလိုက်ကြသည်။ ထို့မှတဖန် ၎င်းတို့၏ ဖော်ထုတ်ချက်အရရောမမြို့ရှိတိုက်ခန်းသုံးခုကို ဇန်နဝါရီလ ၇ ရက်နေ့တွင် ထပ်မံစီးနင်းဖြိုဖျက်နိုင်ခဲ့ကြပြန်သည်။

လက်နက်ပုန်းများနှင့် စာရွက်စာတမ်းများ

အဆိုပါ လျှို့ဝှက် စခန်းများတွင် ဆိုဗီယက်လုပ် တင့် ကားပစ်လက်ပစ်ဗုံးသုံးလုံးနှင့်လောင်ချာများ ပြင်သစ်လုပ် ဝေဟင်မှမြေပြင်ပစ်ဒုံးပျံနှစ်လက်၊ လက်နက်ငယ်များ၊ ပလပ်စတစ် ဗုံးများအပါအဝင် လက်နက်ပုန်းများနှင့် စာရွက် စာတမ်းများကိုဖမ်း ဆီး ရမိခဲ့၏။

ယင်းစာရွက် စာတမ်းများထဲတွင် ပြန်ပေးဆွဲမှု၊ ဗုံးဖောက်ခွဲဖျက်ဆီးမှု၊ ဒုံးပျံဖြင့် ပစ် ခတ်

တိုက်ခိုက်မှုနှင့် ထောင် ဖောက်မှုများ ကျူးလွန်ရန် ရေး ဆွဲ ထားသော အစီအစဉ်စာရွက် တရွက်ကိုလည်းတွေ့ရှိရသည်။ ရက်ဒ်ဘရီဂိတ်ဂိုဏ်းတွင်၊ အကွဲအပြဲများ အကြောင်းကိုလည်း၊ သိသာကြရသည်။

### ထိပ်တန်းခေါင်းဆောင်တဦးမိ

ယခု ထိုးစစ်မှာ အီတလီအကြမ်းဖက်သမားများအား နှိမ်နင်းခဲ့သည့် ရာဇဝင်တွင် အထိရောက်ဆုံး ထိုးနှက်ချက်ဟုဆိုရမည်ဖြစ်၏။ လျှို့ဝှက်စခန်းတခုတွင်ဆိုလျှင် ရောမမြို့ဂိုဏ်းခွဲတာဝန်ခံဆာဗာနိုကိုပင် လက်ရဖမ်းမိခဲ့သည်၊ ရဲများကဖမ်းဆီး ရမိသော စာရွက် စာတမ်း များကို စစ်ဆေးကြည့်ရှုနေစဉ်မှာပင်ဆင်ဗာနိုထံ စာလာပေးသော ဆက်သားတဦးကို ထပ်မံ ဖမ်းမိပြန်သည်၊ တဖန်သင်းစာမှာ ဒိုဇီယာကို ပြန်ပေး ဆွဲသွားသူများက ဆင်ဗာနိုထံ အကြံဉာဏ်တောင်းသည့် စာ ဖြစ်နေပြန်ရာ၊ ထိုဆက်သားကို နောက်ယောင်ခံလိုက်လျှင် ဒိုဇီယာကို ဖွက်ထားသည့်နေရာသို့ပင် မကြာမီ ရောက်နိုင်တော့မလို အခြေအနေရှိလာသည်။

### နောက်ထပ်စခန်းများဖြိုခွဲ

နောက်ရက် သတ္တ တပတ်ကျော်လောက်တွင် ဘဏ်တိုက်အနှုကြမ်းစီးမှုကျူးလွန်သူ နှစ်ဦးကို စီယင်နာမြို့စောင့် ရဲအဖွဲ့ကဖမ်းမိလိုက်ပြန်သည်၊ ထိုမှတဆင့် ခြေရာခံလိုက်ပြန်ရာ ရောမ မြို့မှ နောက်ထပ်စခန်းတခုကို ဖမ်းဆီးရမိသည်၊ ထိုတိုက် ခန်း သည် အဓိကအားဖြင့် ရဲနှင့်ပစ်ကြခတ်ကြရာ၌ဒဏ်ရာရရှိသည့်အဖွဲ့သားများအတွက် အရေးပေါ် ဆေးကုသရေးဌာန အဖြစ် အသုံးပြုသောနေရာဖြစ်၏။ တဖန် များမကြာမီမှာပင် စာရွက် စာတမ်းများနှင့် ခဲတပ် များစွာတို့ကိုနေပယ်လ်မြို့ရှိပစ္စည်းအပ်နှံသောဌာနတခုတွင် ရမိလိုက်ကြ ပြန်သည်။



### အဓိကသဲလွန်စ

ရဲနှင့်ပြည်ထဲရေးဌာနတို့အနေဖြင့်ပူဇီယာကို ကယ်တင် နိုင်တော့မည် ဖြစ် ကြောင်း အမေရိကန်သံရုံးသို့ပင် ဖေဖော်ဝါရီလ ၂ ရက်ကတည်းက အကြောင်းကြားခဲ့ကြပြီး ဖြစ်၏။ သို့တစေအရေးပါသော သဲလွန်စကို ရဲခဲ့ရာတွင်မူ ကံကောင်း ထောက်မမှုလည်း ပါသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် နောက်ဆုံးကွင်းဆက်မှာ ပရိုနာမြို့ မူးယစ်ဆေးဝါး စခန်းကြီးတခုကို ဖမ်းဆီးရာမှမမျှော်လင့်ပဲ ရရှိခဲ့သောကြောင့်ဖြစ်၏။ ထိုဖေဖော်ဝါရီလ ၃ ရက်နေ့ကဖမ်းမိသူများထဲတွင် ပေါ်လိုဂလတီ(၂၂)လည်း ပါဝင်ခဲ့သည်။ ရောမမြို့တွင် ဖမ်းမိခဲ့သော စတီဖင်ပီဘရဲသာ၏ အစစ်ခံချက်တွင်လည်း ပေါ်လို၏ နာမည်ပါရှိခဲ့ရာရဲတို့ကပီတရဲလာကို ပေါ်လိုနှင့် ခေါ်တွေ့ပေးလိုက်သည်။ နောက်ဆုံးတွင်ထိုတွေ့ဆုံပွဲမှ ဒိုဇီယာထားသည့်နေရာကို ရဲတို့က နည်းပရိယာယ်ဖြင့် ဖော်ထုတ်နိုင်ခဲ့သည်ဟုဆို၏။

### သားရေမျက်နှာဖုံးစွပ်နှင့်လူစွမ်းကောင်းများ

ဖေဖော်ဝါရီလ ၄ ရက်နေ့နံနက် ၁၁ နာရီ ၂၀ မိနစ်တိတိတွင် ရဲအမှတ်တံဆိပ် မပါသော ထရပ်ကားကလေးတစင်းက ပဒူအာမြို့ရှိ ခေတ်မီ ရှစ်ထပ် တိုက်အဆောက်အအုံတခု ရှေ့တွင် ထိုးရပ်လာသည်။ ကားထဲတွင် ပါလာသူများမှာကားအကြမ်းဖက်မှုနှိမ်နင်းရေး အထူးကွန်မင်ဒို ၁၀ ဦး၊ သူတို့သည် ဂျင်း ဘောင်းဘီ အပြာနှင့်ကျည်ကာ အင်္ကျီများကို ဝတ်ဆင်ထားကြသည်။ မျက်နှာတွင်လည်း အကြမ်းဖက် သမားများမမှတ်မိစေရန်အတွက် ထုံးစံအတိုင်းသားရေ မျက်နှာဖုံးများစွပ်ထားကြသည်။

အဆောက်အအုံကြီး၏ မျက်နှာစာရှိ ပင်ဒီမွန်တီ လမ်းမကြီးမှာ ခါတိုင်းဆိုလျှင် လမ်းသွားလမ်းလာတို့ဖြင့် စည်ကားနေစမြဲ၊ သို့သော်ယခုမူ ရဲတို့က တိုး တိုး တိတ်တိတ် လမ်းများ ပိတ် ဆို့ ဖယ်ရှားထားသဖြင့် ရှင်းလင်းနေလေပြီ၊ ယင်းအဆောက်အအုံအကြီး၏ အောက်ဆုံးထပ်ရှိ ရုပ်ပါမား

ကက် ဈေးကြီးကိုလည်း တံခါး တွေပိတ်ပြီး သော့ခတ် ပစ်လိုက်ကြသည်။ အထဲမှာ ဈေးလာဝယ်နေသူတွေကို မထိခိုက်မိအောင် စီစဉ်ရခြင်းဖြစ်၏၊ သို့သော် မြန်းကန်ဆိုတော့ သူတို့တတွေ လန့်သွားကြသည်၊ ထိုစဉ်မှာပင်ကွန်မင်ဒို ၁၀ ဦးစက်သေနတ် ကိုယ်စီနှင့်အဆောက်အအုံထဲကို ပြေးဝင်လာကြသည်။

တပြိုင်နက်တည်းလိုပင် လမ်းပေါ်မှာဒူဗိုဇာမြေညှိစက်ကြီး တလုံး၏ အသံကလည်း ဆူညံစွာထွက်ပေါ် လာသည်။ တကယ်တော့ယင်းမှာလည်းဖြစ်ပေါ်လာမည့်အသံတွေ အားလုံးကို ဖုံးလွှမ်းသွားအောင် ရဲအဖွဲ့၏ ကြိုတင် စီစဉ်ထားချက် တရပ်ပင်။ ထိုဆူဆူညံညံအသံများ၏အကာအကွယ်ဖြင့် မျက်နှာဖုံးစွပ် ကွန်မန်ဒိုများက ဒုတိယထပ်သို့ အပြေး တက်သွားကြသည်။ ထို့နောက်မျက်နှာဖုံးစွပ်တယောက်က ရက်ဒ်ဘရီဂိတ်အဖွဲ့ဝင် ဖရာဆယ်လာ(၂၁)နှစ်၏ အခန်းကိုသော့ဝိဇ္ဇာဖြင့် လှည့်ဖွင့်ပေးလိုက်ရာကျန်ကွန်မင်ဒိုတွေက ဝုန်းကနဲ ခုန်ဝင်သွားသည်၊ စကြြန်ခန်းမထဲတွင် စီယပ်စီ (၃၂) နှစ် ကသော့ဖွင့်သံကြား၍ ပစ္စတိုကိုင်ပြီး ပြေးအလာ ကွန်မန်ဒိုတွေနှင့်ပက်ပင်းဆုံမိကြသည်၊ သို့သော် သူ့ခမျာပစ္စတိုကို ပစ်ခွင့် မရလိုက်။ သားရေ မျက်နှာဖုံးစွပ် တဦး၏ ကရာတေးလက်ဝါးစောင်း မိပြီ မှောက် သွားသည်။ ထိုအချိန်အတွင်းမှာပင်ကျန်မျက်နှာဖုံးစွပ်မှာ စကြြန်ခန်းမတလျှောက် ရှေ့ဆက် ပြေးတက် သွားကြလေပြီ။

ပြန်ပေးအဖွဲ့ ခေါင်း ဆောင် အင်တိုနီယိုဆဗတ်စတာ (၂၇) နှစ်ကိုလက်ျာဘက်က အခန်းတခန်းထဲမှာတွေ့ကြရသည်၊ သူတို့ဝင်သွားတော့ သူက အခန်း အလယ်၌ခွေးထားသည့် ရွက်ဖျင်တဲကလေးတလုံးဘေးမှာ မတ်တတ်ရပ်နေသည်။ တဲကလေး ထဲ မှာတော့ ဗိနပ်မပါ လမ်းလျှောက်ဝတ်စုံအပြာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ထူထူနှင့် လူတယောက်ကိုခုတင်တလုံးနှင့်တွဲပြီး သံကြိုးဖြင့်ထားသည် ကို တွေ့ရ သည်။ ဆဗတ်စတာသည်အသံတိတ် ကိရိယာတပ်ဆင်ထားသော ပစ္စတိုတလက်နှင့်ထိုသူ၏ခေါင်းကို ချိန်ထားသည်။ သို့သော် သူ့အနေဖြင့် သေနတ်မောင်းကို မဆွဲနိုင်မီမှာပင် မျက်နှာဖုံးစွပ်တယောက်က စက်သေနတ်ဒင်နှင့် သူ့ကိုနောက်ကနေ လှမ်းရိုက်ပြီး တရေးတမော သိပ်ပစ်လိုက်နိုင်ခဲ့သည်။

ကျန်ကွန်မန်ဒိုးတွေက နောက်ဘက်က အခန်းတွေဆီကို ဆက်ထွက်သွားကြပြန်ရာဆဗတ်စတာ၏ရည်းစားအမ်မီလီယာလစ်ဘရော (၂၆)နှစ်အပါအဝင် နောက်ထပ် ဂိုဏ်းသား သုံးယောက်ကို ထပ်မိပြန်သည်။ သေနတ်တချက်မျှမဖောက်ရ အား လုံး လက်မြှောက်အဖမ်းခံကြခြင်း ဖြစ်၏။ အဆောက်အအုံထဲကို ရဲကွန်မန်ဒိုများ စဝင်ချိန်မှနောက်ဆုံး လူဆိုးအားလုံးကိုလက်ရ ဖမ်းဆီးမိသည်အထိစုစုပေါင်းစက္ကန့် ၉၀ သာကြာခဲ့သည်။

'တကယ့် ရဲတွေပဲ—အံ့မခန်း လိလိုဂဲ'အလန့် မပြေ့တပြေတွင် ဝမ်းသာကြည်နူးမှု ရောစွက်နေသော ဒို ဇဗီယာကစိတ်လှုပ်ရှားသံကြီးဖြင့်ပြောကြားခဲ့သည်။

စိတ်မလှုပ်ရှားပဲလည်း နေပါမည်လား၊ အကြမ်းဖက် သမားတို့က သူ့ကိုသည် တနေရာဘည်းမှာပင် ရက်သတ္တ(၆)ပတ်ကျော် ချုပ်နှောင်ထားခဲ့ကြသည့် တခါ တရံတွင် နေရာကို မှတ်မိမှာစိုးလို့ဟု ဆိုကာ မျက်စိကို အဝတ်နှင့်စည်းပြီး နားတွေကို ပိတ်ထားဘတ်ကြဲ သေးသည်။ သို့တစေ စစ်သားကြီး ဒိုဇီယာမှာ ခဏကလေးနှင့် စိတ်တည်ငြိမ်မှု ပြန်ရသွားခဲ့၏။ ပဒုအာမြို့ ရဲဌာနချုပ် ရောက်သည်နှင့် 'ကျွန်တော် ဘာမှ မဖြစ်ပါဘူး နေကောင်း ပါတယ်' ဟု ဆိုခါ ဇနီးသည် ဂျူးဒစ်ထံ အတင်းတယ်လီဖုန်းဆက်ခွင့် တောင်းခဲ့သည်၊ ထိုအချိန်တွင် ဂျူးဒစ်သည် မှာ ဖရန့်ဖွတ်မြို့ရှိ သမီးဖြစ်သူလေတစ်မှ ဒုဗိုလ်ချုပ်ရီလ်(၂၄) နှစ်ထံ သွားရောက် နေခဲ့သည်၊ ထို့နောက် ဒိုဇီယာသည် သူ့အထက်အရာရှိ ဥရောပဘောင် ပိုင်းနေ တိုးတက်မှုနှင့် အမေရိကန် သံအမတ်ကြီး တို့ထံသည်း သူ၏သေရှာပြန် ဇာတ်လမ်းကို ဖုန်းဆက်အစီရင် ခံပြန်သည်၊

'ကျွန်တော်ကို လာဘယ်တဲ့အချိန်ဟာ သေနတ်တလက်နဲ့ အချိန်ခံနေရပြီ၊ တခါဘော့ ကိစ္စချောပြီးလားလို့ ထင်နေ ရတဲ့အချိန်ပဲ၊ အဓိတလီ အာဏာပိုင်

တွေ့ လက်ထဲကို ပြန်ရောက်သွား တော့၊ ရင်ထဲမှာ ဘယ်လောက် ပေါ့သွားမယ် ဆိုတာ စဉ်းစား သာ ကြည့်ပေတော့' ဟုသူက နိဂုံးချုပ် တင်ပြခဲ့သည်။

**အောင်မြင်မှု၏ သော့ချက်။**

ဖမ်းဆီးရမိသော ပြန်ပေးသ မား ငါးဦးအနက် လေးဦးကို အမည်မဖော် သောတနေရာသို့ အချုပ်ဖြင့် ပို့လိုက်ကြသည်။ စီယပ်စီမှာမူ ကရာတေး လက် ဝါးစောင်းဇာတ်ကြောင့် စိုးရိမ်ရ သော အခြေအနေဖြင့် အနီးဆုံး ဆေးရုံသို့ တင်လိုက်ရ၏။ သူတို့ ၏စခန်းမှ ပစ္စတို သေနတ်များ၊ ပလပ်စတစ်ဗုံးများ၊ လက်ပစ်ဗုံး များနှင့် မှတ်ပုံတင် ကပ်ပြား အတုလုပ်သည့် ခဲတံပုံကူးကိရိ ယာ တို့ကိုလည်း ထပ်ခံသိမ်း ဆည်း ရမိခဲ့၏။

စင်စစ် ရဲတို့သည် ထိုကြာသ ပတေးနေ့ နံက်မိုးသောက်စကပင် ပင်ဒီမွန်ဒီလမ်းရှိ ရှစ်ထပ်တိုက်ကြီး အနီးသို့ တဖြည်းဖြည်းခြင်း စိမ့် ဝင်နေခဲ့ကြပြီးဖြစ်၏။ ပထမတွင် ပြန်ပေးသမားတို့၏ အခန်းကို ည ဘက် ဝင်ရောက်စီးနင်းတိုက်ခိုက် ရန် စီစဉ်ခဲ့သော်လည်း၊ ထိုအချိန် ဆိုလျှင် ယင်းနေရာ အဝိုက်မှာ ချောက်ကပ် တိတ်ဆိတ်လွန်းနေ မည်ဖြစ်ရာ၊ ထူးခြားသောအသံဗ လံနှင့် လှုပ်ရှားမှုများကို ပြန်ပေး သမားတို့ သတိထားမိသွားနိုင်သ ဖြင့်၊ ထိုမူလအစီအစဉ်ကို ပယ် ဖျက်ခဲ့ကြသည်။ နံနက် (၁၀) နာရီခန့်တွင် ထိုနေရာတဝိုက်မှာ အမှတ်တံဆိပ်မပါသော ရဲကား (၂၈) စင်းဖြင့် ဝိုင်းထားပြီးနေပြီ ဖြစ်သည်။ နောက် နာရီ ဝက် လောက်အကြာတွင်မူ အကြမ်း ဖက်မှု အထူးနှိမ်နင်းရေး တပ်ဖွဲ့ ဝင်များ လမ်းထဲတွင် အသီးသီး နေရာယူ လိုက်ကြ သည်။ ထို့ နောက် မိနစ်ပိုင်းအတွင်း ကွန်မန် ဒို ထရပ်ကားကလေး ရောက်လာ ပြီး အကြမ်းဖက်သမားတို့၏စခန်း ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ ကြခြင်းဖြစ်သည်။ ထိုတိုက်ပွဲတွင် အီတလီရဲတို့၏လျင်မြန်ဖြတ်လပ် မှုနှင့် အစစအရာရာ တိတိကျကျ အချိန်ကိုက်အောင် စီမံမှုတို့မှာ အားလုံး လက်ဖျားခါခဲ့ကြရသလို အောင်မြင်မှု၏ သော့ချက်လည်း ဖြစ်ပေ၏။



**တနိုင်ငံလုံး ဝမ်းသာမဆုံး**

ဒိုလီယာ ကယ်ဘင်ခန်း သ တင်းသည် တေ..မီးထက်ပင် မြန် မြန်ဆန်ဆန် ပြန့်နှံ့ သွားသည်။ သမ္မတရေဂင်ကိုသူ၏အမျိုးသား လုံခြုံရေး အကြံပေးအရာရှိ ဝီလျံ ကလပ်က်က ကြား သပ ဒေး နေ့ နံနက် (ဖ နာရီ မိနစ် (၅၀) တွင် သူ နိုး နေ ကျ အချိန်ထက် မိနစ် (၄၀) စောနှိုးပြီး ထိုသတင်းကို ပြောကြားခဲ့သည်။

အမေရိကန် ကာကွယ် ရေး ဝန်ကြီးဝိုင်းဘာဂါကလည်း အီ တလီ ကာကွယ်ရေး ဝန်ကြီးကို ကယ်လီဖုန်းဖြင့် လှိုက်လှိုက်လှဲလှဲ ချီးကျူးစကား ပြောကြားသည်။

ဒိုဇီယာ၏ ဇာတိ ချက်ကြွေ အာကေးဒီးယား မြို့ကလေးတွင် မြို့သူမြို့သားတို့က အနှစ်ရာကျော် ဝတ်သင်ချပင်ကြီးများတွင် ပန်း စက္ကူဝါများ သွယ်တန်း၍ ထိုနေ့ ကို သူတို့၏ သေရွာမှပြန်သ းလူရ တနေ့ အတွက် ဂုဏ်ပြုပွဲနေ့ အ ဖြစ် ကြေငြာ ကျင်းပကြသည်။


ထိုအထဲတွင် ဝမ်း မြောက် ဂုဏ်ယူမဆုံး ဖြစ်နေကြသူများမှာ ကား အီတလီနိုင်ငံသားတို့ပင်။

'ဗိုလ်ချုပ် ဒိုဇီယာကို လွတ် မြောက်စေနိုင်ခဲ့ပြီ၊ မဟာမိတ်နိုင်ငံ တနိုင်ငံရဲ့ စစ်သားကြီး ကို သူ့ကို ချစ်မြတ်နိုးသူများထံ ပြန် လည် ဆောင်ကျဉ်းပေးလိုက်နိုင်ပြီ' ဟု အီတလီဝန်ကြီးချုပ်စပါဒိုလီနီက ဝီတ်လွှမ်းသောအသံဖြင့် တိုင်း ပြည်သို့ ကြေငြာသည်။

ရောမမြို့တွင်ယည်း ပုပ်ရဟန်း မင်းကြီး ဒုတိယဇ မြာက် ဗွန် ပေါလ်က ယင်းသို့ ကယ်တင်နိုင် မှုအတွက် နှစ်ထောင်း အားရ ဝိဘ်နှမ်း မြေ့ လှကြောင်း မြွက် ကြားသည်။

အီတလီ နိုင်ငံသားတို့မှာမူ ချီးကျူးဂုဏ်ပြုစကား ပြောကြား ရန် သက်သက်အတွက် အရေး ပေါ်ရဲဘယ် တယ်လီဖုန်း နံပါတ် (၁၁၃) ကို ဆက်လို့မဆုံး နိုင်ရှိ ကြတော့သည်။

စင်စစ်သူတို့ ဂုဏ်ယူမည်ဆို လျှင်လည်း ယူလောက်ပါ၏ ထို စစ်ဆင်ရေးတွင် အီတလီ ရဲတို့ သည် ဒိုဇီယာကို ကယ်တင် နိုင်ခဲ့သည်သာမက၊ အကြမ်းဖက် သမား (၆၀) ကျော် (၇၀) ခန့် ကို ဖမ်းဆီးနိုင်ခဲ့သည့်အပြင် သူ စာမျက်နှာ (၂၁၀) သို့


*လှတယ် *သဘောကျတယ် *ရိုင်းတယ် *ခေတ်မီတယ်
ယာနေ့ကမ္ဘာမှ
အကောင်းဆုံး
လက်ရွေးစင်
ရုပ်ရှင်
မြို့တိုင်းဆိုင်တိုင်းတွင် မေးဝယ်ပါ
၁ ပို့စကတ် ၂ စာအိတ်နှင့် ၃ တံဆိပ် ကပ်ထားမှ အစစ်ဖြစ်သည်၊
ပင်ရင်း - ၂၈၉ ဗိုလ်ချုပ်ဈေးသစ်
ဖုံး - ၈၁၁၄၃ - ရန်ကုန်မြို့
ရှမ်းလုံချည်
ရခိုင်မြို့



## ကိုတံငါ

## လှေယာဉ်စီးပါလို့

(၁)

၁၉၅၉ ခုနှစ်။

'အို ငါးကြင်းတွေဆန် + + ငါ့တန်တွေသောင်ခြေဦးမှာလှ + ကိုတံငါလှေယာဉ်စီးပါလို့ + + ပိုက်ကြီးကို+ခရချသာ'

ဘားမနီ ရိုးထဲမှ သီချင်းသံသည် ကပ္ပလီကုန်း ရွာငယ်ဆီသို့ လေပြေနှင့်အတူ လွင့်ပါး လာသည်။ ဦးလေးစံဘယောက် လှေငယ်တစင်းနှင့်အတူ ငါးတွေ ပါလာ ပေတော့မည်။ တောင်နှင့်မြောက် ရှည်လျားစွာဖြင့် တာရိုးတလျှောက် တည်ရှိနေသော ထိုဒေသ၏ အခညွှန်ကာမဖြစ်သည့် ဘားမနီရိုးခေါ် အင်းငယ် လေးသည် ဦးလေးစံ၏ တေးသံနှင့်အတူ ကြည်နူးဖွယ်ဖြစ်နေပေသည်။

'အဲဒါ+ ညီးလေးတို့တောရဲ့ သဘာဝပါ+ ချိန်နေရီ ခါတော်နေဝင်းမှာ + ဒေါင်းဖန်ဝါဂေါ်ယာကျွန်းယွန်းပေါ့ဘခါ+ သာသာယာယာ'

တဖြည်းဖြည်း တေးသံသည် ရွာနှင့်နီးလာပေသည်။ ငါးအရနည်းလျှင် ဦးလေးစံ တေး သံ မကျေနပ်ရင့်ပေ။ ဤကဲ့သို့ တေး သံကျူးရင့်လျှင် ငါးများစွာကို လှေဝမ်းထဲထည့်လာနိုင်ခဲ့၍ ဆိုသည်ကို တရွာလုံးသိပြီး ဖြစ်ပေသည်။

ဤသို့ တေးသံကြားလျှင် ရွာထဲမှ ဦးလေးစံ၏သားငယ် ဖိုးတူးသည် ရွာထိပ်ဥယျာဉ်များဆီ ပြေး၍ ကြိုလေ့ ရှိသည်။ ရွာ ထဲ မှ ကလေးငယ်များလည်း ဖိုးတူးနှင့်အတူ ပြေးလွှားကစား၍ လိုက်ပါသွားကြသည်။ ဤမြင်ကွင်း သည် ရွာရှိ လူအများစုအတွက် ကြည်နူးစရာမြင်ကွင်းတခု ဖြစ်ပေသည်။

ယနေ့ ဦးလေးစံ၏ လှေငယ် ကလေး ရွာထိပ် ဥယျာဉ်များတွင် ဆိုက်ကပ်ချိန်တွင် ခါတိုင်း ကဲ့သို့ သားငယ်ဖိုးတူးနှင့် ကလေးတစု



တွေ့မြင်ရပေ။ ဦးလေးစံ ရင်ထဲတွင် ဒိတ်ကနဲဖြစ်သွားသည်။ ဖိုးတူး နေမကောင်း၍လား၊ ဇနီးသည် ဒေါ်မြိုင်တခုခုဖြစ်၍လားဟု တွေးမိပြီး မျက်နှာညှိုးနွမ်းစွာဖြင့် ငါးများနှင့် ပိုက်ကွန်ကို ယူကာ ရွာထဲသို့ဝင်လာခဲ့သည်။

ဦးလေးစံ အိမ်ရှေ့ အရောက်တွင်

'အမလေး ကိုစံရဲ့ ရှင့်ကိုဖမ်းကြမလို့တဲ့တော့'

ဟူသော ဇနီးသည် ဒေါ်မြိုင်၏ အော်ဟစ်ငိုသံ ပြောသံနှင့်အတူ ရွာသူကြီးဦးဖိုးခနှင့် ရဲသုံးယောက်ကို အိမ်ပေါ်တွင် တွေ့လိုက်ရသည်။ ပထမတွင် ကြောင်၍ရပ်နေပြီးမှ ခြံဝတွင် ငိုနေသော သားငယ် ဖိုးတူးအား ပွေ့ချီ၍ အိမ်ပေါ်သို့တက်ခဲ့သည်။

'ကျွန်တော် ဘာအပြစ်ရှိလို့လဲ သူကြီးမင်းရယ် အင်းထဲမှာ ဟင်းစားလေးရရုံ မြှုံးထောင်ခဲ့တာပါ။ သူများ အင်းကို မတရား ခိုးဖမ်းတာမဟုတ်ရပါဘူးဗျာ'

'ဖိုးစံ အဲဒီကိစ္စ မဟုတ်ဘူးကွ လှအေး အသတ်ခံရတာနဲ့ ပတ်သက်ပြီးမင်းကိုစစ်ဆေးစရာရှိလို့ ဌာနာကိုလိုက်ခဲ့ဖို့လာခေါ်တာ'

'မျာ—လှအေး အသတ်ခံရတဲ့ကိစ္စ ဟုတ်လားသူကြီးမင်း အမေလေးမျာ ဘုရားပေးပေး ကျွမ်းပေးပေးကျုပ်မဟုတ်ရပါဘူး၊ဘာမှလဲမသိပါဘူးမျာ၊ ကျုပ်ကိုကယ်ပါဦးသူကြီးမင်းရယ်'

'ငါလဲမသိဘူး ဖိုးစံရ ဌာနာသာ လိုက်သွားပါကွာ၊ ဟိုကျတော့ မင်းမဟုတ်ယင် ပြန်လွှတ်မှာပေါ့ ငါလဲကူညီမှာပါ ဖိုးစံရာ ကဲကဲ လိုက်သွားချေ'

သူကြီး၏ စကားအဆုံး ဒေါ်မြိုင် အော်ဟစ်ငိုနေသည်။ ဖိုးတူးကလည်း ဦးလေးစံ၏ခါးကိုဖက်၍ ငိုလျက်ရှိသည်။ မည်သို့မျှမဖြေရှင်းမရမှန်းသိ၍ ဦးလေးစံ ဌာနာသို့ လိုက်သွားရန် ဆုံးဖြတ်ပြီးမျက်နှာသုတ်ပဝါတထည် ပုခုံးပေါ်တင်၍ ရဲ (၄) ဦးနောက်မှ လေးကန်သော ခြေလှမ်းများဖြင့် လိုက်သွားပေသည်။

ဖိုးတူးနှင့် ဒေါ်မြိုင်၏ ငိုသံတို့သည် တဖြည်းဖြည်း ဝေး၍ ကျန်ခဲ့ပေသည်။

(၂)

'ကျွန်တော်ဘာမှမသိဘူး'

'သိရမယ်ဦးစံ၊ ပြီးခဲ့တဲ့အပတ်ထဲတုန်းက အင်းလေလံကိစ္စလေး မှတ်မိမှာပေါ့'

'မှတ်မိပါတယ်'

'အင်း—အဲဒါလေး ကျုပ်ပြန်ပြောပြမယ်'

ဌာနာအုပ်က ဆေးပြင်းလိပ်တလိပ်ကို မီးညှိပြီးလျှင် ဦးလေးစံအား စူးစိုက်ကြည့်ပြီး ဆက်၍ပြောသည်။

'အဲဒီနေ့ အင်းလေလံဆွဲကြတော့ သေဆုံးသူ ဦးလှအေးရယ်— ခင်မျာရယ် အချင်းများကြတယ် မဟုတ်လား။ ခင်မျာက လှအေးလာဘ်ပေးလို့ လေလံချပေးလိုက်တယ်လို့ ပြောတယ်။ အမှန်မှာ လှအေးက ငွေအများဆုံး တင်ပြီး လေလံဆွဲနိုင်လို့ ရသွားတာပဲ၊ လာဘ်ငွေပေးတယ်ထင်ပြီး မကျေနပ်တာရယ်၊အယင်အပတ် အင်း လေ လံ တုန်း က အောက်ထုံးအင်းကို လှအေးပဲ ရပြီး ဒီတပတ် ဘားမနီအင်းကိုလည်း လှအေးပဲရလို့ မကျေနပ်ချက်တွေဖြစ်ပြီး အဲဒီညနေဘက်

ဆက်ရန် (၁၉) သို့

### အမြင့်ချင်း မတူသည့် ဥပ[illegible]

တရားခံတဦး အပြစ်ရှိ[illegible]ဟု လူအများစုက ယုံကြည်[illegible]လည်း တရားရုံးက အပြစ်မရှိဟု [illegible]က်ယူ၍ လွှတ်လိုက်သည့် အမှုမျိုး အများအပြား ရှိတတ်ပါသည်။ [illegible]ရားခံတဦး အပြစ်မရှိဟု လူအများ[illegible] ယုံကြည်သော်လည်း တရားဥပ[illegible]က အပြစ် ရှိသည်ဟူ၍ အပြစ်[illegible]ည့် အမှုမျိုးလည်း အများအပြ[illegible]တတ်ပါသည်။ ကမ္ဘာ့ဟမှ ပေါ်[illegible]ရသည့် အကြောင်း အရင်းကို [illegible]စစ်ကြည့်သည့်အခါ ဥပဒေအမြင်[illegible] သာမန်လူများစု " အမြင်မတူညီ၍ ဖြစ်ပါသည်။ ထို ကွာဟမှုကို ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်း စေရန် ရည်ရွယ်၍ ဤ ဆောင်းပါးဝတ္ထုများကို ရေးသားရခြင်း ဖြစ်ပါသည်။






ဦးဝင်းမြင့်
[ကျောက်စည်]

# ချစ်မေတ္တာလိမ်လည်မှု

ဖြစ်ရပ်မှန်

နေရာက ပုလဲရွာထိပ် ညောင်ပင်ကြီးအောက်။
အချိန်က နေဝင်ဖြိုးဖျ ညီအစ်ကို မသိတသိ။
'အကိုမောင် သင်းကို တကယ်ချစ်တာ ဟုတ်ရဲ့လား'
'အင်း'
'အင်းကလဲ အင်းလေးကြီး-ယုံပေါင်'
'နှစ်ကျွပ်ခွဲ'
'အို-နောက်မနေနဲ့၊ ယုံကို့ယုံဖူး၊ ကျိန်ပြော'
'စကိုင်းလက် အာကာသယာဉ်ကြီး ဘယ်တိုင်းပြည် ပေါ်မှ
ကျေပဲ အကိုမောင့်ခေါင်းပေါ် တည့်တည့်ကျရစေရဲ့'
'အို-'
'ဟား-ဟား-ဟား-ကဲ'
'အို-အိုကွယ်-'
'ဝုတ်-ဝုတ်-ဝုတ်-'
ဟောင်လှချည့်လား၊ ဒီအချိန်ကြီး။

ရှာဦးကျောင်းက အရုဏ်တက်အထိမ်းအမှတ်တုံးခေါက်သံပင် ထွက်ပေါ်ခဲ့ပြီးဖြစ်သည်။ မကြာမီ နံနက်မိုးသောက် အလင်းရောက်တော့မည်။

'ဝုတ်-ဝုတ်-ဝုတ်-'

ထပ်ဟောင်ပြန်ပြီ၊ မသက်ာတော့၊ သင်းနွဲ့၏ဘကြီး ဦးတိုးထိုက်မသက်ာတော့။

သုံးခဲ့ထိုး လက်နှိပ်ဓာတ်မီးကို အိမ်ပတ်ဝန်းကျင် ဝင့်ကြည့်လိုက်သည်။

မီးရောင် ကောက်ရိုးပုံဘေးအရောက်။

လူနှစ်ယောက် သုတ်သီးသုတ်ပြာ ထရပ်သည်။

တယောက်က သင်းနွဲ့

တယောက်က လူမောင်

လူမောင်က ပုဆိုးကိုပြင်ဝတ်လျက်၊ သင်းနွဲ့က အပေါ်အင်္ကျီကြယ်သီးများကို ပြန်တပ်လျက်၊ ဆံမြိတ်ပြေလျက်၊ ပန်းကြွေလျက်။

o o o

သင်းနွဲ့တယောက် လူမောင်နဲ့ကိုယ်ဝန်ရှိလို့တဲ့၊

လူမောင်က သင်းနွဲ့ကိုမယူနိုင်ဘူးလို့ ငြင်းသတဲ့၊

လူမောင်မိဘတွေက သဘောမတူဘူးတဲ့၊

ဘယ်လောက်ချော်ရ ချော်ရ ချော်မယ်တဲ့။

အိမ်ခြေလေး ဆယ်ပင် မပြည့်ဘဘ်သည့် ဤရွာကလေးတွင် သင်းနွဲ့နဲ့ လူမောင်သတင်းကို လူကြီးများ မဆိုထားဘိ၊ ပုဆိုးကွင်းသိုင်း နပ်ချေးတွဲလောင်း ကလေးများကအစ ဘုစုခရုမကျန် သိကြသည်။

ကျူးလွန်ပြီး အတည်မယူသည့်အတွက် လူမောင်အား သင်းနွဲ့က မြို့နယ်တရားရုံးတွင် ပြစ်မှုကြောင်းဖြင့် တရားစွဲသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၁၇။



ကျူးလလွယ် ဆယ်လဖွားပြီးသည့်နောက်၊ သင်းနွဲ့က လူမောင့်အပေါ် ကလေးစရိတ် ထပ်လျှောက်ထားပြန်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ-၄၈၈(၁)။

မြို့နယ်တရားရုံးက ပုဒ်မ-၄၁၇ ဖြင့် တရားစွဲဆိုမှုဖြင့်ပတ်သက်၍ လူမောင့်မှာ အပြစ်မရှိသဖြင့် တရားသေလွှတ်ခဲ့သည်။ သို့သော် ကလေးစရိတ်မှုအတွက် ကလေးစရိတ် (၃၅ ကျပ်) ပေးရန် အမိန့်ချမှတ်ခဲ့သည်။

ဘယ်လိုလဲ။

စကိုင်းလက်ကြီး စည့်တည့်ကျရပါစေဟု ကျိန်သည်ကိုကြား ရသည့် ဒေါ်ဘုမက တရားခွင်တွင် ထိုသို့ အမှန်အတိုင်း သက်သေခံခဲ့သည်။

ကောက်ရိုးပုံဘေးမှ ပုံပျက်ပန်းပျက်ထွက်လာသည့် အကြောင်းကိုလည်း ဦးတိုးထိုက်က အမှန်အတိုင်း သက်သေခံခဲ့သည်။

ဘာလိုသေးလို့လဲ။

သူတို့နှစ်ဦး သည်လိုသည်လိုမှ လွဲ၍ ဘယ်ဖြစ်နိုင်သေးလို့လဲ။

ဒီလောက်သေချာနေပါလျက် တရားရုံးက ဘာကြောင့် လွှတ်လိုက်ရသလဲ။

ဒီအမှုကျလွှတ်ပြီး ကလေးစရိတ်ကျ ဘာလို့ပေးခိုင်းသလဲ။

ကလေးစရိတ်ပေးခိုင်းတာ သူ့ကလေးသေချာလို့ပေါ့၊ သူ့ကလေးသေချာယင် သူတို့ ဟိုလိုဟိုလိုသေချာလို့ပေါ့၊ ဟိုလိုဟိုလိုဖြစ်တာ သေချာရက်သားနဲ့များ ဘာလို့အဲဒီအမှု ကျလွှတ် ရသလဲ။

'လဲ' ဖေါင်းရာထောင်။

ပိုဆိုးစေသည်က၊ သင်းနွဲ့မျိုး မြို့ပေါ်က မခင်ဝင်းတို့အမှုကျတော့ ကိုယ်ဝန်မရှိပါဝဲလျက် တရားခံအပြစ်ရသွားခြင်းဖြစ်သည်။

## ဖြစ်မှုဖြင့် အရေးယူနိုင်ခြင်း ရှိမရှိပြဿနာ

ကာမစပ်ယှက်ပြီးနောက်၊ လက်ထပ်ပေါင်းသင်းခြင်း မပြုသည့် အမှုမျိုးကို တရားစွဲ၍ရသည်ဟု ယေဘုယျ သိကြသဖြင့် ယခုအခါ တရားရုံးများသည် ထိုအမှုမျိုး တော်တော်များများကို လက်ခံ စစ် ဆေးရလျက်ရှိပါသည်။

ယခင်ကဖြားယောင်း၍ ကာမရယူမှုအတွက်ပြစ်မှုကြောင်းအရ အရေးယူနိုင်ခြင်းမရှိဘဲ၊တရားမကြောင်းအရသာ လျော်ကြေးတောင်း နိုင်ခဲ့သည်။ ၁၉၆၇ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး၊ ရုံးချုပ်စာ -၄၆ ပြည်ထောင်စုမြန်မာနိုင်ငံ ကိုကျင်ဝှက်အမှု၌ ချစ်ကြိုက်၍ အတည်တကျ ပေါင်းသင်းပါမည်ဟုဆိုပြီး ကာမရယူပြီးနောက် လက်ထပ်ရန်ငြင်း မှုသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ-၄၁၅ လိမ်လည်မှု အဓိပ္ပာယ်၏ ပုဒ်မ ဒုတိယပိုင်းနှင့် အကျုံးဝင် ပြစ်မှုမြောက်နိုင်ကြောင်း ယ သည်။ သို့သော် မောင်ဝင်းကြည်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံအမှု (၁၉၇၀ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်-၃၃/ခ)၌၊ ထိုသို့ငြင်း ဆိုခြင်းသည် ပြစ်မှုမမြောက်၊ တရားမကြောင်းဖြင့်သာ အရေးယူခွင့် သည်ဟု ဆုံးဖြတ်ခဲ့သည်။ ထိုသို့ ဝါဒကွဲနေမှုကို မောင်သန်းထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု (၁၉၇၂၊ မြန်မာနိုင်ငံ စီရင်ထုံး ရုံးချုပ်စာ-၂၄)တွင်၊ ပြစ်မှုကြောင်းအရ အရေးယူနိုင်ကြောင်း စုံညီ ခုံရုံးဖြင့် အဆုံးအဖြတ်ပေးခဲ့ပါသည်။

သို့ဖြစ်၍ လက်ထပ်မည်ဟု ဖြားယောင်း၍ ကာမရယူပြီး လက် ထပ်ရန်ငြင်းဆန်ပါက၊ ယခုအခါ ပြစ်မှုကြောင်းဖြင့် တရားစွဲဆိုနိုင်ခွင့် ရှိပါသည်။





ပြစ်မှုကြောင်းဖြင့် တရားစွဲဆို၍ရသဖြင့်၊ တရား စွဲဆိုကြရာ၌ ဥပဒေသဘော နားမလည်သည့်အခါ တရားခံနှင့် မိမိကာမ စပ်ယှက် ခဲ့ကြောင်း ထင်ရှားစေရန် သက်သေပြသည်ကိုသာ အများအပြား တွေ့ရပါသည်။ ကာမ စပ်ယှက်ခဲ့ကြောင်း ထင်ရှား ရုံမျှဖြင့် ရုံးက တရားခံအား အပြစ်ပေးနိုင်မည် မဟုတ်ပါ။

လက်ထပ်မည်ဟု ဖြားယောင်း၍ ကာမရယူပြီး လက်ထပ်ရန် ငြင်းဆန်ခြင်းကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ တရားစွဲကြရ ပါသည်။ ပုဒ်မ-၄၁၇ သည် လိမ်လည်မှုအတွက် ပြစ်ဒဏ်သတ်မှတ် သော ပုဒ်မ ဖြစ်ပါသည်။ မည်သူမဆို လိမ်လည်မှု ကျူးလွန်လျှင် ထိုသူကို တနှစ်ထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ လိမ်လည် မှု၏ အဓိပ္ပါယ်ကို ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ-၄၁၅ ၌ အောက်ပါ အတိုင်း ပြဋ္ဌာန်းထားပါသည်။

**လိမ်လည်မှု။** ပုဒ်မ ၄၁၅။ မည်သူမဆို တဦးတယောက်သောသူ အား လှည့်ဖြားခြင်းဖြင့် ထိုသို့လှည့်ဖြားခြင်းခံရသောသူက သူတပါး အား ပစ္စည်းတခုခုကို ပေးအပ်စေရန်ဖြစ်စေ၊ သူတပါးထံတွင် ပစ္စည်းတခုခုကို ဆက်လက်ထားရှိသည်ကို သဘောတူစေရန်ဖြစ်စေ ထိုသို့လှည့်ဖြားခြင်း ခံရသောသူအား လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်သော်လည်းကောင်း၊ မရိုးမဖြောင့်သော သဘောဖြင့် သော်လည်းကောင်း သွေးဆောင်လျှင်--

သို့တည်းမဟုတ် တဦးတယောက်သောသူအား လှည့်ဖြားခြင်း ဖြင့် ထိုသို့လှည့်ဖြားခြင်း ခံရသောသူက အကယ်၍ လှည့်ဖြားခြင်းမခံခဲ့ သော် မိမိပြုမည်မဟုတ်သော၊ သို့တည်းမဟုတ် မိမိပျက်ကွက်မည် မဟုတ်သော အရာကို ပြုစေရန်သော်လည်းကောင်း၊ မပြုပဲပျက်ကွက် စေရန်သော်လည်းကောင်း ထိုသို့ လှည့်ဖြားခြင်း ခံရသော သူအား

တမင်သွေးဆောင်လျှင်၊ ထို့ပြင် ထိုပြုလုပ်မှုက သို့တည်းမဟုတ် ထိုပျက်ကွက်မှုက ထိုသူ၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကို ဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ပျက်စီးနစ်နာစေခြင်းသော်သည်းကောင်း အန္တရာယ်သော်လည်းကောင်း ဖြစ်စေလျှင်၊ သို့တည်းမဟုတ် ထိုသို့ ဖြစ်စေတန်ရာလျှင် ထိုသူသည် လိမ်လည်သည်မည်၏။

ရှင်းလင်းချက်။ ။မရိုးမဖြောင့်သော သဘောနှင့် ကြောင်းချင်းရာများကို ထိမ်ချန်ခြင်းသည် ဤပုဒ်မ၏ အဓိပ္ပါယ်အရ လှည့်ဖြားခြင်း မည်၏။

လက်ထပ်မည်ဟုဖြားယောင်း၍ ကာမရယူပြီး၊ လက်ထပ်ရန် ငြင်းသည့်အမှုသည် အထက်ပါလိမ်လည်မှု၏ ဒုတိယပိုင်းဖြင့် အကျုံးဝင်သဖြင့်၊ ထိုအမှုမျိုးကို ပြစ်မှုကြောင်းဖြင့် အရေးယူခြင်း ဖြစ်ပါသည်။ တရားခံသည် စွဲဆိုခံရသည့်ပြစ်မှုဖြင့် အပြစ်အရှိန်အတွက် တရားလိုဘက်မှ အောက်ပါအချက်များကို ထင်ရှားအောင် သက်သေပြနိုင်ရမည် ဖြစ်ပါသည်--

(က) တရားခံက တဦးတယောက်အား လှည့်ဖြားခြင်း။

(ခ) လှည့်ဖြားခြင်းခံရသူက အရာဘခုကိုပြုခြင်း၊ သို့မဟုတ် ပြုရန် ပျက်ကွက်ခြင်း။

(ဂ) လှည့်ဖြားခြင်း မခံခဲ့ရသော်၊ ထိုသူသည် ထိုအရာကို ပြုမည်မဟုတ်ခြင်း၊ သို့မဟုတ် ပြုရန်ပျက်ကွက်မည် မဟုတ်ခြင်း။

(ဃ) တရားခံက ထိုသူအား တမင်သွေးဆောင်ခြင်းနှင့်



(င) ထိုသူ၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်၎င်း၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ ပျက်စီးနစ်နာစေခြင်း၊ အန္တရာယ် ဖြစ်စေခြင်း။

လက်ထပ်မည်ဟုလှည့်ဖြားသဖြင့် ယုံကြည်ပြီး ကာမပေးအပ်ခဲ့သည့် အမျိုးသမီးသည် ကိုယ်ဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ၊ ဂုဏ်သရေ၌ဖြစ်စေ နစ်နာခြင်းခံပြီး ဖြစ်သည်ဟု ဥပဒေအရကောက်ယူပါသည်။ သို့သော် တရားခံအဖြစ် ရှိနိုင်ရန်အတွက် ကာမပေးခဲ့ရကြောင်း ထင်ရှားရုံနှင့်မလုံလောက်ပါ။ တရားခံကထိုသို့ ကာမပေးစေရန်အတွက် လက်ထပ်မည်ဟုကတိပေး လှည့်ဖြားခဲ့သည့်အချက်ကိုလည်း ထင်ရှားအောင်သက်သေပြနိုင်ရမည်ဖြစ်ပါသည်။ တရားခံကလှည့်ဖြား၍ တမင်သွေးဆောင်သည်ကို မိမိကယုံကြည်၍ ကာမပေးခဲ့ကြောင်း ထင်ရှားအောင် သက်သေပြနိုင်ရပါမည်။ ကိုယ်ဝန်ရှိခြင်းမရှိခြင်းသည် အမှုအင်္ဂါရပ်အတွက် အရေးပါသောအချက်မဟုတ်ပါ၊ ကိုယ်ဝန်မရှိသော်လည်း ကာမပေးခဲ့ရကြောင်း ထင်ရှားလျှင်လုံလောက်ပါသည်။

အထက်တွင်တင်ပြခဲ့သော ဖြစ်ရပ်မှန်မှုခင်း၌ ကာမစပ်ယှက်ခြင်းကို ထင်ရှားအောင် သက်သေပြနိုင်သော်လည်း၊ တရားခံကလှည့်ဖြားခြင်း၊ တမင်သွေးဆောင်ခြင်းတို့ကိုတရားလိုဘက်ကထင်ရှားအောင် သက်သေမပြနိုင်သည့်အတွက် တရားခံအပြစ်မှလွတ်ခြင်းဖြစ်ပါသည်။

**ကလေးစရိတ်ပြဿနာ**

ပုဒ်မ— ၄၁၇ အရ အပြစ်ပေးမခံရသော်လည်း၊ ကလေးစရိတ် ပေးသင့်မပေးသင့်အမှုကိုသီးခြား စဉ်းစားရပါသည်။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ— ၄၈၈(၁)တွင်—

'လုံလောက်သည့် ဥစ္စာအင်အားရှိသော မည်သည့်ယောက်ျားမဆို၊ မိမိ၏မယားကိုဖြစ်စေ၊ မိမိဝမ်း မိမိမကြောင်းနိုင်သေးသည့် (က) တရားဝင်မယားမှမွေးသော မိမိ၏သားသမီး (ခ)တရားမဝင်

မယားမှမွေးသောမိမိ၏ သားသမီးတို့ကိုဖြစ်စေ ထောက်ပံ့ရန်ငြင်းဆန်လျှင် သို့မဟုတ် ထောက်ပံ့ရန်ပေါ့လျော့ ပျက်ကွက်လျှင် ထိုသို့ပေါ့လျော့ပျက်ကွက် ငြင်းဆန်ကြောင်းထင်ရှားပါက၊ တရားစီရင်ရေးအဖွဲ့သည်တလလျှင် စုစုပေါင်းငွေ (၁၀၀/–) ထက်မပိုသည့်စရိတ်ငွေကို ၎င်း၏မယားသို့ဖြစ်စေ၊ ၎င်း၏သားသမီးများသို့ဖြစ်စေပေးစေရန်အမိန့်ချနိုင်သည်' ဟုပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်၍ ကလေးသည် တရားခံနှင့်ရထားသော ကလေးဖြစ်ကြောင်းထင်ရှားပါက ကလေးစရိတ်ပေးရမည့်သာဖြစ်ပါသည်၊ ရုဟန်း တော်များပင်လျှင် ကလေးစရိတ်ပေးရခြင်းမှ ကင်းလွတ်ခွင့်မရှိနိုင်ပါ။

မတင်အိနှင့် ဦးဝိမလအမှု (၁၉၇၅၊ မဘစ၊ စာ -၄၄) ၌ မတင်အိက ဦးဝိမလအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ – ၄၁၇ အရ တရားစွဲရာ ပြစ်မှုမမြောက်ဟုသပ်ခြင်းခံရသည်။ မတင်အိက ကလေးစရိတ်ရလိုကြောင်း စွဲခဲ့ရာတွင်မူ ဦးဝိမလ၏ ကလေးဖြစ်ကြောင်းထင်ရှားသဖြင့် ဘုန်းတော်ကြီးဦးဝိမလက မတင်အိအား လစဉ်ကလေးစရိတ် ၅၀/–ပေးစေရန်အမိန့်ချခဲ့ကြောင်းတွေ့ရပါသည်။

သို့ဖြစ်၍ အထက်ပါဖြစ်ရပ်မှန်မှုခင်းတွင် လူမောင်မှာ ဖြားယောင်းကာမရယူကြောင်း မပေါ်လွင်၍ ပုဒ်မ – ၄၁၇ အရ အပြစ်ပေးမခံခဲ့ရသော်လည်း ကလေးမှာမူ ၎င်း၏ကလေးဖြစ်ကြောင်းထင်ရှား၍ ကလေးစရိတ်ပေးစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ ပုဒ်မ –၄၁၇ အရပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်ဘိုင် ကလေးမှာ အခြားသူဖြင့်ရသော ကလေးဖြစ်ကြောင်း ပေါ်လွင်ပါက တရားခံမှာ ကလေးစရိတ်ပေးရခြင်းမှကင်းလွတ်ခွင့်ရနိုင်ပါသည်။

ဦးဝင်းမြင့်(ကျောက်ဆည်)






တနေ့လျှင် လူပျောက်မှု ၂၅ မှုခန့်
ဖြစ်နေသော ဗြိတိန်နိုင်ငံ

## တနှစ်လျှင် လူပျောက်မှု ၁၂၀၀ ခန့်
## ကိုင်တွယ်ရသော မက်ထရိုပိုလီတန်ရဲ

လူပျောက်မှုမှ စိတ်ဝင်စားစရာ
လျှို့ဝှက်ဇာတ်လမ်းများ

PEOPLE WHO VANISH
BY DUDLEY BARKER





ဆန်းတော့လည်း ဆန်းသည့် အသက်(၄၀)အရွယ် အိမ်ထောင်ရှင်အမျိုးသားတဦး မန်ချက်စတာမြို့ရှိ ၎င်း၏နေအိမ်မှ လမ်းလျှောက် ထွက်သွားသည်။ လုံးဝပြန်မလာတော့၊ သူ့ဇနီးသည်မှ ခွဲခွာသည့် နောက်ဆုံးအချိန်ထိ ပျော်ပျော်ရွှင်ရွှင်နေခဲ့သည်။ မည်သည့်ပြဿနာမှ မရှိ ဘယ်ရောက်သွားသနည်း။

ဝက်စ်ကန်ထရီမြို့မှအမျိုးသမီးတဦး စနေနေ့မနက်တွင် ဈေးဝယ်ထွက်သွားသည်။ သူမ၏ကလေးငယ်သုံးဦး ပန်းခြံထဲတွင် ပျော်ရွှင်စွာ ကစားနေသည်။ ဈေးမသွားမီ ကလေးငယ်များအား 'ကောင်းမွန်စွာ ကစားနေကြရန်နှင့် ဈေးမှအပြန် မုန့်ဝယ်လာမည်' ဟု မှာကြားခဲ့သည်။ ဒါသည်ပင်လျှင် ကလေးငယ်သုံးဦးအဖို့ သူတို့၏မိခင်ကို နောက်ဆုံးတွေ့ရခြင်း ဖြစ်သည်။ လုံးဝ အစရှာမရပဲ ပျောက်ဆုံးသွားသည်။

ကင့်မြို့မှ (၁၅) နှစ်အရွယ် ကျောင်းသားတဦး မနက် (၈) နာရီခွဲတွင် ကျောင်းသို့ သွား[illegible]

သွားစဉ် သွားခဲ့သည်။ ကျောင်း သို့လည်း မရောက် လုံးဝစုပ်စ မြုပ်စပျောက်သွားသည်။

ဗြိတိန်တွင်နေ့စဉ် အမျိုးသား အမျိုးသမီးနှင့် ကလေးသူငယ် (၂၅) ယောက်ခန့် ပျောက်ဆုံး နေကြသည်။ တချို့က ယာယီ ပျောက်သည်။ မတော်တဆထိ ခိုက်ဒဏ်ရာ ရမှုကြောင့် ဖြစ်စေ၊ ရုတ်တရက် ဝေဒနာခံစားရသော ကြောင့် ဖြစ်စေ၊ မည်သူမျှ အ ကြောင်းမကြား နိုင် ပဲ ဆေး ရုံ ရောက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

'အများအားဖြင့် ပြဿနာ တခုခုကို ရှောင်ဖို့ တိမ်းဖို့ဘမင် ခြေရာဖျောက်ကြတာမျိုးလဲ ရှိပါ တယ်'

ကယ်တင်ခြင်းတပ်၏ အမျိုး သား ထောက်လှမ်းရေး ဌာနချုပ် (လန်ဒန်)မှ ဒုဗိုလ်မှူးကြီးအယ်လ် ကလေးဆင်သောမတ် (စ်) က ကောက်ချက်ချသည်။

ခြေဖဝါး မွေ့ပါသော အိမ် ထောင်ရှင် အမျိုးသားများနှင့် အမျိုးသမီးများဆိုလျှင် အချစ်ရေး ကိစ္စရှုပ်ထွေးမှု သို့မဟုတ် လက်ရှိ အိမ်ထောင်ကို ငြီးငွေ့၍ လမ်း သစ်ရှာ ထွက်ကြခြင်း ဖြစ်သည်။

ထိုကဲ့သို့ မဒပြောမဆိုပဲ ရုတ်တ ရက် ရှောင်တခင်ထွက်သွားမှုနှုန်း မှာ နွေဦးပေါက်ရာသီတွင် အမြင့် ဆုံး ဖြစ်သည်။ ချစ်မှုရေးရာနှင့် ပတ်သက်သော စိတ်များဖူးပွင့် ဝေဆာလာသော နွေရာသီ အား လပ်ရက်များကြောင့် ဖြစ်ပေလိမ့် မည်။ အိမ်သူ အိမ် သား များ ပျောက်ဆုံးမှုကို စုံစမ်းကြသော အချိန်မှာ နာတာလူးပွဲတော်အပြီး ဇန်နဝါရီလတွင် အများဆုံးဖြစ် သည်။ အဘယ်ကြောင့်ဆိုသော် ခွင့်လွှတ်ခြင်းနှင့် မေတ္တာတရား ပွားများကြသော သမယ ဖြစ် သောကြောင့်ပါတည်း။ 'သူတို့ ဘယ်များ ထွက်သွားကြပါလိမ့်' ဟူသော သမုဒယကွန်ယက် ဖြန့် ကျက်ချိန်တွင် စုံစမ်းရေးဌာနသို့ ခြေရာခြင်းထပ်ပါလေတော့သည်၊

အထူးသဖြင့် လန်ဒန်ကဲ့သို့ သော မြို့ကြီးများသို့ခြေရာဖျောက် လစ်ထွက်ကြသူဘို့ယည် အများ အားဖြင့် ရရာအလုပ်ကို ကြုံသလို လုပ်ကိုင်၍ နာမည်ဝှက်ဖြင့် ဇာတ် မြုပ်နေလေ့ရှိသည်။

သာမန်မဟုတ်သော ပျောက် ဆုံးမှုများမှာ အမ်မနေဗီးယား (ခေါ်) အတိဟ်ခမ္မ ရောဂါ ကြောင့် အစပျောက်သွားခြင်းမျိုး ဖြစ်သည်။ ဒါကလည်း ပျောက် ဆုံးမှု အရေအတွက်တွင် များ ပြား လှသည်တော့ မှုဟုတ်ပါ လေ။

မက်ထရို ပိုလီတန်ဒေသ ရဲ များသည် တနှစ်တနှစ်လျှင် လူ ပျောက်မှု (၁၂၀၀)မျှ ကိုင်တွယ် ရလေ့ရှိသည်။ သေဆုံးသူ (၄၀) ရာခိုင်နှုန်းထက် မနည်းတွေ့ရှိရပြီး ၎င်းတို့မှာ မိမိကိုယ် မိမိ အဆုံး စီရင်ခြင်းနှင့် မတော်တဆထိခိုက် ဒဏ်ရာရ၍ ရုတ်တရက် သေဆုံး ခြင်းကြောင့် ဖြစ်သည်။ (၅၀) ရာခိုင်နှုန်းမှာ နှစ်ကုန်သည်အထိ ခြေရာခံ၍ မရသော အမှုများ ဖြစ်သည်၊ (၁၀) ရာခိုင်နှုန်းမှာ အလိုအလျောက် အိမ်ပြန်ရောက် လေ့ ရှိသည့်နည်းတူ အသတ်ခံ ရ၍လည်း အစဖော်၍ ရသည်။

နေ့တင်း တောင်ကုန်းတွင် ဖြစ်ပွားခဲ့သော လူသတ်မှုများ သည် လူပျောက်မှုမှ စတင်အခြေ ခံခဲ့သောလူသတ်မှုများ ဖြစ်သည်။ ထိုသို့သော အသတ်ခံ ရ သည့် အမှုထဲတွင် ကလေးသူငယ်သုံးဦး မျှ ပါတတ်သည်။

မစ္စတာဂျက် (က်) လပ် (ဖ်) တို့ ဇနီးမောင်နှံသည် ၁၉၅၆ ခု နှစ်တွင် ၎င်းတို့နေအိမ်ဖြစ်သော တော်တင်ဟာမ်မှ ကားဖြင့်အလည် အပတ် ထွက်သွားကြသည်။ ကား ရောလူပါ ပျောက်ဆုံးသွားသည်။ ဆွေမျိုးမိတ်သင်္ဂဟများက ရဲဌာန သို့ အကြောင်းကြားသည်။ ရဲက စုံစမ်းသည်၊ ၁၉၆၀ ပြည့်နှစ်ရောက်မှ လန်ဒန်မြို့ ဗစ်တိုးရီးယားဆိပ် ခံ အနီး၊ ရေထဲမှ ကားနှင့် အတူ ဇနီးမောင်နှံ' တို့၏ ရုပ်ကလာပ်ကို ဆယ်ယူရရှိသည်၊ လေးနှစ် လုံး လုံး ရေထဲတွင် နစ်မြုပ်နေခဲ့ခြင်း ပင်။

မျက်မှောက်ရာစုနှစ်တွင် ထိပ် တန်း အကျဆုံး လျှို့ဝှက်ဆန်း ကြယ်စွာ ပျောက်ဆုံးခဲ့သောအမှု တခုမှာ လေဘာပါလီမန်အမတ် ဗစ်တာဂရေဆန်ဖြစ်သည် ။သူ့ အား ဝန်ကြီးချုပ်အဖြစ် လျာထား ခဲ့ကြသည်၊သူသည် စကားပြော ကောင်းသူလည်း ဖြစ်သည်။ သူ့ မျက်နှာနှင့် အသံမှာ အများက မှတ်မိနေကြ ဖြစ်သည်။ ၁၉၂၀ ခု နှစ်တွင် လန်ဒန်မြို့နေအိမ်မှ နှစ်ဖာ လုံခန့် ဝေးသော စထရင်းအရပ် သို့ လမ်းလျှောက်ထွက်သွားပြီး




ပျောက်ဆုံးသွားလေသည်၊ သူ အသတ်ခံရခြင်းလော၊ မည်သို့သော အကြောင်းကြောင့် လုံးဝ ...စ ရှာမရသနည်း။ သို့လော... သို့လော... သံသရာတွင် နစ်မြုပ် ...ကြရသည်။ ယခု ထက်တိုင် အဖြေမပေါ်ကြသေး။

အိမ်ထောင်ရှင် အမျိုးသား ...များ ပျောက်ဆုံးမှုမှာ ကြေးငွေ ...ပြဿနာသည် ဒုတိယ ဖြစ်ပြီး ...ထမပြဿနာမှာ အခြားမိန်းမ ...တယောက်ကို ထပ်မံပေါင်းသင်း ...ရန်အတွက် ဖြစ်သည်။ သူတို့၏ ...နီးဟောင်းများက ကွာရှင်း ...မပေးကြသဖြင့် ခြေရာပျောက်သစ် ...ထွက် သွားကြ ခြင်း ဖြစ်သည်။ ...ပြဿနာဖွယ်ကောင်းသည့် အချက် ...မှာ ထိုကဲ့သို့သော အမျိုးသား ...များထဲတွင် အိမ် ထောင် သက် (၄၀) နှစ်ပြည့်ပြီးသူများပင် ပါ ...င်လေသည်။

အိမ်ထောင်ရှင် အမျိုးသမီး ...များပျောက်ဆုံးမှုတွင် (၅၀) ...ရာခိုင်နှုန်းသည် လအနည်းငယ် ...ကြာသောအခါ ခင်ပွန်းဟောင်း ...ထံသို့ပြန်လည်ခြေဦး လှည့်လာ ...ကြပြီး ကျန်(၅၀)ရာခိုင်နှုန်း ...မှာတနေရာမှ လှမ်း၍ ကွာရှင်း ပြတ်စဲစာတောင်းလေ့ရှိသည်။

လန်ဒန်ရဲယာတခုတည်းတွင် မနှစ်က အသက် (၁၇) နှစ်အောက် ယောကျ်ားကလေး (၂၀၀) ကျော်နှင့် မိန်းကလေး (၃၅၀) တို့ပျောက်ဆုံးမှုများကို စကော့တလန် ယဒ်စုံထောက်ဌာနတွင် တိုင်ချက်ဖွင့်ထားသည်။

သို့ရာတွင် အရွယ်မရောက်သေးသောသူတို့သည် စွန့်စားသွားလာခြင်းကို စိတ်ကူးယဉ်၍ အိမ်မှ ထွက်ခဲ့ကြသော်လည်း မိဘထံမှ ခိုးယူခဲ့သောငွေနှင့် လက်ငတ်လက်စားများ ကုန်ပြီးရက်သတ္တပတ် အနည်းငယ်မျှသောကာလအတွင်း အိမ်ကိုလွမ်းဆွတ်တသ၍ ပြန်လည်ခြေဦးလှည့်လေ့ရှိသည်။

စထရက်ဟမ်မြို့မှ (၁၅) နှစ်အရွယ်ရှိ ဝေလီဆိုသောချာတိတ်သည် သူ့ဖခင်၏ စည်းမျဉ်းကို မလိုက်နာလို၍ အိမ်ပြေးလုပ်ခဲ့သည်။ မိခင်၏ ပိုက်ဆံအိတ်ကို ခိုးယူခဲ့ပြီး ဘရိုက်ဟန်သို့ရထားဖြင့်ရောက်ရှိခဲ့သည်။ အပေါ်စားဘော်ဒါဆောင်တွင် ငှားရမ်းနေထိုင်ပြီးအလုပ်ရှာသည်၊ အိမ်မှ ထွက်ခဲ့သောနေ့မှ စဘင်ရေဘွက်

လျှင် (၁၅) ရက် ပြည့်သောညဉ့် သူ၏ အိမ်နောက်ဖေး တံခါးကို အသာအယာခေါက်သည်။ မိခင်နှင့် ဖခင်တို့ကို ဝန်ချတောင်းပန်သည်။ ဝမ်းနည်းပမ်းနည်း ရှိုက်ကြီး တငင်ငိုကြွေးသည်။

'အိမ်မှာ နေရတာထက် ပျော်စရာ ကောင်းတာတခြား ဘယ်မှာမှ မရှိဘူးဆိုတာ အစက ကျွန်တော် မသိခဲ့ပါဘူးဗျာ' ဟု ရှိုက်သံနှော၍ ပြောဆိုခဲ့သေးသည်။

အချို့ လူ ပျောက် မှုများမှာ မော်တော်ကား ကုမ္ပဏီမှ ကြွေးစနစ်ဖြင့် ဝယ်ယူပြီး အရစ်ကျ သတ်မှတ်သည့်ကာလထိ ကြာမြင့်စွာ မပေး လို သော ကြောင့် ခြေရာဖျောက် ပြောင်းရွှေ့သွားခြင်းမျိုးလည်း ရှိသည်။ ရဲက... ထိုသို့သော အမှုမျိုးကို (၈၀) ရာခိုင်နှုန်း ဖော် ထုတ် နိုင် ခဲ့ ပြီး (၂၀) ရာခိုင်နှုန်းမှာ နှစ်ကုန်သည်အထိ ပျောက်ဆုံး နေဆဲဖြစ်သည်။

ကယ်တင်ခြင်းတပ်၏ စုံစမ်းထောက်လှမ်းရေးဌာန အနေဖြင့် ရှုပ်လျား ဝေးလံစွာ ရှာဖွေရသော လူပျောက်မှုတခု ဖြစ်ခဲ့ဖူးသည်။

စက်ရုံ အလုပ်သမတဦးသည် သူမ၏ အစ်ကိုတယောက် ရှန်း... သော အနှစ်နှစ်ဆယ်ကျော် ကာလက စက်ာပူသို့ ထွက်သွားပြီး... လုံးဝ အဆက်အသွယ် မရှိ... ရှာဖွေပေးရန် တိုင်ကြားခဲ့ လေ... သည်။

လန်ဒန်မြို့ ကယ်တင်ခြင်းတပ်... မှ တာဝန်ရှိ ပုဂ္ဂိုလ် များ သည် စက်ာပူသို့ စတင်ခြေရာခံခဲ့သည်။ ထိုသူသည် စက်ာပူမှ ဩစတေး... လျနိုင်ငံသို့ ပြောင်း ရွှေ့ သွား... ကြောင်းသတင်းအစအနရသည်။ ဩစတေးလျနိုင်ငံသို့ ဆက်လက်... စုံစမ်းသောအခါ နယူးဇီလန်သို့... ထွက်ခွာသွားပြီဖြစ်ကြောင်း သိ... သည်။

နယူးဇီလန်သို့ ဆက် သွယ်... သောအခါတွင် နယူးဇီလန်မှ... ရဲအရာရှိတို့က ထိုသူသည် အင်ဒို... နီးရှားသို့ ရောက်ရှိသွားကြောင်း... သတင်းပေးသည်။

နောက်ဆုံး၌ အင် ဒို နီး ရှား... ဟွင်လည်း ထိုသူမရှိတော့ပဲ လန်... ဒန်တောင်ပိုင်းသို့ လိပ်စာပြောင်း... သွားသဖြင့် ကယ်တင်ခြင်းတပ်မှ... ပုဂ္ဂိုလ်များသည် လိပ် စာ အရ... ဆက်လက်ရှာဖွေခဲ့ကြသည်။ လန်...



ဒန်မြို့ ကယ်တင်ခြင်းတပ်၏ အမျိုးသားထောက်လှမ်းရေး ဌာနချုပ်နှင့် (၁)မိုင်မျှသာဝေးသော ပက်တီကုတ်လမ်းကြားတွင် ထိုသူကို ဆိုက်ဆိုက် မြိုက်မြိုက် တွေ့ရလေတော့သည်။ နီးလျက်နှင့်ဝေးခဲ့ရသော ဖြစ်ရပ်တခုပင်။

တခါတရံတွင် ရှာဖွေ သူတို့ဘက်၌ ကံတရားက အသာပေးတတ်သေးသည်။

လူတယောက်သည်သူ၏ ဇနီးသည်နှင့်အတူ ဒုတိယကမ္ဘာစစ်အပြီးတွင် လန် ဒန် မှ ကနေဒါနိုင်ငံသို့ ပြောင်း ရွှေ့ နေထိုင် ခဲ့သည်။ ကနေဒါနိုင်ငံတွင် အနှစ် ၃၀ မျှ နေထိုင်ခဲ့ပြီး လန်ဒန်သို့ ပြန်လည်ရောက်ရှိလာသည်။ ထိုအခါ အနှစ် ၃၀ တိုင် အဆက်အသွယ်မရှိပဲခွဲခွာခဲ့ရသောသူ၏ ညီမနှစ်ဦးကိုရှာဖွေပေးရန် ကယ်တင်ခြင်းတပ်သို့ အ ကူ အ ညီ တောင်းလာသည်။

သူ့အနေနှင့် မှတ်မိနေသော ထူးခြားချက် တခုမှာ သူ၏ ညီမနှစ်ဦးသည် ညီအစ်ကိုနှစ်ယောက်နှင့်တနေ့တည်း တချိန်တည်းတွင် အတူတကွလက်ထပ်ပွဲနှစ်ခုတပြိုင်တည်းကျင်းပခဲ့ကြောင်းဖြစ်သည်။ ညီအစ်ကိုနှစ်ဦး၏အမည်မှာ ဝစ် (စ်)ဟုထင်ကြောင်းမရေမရာပြောသည်။ လက်ထပ်သည့် နေရာမှာ ဆမ်းမားဆက်ဟောက် (စ်) ဖြစ်ကြောင်းတိတိကျကျ ပြောသည်။

သို့ရာတွင် ဝစ် (စ်)ညီနောင် အ မည် နှင့် ဆမ်း မား ဆက်ဟောက်(စ်) တွင် လက်ထပ်ပွဲကျင်းပခဲ့ဖူးသော မှတ်တမ်းမတွေ့ရပါချေ။

မည်သို့ပင်ဖြစ်စေ ဝစ်(စ်) ညီနောင်နှင့် ကနေဒါပြန် ပုဂ္ဂိုလ်အားတွေ့ဆုံပေးလိုက်သောအခါတွင် ထိုပုဂ္ဂိုလ်သည် သူတွေ့လိုသော ညီမနှစ်ဦးကိုပါ ပြန်လည်ဆုံစည်းခဲ့လေတော့သည်။

တိုက်ဆိုင်မှုသည် တခါ တရံ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ကို ဖန်တီးလေ့ရှိသည်။

ထုတ်လုပ်ရေး စက် ရုံ တခုမှ သက်သာ ချောင်ချိရေး အရာရှိတဦးက သတင်းပို့သည်။ သူ၏ အုပ်ချုပ်မှု အောက်မှ ဆူဇန် ဆိုသောအမျိုးသမီးတဦးသည် သူမ၏ မိဘ မောင်ဖွားတို့နှင့်စိတ်ဆိုးပြီး အိမ်မှ တဦးတည်း ခြေရာပျောက်ဆင်းလာခဲ့သည်။ သူမ၏ မိဘထွင် သားသမီး ဦးရေ ၂၀

တိတိ ရှိသော အိမ်ထောင်စုကြီး တခုဖြစ်သည်။ ယခုအခါတွင် သူမနှင့် အဆက် အသွယ် လုံးဝမရှိပဲ တခြားတရပ်တရွာသို့ ပြောင်းရွှေ့သွားကြသည်။ မူလနေထိုင်ခဲ့ရာအိမ်ဝန်းကျင်တွင် သွားရောက်စုံစမ်းသော်လည်း ပြောင်း ရွှေ့သွားသည့် လိပ်စာသစ်ကိုမည်သူမျှမသိကြဟုဆိုသည်။

ကယ်တင်ခြင်းတပ်မှ တာဝန်ရှိပုဂ္ဂိုလ်တို့က ထိုမျှကြီးမားသော အိမ်ထောင်စုကြီး တခုလုံး ရွှေ့ပြောင်းသွားခြင်းနှင့် ပတ်သက်၍ စုံစမ်းသည်။ ထိုအိမ်ထောင်စုမှ ဖခင် တ ဦး သာ ကွယ် လွန် ခဲ့ကြောင်းသိရသည်။ ကျန်မိသားစုအနက် သားနှစ်ဦးလည်း အိမ်မပြောင်း၊ မိတနှစ်ခန့်ကခွဲထွက်သွားကြောင်း သိရသည်။ ဆူဇန်ဆိုသော အမျိုးသမီး၏ ဆန္ဒကို ဖြည့်စွမ်းနိုင်ခဲ့ကြသည်။

လအနည်းငယ်မျှ ကြာသော အခါတွင် စုံစမ်း ထောက် လှမ်းရေးဌာနသို့လူနှစ်ဦး ရောက်ရှိလာသည်။ သူတို့သည် ဩစတေးလျမှ ပြန်လာခြင်းဖြစ်ပြီး သူတို့၏မိသားစုကိုရှာဖွေပေးရန် ပန်ကြား သည်၊

'ကျွန်တော်တို့ မိသားစု က အများကြီးဗျာ၊ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် အပြင် ညီနဲ့ ညီမတွေချည်း နောက်ထပ် ၁၀ ယောက်တိတိရှိသေးတယ်'

ကယ်တင်ခြင်းတပ်မှ စုံစမ်းစစ်ဆေးရေးအရာရှိကဆူဇန်၏ မှတ်တမ်းဖိုင်တွဲကို လှမ်းယူ၍ ဖွင့် ပြလိုက်သည်။

'မောင်ရင်တို့ ရှာနေတာ ဒီမိသားစုပဲထင်ပါရဲ့'

ဟုမေးလိုက်သောအခါ ထိုညီနောင်က ဝမ်းသာအားရခေါင်း ညိတ်ပြကြသည်။

ကယ်တင်ခြင်း တပ်သည် ရဲ၊ စုံထောက်တို့နှင့်ဆက်သွယ်၍ လူပျောက်ရှာပုံတော်ဖွင့်သော လုပ်ငန်းကို လုပ်ကိုင် လာခဲ့သည်မှာ ယခုဆိုလျှင်(၇၇)နှစ်တင်းတင်း ပြည့်ခဲ့သေပြီ။ အဖွဲ့ခွဲများအနေဖြင့် အလွတ်စုံထောက်အေဂျင်စီများ၊ ကမ္ဘာ့သတင်းပဒေသာ၏ ပျောက်ဆုံးသူရှာဖွေရေးဌာနခွဲများရှိသေးသည်။

သည်ကဲ့သို့သောရှာဖွေမှု လုပ်ငန်းများကို ၁၉၀၄ ခုနှစ်မှ စတင်ခဲ့သည်။ ဒေသဆိုင်ရာ ရဲဘပ်ဖွဲ့အနေဖြင့် တခါတရံပျောက်ဆုံးသူ၏ သဏ္ဌာန် ဖော်ပြချက်ကို 'ရဲဂေဇက်'တွင်ထည့်သွင်း၍တပြည်လုံးရှိစခန်းအသီးသီးရှိ'အတွင်းရေး' သတ်မှတ်ချက်ဖြင့် ဖြန့်ဝေလေ့ရှိသည်။

စင်စစ်အားဖြင့် ရဲတပ်ဖွဲ့သည် ရာဇဝတ်မှုနှင့် ဆက်စပ်သည်ဟု ထင်မြင်ယူဆယော လူပျောက်မှုတို့ကိုပထမတန်းစား သတ်မှတ်၍ စွမ်းစွမ်းတမန်လိုက်သည်။ ထိုသို့သော လူ ပျောက် မှု များ ကို (ယောကျ်ားလေး ဖြစ်လျှင် ၁၇ နှစ် အောက်နှင့် မိန်းကလေးဖြစ်လျှင် ၂၁ နှစ်ထိ) ခွဲခြား၍ စုံစမ်းအရေးယူသည်။ သာ မန် အိမ်ထောင်ရေး ပဋိပက္ခဖြင့် ဆက်စပ်သော လူပျောက်မှုမျိုးကို ဒုတိယတန်းစားအဖြစ်တာဝန်ယူ ဆောင်ရွက်သည်။

ဥပမာအားဖြင့် အိမ်ထောင်သည် အမျိုးသား ပျောက်ဆုံးမှုအတွက်ဇနီးသည်က တိုင်ကြားခဲ့သောအခါမျိုးတွင် အမှုဖွင့်လိုက်သည်။ သို့ရာတွင်အကယ်၍ ထိုအမျိုးသားသည် တခြား အမျိုးသမီးတဦးနှင့် နောက်အိမ်ထောင်ပြု၍ခြေရာပျောက်နေသည်ကိုတွေ့ရလျှင် အမှု ပြန်ပိတ် လိုက်သည်။ အမျိုးသား၏ လိပ်စာ သစ် ကို လည်း သူ၏ပထမ ဇနီးအား အကြောင်းကြားလေ့မရှိ။

နှစ်စဉ်နှစ်တိုင်း ပျောက် ဆုံးနေသူများသည် လည်း ကောင်း၊ ပိုင်ရှင်မဲ့ အလောင်းများ သည် လည်းကောင်း၊ လမ်းမ၊ဆေးရုံ၊ မြစ်တွင်းနှင့် ပင်လယ်ကမ်းခြေတို့တွင် ရာပေါင်း များစွာ တွေ့ရသည်။

၁၀၀ လျှင် ၁၂ ဦးသည် ပိုင်ရှင်မဲ့ အလောင်းအဖြစ်နှင့် ဆက်လက်ရှိနေသည်။ ၎င်းတို့မှာ နိုင်ငံခြားသင်္ဘောများမှ သင်္ဘောသားများ၊ သို့မဟုတ်နိုင်ငံရပ်ခြားဆိပ်ကမ်းများတွင် ရေနစ်၍ ရေလှိုင်းနှင့်အတူမြောပါလာခြင်းများ ဖြစ်သည်။ လာရောက်၍ အလောင်းရွေးမည့်သူလည်းမရှိ၊ အမည်နာမပင်မသိရ။

တခါတရံလူပျောက်မှုနှင့်ပတ်သက်ခြင်းရှိမရှိ ရှာဖွေခိုင်းသူများအားခေါ်၍ အ လောင်း ကို ပြရသည်သည်းရှိသည်။

မနှစ်ကဆိုလျှင် လူတယောက်သည်ကာမာသန်မြို့အနီး ရွယ်နယ်တခုတွင်သွေးအားနည်း၍ မူးမေ့လဲကျသေဆုံးသွားသည်။ သူ၏

အင်္ဂလိပ်အတွင်းမှ စာရွက်စာတမ်းများအရ သူ၏ အမည်မှာ 'နော်မန်သွန်တန်'ဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်တို့သည် ထိုကဲ့သို့သောအမည်မျိုးကိုဆမ်းမားဆက် နယ်မိုင်းဟက်မြို့၏ လမ်းတလမ်းတွင် ခြေရာခံရသည်။ နော်မန်၏ မိဘဆွေမျိုးများကသူသည်လွန်ခဲ့သော ၁၅ နှစ်ခန့်က အိမ်မှထွက်သွားခဲ့ကြောင်းနှင့် တရပ် တရွာတွင် လမ်းလျှောက်ဈေးသည် အဖြစ်နှင့်လည်းကောင်း။ ကပ်ကြေးသွေး သမား အ ဖြစ် နှင့် လည်းကောင်း၊ ကျဘမ်း လုပ်ကိုင် စားသောက်နေသည်ဟု သတင်း ရကြောင်း၊ လွန် ခဲ့ သော ၂ နှစ်ကတည်းက သူ့သတင်းအစအနပျောက်သွားကြောင်း ပြောပြကြသည်။

နော်မန်၏ အစ်မ ကျောင်းဆရာမနှင့် မိခင်ဖြစ်သူ တို့သည် အလောင်းကိုသွားရောက်ကြည့်ရှုခဲ့ကြပြီးအသုဘအစီအစဉ် ပြုလုပ်ရန်ပြန်လာခဲ့ကြသည်။

မိခင်နှင့် အစ်မတို့ အိမ် ပြန်ရောက်၍ ၄၈ နာရီမျှ အကြာတွင်နော်မန်သွန်ထံမှ ပေးပို့လိုက်သော ပို့စ်ကဒ်တခု ရောက်ရှိခဲ့သည်။ ထိုအခါ ရဲတပ်ဖွဲ့ဝင်တို့သည် ပို့စ်ကဒ်ပေးပို့ သောလိပ်စာအရနော်မန်သွန်တန်ကို သွားရောက်ခေါ်ဆောင်ပြီးမိဘဆွေမျိုးများလက်တွင်းသို့ပြန်လည် အပ်နှံခဲ့သည်။

ထိုအခါ နော်မန်သွန်တန်၏ မိခင်ကအသုဘစရိတ်အတွက် အသုံးပြုမည့် ပေါင် ၄၀ ကို သူ့သား နော်မန်သွန်တန်အား ပေးအပ်လိုက်သည်။ အမှန်အားဖြင့် နာမည်တူယုံမျှမက ရုပ်ရည်ချင်းဆင်တူသော အလောင်းကို သူ့သားဟု အထင်မှားခဲ့ခြင်း ဖြစ်လေသည်။

ကာမာသနီ ရဲတပ်ဖွဲ့ဝင်များလက်ဝယ်ရှိသောအလောင်းမှာမူ ယခု ထက်တိုင် ပိုင် ရှင် မဲ့ အလောင်းအဖြစ် ဆက်လက် ရှိနေသဲပင်။

နန္ဒာအေးဝင်း။

**People who Vanish**
**By Dudley Barker**
ကိုပြန်ဆိုပါသည်။





# မီးရှို့မှု
# နှင့်
# စုံစမ်းစစ်
# ဆေးခြင်း

သီရိပျံချီ ဦးလှဘော်
စုံထောက်
ကျောင်းအုပ်ကြီးဟောင်း

၁။ မီးရှို့မှုသည်အရေးကြီးသလောက် အမှုစစ်သူ ရင်ဆိုင်ရမည့်အခက်အခဲသည် ကြီးလေးသည်။ သူသည်အမှုမည်သို့ ဖြစ်သည်၊ မည်သည့်နေရာက စလောင်သည်ကိုရှာဖွေလိမ့်မည်။ များသောအားဖြင့် ဤကိစ္စသည်မလွယ်ကူချေ၊ အမှုစစ်သူသည် အကြောင်းကို ရှာသော်လည်း မတွေ့သည်ကများသည်၊ ထို့ကြောင့်သူသည် ပထမတွေ့မြင်သူများထံမှ ယုံကြည်ရသောသတင်းများကို ရယူရန်လိုပေသည်။

၂။ ဤအမှုမျိုးသည်တိုက်ရိုက်သဲလွန်စမကျန်ရစ်အောင်ကြံစည်ထားလေ့ရှိသောအမှုများဖြစ်သည်။ အချို့အမှုများတွင်မီးရှို့သောနေရာ၌ စုံစမ်းစစ်ဆေးသော် သက်သေခံအထောက်အထား မရရှိနိုင်။

၃။ အမှုအများအပြားတွင် (အမှုအားလုံးကို မဆိုလို) မီးကို စလောင်ရန် အချိန်ကြာနေ့မှလောင်သောနည်းများကို အသုံးပြုသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့်မီးရှို့သူသည် အခင်းဖြစ်ပွားသောနေရာမှ ခရီးအဝေးတွင်ရှိနေကြောင်း၊ မီးလောင်ခြင်းသည် သူ၏ပယောဂ မဖြစ်နိုင်ကြောင်းပြသည်။ အချိန်ကြာမှ လောင်ရန် ကြံစည်သုပ်ကိုင်သောနည်း မြောက်များစွာရှိသည်၊ အချို့တွင်မီးစာဘင်ရှို့ရာတွင်သုံးသောအရာအားလုံးမီးလောင်သွားသည်၊ ပစ္စည်းအားလုံး အကြီးအကျယ်လောင်ရာတွင် မီးရှို့ရာ၌အသုံးပြုသော အရာအားလုံ မီးလောင်ပျက်စီး၍ အစအနအနည်းငယ်မျှမကျန်ရစ်ပေ။ တခန်အချို့အမှုများတွင် အသုံးပြုသော အရာများမှသဏ္ဍာန်အပိုင်းအစများသည် မည်သည့်အရာများဖြစ်သည်ကိုမသိနိုင်လောက်အောင် လောင်ကျွမ်း ပျက်စီးသွားသည်၊ ဥပမာပထမပြောသောနည်းတွင် ကော်ပြား၊ ဘောက်ရိုး၊ ခရဖော်စာ၊ ရေနံဆီဖြန်းထားသောဂုံအိတ်စသည့် လောင်စာများအပေါ် သို့မဟုတ်လောင်စာများ စိုင်းရုံထားသည့်နေရာတွင် ဖယောင်းတိုင်မီးများကို အများအားဖြင့်အသုံးပြုကြသည်။

၄။ မီးလောင်သောနေရာ၌အထူးရှို့သောလောင်စာများကို မတွေ့သော်လည်းမီးရှို့မှုမဟုတ်ဟု မဆင်ရမီးရှို့မှုသက်သေခံအထောက်အထားကိုမီးလောင်ခြင်း၏ အခြားထူးခြားချက်များမှ ရရှိနိုင်သည်၊ ပရိယာယ်သုံးသော မေးခွန်းများ၊ အထူးသဖြင့် လူများ၏ သွားလာ



လှုပ်ရှားမှု၊ အိမ်တွင်နေသောသူ သို့မဟုတ် အိမ်ရှင်၏စီးပွားရေးအခြေအနေသည် တခါတရံသဲလွန်စကိုပေးသည်။

၅။ အများအားဖြင့် မသမာသော မီးရှို့မှုများ အောက်ပါအကြောင်းများမှ ဖြစ်ပေါ်လာသည်-

(က) လူငယ်များ စိတ်အာရုံကြော ထကြွမှုဖြေရန် ထွက်ပေါက်ရှာခြင်း၊ စိတ်လှုပ်ရှားခြင်းခံစားမှု (စိတ်ပျော်ရွှင်ခြင်းကိုရှာခြင်း)၊ လူပျိုဖြစ်စအရွယ် လူငယ်များကမီးရှို့မှုများ မည်မျှလောက်ပြုလုပ်ခဲ့သည်မှာ အံ့သြလောက်သည်။ လူပျိုဖြစ်စအချိန်သည်သက်ရှိလူသတ္တဝါတို့တွင် ဖြစ်ပျက်တတ်သောပြောင်းလဲအစီအစဉ်နှင့် ဆက်စပ်နေသည်၊ မိန်းမများသွေးဆုံးသောအချိန်တွင် ဤကိစ္စမျိုးများ ဖြစ် တတ် ကြောင်း သက်သေသာဓကရှိသည်။ အခွင့်အရေးရတိုင်း မီးရှို့ရန် စိတ်ဓာတ်ရှိခြင်းနှင့်ပတ်သက်၍နေသော အချို့လူများအတွက် မီးသည်အမြဲစိတ်ပျော်စရာ၊ နှစ်သက်စရာတခုဖြစ်သည်၊ ဤကိစ္စသည် မီးရူး (PYROMANIAC) ဟုခေါ်သော စိတ်ရောဂါတမျိုးကြောင့်ဖြစ်သည်ဟုဆိုသည်။ သို့သော် ဤသို့စိတ်အခြေအနေကို အကြောင်းပြု၍ မီးလောင်သည်ဟု လွယ်လင့်တကူ မမှတ်ယူရ၊ မီးတခါလောင်ရုံနှင့် မလုံလောက်၊ မီးလောင်မှုအများအပြားသည် တူညီကြောင်း၊ ၎င်းအမှုများ တခုနှင့်တခု ဆက်စပ်ခြင်းများရှိကြောင်း တယောက်တည်းသာ ပါဝင်သည်ဟု ထင်ရကြောင်းများကို အခြားသက်သေခံ အထောက်အထား အမြဲရှိရမည်။

ဤစိတ်ရောဂါရှိသူများသည် မီးရှို့ရာတွင် စိတ်လှုပ်ရှားပျော်ရွှင်မှုကလွဲ၍ မည်သည့် အကြောင်းမျှမရှိ၊ အသုံးပြုသောနည်းများသည်လည်း ရိုးရိုးပစ္စည်းများကို အသုံးပြု

ခြင်းဖြစ်သည်။ မီးခြစ်၊စက္ကူ၊ဓာတ်ဆီစသည့် အရာများဖြစ်သည်။

(ခ) အနှစ်နာခံရခြင်းရှိသော အလုပ်သမားများ ဂလဲ့စားချေသောမီး၊ အချို့သောအမှုများတွင် လူတန်းစား တသိုက်မနာလိုမုန်းတီးထားခြင်းကြောင့် ဖြစ်သည်။ မီးရှို့မှုများ ၃-မှုတွင်လူနှစ်ယောက်အပြစ်ရသည်။ မီးရှို့ခြင်းများ အကြောင်းကား ပစ္စည်းမဲ့လူတန်းစားများကချမ်းသာသော သူများကို မနာလိုမုန်းထားခြင်းကြောင့်ဖြစ်သည်။ ပြည်သူပိုင်သိမ်းရာတွင် အချို့ အလုပ်သမားများသည် အစိုးရအပေါ် ဂလဲ့စားချေသော သဘောထားဖြင့်စက်ရုံကို မီးရှို့တတ်ကြသည်။

(ဂ) မီးအာမခံကုမ္ပဏီကို လိမ်လည်ရန် ကြံစည်သော သူများ၊ အချို့သောအမှုများတွင် ဤသို့မီးများသည် အမြတ်ရရန်အတွက်သက်သက်လျှို့ဝှက်အကြံအစည်များဖြစ်ကြသည်။ အခြားအမှုများတွင် စီးပွားရေး ဆုံးရှုံးမှုများကို ကာမိရန်၊ မရောင်းရကုန်များ၊ပိုလျှံနေသောကုန်များ၊ မရှိသောကုန်များကို မီးရှို့ခြင်းဖြစ်သည်။ စီးပွားရေး အခြေအနေကိုကုန်ဆုတ်လုပ်မှုများ၊ မီးများဖြစ်ပွားခြင်းက လွှမ်းမိုးသည်ဆိုသောစကားသည်အမှန်ဖြစ်ဟန်ရှိသည်။

(ဃ) ကြီးကျယ်သောမှုခင်း၏သက်သေခံအထောက်အထားများကိုဖျက်ဆီးရန်ရည်ရွယ်သော မီးများ၊ ဥပမာ-လူသတ်မှု၊ လိမ်လည်မှု၊ အနောက်နိုင်ငံတနိုင်ငံတွင်မီးအာမခံကုမ္ပဏီမှငွေအမြောက်အများရရန် ကြိုတင်စီစဉ်ထားသောရှို့မီးများရှိခဲ့သည်။ အမှုတိုင်းတွင် မီးရှို့မည့် နေရာကို သေခြာရွေးသည်၊ မီးလောင်လွယ်သော ပစ္စည်းများကို သို



လှောင်သည်။မီးရှို့ရန် နည်းအမျိုးမျိုးကို အသုံးပြုသည်။ သို့သော် ၎င်းနည်းများမှာ အဆန်းမဟုတ်ပဲ ရိုးရိုးနည်းများဖြစ်သည်။ ဖယောင်းတိုင်ကော်ပြား၊ ဓာတ်ဆီ၊ ရေနံဆီများဖြစ်သည်။

စစ်မဖြစ်မီက မြန်မာပြည်တွင် ဆန်စက်များ၊ စပါးဂိုဒေါင်များကို မီးအာမခံထား၍ ရှို့မီး အများအပြားဖြစ်ခဲ့သည်။ ရှို့နည်းမှာ အများအားဖြင့် တူကြသည်။ ဂုံအိတ်များကို ဓာတ်ဆီ၊ ရေနံဆီများ ဆွတ်ဖျန်း၍ မီးရှို့ခြင်းသာဖြစ်သည်။ ဆန်စက်ကို မီးရှို့မှုတမှုတွင် အမြန်လောင်စေရန် နှစ်နေရာ၌စ၍ မီးရှို့သည်။ ရေနံဆီအများအပြားသုံးသည်။ မီးလောင်ရာစက်ရုံခေါင်မိုး နှစ်နေရာမှ မီးလုံးကြီးနှစ်ခုသည် တပြိုင်တည်းလိုလိုပင် ပေါက်ကွဲသံကြီးဖြင့် ပေါ်ထွက်လာသည်။ ရေနံဆီ၊ ဓာတ်ဆီသုံးသောကြောင့် မီးလုံးသည် မှောင်မဲနေသည်၊ ပေါက်ကွဲသံလည်း ဖြစ်သည်။ မီးလောင် ခြင်းကို မသင်္ကာ စရာအကြောင်းမရှိသောအခါ ပြစ်မှုကြီးတခု၏ သက်သေခံသည် နှောင့်နှေး၍ မီးအလွယ်တကူ လောင်နိုင်သောပစ္စည်းများကိုသုံးသည်။ စက်ရုံတရုံသည် မီးလောင်သွားသည်၊ ထိုမီးကို မတော်တဆမီးဟုယူဆသည်။ အခြားတနေရာတွင် ရဲများသည် လူပျောက်မှုတမှုကို စုံစမ်းနေသည်။ကလေးမတယောက် အိမ်သို့ ပြန်ရောက်မလာပါ။ ရက်အတော်ကြာစွာ ဤနှစ်မှုသည် တခြားစီဟုထင်ရသည်။ မီးလောင်ပြီးနောက် အမှိုက်သရိုက်ကိုရှင်းသော အလုပ်သမားတယောက်သည် အမှိုက်ပုံထဲတွင် ခွေးသေကောင်အလောင်းပါနေသည်ဟု အမှတ်တမဲ့ပြောဆိုသည်။ ထိုအသေကောင်အလောင်းကို အနီးရှိအမှိုက်ပုံးထဲမှဆယ်ယူ၍ သေခြာစွာစစ်ဆေးသောအခါ ပျောက်ဆုံး နေသောမိန်းကလေး အသက်အရွယ်ရှိ ကလေးမ တယောက်၏

အလောင်းဖြစ်နေသည်ကို တွေ့ရှိရသည်။ ရဲက ဆက်လက် စုံစမ်းသောအခါ ပျောက်နေသောကလေးမသည် အသတ်ခံရကြောင်း အတည်ဖြစ်သည်။ အလောင်းကို စက်ရုံ အဆောက်အဦဆီသို့ ယူသွားသည်။ ထိုနောက် ၎င်း အဆောက်အဦကိုမီးရှို့သည်။ ဓာတ်ဆီကို အသုံးပြုခြင်းဖြင့် အလောင်းကို လျင်မြန်စွာပျက်စီးစေရန် မြော်လင့်သည်။

၆။ စာရွက်စာတမ်းများ ပျက်ဆီးရန်ကြံရွယ်သောမီးများတွင် မှတ်သားရမည်မှာ အများအားဖြင့် ပျက်စီးခြင်းသည် လေမလုံလောက်သောကြောင့် မဲကျွမ်းသွားခြင်းဖြစ်သည်။ မဲကျွမ်းနေသော စာရွက်များသာ ကျန်ရစ်သည်။ ဤကဲ့သို့သောကိစ္စများတွင် ကြွေ့လွယ်သော မီးကျွမ်းစာရွက်များကို ဂရုစိုက်၍ ကိုင်တွယ်ရမည်။ ၎င်းတို့ကို ဖတ်ရှုနိုင်ရန် လုံခြုံအောင်ထားရမည်။ မီးလောင်ခံရသော မီးခံသေတ္တာ အတွင်းရှိ စာရွက်စာတမ်းများသည် မဲကျွမ်းသွားသည့်အဆင့်ထက်ပို မရောက်နိုင် မီးခံသေတ္တာကို မီးခံသည်၊ အတွင်းရှိ ပစ္စည်းများ မီး မလောင်ဟု ပြောကြသည်။ စကားသည်အတိအကျမမှန်၊ သေတ္တာပြု လုပ်ထားရာတွင် အပူရှိန်အထဲသို့ ဖောက်တွင်းဝင်နိုင်ခြင်းကို အတော် အတန်နှောင့်နှေးစေရန် လုပ်ထားခြင်းသာဖြစ်သည်။ ၎င်းပြင် လေလုံ ရန်လည်းဖြစ်သည်။ ပြင်းထန်သောအပူရှိန်သည် နောက်ဆုံးသေတ္တာ ထဲသို့ စာရွက်များမဲကျွမ်းနိုင်လောက်အောင် ဝင်ရောက်နိုင်သည်။ လေ လုံနေသောကြောင့် နောက်ထပ် ပျက်စီးခြင်းများမရှိ ပြာ ကျသွားခြင်း မရှိ၊ သို့သော် သတိထားရမည်မှာ မီးလောင်စဉ် မီးခံသေတ္တာဆောက် လုပ်ထားပုံက အပူရှိန်ကို အထဲသို့ဝင်ရန်နှောင့်နှေးစေသည်။ မီးလော ပြီးသောအခါ မီးခံသေတ္တာသည်ပြောင်းပြန်ပြုလုပ်သည်။ သေတ္တာအ တွင်းရှိ အပူရှိန်အေး ခြင်းကို နှောင့်နှေးစေသည်။ ထို့ကြောင့် မီး သေတ္တာအတွင်းပိုင်း အေးလာခြင်းသေချာရန် သေတ္တာကို မဖွင့် လုံလောက်သောအချိန်ကိုပေးရန်လိုသည်။ သေတ္တာအတွင်းရှိပစ္စည်း



များပူနေသေးစဉ် သေတ္တာကိုဖွင့်၍ လေဝင်စေလျှင် မဲကျွမ်းနေသော စက္ကူများသည် ပြာဖြစ်သွားမည့်အန္တရာယ်ရှိသည်။ ထိုအခါ စာရွက် ပေါ်များရှိ စာများကိုဖတ်နိုင်ရန်မဖြစ်တော့ပေ။

၇။ အမှုတမှုတွင် စာရွက် စာတမ်းများကို မီးရှို့ရန် ကြံစည်ရာ မီးလောင်ပေါက်ကွဲမှုကြီးဖြစ်၍ တရားခံများအပြစ်ရကြသည်။ မှုခင်းရှာမြို့ တွင် ဒီစကြိတ်ကောင်စီရုံးရှိ စာရင်းများကို စစ်ဆေးမည် ပြုလုပ်ရာတွင် အတွင်းရေးမှူးသည် စာရွက်စာတမ်းများထည့်သော ကျွန်းသေတ္တာကို မီးရှို့ရန်ကြံစည်သည် စာရွက်များ ထည့်သောသေတ္တာသည် အလျား ၃-ပေ၊ အနံ ၂၀-လက်မ အမြင့် ၂-ပေရှိသည်။ ၎င်းသေတ္တာကို သံမြောက်မီးတပ်၍ သော့ခလောက်ကြီးဖြင့်ခတ်ထားသည်။ ကျွန်း သေတ္တာအဖုံးပျဉ်ပြားများသည်တခုနှင့်တခုထိစပ်မနေပဲ အနည်းငယ်စိ ကွာနေသည်။ ထိုနေ့ည သန်းခေါင်အချိန်လောက်တွင် အတွင်းရေးမှူး သည် ရုံးလုလင်နှင့်အတူ ရုံးသို့လာ၍ သေတ္တာထဲသို့အဖုံးပျဉ်ပြား များအကြားထဲမှ ဓာတ်ဆီလောင်းထည့်သည်။ ထိုနောက် မီးရှို့သော အခါ ပေါက်ကွဲသံကြီးဖြစ်ပေါ်လာပြီး သံမျောက်မီးပြုတ်သွားသည်။ အဖုံးဖွင့်ထွက်လာပြီး သေတ္တာတွင်းရှိစာများ မီးလောင်သည်။ မီး တောက်မီးလျှံအနီးရှိ လက်ဆွဲပန်ကာ၊ စားပွဲပေါ်ရှိ ပစ္စည်းများကို လောင်သည်။ ကံအားလျော်စွာ ပေါက်ကွဲသံကြောင့် လူများလာ ရောက်၍ အဆောက်အဦ မီးမလောင်ပေ၊ မီးရှို့သူ ရုံးလုလင်သည် မီးလောင်၍ ဒဏ်ရာရသည်။

၈။ အမှုစစ်သူသည် သူ၏မြို့နယ်တွင် မီးအန္တရာယ်ကြီးသောနေရာ များကို ကောင်းစွာသိရှိရမည်။ မီးလောင်လွယ်သော ပစ္စည်းများကို သုံးခြင်း၊ ထုတ်လုပ်ခြင်းပြုလုပ်သည့် ကုန်ထုတ်စက်ရုံများ ရှိသောနေ ရာကို မီးအန္တရာယ်ကြီးသောနေရာဟုခေါ်သည်။ မီးလောင်လွယ် သောပစ္စည်းများမှာ ဆိုးဆေး၊ သုတ်ဆေးများကိုဖျော်သောဆီများ၊ ဓာတ်ဆီ၊ အခြားဆီများ၊ ပလပ်စတစ်၊ ကော်ပြားများစသည်တို့ဖြစ် သည်။ တဖန်မီးမလောင်နိုင်သော ပစ္စည်းများကိုသုံးသောအခြားနေရာ များကို မီးအန္တရာယ်နည်းသော နေရာဟုသတ်မှတ်သည်။

၉။ အများအားဖြင့် အောက်ပါအချက်များကြောင့် ရှိ့မီးဟု ထင်စရာအကြောင်းများရှိသည်—

(က) မတော်တဆမီးဟု ထင်စရာအကြောင်းမရှိ၊ ၎င်းပြင်မီး အန္တရာယ်နည်းသောနေရာ။

(ခ) မီးအန္တရာယ်နည်းသောနေရာဟုသိရသည်၊ သို့သော် ၎င်း နေရာသည် အခြားမီးလောင်နိုင်သော နေရာများသို့ ကူး စက်ပြန့်သွားနိုင်သော အခြေအနေရှိသည်။

(ဂ) တချိန်တည်းမှာပင် အဆောက်အဦတွင် မီးများနေရာ အနှံ့အပြား လောင်ခြင်း။

(ဃ) အဆောက်အဦတွင်းရှိ ပစ္စည်းများနှင့်မတူ ခြားနားသော ပစ္စည်းများထားခြင်း။
ဥပမာ—အဆောက်အဦတွင်ရှိ ပစ္စည်းများမီးလောင်လျှင် မီးခိုးအမဲ အနက်များမထွက်ဘတ်။ သို့သော် မီးလောင် သောအခါ မဲနက်သောမီးခိုးများထွက်သည်။ ဓာတ်ဆီ၊ ရေနံဆီ၊ တဖန်မီးလောင်ရာတွင် ပေါက်ကွဲစေနိုင်သော အရာများ အဆောက်အဦတွင်မရှိ၊ အကယ်၍ ပေါက်ကွဲ သံများကြားလျှင် ဓာတ်ဆီ၊ ရေနံဆီ၊ ဆိုးဆေးသုတ်ဆေး ဖျော်ဆီများထားရသည်။

(င) ၎င်းအဆောက်အဦမှာပင် မီးခဏခဏလောင်တတ်သည်။ ၎င်းမီးများစလောင်နည်းများ အလွန်တူနေသည်။

(စ) အဆောက်အဦအတွင်း သုံးနေကျမဟုတ်သောပစ္စည်း များကိုတွေ့ခြင်း၊ ၎င်းပစ္စည်းများသည် မီးလောင်ရာတွင် ပစ္စည်းအဖြစ်နှင့်ကူညီနိုင်သည်။ ဓာတ်ဆီ၊ ရေနံဆီ ကော်ပြား။

(ဆ) စီးပွားရေးကျဆုံးနေစဉ်၊ မီးလောင်ခြင်းများ၊ မိုးလောင် ပျက်စီးသွားသော ပစ္စည်းများသည် ထိုအချိန်အတွင်း အရောင်းရမထွက်သော အရာများဖြစ်သည်။



(ဇ) အဆောက်အဦတွင် ခါတိုင်းရောင်းနေကျပစ္စည်းများ မဟုတ်ပဲ တန်ဖိုးနည်းသော ပစ္စည်းများထားကြောင်း သက်သေပြနိုင်သည်။ တန်ဖိုးပို၍ရရှိသော ပစ္စည်းများ အစား တန်ဖိုးနည်းသောပစ္စည်းများထားခြင်း၊ သို့မဟုတ် မသက်ာလျှင် မီးအာမခံတောင်းခံလွှာကို ကြည့်ရှုစုံစမ်း ခြင်းသည်အကျိုးရှိသည်။

(ဈ) အဖိုးတန်သည့် စာရွက်စာတန်းများ ပါသော လယ်ဂျာ စာအုပ် ငွေလက်ငင်း စာအုပ်များ၊ အာမခံကပ်ပြားများ ကိုသာ မီးလောင်သော်လည်း အဆောက်အဦ၏အခြား နေရာများတွင်ရှိ အဖိုးများစွာတန်သော ပစ္စည်းများ မီး မလောင်ခြင်း။

(ည) မီးလောင်သောနေရာ အများအပြားတွင် ဤလူကို တွေ့ရှိ ခြင်း သို့မဟုတ် ဤလူတယောက်တည်းက မီးလောင်ခြင်း ကို သတိပေး အော်ဟစ်ခြင်း။

## အလိုအလျောက် လောင်သည်ဟု ထင်ရသောမီး
## "QUASI SPONTANEOUS COMBUSTION"

၁၀။ အမှုစစ်သူအဖို့ အရေးကြီးသော ပြဿနာသည် အလို အလျောက် မီးလောင်ခြင်းဖြစ်သည်။ အကြောင်းမူကား တဘက်မှ ကြည့်လျှင် ၎င်းမီးသည် အကြီးအကျယ် ပျက်စီးစေနိုင်သည်။ အခြား ဘက်၌ကား ၎င်းမီးသည် လူဆိုးကသာ ပြုလုပ်သည့် စလောင်သော မီးဖြစ်သည်ဟု ထင်ရသည်။ အတိအကျပြောလျှင် အလိုအလျောက် လောင်သည် မဟုတ်သောမီးကို အလိုအလျောက် လောင်သောမီးမှ အများအားဖြင့် ခွဲခြားနိုင်သည်။ အရာဝတ္ထုတခုစီသည် မီးအန္တရာယ် မရှိသော်လည်း မတော်တဆ ထိမိလျှင် မီးထလောင်နိုင်သည်။ ၎င်းမီးသည် အလိုအလျောက် လောင်သည်ဟု ထင်ရသောမီးဖြစ် သည်။ တကယ်အလိုအလျောက် လောင်သောမီးမှာ အရာဝတ္ထု၏

သဘာဝအကြောင်းကြောင့် မီးလောင်သည်။ မည်သည့် ပယောဂမှ ပြုလုပ်ခြင်းမဟုတ်။

### (၅က) ရုပ်တရားအကြောင်းများဖြင့်

၁၁။ ဤကဲ့သို့သော အကြောင်းများပြားစွာရှိသည်။ မည်ကဲသို့ ဖန် ရေသခေါင်းတခုသည် မှန်ဘီလူးကဲ့သို့ ပြုလုပ်၍ စားပွဲခင်း ကုလား ကာ၊ စက္ကူ၊ အဝတ်အထည့်တို့ကို မီးလောင်စေသည်ကို ကျွန်ုပ်တို့ အားလုံး သိကြသည်၊ ခေတ်ပုံမှန်ဘီလူးများသည်လည်း ဤကဲ့သို့ ပြုလုပ်တတ်သောကြောင့်၊ ၎င်းတို့ကို ဖုံးအုပ်ထားရသည်။ သတ္တုပြား များ၊ ပန်းကန်ခွက်ယောက်များ၊ မီးအုပ်ဆောင်းများသည် နေရောင် ခြည်များကို တနေရာတည်းသို့ စုပေါင်း ထိုးဟတ်ခြင်းဖြင့် ဤသို့ပြုလုပ် တတ်သည်။

၁၂။ ဂုံလျှော်စက်ရုံတရုံတွင် လက်သမားတယောက်သည် ပျဉ် တချပ်ကို သံရိုက်စွဲရာ သံချောင်းသည် ချော်၍လွင့်သွားပြီး အနီးရှိ စက်ကိုထိမှန်သည်။ ထိုမှမီးပွင့်၍ဂုံလျှော်ကိုမီးလောင်သည်။ မီးလောင်မှု တမှုမှာမီးသတ်စက်ကြောင့်ဖြစ်သည်။ အိမ်ကလေးတအိမ်မီးလောင်ရာ မီးသတ်စက်သည် ရေပက်ဖြန်းသည်၊ အနီးရှိ အိမ်တအိမ်၏ အခန်း တခုထဲသို့ ရေဝင်သွားသည်၊ ထိုအခန်းထဲ၌ မဖောက်ထုံးနှင့် မီး လောင်လွယ်သော ပစ္စည်းများရှိသည်။ မဖောက်ထုံးသည် ရေထိ သောအခါ ပူလာသည်။ ၎င်း၏အပူရှိန်သည် ပြင်းသဖြင့် မီးလော လွယ်သော ပစ္စည်းများကို လောင်စေသည်။ ထို့နောက် အိမ်သည် မီးလောင်သွားသည်။ အထက်မြန်မာပြည်တွင် မီးရထားစက်ခေါင်း တိုင်မှ ထွက်သော မီးပွင့်များသည် အိမ်မိုးသက်ငယ်များကို မီးလော စေသည်။ မီးရှူးမီးပန်းများ၊ မီးပုံးပျံများသည်လည်း ဤကဲ့သို့ အိမ် ခေါင်ပေါ်သို့ ကျသောအခါ မီးလောင်နိုင်သည်။ ရဲစခန်းသို့လော ခန်းတွင် မီးလောင်ပုံးတလုံးကိုထားရာ သံချေးစား၍ အထဲရှိ မီး များ ထွက်လာပြီး အနီးရှိ အဝတ်များကို မီးလောင်စေသည်။



၁၃။ ဤကဲ့သို့ အမှုမျိုးများက အမှုစစ်သူအား မီးလောင်လျှင် မည် သည့် အကြောင်းကြောင့် လောင်သည်ဟု ရှေးဦးစွာ မပြောနိုင်လျှင် ရှို့မီးဟု စွပ်စွဲခြင်း မပြုရန် သင်ကြားပေးနိုင်သည်။

### (ခ) ဓါတ်ပြုခြင်း အကြောင်းများဖြင့်

၁၄။ ဤလောင်ကျွမ်းမှုမျိုးတွင် ပစ္စည်းတခုနှင့်တခု တွေ့ထိ၍ အပူ ရှိန်နှင့် မီးဖြစ်ပေါ်လာသည်။ ဤသို့ တွေ့ထိခြင်းကြောင့် မီးလောင် ခြင်းသည် ကံအားလျော်စွာ ဖြစ်သည်မှာ ထဲရှားသည်။ သို့သော် ဤသို့ ပြုလုပ်နိုင်ခြင်းသည် လူဆိုးများအတွက် ကြောက်စရာကောင်း သော လက်နက်သဖွယ် ဖြစ်နိုင်သည်။ ဤအကြောင်း အသေးစိတ် ဖော်ပြရန်မှာ မသင့်တော်ပေ။

၁၅။ သို့သော် အများသိသောနည်း အနည်းငယ်ကို ဖေါ်ပြအံ့၊ ၎င်းလုပ်နည်းများကို လူအများ အသုံးပြုပြီးသားဖြစ်ပြီး၊ လူဆိုးများ သည် ကောင်းစွာ သိကြသည်။ ဥပမာ မီးလောင်ရည်၊ ဤအရည်သည် ဒိုးစုံးအခဲကို ဆေးရည်တွင် ဖျော်ထားသော အရည်ဖြစ်သည်။ အကယ် ၍ မင်နှိပ်စက္ကူတခုကို ဤမီးလောင်ရည်အထဲသို့နှစ်၍ လေထဲတွင် ဖွံ့ရမ်းသောအခါ ဆေးရည်သည် အငွေ့ပျံသွားသည်။ ဤကျန်ရစ် သော မီးစုံးသည် လေနှင့်ထိသောအခါ မီးထလောင်သည်။ မီးငြိမ်း သွားပြီးနောက် မီးအန္တရာယ် ကျန်ရစေသေးသည်၊ ထို့ကြောင့်လည်း ကောင်း ပိုမို၍ အန္တရာယ်ရှိသည်၊ အဘယ့်ကြောင့်ဆိုသော် မီးစုံး ကို ရေနှင့်ပက်ဖြန်းလျှင် မီးငြိမ်း၍ ခြောက်သွားသောအခါ တဖန် မီးတလောင်နိုင်သည်၊ ပိုတက်ဆီယံ သတ္တုသည် ရေနှင့် တွေ့ထိ သောအခါ မီးထလောင်သည်။ ကန့်ကလိုရိုက်နှင့် မီးလောင်ရည် သည် ဇဝက်သာရည်ပျံနှင့် တွေ့သောအခါ မီးလောင်သည်။ ဤကဲ့သို့ ပြုလုပ်နိုင်သော အခြားမီးများအကြောင်းကို အများကြီး ဖေါ်ပြနိုင်သည်၊ ဥပမာ အချို့သော ငရဲမီးများ အချို့ပစ္စည်းများနှင့် တွေ့လျှင် မီးလောင်တတ်သည်။ အကယ်၍ ပုလင်းတခုထဲတွင်

ဤကဲ့သို့သော ငရဲမီးများကိုထည့်၍ ပေါ့ပူးဆို့ဖြင့် ပိတ်ထားပြီးလျှင် မီးလောင်လွယ်သော ပစ္စည်းများအပေါ်သို့ ပုလင်းကို မှောက်၍ ဆွဲထားသောအခါ ငရဲမီးသည် လောင်စာပစ္စည်းများပေါ်သို့ ကျ၍ မီးထလောင်လိမ့်မည်။ ထို့နောက် ငရဲမီးသည် လောင်စာပစ္စည်းများပေါ်သို့ ကျ၍ မီးထလောင်လိမ့်မည်။

(ကန့်ငရဲမီးနှင့် ပေါတက်၊ သကြား)။

## အစစ်အမှန် အလိုအလျောက် ထလောင်သောမီး "SPONTANEOUS COMBUSTION"

၁၆။ အလိုလျောက်လောင်သောမီး၊တကယ်အစစ်အမှန်၏ ပြဿနာကို များစွာဆွေးနွေးခဲ့ကြသည်။ ယခုအခါများက လက်ခံသည်မှာ အရာဝတ္ထုအားလုံးသည် အစိုင်အခဲမှ အခိုးအငွေ့သို့ ပြောင်းလဲနိုင်သော သတ္တိရှိသည်။ အချို့သော အရာဝတ္ထုများသည် အလွန်မြင့်သော အပူချိန်တွင် မီးလောင်နိုင်သည်။ ဤသို့ဖြင့် မီးအကြီးအကျယ်လောင်တတ်သည်။ အရေးကြီးသော ကိစ္စသည် အလိုလျောက်လောင်နိုင်သော အစွမ်းရှိသည့် နေ့တိုင်းသုံးပစ္စည်းများကို သိရန်ဖြစ်သည်။ ဤစာရင်းတွင် ရက်လုပ်သော အထည်စက်များမှ ထွက်သော ပစ္စည်းများပါဝင်သည်။ ဂွမ်းလျှော်၊ ဝါဂွမ်းချည်မျှင်၊ ကြိုးများမှ ပြုလုပ်သောပစ္စည်းများ သို့ရာတွင် အများအားဖြင့်၊ ၎င်းတို့ကို အောက်စီဂျင်နှင့် ပေါင်းပြုနိုင်သော ဆီများဖြင့် ပြုလုပ်ထားသောအခါ အထူးသဖြင့် လျှော်စေ့မှ ထုတ်လုပ်သောဆီများ အလိုအလျောက်မီးလောင်နိုင်သည်။ ဤအခြင်းအရာသည် ကာဘွန်မှုန့်၊ ကျောက်မီးသွေးမှုန့် (အထူးသဖြင့် ကန့်ပါလျှင်) တို့နှင့် ဖြစ်ပေါ်တတ်သည်။ အလိုအလျောက် မီးလောင်မှုများသည် မျက်ခင်း၊ သစ်ကိုင်း၊ သစ်ရွက်ခြောက်၊ ဂျုံ၊ ဆန်စပါး၊ ငှက်ချေး၊ လင်းနို့ချေး၊ အရိုးမှုန့်၊ မီးကျွမ်းသော ဆန်စပါး၊ သစ်သား၊ ရွှေဘော်စာများတွင် ဖြစ်ပေါ်တတ်သည်။ သတ္တုများ အထူးသဖြင့် ဆီများနှင့်စိုနေလျှင် နီအောင်ပူလာသည်ကို တွေ့ရသည်။ သွပ်မှုန့်သည်လည်း ထိုအတူ အထူး



သဖြင့် မီးလောင်တတ်သည်။ (BENZINE) ဘင်ဇင်း ဓါတ်ဆီသည် မော်တော်သုံး ဓါတ်ဆီကဲ့သို့ လေနှင့်ရောနေလျှင် ပေါက်ကွဲစေနိုင်သော အရောအနှောဖြစ်၍ ရိုးရိုးအပူချိန်ပင် မီးလောင်နိုင်သည်။ ကြောက်စရာကောင်းသော မတော်တဆမီးများ ဖြစ်စေနိုင်သည်။

၁၇။ မီးလောင်နိုင်သော ဂွမ်းမှုန့်၊ ဂွမ်းလျှော်မှုန့်များသည် အခန်းထဲ၌ လေနှင့် ရောနေလျှင်၊ လျှပ်စစ်မီးပွားမှ မီးလောင်စေနိုင်သည် သို့မဟုတ် တဦးတယောက်က ထိုပစ္စည်းများ သိုလှောင်ထားသော အခန်း၊ ထိုပစ္စည်းများကို လုပ်ကိုင်သော အခန်းထဲသို့ ဝင်လာ၍ ဆေးလိပ်မီးညှိလျှင် မီးလောင်စေနိုင်သည်ကို မှတ်ထားရမည်။

၁၈။ အလိုအလျောက် မီးလောင်ခြင်းနှင့် ပတ်သက်၍ အများဆုံးလောင်သောမီးများမှာ ကောက်ရိုးပုံမီးနှင့် ဝါဂွမ်းများဖြစ်ကြသည်။ ဆေးရွက်ကြီးပုံများလည်း လောင်နိုင်သည်။


၁၉။ ပစ္စည်းတခုသည် အစိုင်အခဲမှအခိုး၊ အရည်မှအခိုးသို့ အပူရှိန်ထွက်ခြင်းဖြင့် ပြောင်းလဲနိုင်စွမ်းရှိလျှင် အလိုအလျောက် မီးလောင်နိုင်သည်။ ဤသို့ အခြေအနေ ပြောင်းလဲရာတွင် ပစ္စည်းကိုယ်တိုင်၊ သို့မဟုတ် ပစ္စည်းပြိုကွဲ၍ ဖြစ်ပေါ်လာသော အရာဝတ္ထုဖြစ်သည်။ ဥပမာ—အခိုး အငွေ့များသည် မီးလောင်ခြင်းကို အားပေးသော ပတ်ဝန်းကျင်တွင် မီးလောင်နိုင်သော အပူချိန်သို့ ရောက်သွားသည်။ အများအားဖြင့် အောက်ဆီဂျင်ကို လေမှပေးသည်။ သို့သော် အချို့သောအခါများတွင် အောက်ဆီဂျင်ကို ယမ်းစိမ်းမှပေးသည်။ နောက်ဆုံး ဖြစ်ရပ်တွင် ပြောင်းလဲခြင်းသည် ဓာတ်ပြုသော သဘောသက်သက် ဖြစ်သည်။ သို့သော် ကောက်ရိုးမီးလောင်မှုတွင် ကဲ့သို့ နောက်ဆုံးအဆင့်မရောက်မီ ပိုးမွှားကလေးများ ဘက်တီးရီးယားတို့၏ ဆောင်ရွက်သော ပြောင်းလဲမှုများက စတင်ဖြစ်လာသည်။ ဤမှ

အခြေအနေကောင်းလျှင် တိုက်ရိုက်ဓာတ်ပြုနိုင်သော ပစ္စည်းများဖြစ်ပေါ်လာသည်။ ဥပမာ—ကောက်ပဲသီးနှံမှထွက်သော အစေ့များ၊ ရိုးတံများ (စပါး၊ ဂျုံ၊ ကောက်ရိုး၊ လျှော်) တွင် ပိုးမွှားကလေးများသည် အစိုဓာတ်နှင့် တချို့သော အပူချိန်၌ တွေ့ရှိလျှင် ပွားများလာသည်။ ၎င်းတို့ ပွားများရာတွင် လေ၊ ရေနှင့် အစာကိုလိုသည်။ အစာကို အသီးအနှံအပင်မှရ၍ ပွား များ လာ သော အ ခါ အပူဓာတ် ဖြစ်လာသည်။ ၎င်းအပူဓာတ် အတွင်း၌ဖြစ်၍ ချက်ခြင်း အပြင်သို့ မ ရောက် ပဲ အ ပူ ပုံး အောင်း နေ သ ည်။ ထိုသို့ ထပ်ခါထပ်ခါ ပွားလာသောအခါအတွင်း၌ အပူရှိန်သည် လွန်ကဲလာပြီး အစေ့များ၊ အရိုးတန်များသည် အခြေအနေပြောင်းလဲသွားသည်၊ ၎င်းတို့မှ မီးလောင်နိုင်သော အခိုးအငွေ့များ ဖြစ်ပေါ်လာသည်။ အတွင်းပစ္စည်းများသည်လည်း လေမလုံလောက်သဖြင့် မီးမလောင်ကျွမ်းပဲ မဲသွားသည်။ နောက်ဆုံး ၎င်းအငွေ့များသည် အလွန်ပူ၍ အပြင်သို့ ထွက်ပေါက်ရှာပြီး ထွက်လာသောအခါ လေနှင့်တွေ့၍ အလိုအလျောက် မီးထတောက်သည်။ ဤကိစ္စများ၌ မီးစ၍လောင်ရန် ဖြစ်ပုံမှာ အတွင်းမှဖြစ်သည်။ ကောက်ရိုးပုံ၊ စပါးပုံကို ခွဲကြည့်သောအခါ အညိုအမဲဖြစ်နေသည့်ကို တွေ့နိုင်သည်။ ထို့ကြောင့် အလိုအလျောက်လောင်သော မီးများသည် အတွင်းမှစဖြစ်၍ လောင်သော မီးများဟု ယူဆရမည်။

မှတ်ချက်။ ။အရာဝတ္ထုအမျိုးမျိုးတွင် ပင်ကိုယ် မီးလောင်နိုင်သော အပူချိန်ရှိသည်။ ၎င်းတို့ တခုနှင့်တခု မတူကြပေ၊ အချို့သည် ရိုးရိုးအပူချိန်တွင် လောင်နိုင်၍ အချို့သည် အပူချိန်ကဲမှ လောင်နိုင်သည်။ အပူပေးသောအခါ အခိုးမထွက်သောအရာဝတ္ထု အခဲများသည် မီးလောင်ရန် ခဲယဉ်းသည်။ ဥပမာ—သတ္တုများသို့သော် အခိုးအနည်းငယ်သာ ထွက်သော ဝတ္ထုသည် မီးလောင်ရန်

စာမျက်နှာ (၁၁၃) သို့ ➡





စာမျက်နှာ (၅၂) မှအဆက်

လှအေးကို မိုးကောင်းတုန်း ရှာထားဦးပေါ့လို့ ဦးစံပြောတယ်ဆို'

'ဟုတ်ပါတယ် ပြောမိပါတယ်၊ ဒါပေမဲ့ အာဃာတ မထားပါဘူး။ ကိုယ့်ရွာသားရတော့ တဘက်က နှစ်သက်မိဘာလည်း ပါပါတယ်၊ အင်းနှစ်အင်းလုံး လှအေးရတာကိုတော့ လေလံဆွဲတဲ့နေ့က ဘယ်သူမှ မကျေနပ်ပါဘူး၊ သူ့ယောက်ဖကျော်မြက အစ မကျေနပ်တာပါ။ ကျွန်တော် မကျေမနပ် ဖြစ်မိပေမဲ့ ကိုယ်ထိလက်ရောက် လုပ်ဖို့ စိတ်တောင်မကူးတာအမှန်ပါခင်ဗျား'

ဦးလေးစံက ပကတိ ရိုးသားဖြူစင်စွာ ပြောပြသောအခါ အမှုလိုက် ရဲကြပ်ကြီး စဉ်းစားရခက်နေပေသည်။ ဦး လေး စံ အား အချုပ်ခန်းအတွင်း ပြန်သွင်းထားပြီး ဌာနာအုပ်ထံ အစီရင်ခံရပြန်သည်။

'ဆရာရေ.... အမှုကတော့ မလွယ်ဘူး၊ ဦးစံသတ်တယ်ဆိုတာလဲ သက်သေ ခိုင်လုံမှုမရှိတော့ ခတ်နေတယ်'

'အင်း.... မေးစဦးမယ် ရဲကြပ်ကြီးရဲ့ ခင်ဗျားတို့ အခင်းဖြစ်တဲ့ နေရာမှာရော ဘာလွန်စမတွေ့ဘူးလား'

'မတွေ့မိဘူးဆရာ၊ မြစ်ထဲက တံငါသည်တွေက ရေပေါ်မှာ လူအလောင်းတွေပေါ်နေတာ လာပြောလို့ သွားဖော်ကြတော့ သေဆုံးသူ ဦးလှအေးရဲ့ အလောင်းကို တွေ့ရတာပဲ၊ လမ်းခင်းတဲ့ကျောက်ခဲတွေနဲ့ စဉ့်အိုးကွဲ အစတွေကို ဂုံနီအိတ်ထဲထည့်ပြီး အလောင်းရဲ့ခါးမှာချီပြီး ရေပေါ်ကို မပေါ်အောင် မြုပ်ထားတာ ဆရာရဲ့၊ ဒါပေမဲ့ ဓားဒဏ်ရာက ရိုးရိုးထိုး

သွင်းထားတာ မဟုတ်ဘူး။ မိုက်ကို ဓားနဲ့ အထက်အောက်ခွဲပြီး ရက်ရက်စက်စက် သတ်တာဆိုတော့ အူတွေကပုတ်ပြီး မိုက်ကွဲကြောင်းကနေ ရေပေါ်ကို ပေါ်တက်လာတာပဲကိုးဗျ၊ တော်တော်ဖိဖိရိရိလုပ်သွားတာဗျ၊ ကြိုတင်စီစဉ်ပြီး လုပ်ကြတာလို့ ယူဆလို့ရတယ်၊ ပြီးတော့ အခင်းဖြစ်တဲ့အနီး သောင်ပြင်မှာ ခြေရာအတော်များများ တွေ့ရတယ်၊ ရှန်းကန် ထားပုံလည်း တွေ့ရတယ်၊ သွေးကွက်ကတော့ မြင်မကောင်းအောင်ပဲ ဆရာရဲ့၊ ဒါပေမဲ့ ဿလွန်စတော့ မရသေးဘူး၊ အဲဒီနေရာ ဘယ်သူမှမသွားရအောင် စခန်းက (၂) ယောက် လုံခြုံရေး ချထားပါတယ်၊ ကျွန်တော် ဘာဆက်လုပ်ရမလဲဆရာ'

'ဒီလိုလုပ်ဗျာ သေဆုံးသူရဲ့ ဇနီးကို အရင်စစ်ကြည့်ပါ'

'ဟုတ်ကဲ့၊ ခေါ်ခိုင်းထားပါတယ်'

'ပြီးယင် အခင်းဖြစ်တဲ့နေရာရဲ့ အနီးအနားအိမ်တွေက လူတွေကိုလည်း စစ်ဆေးကြည့်ပါဦး၊ ဦးစံကိုတော့ ခဏချုပ်ထားလိုက်ဦးပေါ့'

'ဟုတ်ကဲ့ဆရာ'

ရဲကြပ်ကြီး သူ့စားပွဲသို့ ပြန်သွားစဉ် ဌာနထဲသို့ ဦးလှအေးဇနီး ဝင်လာသည်။

'အော်.... လာထိုင်ပါခင်ဗျား'

သေဆုံးသူ ဦးလှအေး၏ဇနီး ဒေါ်တင်ရွှေသည် ကုလားထိုင်တလုံးတွင် လေးလံစွာ ထိုင်လိုက်ပြီး....

'ကျွန်မကို ခေါ်တယ်ဆို'

'ဟုတ်ပါတယ်.... မေးစရာလေးတွေရှိလို့ပါ'

'ဟုတ်ကဲ့ မေးပါရှင် ကျွန်မကတော့ သေတဲ့လူလည်း သေပြီပဲမို့လား၊ သတ်တဲ့ သူကိုလည်း ဘာမှ ဒုက္ခမပေးချင်တော့ပါဘူး၊ ဒါပေမဲ့ ရဲကြီးတို့က မေးချင်တယ်ဆိုယင်တော့ မေးပါရှင်'

'ဦးလှအေးမသေခင် ခိုက်ရန်ဖြစ်ပွားမှု ရှိခဲ့သေးလား'

'မရှိခဲ့ပါဘူးရှင်'

'သေဆုံးစဉ်က ရွှေ၊ ငွေ ပစ္စည်း ပါသွားသေးလား'

'မပါသွားပါဘူး'

'ဒါဆို ပစ္စည်း လိုချင်လို့ သတ်တာတော့ မဖြစ်နိုင်ဘူး၊ အင်းကိစ္စနဲ့ ပတ် သက် ပြီး ရော ဘာပြောဖူးသေးလဲ'

'မပြောပါဘူး ဘားမနီအင်းလေလံဆွဲတာ သူရခဲ့ကြောင်းပဲ ပြောပါတယ်၊ အင်းကို ဖိဖိစီးစီး လုပ်မှာမို့ လျှော်ခင်းကို ကျွန်မဆက်လုပ်ဖို့ပဲ အမိက ပြောပါတယ်၊ အခြား တွေတွေထူးထူး မပြောပါဘူးရှင်'

'ကဲ.... ဒီလောက် မေးရယင် တော်လောက်ပါပြီ၊ အခုလိုလာပြီး ဖြေကြားတာကို ကျေးဇူးတင်ပါတယ်ခင်ဗျား၊ ပြန်နိုင်ပါပြီ'

ဒေါ်တင်ရွှေ ပြန်သွားသောအခါ အခင်းဖြစ်ပွားနေသော နေရာအနီးရှိ တံငါတဲတွင် နေထိုင်သူ အသက် (၄၀)ခန့်ရှိ ဦးမြအား ဆက်၍ စစ်ဆေးသည်။

'ဦးမြက အခင်းဖြစ်ပွားတဲ့ နေရာနဲ့ အနီးဆုံးမှာ နေတာနော်'

'ဟုတ်ပါတယ်'

'အခင်းဖြစ်တဲ့ မတ်လ (၆) ရက်နေ့ည အဲ....အဲ....တပေါင်းလပြည့်ကျော် (၁၀) ရက် ညမှာ ဦးမြ အဲဒီတဲမှာရှိတယ်နော်'

'ဟုတ်ကဲ့၊ ရှိပါတယ်'

'အခင်းဖြစ်တဲ့ညက ဘာမြင်ရပါသလဲ'

'တော်တော်ဝေးလို့ ဘာမှ မမြင်ရဘူးခင်ဗျ၊ အသံတွေပဲကြားရပါတယ်'

'အဲဒါလေး ပြောပြပါဦး'

ညဘက် အိမ်မဲသဘော်ဆန်တက်သွားသံကြားပြီး ကြောခင်ပဲ၊ 'ငါ့ကိုမညှင်းဆဲနဲ့ သတ်ပစ်ကြတော့၊ အခုသတ်၊ အခုသတ်၊ မင်းနှမမုဆိုးမဖြစ်အောင်သတ်ကွ' ဆိုတာ ကြား ရ ပြီး ကျွန် တော်လည်း ကြောက်တာနဲ့ ရွာထဲကိုသွားပြီး အိပ်ပါတယ်၊ ရွာထဲရောက်တော့ သူကြီး ကို လည်း အကျိုးအကြောင်း မပြောရဲလို့ ဒီအတိုင်း နေခဲ့ပါတယ်၊ မနက်ကျမှ ရွာက လူငယ် လေး ငါးယောက်နဲ့ အဲဒီနားသွားကြည့်တော့ ခြေရာနဲ့ သွေးကွက်တွေ့ရပြီး အခြားဘာမှ မတွေ့ရပါဘူး မြစ်ထဲမျှောလိုက်ယင်လဲ ပေါ်လာရမှာ မပေါ်ပါဘူး။ တနေ့တော့ အလယ်ရွာက တံငါသည်တွေက လူအူတွေတွေ့တယ်ဆိုပြီး ရဲဌာနကိုသွားတိုင်တယ်လို့ ကြားရပါတယ်'

'ဟုတ်ပြီ.... ဟုတ်ပြီ.... အော်ဟစ် ပြောသံကြားတဲ့ အတိုင်း မှန်တယ်နော်'

'မှန်ပါတယ်ခင်ဗျာ'

ရဲကြပ်ကြီးက မြုံးရှင်သော

မျက်နှာဖြင့် စာရွက်တခုပေါ်တွင် ရေးမှတ်လိုက်သည်။

'ကဲ ဦးမြ ပြန်နိုင်ပါပြီ အခု လိုက်ကူညီတာ ကျေးဇူးတင်ပါတယ် မျာ'

ဦးမြပြန်ထွက်သွားသောအခါ ရဲကြပ်ကြီး စဉ်းစားခန်း ဝင်နေသည်။ ခဏအကြာ ရဲတပ်သား တယောက် ဝင်လာသည်။

'ဆရာ'

'ဟေ့၊ ဘာထူးလဲကွ'

'အခင်းဖြစ်တဲ့နေရာနဲ့ ကိုက် (၅၀) လောက်မှာ ခရာပင်ကို ငြိပြီးကျန်ခဲ့တဲ့ ပုဆိုးအစပိုင်းလေး တခုရယ်၊ ကိုက်(၁၀၀)လောက် သောင်ပြင်မှာ ဆေးလိပ်တိုတတို ရယ်တွေ့ခဲ့ပါတယ်'

'အေးဟုတ်ပြီ၊ ထားခဲ့၊ဆက် ပြီးရှာကြဦး'

ရဲကြပ်ကြီး စဉ်းစားသည်။ ဆေးလိပ်၏ တံဆိပ်မှာ ဤနယ်တွင် လူတိုင်း သောက်ကြသည့် စကြာ ဆေးပေါ့လိပ် ဖြစ်သည်၊ ပုဆိုးစလေး သည်သာ သဲလွန်စ ဖြစ်ပေမည်။

'ကဲဟေ့ – တယောက် လာစမ်း၊ ရွာထဲကလူကြီးသုံးယောက်နဲ့ မိန်းမသုံးယောက်ခေါ်သွား ခေါ်ခဲ့စမ်း'

'ဟုတ်ကဲ့ဆရာ'

ရဲသားတယောက် ထွက်သွားသောအခါ ရဲကြပ်ကြီးသည် ထမင်းစားယင်း အမှုအတွက်စဉ်းစားနေမိပြန်သည်။

(၃)

'ဆရာ – ဆရာ ခေါ်ခိုင်းတဲ့ လူတွေရောက်ပါပြီ သူကြီးလည်း ပါပါတယ်'

'အေးထိုင်ခိုင်းကွာ'

သူကြီးနှင့်အတူ ရွာသားနှစ်ယောက် နှင့် မိန်းမ ကြီး သုံးယောက်သည် ခုံတန်း ရှည်တွင် ထိုင်လိုက်ကြသည်၊ ရဲကြပ်ကြီးက အံဆွဲအတွင်းမှ ပုဆိုးစကိုထုတ်၍

'ဒီပုဆိုးကို ခင်ဗျားတို့ ရွာထဲမှာ ဘယ်သူဝတ်တာ မြင်သလဲ'

ထိုင်နေကြသူများက ပုဆိုးစကိုကြည့်ပြီး စဉ်းစားနေကြသည်၊ မိန်းမဝဝကြီးတယောက်က

'ဒီ–ဒီပုဆိုး ကွက် မျိုး ဝတ်တာရွာမှာ နှစ်ယောက်ရှိတယ်ရှင့်'

'ဘယ်သူတွေလဲ'

'သေသွားတဲ့ လှအေးဒိန်းမရဲ့မောင် လှအေးယောက်ဖ ကျော်မြရယ်-ရွာက ကာလသားခေါင်း ဖိုးအောင်ရယ် နှစ်ယောက် ဝတ်ပါတယ်၊ ကျွန်မကိုယ်တိုင်မအူပင်သွားတုန်းက ဝယ်လာပြီး ပြန်ရောင်းတာပါ၊ ကျွန်မက အထည်ကုန်ကူးပါတယ်၊ အဲဒီ အခေါက်က ပုဆိုးတော်တော်များများ ပြန်ရောင်းပါတယ်၊ အဆင် လှလှဆိုလို့ အဲဒီ နှစ်ထည်ပဲ ပါလာတယ်ရှင့်၊ အရောင်တူ အကွက်တူလေးတွေပေါ့၊ အဲဒါ ကျော်မြရယ် ဖိုးအောင်ရယ် တယောက်တထည်ဝယ်သွားကြတာ''

'ဟုတ်ပြီ – ဟုတ်ပြီ – ကဲ– ဒီ ဆေးလိပ်တိုကို ကြည့်ပါဦး၊ဘယ်သူသောက်တာလဲ''

'တရွာလုံး စကြာပဲ သောက်ကြတာပါ၊ ဒါတော့ ပြောလို့မရဘူး'

'ကျော်မြနဲ့ ဖိုးအောင်ရော သောက်တတ်လား'

'အဲ အဲ ဖိုးအောင်က ဆေးလိပ် မသောက်ဘူး ကွမ်းပဲစားတယ်၊ ကျော်မြကတော့သောက်တတ်တယ်'

'ကဲ ဒီလောက်ဆိုယင် ကျွန်တော်မေးစရာ ပြည့်စုံပါပြီ၊ အားလုံးပြန်နိုင်ပါပြီ ခင်ဗျား'

အားလုံး ထပြန် သွားသောအခါ ရဲကြပ်ကြီး လက်ဖျောက်တချက်တီးလိုက်ပြီး

'ဟုတ်ပြီ ဟုတ်ပြီ ကဲ စခန်းကသုံးယောက် ကပ္ပလီကုန်း ရွာက ကျော်မြကို သွားခေါ်ခဲ့ကြ၊ မလိုက်ယင် လက်ထိပ်ခပ်ခေါ်ခဲ့'

'ဟုတ်ကဲ့ဆရာ'

ရဲကြပ်ကြီးသည် အမှုတွဲပေါ်တွင် မှတ်ချက်များ ရေးယင်းစောင့် နေသည်။ မကြာပါချေ၊ ရဲတပ်သား သုံးယောက်နှင့်အတူ ကျော်မြ ပါလာသည်၊ မျက်နှာမှာ စိုးရွံ့ ထိတ်လန့်မှုများ တွေ့ရသည်။

'ကဲ ကျော်မြထိုင်ကွာ'

ကျော်မြကုလားထိုင်တွင် ထိုင်လိုက်ချိန်တွင် ပုဆိုးစနှင့် ဆေးလိပ်တိုအား ရဲကြပ်ကြီးက ကျော်မြရှေ့နား တိုးပေးယင်း

'ကဲ ကျော်မြ မင်းဘာပြောချင်သလဲ'

'ဗျာ'

'ကျုပ် ဘာမှမသိဘူးဗျ'

'ဟဲ ဟဲ မညာ ပါနဲ့ကွာ ယောက်ျားပဲ လုပ်ရဲယင် ခံရဲရမှာပေါ့၊ အဖြစ်မှန်ပြောပါကွာ'



'ကျုပ် မသတ်ပါဘူး ရဲကြီး ရယ်'

ရဲကြပ်ကြီးက ပြုံးပြီး စူးစိုက်ကြည့်လိုက်သည်၊ ဆေးပြင်းလိပ်တချက်ဖွာရှိုက်ပြီး၊

'အခင်းဖြစ်တဲ့ညက လှခအေးဟာ သေခါနီးမှာ အော်သွားတယ်၊ ဘာတဲ့ အဲ 'ငါ့ကိုမညှင်းဆဲနဲ့ သတ်ပစ်ကြ၊ အခုသတ်၊ အခုသတ်၊ မင်းနှမ မုဆိုးမဖြစ်အောင် သတ်ကွ'လို့ အော်တဲ့အသံရယ်၊ ခရာပင်မှာ ငြိခဲ့တဲ့ ဟောဒီပုဆိုးစရယ်၊ ဒီဆေးလိပ်ရယ် မင်းရဲ့ မျက်လုံးတွေရယ်က သက်သေ ခံနေပြီကွ၊ ကဲ ဘာပြောဦးမလဲ၊ မင်းနှမ မုဆိုးမဖြစ်အောင် သတ်ကွဆိုတဲ့ စကားဟာ အရေး အကြီးဆုံးပဲ၊ သေသွားတဲ့ လှခအေးဟာမင်းယောက်ဖနော်'

'ဟုတ် ဟုတ်ပါတယ်'

'ပြီးတော့ အင်းလေလဲ့ဆွဲကြတော့ လှခအေး အင်းလေလရသွားတာကို မင်းလဲ မကျေနပ်ဘူး။ မကျေနပ်လို့ မင်းသတ်တာအမိကပဲ ပြီးတော့ ငါသိရသလောက် မင်းအစ်မ လှခအေးကို ယူတော့ လှခအေးက အလုပ်ကြီးစားတော့ မင်းမိဘတွေက သားမက်ကို ဦးစား ပေးပြီး ယောင်ခြောက်ဆယ်လုပ်တဲ့ မင်းကို နှိမ်တာတွေ မင်းမကျေနပ်ဘူးမဟုတ်လား၊ အဲ ပြီးတော့'

'ဟီး ဟီး ကျုပ် ကျုပ်'

ရဲကြပ်ကြီး စကား မဆုံးခင် ကျော်မြခအော်ဟစ်၍ ငိုနေသည်။ စကားသံတွေက ငိုသံနှင့် ရောနေ၍ ရှင်းရှင်းလင်းလင်း မကြားရပေ။

ရဲကြပ်ကြီးကတော့ပြုံးလျက်၊

'ဦး စံ ကို လွှတ် လိုက် တော့ ဟေ့'

(၄)

'အို ငါးကြင်းတွေဆန် +ငါးတနီတွေသောင်ချေဦးမှာလှ++ကိုတံငါလှေယာဉ်စီးပါလို့++ပိုက်ကြီးကို ရေချလို့+++ အဲဒါ ++ညီလေးတို့ တောရဲ့သဘာဝပါ+ချိန်နေရီ ခါဘော်ပြောင်းမှာ++ဒေါင်းဖန်ဝါ၊ ဝေါ် ယာ ကျွန်းယွန်းခေါ့တခါ+++သာသာ ယာ ယာ ရေခပ်လမ်းတလျှောက်++'

ဘားမနီ အင်းရိုးချောင်းထဲမှ ဦးလေးစံ၏ တေးသံသည် ရွာ


တွင်းသို့ ပျံ့လွင့်လာသည်။ ဤတေးသံသည် ဦးလေးစံ၏ လှေဝမ်းထဲတွင် ငါးများပါလာသော သတင်းပေတည်း။

ရွာလည်မှ ရွာထိပ် ဥယျာဉ်များဆီသို့ ပြေးသွားသော ဗိုးတုးနှင့် ကလေးတသိုက်၏ အော်ဟစ်ဆူပူသံသည် ကပ္ပလီကုန်းရွာထဲတွင် ပဲ့တင်ရိုက်ဟီး နေပေသည်။

တမလွန်မှ ဦးလှအေးသို့

မောင်မောင်နိုင်ဦး

☆ ☆ ☆



လက်ဗွေ

ရာဇဝင်လူဆိုးအချို့သည်၊ ၎င်းတို့၏ လက်ဗွေများကို ပျောက်ပျက်စေရန်အလို့ငှါ၊ ရေနွေးပူဖြင့်လည်းကောင်း၊ မီးဖြင့်လည်းကောင်း၊ အဆိတ်ဖြင့်လည်းကောင်း၊ ဒါးဖြင့်ခွဲစိတ်၍လည်းကောင်း၊ ပျက်အောင်ကြိုးစားခဲ့ကြသည်။ သို့သော် အနာကျက်၍ အရေခွံသစ် ဖြစ်ပေါ်လာသည့်အခါ၊ လက်ဗွေရာများမှာ ယခင်အတိုင်း၊ ပြန်ပေါ်လာခဲ့ကြောင်း လေ့လာတွေ့ရှိရပေသည်။



# ငါးဆိပ်မြင်ငါးကောင်ပစ်လေသလား

ကျော်ထက်ထွန်း

လျှို့ဝှက် သည်းဖို ဝတ္ထုများ ရေးသူဒီဒီ ဖြစ်ရိုးဖြစ်စဉ် လူသတ်မှုများတွင် အခြေခံကျသောပုံသေနည်းများမှာ အတူတူချည်း ဟုပင် သိနားလည်ခဲ့ရသည်။ သည်အတိုင်းပင်မှတ်ယူခဲ့သည်။

အသတ်ခံရ သူများ သနားစရာကောင်းသူအဖြစ် သရုပ်ဖော်ပြသည်ချည်း။ ရက်ရက် စက်စက် အသတ် ခံရခြင်းကြောင့် ချစ်သူ ခင်သူများက ဝမ်းနည်း ကြေကွဲဖွယ်ရာ ဖြစ်ရပ်အဖြစ် ဖော်ပြတတ်ကြသည်။

တဖန်-

လူသတ်တရားခံက လူသတ်မှုကျူးလွန်ရာတွင် မိမိ ကိုယ်ကျိုးအတွက် တခုခုကို ရယူလို၍ လူသတ်မှု ကျူးလွန်ခြင်းဖြစ်သည်ဟု ဖော်ပြတတ်ကြစမြဲ။ ငွေကြေးကို ရယူလို၍ အရှိန်အဝါနှင့်အာဏာကိုရယူလို၍၊ မိန်းမကိုယူလို၍၊သို့မဟုတ် ဂလဲ့စား ချေလို၍ လူသတ်မှုကျူး လွန်ခြင်းဖြစ်ကြောင်း ဖော်ပြစေခြင်း။

မည်သို့ပင်ဖြစ်စေ-

လူသတ်မှု ကျူးလွန် ရာတွင် သက်သေခံ အထောက် အထားများရှိတတ်စမြဲပင်။

မျက်မြင်သက်သေရှိ မှမဟုတ်၊

အရပ်ရပ် အခြေအနေ သက်သေခံ အထောက် အထားများရှိပြီး အကယ်၍ ယင်းသက်သေခံအထောက် အထားများကို စနစ်တကျစုစည်းခဲ့လျှင်လည်း တရားဥပဒေ စိုးမိုးရေးအတွက် အကျိုးရှိရှိအသုံးချနိုင်သည်။

သည်သို့သော လူသတ်မှုများကို စုံစမ်းစစ်ဆေးဖို့ တာဝန်ယူရသူစုံထောက်များက သက်သေခံ အထောက် အထား များ ကို ကောင်း စွာ သိရှိ နား လည် သဘောပေါက်ဖို့ အထူး လိုအပ်လှသည်။

သာမန်အားဖြင့် ကြည့် လျှင် ပုံသေနည်း များကို အခြေပြု၍ စိတ်ကူးယဉ်ဝတ္ထုရေးရလျှင်လွယ်မယောင်ယောင် တင်ရသည်၊

စင်စစ်-

ဝတ္ထု ရေး ရာ၌ ပင် လွယ်မယောင်ယောင်နှင့် ခက်ခဲတတ်သည်။ စိတ်ကူးမဟုတ် တကယ့်ဖြစ်ရပ်မှန် ဆိုလျှင်မူ ပို၍ခက်ခဲတတ်သည်။

ကြည့်လေ-

အချိန်မှာ ၁၉၃၄ ခုနှစ် နွေရာသီကာလတွင်ဖြစ်သည်။

နေရာအမေရိကပြည်ထောင်စုပင်ဆယ်လ်ဗေးနီးယား ပြည်နယ် ဝေးလ်ဘားမြို့အနီးရှိ 'ဟာဗေးကန်' အရပ်။

သည်ဖြစ်ရပ်၏အစနိဒါန်းတွင် ကလေးတစု လောင်းလှေပေါင်း တစင်းနှင့် ကန်စပ်တွင် အပျော်ကျူးနေကြသည်။

ကန်ထဲမှ ရုတ်တရက်ပေါ်လာသော လူသေ အလောင်း ကို ကလေးတစုရုတ်တရက်တွေ့လိုက်ရ စဉ် က လေ ာ င်၊ လှေ မှာ အလောင်းပေါ်တည့်တည့်တွင် ရှိနေသည်။

လူသေ လောင်းမှာ အမျိုးသမီးအလောင်းဖြစ်သည်။ရေကူးဝတ်စုံကို သပ်သပ်ယပ်ယပ် ဝတ်လို့၊ ခေါင်းတွင် ရေ ကူး ရာ၌ဆောင်းလေ့ ရှိသော ဦးထုပ်ကို ဆောင်းလို့။

လောင်းလှေ ဝယ်မှာ လှိုင်းကြက်များပေါ်တွင် လူးလူး လွန့်လွန့်နှင့်-

ထိုအရာမှလွဲလို့ ပတ်ဝန်းကျင်တခုလုံး တိတ်ဆိတ်ငြိမ်သက်လို့ရှိသည်။ ကြောက်စရာ ကောင်းလောက်အောင် ငြိမ်သက်လို့ ရှိနေသည်။

က လေး များ တွေ့ ရှိ သော အမျိုး သမီး အ လောင်း ကို အသက်ကယ် အဖွဲ့မှ အမြန်ဆုံးဆယ်ယူခဲ့သည်။

ဒေါက်တာဝမ်နာနှင့် ဒေါက်တာ ဟယ် ရီ ဘ ရောင်း တို့က

အလောင်းကို ခွဲစိတ်စစ်ဆေးပြီး စိတ်ပျက်လက်ပျက်ဟန်အမူအရာဖြင့် ခေါင်းကို တွင်တွင်ခါလို့ရှိသည်။

သေသူ အမျိုး သမီး၏ ဦးခေါင်းတွင် ဒဏ်ရာများ ရှိနေသည်ကို၊ ဒဏ်ရာများမှာ ပြင်းထန်စွာအရိုက်ခံရသော ဒဏ်ရာများဖြစ်သည်ဟုဆိုသည်။ ကေန္တသံတုတ် ကဲ့သို့သော တုတ်ဖြင့် အရိုက်သတ်ခံခြင်း ဖြစ်တန်ရာသည်။

ပြီး သေသူ မိန်းကလေးတွင် ကိုယ်ဝန်နှင့်

ထို့ကြောင့် မိန်းကလေးမှာ ရေနစ်၍ သေခြင်းမဟုတ် အသတ်ခံရ၍ သေခြင်းဖြစ်မည်မှာသေချာသည်။

သည့် လူသတ်မှုကို မြို့နယ်စုံထောက်ကြီး ရစ်ချက်ပိုဝဲလ်က တာဝန်ယူ စုံစမ်းရသည်။ ပိုဝဲလ်သည် ပြည်နယ် တခွင်လုံးတွင် အားကိုး အား ထား ရသော စုံထောက် အကျော်အမော်များတွင်တဦးဖြစ်သည်။

သို့သော်

သည်လူသတ်မှုကို စတင်ကိုင်တွယ်ရချိန်မှာပင် သေသူ မိန်းကလေးမှာ မည်သူမည်ဝါမှန်းတိတိပပမသိရ၍ ပိုဝဲလ်မှာ အခက်ကြုံရပြန်သည်။

နေ့ရာသီအချိန် ကန် တဝိုက်တွင် နေထိုင်ကြသူများအား မိန်းကလေးအလောင်းကို ပြ၍ မေးမြန်းစုံစမ်းသော်လည်း အချည်းနှီးပင်၊ အားလုံးက ခေါင်းကို တွင်တွင်ခါရမ်း၍ မသိရကြောင်း ဖြေကြသည်။

မကြာပါ။

ဖရီးဒါမက်ကချက်ဆိုသူမိန်းကလေး တဦး ပျောက် ဆုံး နေကြောင်းပိုဝဲလ်ကနားစွန်နားဖျားကြားလိုက် ရသည်။ ဖရီးဒါ တို့မိသားစုမှာ ဝေးလ်ဘားမြို့ ဆင်ခြေဖုံး အက်ဒွပ်ဗီးလ် အရပ်တွင် နေထိုင်ကြောင်းကို စုံစမ်းသိရှိရသည်။

ပိုဝဲလ်က ဖရီးဒါ၏ မိဘများရှိရာသို့အရောက်သွားသည်။ သေသူ မိန်းကလေး၏ ပုံပန်းသဏ္ဌာန်ကို ပြောပြသည်။ ပျောက်ဆုံးနေသော သမီး ပုံပန်း သဏ္ဌာန်နှင့် အသေးစိတ် ထပ်တူထပ်မျှ တူနေသည်ကို သိရသောအခါ မိဘနှစ်ပါးမှာ တုန်လှုပ်မိကြသည်။ အစပထမတွင် ခြေမကိုင်မိလက်မကိုင်မိနှင့်....။

သို့သော်....

သေသူမိန်းကလေးတွင် ကိုယ်ဝန် ရှိနေသည့် အချက်ကြောင့် သမီး ဖရီးဒါမှ ဟုတ်မှ ဟုတ်ပါလေစဟု ထင်မိပြန်သည်။ မိမိတို့ သမီးတွင် ကိုယ်ဝန် ရှိမရှိ မသိကြောင်း ရိုးရိုးသားသား ထုတ်ဖော်ပြောကြသည်။

သမီး ဖရီးဒါက ဆေးခန်းမှ ကောင်ကလေး 'တော်မီအပ်စ္စပ်' နှင့် အတူ လိုက်ပါ သွားပြီး ကတောက်ကဆ ဖြစ်ကာ လမ်းတွင် ဆင်းကျန်ရစ်နေခဲ့သည် ဟုသာ သိရကြောင်း ပြောပြကြသည်။

ကောင် က လေး က အိမ်ကို ပြန်ရောက်ခဲ့သည်။ ဖရီးဒါ က မူ ထူး ထူး ဆန်း ဆန်း ပျောက်နေသည်။

ဆေးခန်းကကောင်ကလေးနဲ့တဲ့၊ ကောင်ကလေးကလည်း မွန်မွန်ရည်ရည်ရှိသည့် လူချောလူလှကလေးတဦးလည်းမှန်သည်၊

ဖရီးဒါ မိဘ များနှင့် အိမ်နီးနားချင်းအဖြစ် နေခဲ့ကြသည်မှာလည်း နှစ်ပရိစ္ဆေဒ ကြာပြီ။ နှစ်အိမ် တအိမ်ဖြစ်နေကြလေပြီ။ မိဘများက ဖရီးဒါကို တော်မီနှင့် အတူ သွားသွားလာလာ ရှိနေကြသည်ကို စိတ်ချကြသည်။

သည်စဉ်အခိုက်-

သေသူ မိန်းကလေး ကျန်ရစ်ခဲ့သော အ ဝတ် အစား များကို ကန်နဘေးတနေရာတွင် တွေ့ရှိပြီးဟူသော သတင်းကို စုံထောက်ပိုဝဲလ်ရှိရာသို့ ပေးပို့လာသည်။ သည် သတင်းကို ကြား သိလျှင်ကြားသိချင်း ပိုဝဲလ်က ဖရီးဒါ၏ မိဘများနှင့် စုံစမ်း မေးမြန်းနေသည်ကိုအမြန်ဆုံးစကားဖြတ်ကာ အဝတ်အစားများ တွေ့ရာ နေရာသို့ အပြေးအလွှား ထွက်လာခဲ့သည်။

သေသူမိန်းကလေး၏ အဝတ်အစားများကို ကန်နှင့် နှစ်ဖာလုံခန့် ဝေးသော နေရာတွင် တွေ့ရသည်။ ချုံပုတ်တခုကြဲမှတွေ့ရခြင်းဖြစ်သည်။ လက်လွှဲဘ်စပယ် ပစ်ခဲ့ဟန်ရှိသည်။

စုံ ထောက် ပိုဝဲလ် က မိန်းကလေး၏ အ ဝတ် အ စား များ တွေ့ရာ နေရာ အ နီး တဝိုက်ကို

စာမျက်နှာ (၁၂၂)သို့ ⓖ

# ရုပ်ပြောင်းတယ်

ရွှေမြင့်တင်မော်

အိုး....အိုး....မလုပ်ပါနဲ့
ဒေါ်ဒေါ်ရယ်၊ သူ့ဖါ
သာသူနေတာအကောင်း
ကြီးပါ၊ နှမြောစရာကြီး

'ဖျူး'

ကိုဒေါနသည် လေပူတချက် မှုတ်ထုတ်ကိုက်သည်။

သစ်ပင်ရိပ်တွင် မတ်တတ်ရပ်နေသော်လည်း ပူစပ်စပ် နေအရှိန်က ကိုဒေါန၏ မျက်နှာရိပ်ကို ရောင်ပြန်ဟပ်နေသည်။

စေးထန်းထန်း ချွေးစီးများကို လက်ဖြင့် သုတ်သင် လိုက်ယင်း ဝဲယာတဘက်တချက်ဆီသို့ မသိမသာ အကဲခတ် ကြည့် လိုက်သည်။

'အဆင် ပြေမှ ပြေပါ့မလား'



ပူပန်မှုစိတ်အစဉ်က အင်အားဖွံ့ဖြိုးဆွလာသောအခါ ကိုဒေါနမှာ ပို၍ပင် မောဟိုက်ပင်ပန်းလာရချေသည်။

စောင့်ကြို ရခြင်းအလုပ်၊ မျှော်လင့်ရခြင်းအလုပ်သည် လွန်စွာမှ စိတ်ပင်ပန်း၊ လူပင်ပန်းစေသော အလုပ်တခုဖြစ်ကြောင်း ကိုဒေါန မသိမဟုတ် သိပါသည်။

ယခင်ကများဆိုလျှင် သည်ပင်ပန်းမှု ကိုပင် အလုပ် တခုလို သဘောထ[illegible]သူ့ပဲ စိတ်ရှည်[illegible]င်း ငံ့[illegible]သည်။



သည် ကနေ့တော့ သည်လို မဟုတ်ပြီ-

ကုန်လွန်ခဲ့သော နှစ်များကဆိုလျှင် ကိုဒေါနသည်လူပျိုလူလွတ် ပူပင်ကြောင့်ကြစရာဆို၍ ချိနှင့်လားဟုပင် မေးရလောက်အောင် ပျော်ရွှင် မှုများ သိပ်သည်း ခဲ့ရသည်။

အလုပ် ဆိုလျှင်လည်း လုပ်လိုက်လျှင် လွဲသည်ဟူ၍မရှိ ကြိုးတိုင်း အောင်၍၊ ဆောင် တိုင်း မြောက်နေတော့သည်။ တင်စား၍ပြောရလျှင် ကုန်လွန်ခဲ့သောနှစ်ရက်များသည် ကိုဒေါန အတွက် ရက်ရာဇာများအတိဖြည့်ခဲ့သည်၊

ယခင်တွင်မူ သည်သို့မဟုတ်ပြီ ရက်ရာဇာများမှ ကျော်လွန်၍သူ့ဘဝအတွက် ပြဿဒါး နေ့များဆိုက်သောအချိန်အခါပင်တည်း၊

လုပ်ငန်းများလည်းသိပ်မတွင်ကျယ်တော့ပေ-

လူတွေလည်းအမြင်ကျယ်လာကြပြီ-

သည်ကြားထဲ ဖူးစာရေစက်ဂဟေဆက်၍ မအေးခိုင် ဆိုသည့် အမျိုးသမီးနှင့် အိမ်ထောင် ကျခဲ့သည်။

မအေးခိုင်ဆိုသည့် အမျိုးသမီးကလည်း နာမည်နှင့်လိုက်အောင်ပင် အေးဆေး တည်ငြိမ်၍ လင်သားအပေါ် ခိုင်မြဲသည့် မေတ္တာစစ်ဖြင့် ချစ်မည့် ဇနီးကောင်းပီသသည့် အမျိုးသမီးပါပေ။

ကိုဒေါန တကိုယ်တည်းဘဝမှာ ပူပင် ကြောင့်ကြစရာ မရှိခဲ့သော်လည်း အိမ်ထောင် ရက်သားကျပြီးဆိုတော့ တာဝန်တခုပိုလာသည်။

သည် တော့ အလုပ်ကို ခါတိုင်းထက် ပိုကြိုးစားသည်၊

ကိုဒေါနသည် ပါရမီကပင်ပါလာသလော၊ နဂိုရ်ဗီဇကပင် ပါလာသလောမသိ၊ အလုပ်တခုကို ပင်ပင် ပန်းပန်း လုပ်ကိုင် မစားသောက်လို၊ ဘဝတလျှောက်လုံး လွယ်လွယ်ရ လွယ်လွယ်သုံး ဖြင့်သာ ကျင်လည်လိုသည်။

သူ့ဗဟိဒ္ဓ^ဝကလည်း အသားဖြူဖြူ၊ ခွံ့ခွံ့ နှောင်းနှောင်းနှင့် အေးဆေးသိမ်မွေ့လှသည်၊ စကားပြောလည်းချိုသာသည်။

တဘက်လူ နား ဝင် အောင်စိတ်ဝင်စားဖွယ် တင်စား ဖွဲ့နွဲ့၍ ဝီယဝါစာကို အာဂုံဆောင်၍ မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြားသနားပါစေ ဆိုသည့်ဆုဖြင့် တကယ့်ကို ပြည့်စုံ ပါပေသည်။

ကိုဒေါန၏ဇနီး မအေးခိုင်မှာမူ သည်နှယ်မဟုတ်၊ အသုံးအစွဲကျစ်လစ်သည် အသုံးနှင့် အဖြန်းကို ခွဲခြမ်းစိပ်ဖြာ တတ်သည်၊

အလဟဿ ကုန်မည့် ငွေကို လွှန်စွာနှမြောတတ်သည်၊ ရသမျှကိုလည်း စုဆောင်း တတ်သည်။

အလုပ်ဘက်တွင်လည်း ဇီဇာမကြောင် ခေါင်းမပါ တောင် ရှက်၍ လမ်းတကာလည် ရောင်းသည်။

မအေးခိုင်၏အမြဲတန်းအလုပ်မှာ ကီလီဈေးမှ ဟင်းသီး ဟင်းရွက်များကို ဖောက်သည် ယူ၍ တဆင့်ပြန်ရောင်းခြင်း ဖြစ်သည်။

အလုပ် အပေါ် ဝီရိယ ကဲ၍ အလေး ထားသောကြောင့် လင်ကိုယ်မယား နှစ်ယောက် အတွက် စားရေး၊ သောက်ရေးမှာ စိုစိုပြေပြေရှိသည်။

ဤ လွန်ခဲ့သောလကမှ မအေးခိုင်မှာ ကျန်းမာရေး ချို့တဲ့၍ ဖြူခြာလာသည်။ အလုပ်ကို မှန်မှန် မထွက်နိုင်-

ကိုယ်ဝန်က ခြောက်လ-

အိပ်ရေး ပျက်သည့် ညတွေ မရေမတွက်နိုင်-

ပင်ပန်းမှုများကပါ ဆင့်ပွားလိုက်ပြန်တော့၊ သံဖြင့် ထုလုပ်ထားသော အရာ မဟုတ် သည့် မအေးခိုင်ခမျာ အိပ်ရာထက် မှေးလျက်ကွေးစက်နေချေပြီ။

ထိုအခါ ကိုဒေါနတယောက်ဗျာများနေရပြီ-

လူနာက တဘက်၊ စားရေး သောက်ရေးတသွယ်၊ အလုပ်က မယ်မယ်ရရမရှိ၍ ရင်ထိအောင် မြောင်းဆန်၍ ပူပင်နေရချေတော့သည်။

ယခုတော့ ကိုဒေါန အလုပ်စ လုပ်ရပေတော့မည်။

သည်အလုပ်ကို မလုပ်ခဲ့သည်မှာ တနှစ်နီးပါး ရှိခဲ့ပေပြီ၊

မ အေး ခိုင် နှင့် ညား ပြီး ကတည်းက ဆိုလျှင်လည်း မှားမည် မဟုတ်ပေ၊ မအေးခိုင်သည် ကိုဒေါနနှင့် ညားပြီးသည့်နောက် မိဘများထံမှ ငွေ နှစ်ထောင်နှင့် တစ်ကျပ်သား ရွှေဆွဲကြိုး (ယိုးဒယားဘတ်ကြိုး) တကုံး အမွေ ရလိုက်သည်။

ထိုငွေ နှစ်ထောင်ဖြင့် မအေးခိုင်က အရင်းအနှီးပြုကာ လုပ်

ကိုင်စားသောက်ခဲ့သည်၊ ရွှေဆွဲကြိုးကိုမူ မိဘအမွေမို့ ထုတ်မရောင်းရက်၊ ငွေရေး ကြေးရေး ကြပ်တည်း လာသည့် အခါတိုင်း ကိုဒေါနက ပေါင်နှံရန်မကြာခဏ တောင်းဖူးသည်။

မအေးခိုင်က တခါတရံ မသိကျွမ်းကျင်နေလိုက်သည်။ တခါတရံလည်း တခြား နည်းလမ်းဖြင့် အခက်အခဲကို ဖြေရှင်းရန် ပြောဆိုလိုက်တတ်သည်။ သို့ကြောင့် ရွှေဆွဲကြိုးလေးမှာ မအေးခိုင် နှင့် မခွဲပဲရေစက် ဆုံနေမြဲ ဖြစ်သည်။

'အစ်ကို မခိုင့်ရောဂါက ဆေးရုံတက်တော့မှ ဖြစ်တော့မယ်နဲ့ တူပါတယ်'

တခါမျှ မငြီးငြူခဲ့ဖူးသော ချစ်ဇနီး မအေးခိုင်၏ စကားကြောင့် ကိုဒေါနခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်သွားသည်။

မအေးခိုင်ကို ကြည့်လိုက်ပြန်တော့လည်း တနေ့ထက်တနေ့ သက်သာလာသည် ဟူ၍မရှိပဲ တနေ့တခြား အသားအရည် ဖြော့တော့ကာ ပိန်ချုံးချိနဲ့၍ လာတော့သည်။

ပထမတွင်မူ လက်လှမ်းမှီရာ ဆေးဝါးများဖြင့် တိုက်ကျွေး ကြည့်ပါသေးသည်။

သို့သော် ကြာကြာနေမှနာတာရှည်ဖြစ်လာခဲ့သမို့ မအေးခိုင် ဆန္ဒအတိုင်း ဆေးရုံတင်ရန် ကိုဒေါန စိတ်ကူးလိုက်ပါတော့သည်။

ဆေးရုံတင်ရန် ဆိုသည်မှာလည်း အပြောသာလွယ်သည်၊ တကယ့်လက်တွေ့မှာမူ သိပ်မလွယ်လှ၊ ဆေးရုံမှာလည်းဆေးဝါးပြည့်စုံသည် မဟုတ်သမို့ ကိုယ့်အိတ်ထဲမှ ဆေးဖိုးဝါးခ ကုန်ကျရဦးမည်၊ သည်ကြားထဲ သွားရေးလာရေးနှင့် ဆေးဝါး ဓာတ်စာအတွက်လည်း အသပြာ တလိုသေးသည်။

ကိုဒေါနလက်ထဲတွင် ဘာတခုမျှပြည့်ပြည့်စုံစုံမရှိ။

သည်တော့၊ နောက်ကျိနေအောင် ခေါင်းထဲအကြံထုတ်ရသည်။

နောက်ဆုံး သန္နိဋ္ဌာန်တခုချလိုက်သည်။

သူလုပ်နေကျ အလုပ်ကိုဆက်၍လုပ်မည်။

မပြောမဖြစ်၍ပြောရဦးမည်။

ကိုဒေါနလုပ်နေကျ အလုပ်ဆိုသည်ကား နှယ်နှယ်ရရမဟုတ်၊ ငွေရင်းအနည်းငယ်နှင့် ဝါယမနည်းနည်း စိုက်ထုတ်လိုက်ရုံမျှနှင့် ရာဆိုလည်းဟုတ်၊ ထောင်ဆိုလည်းဟုတ်ရနိုင်သည့် ဈေးမအလုပ်ကြီးဖြစ်သည်။

၎င်းတို့နယ်ပယ် အခေါ်အားဖြင့် 'ရောင်ပြ' ဟု ခေါ်သည်၊ ရောင်ပြဆိုသည့် စကားကိုရှင်းရသော် လမ်းတွင်ရွှေထုပ်ချ၍ခရီးသွားခရီးလာများအား လိမ်ယူသော လှည့်စားနည်းအလုပ်တမျိုးဖြစ်သည်။

သည်အလုပ်ကို ကိုဒေါနရပ်ထားသည်မှာ ကြာပြီဖြစ်၍ အနည်းငယ်ရွံ့နေသည်။

ဂဠုန် ဘောရန်ကိုလည်း တဘက် ကြောက်ရသေးသည်မဟုတ်ပါလား။

ယခုတော့ မတတ်နိုင်ပြီ-။

ကိုယ့်ငမ်းပူဆာ မနေသာလို့ စလုပ်ရတော့မည်။

ထို့ကြောင့် အိတ်ကပ်ထဲတွင် ကျန်နေသော ငွေဆယ့်ငါးကျပ်ကိုယူ၍ ရွှေရည်စိမ်ဘတ်ကြိုး (တကျပ်သား ရွှေကြိုး) တကုံး ကိုပြေးဝယ်လိုက်လေသည်။

ရွှေရည်စိမ်ဘတ်ကြိုးကလည်း အလွန်ပင်သေသပ်လှ၏၊ အစစ်နှင့်ပင်ခွဲ၍ မရလောက်အောင် ကောင်းမွန်လှချေသည်။ ကိုဒေါနသည် အိပ်ရာထဲတွင်လဲနေသော မအေးခိုင်အား မနက်စာဆေးဝါးနှင့်ဆန်ပြုတ်တခွက် တိုက်ပြီးနောက် ရေမိုးချိုးအဝတ်အစားလဲကာ အလုပ်သွားရန်ပြင်ဆင်လိုက်သည်။

အိမ်မှထွက်ခါနီး အန္တရာယ်ကင်း၍ လာဘ်ရွှင်စေရန် ဘုရားဦးသုံးကြိမ်ချပြီး အိမ်မှထွက်လာခဲ့လေတော့သည်။

ဝ ဝ ဝ

'ဂဠုန်မလာပဲ၊ ငထုံ့တွေလာပါစေ--'

သည်အတိုင်းပင် ကိုဒေါနဆုတောင်းမိသည်။

အမဲကောင်ကို ရပ်စောင့်နေသည်မှာ ခြေသလုံးပင်တောင့်လာချေပြီ—။

ဈေးဦးကမပေါက်သေး—

ရွှေကြိုးကိုလမ်းမပေါ်တွင်ချလိုက် ပြန်ကောက်လိုက်နှင့် တယောက်တည်းအလုပ်ရှုပ်နေသည်။

'ဟော---'

ကိုဒေါန မျက်စိကျယ်သွားသည် ပီတိလည်းဖြစ်သွားမိသည်။

အဖွားကြီးတယောက်——

ငါးနှစ်အရွယ် ကလေးမလေး တယောက်ကိုလက်မှဆွဲ၍ သွက်သွက်ကလေး လျှောက်လာနေသည်။

ပူပြင်းသောနေကို အန်တုရ၍ ခေါက်ထီးတလက် ဆောင်းထားသည်၊

ကိုဒေါ်နသည် ကြိုဘင်ပြင်ဆင်ထားသော လုပ်ရပ်အတိုင်း အဖွားကြီးနောက်မှ မနီးမဝေးကပ်၍လျှောက်လာသည်။ ကံကောင်းချင်တော့---

ပတ်ဝန်းကျင်တဝိုက် လူသူရယ်ရှင်းလို့——။

အဖွားကြီးသည် ကိုဒေါ်နချထားခဲ့သော ပြောင်ပြောင်လက်လက်နှင့် လမ်းမပေါ်တွင်တွေ့နေရသော ရွှေကြိုးနားသို့ ရောက်သော်၊ ခြေလှမ်းတန့်၍ ခေတ္တမျှစိုက်ကြည့်နေမိသည်။ ပြီးနောက် လျှင်မြန်စွာကုန်းကောက်လိုက်မည်အပြုတွင်--

'ဟင်——'

'ဟာ——'

အာမေဋိတ်သံ နှစ်ခု တပြိုင်တည်း ထွက်ပေါ်လာ၏။

ကိုဒေါ်နမှာ အဖွားကြီးအား တွင် အဆင်သင့် ရပ်လျက် ရှိနေသည်။ အဖွားကြီးသည်ရွှေကြိုးကို ကောက် ယူ ပြီး ဆုပ် ကိုင် ထားလိုက်သည်။ ပြီးလျှင် ကိုဒေါ်နအား ကြောင်ကြည့်ကြည့်နေ၏။

ကိုဒေါ်နသည်သည်း အဖွားကြီးအား မမှိတ်မသုန် ကြည့်နေသည်။

'မင်း-မင်း....'

'ဟုတ်ကဲ့၊ ကျွန်တော်လည်း ကောက်တော့မလို့ပါပဲ'

ကိုဒေါ်နက ပါးစပ်မှ လွှတ်ကနဲ ပြောထုတ်သည်။

မ ဆိုင် ရန် ကော ဟူ သည့် အကြည့်မျိုးဖြင့် အ ဖွား ကြီး က ကိုဒေါ်နအား မသိ မသာ မျက်စောင်းခဲလိုက်သည်။

'ကျွန်တော်နဲ့ ဒေါ်ဒေါ်တပြိုင်တည်း အတူတူ တွေ့ကြတာပါ၊ ကျွန်တော် ကောက် မ လို့ ဟာ ဒေါ်ဒေါ့်ကို အားနာဘာနဲ့ ရပ်ပြီး နေလိုက်တာပါ'

သည်ဇာတ်ထုပ်မျိုးခင်းရသည်မှာ ရိုးနေပြီမို့ ကိုဒေါ်နအဖို့ သွက်လက်လွန်းနေသည်။

အဖွားကြီးသည် ရွှေကြိုးလေးကို လက်ထဲတွင်ဆုပ်ကိုင်လိုက်ပြီး ဘေးဘက် ဝဲယာသို့ လှမ်းကြည့်လိုက်သည်။

လူရိပ်လူခြေရှင်းနေဆဲ၊

'မင်း ဘယ်လိုလုပ်ချင်လို့လဲ'

အဖွားကြီးက သွေးတိုးစမ်းသလိုဖြင့် လေသံ အနည်း ငယ် ထန်လိုက်သည်၊ ပြီးလျှင်လက်ထဲမှ ရွှေကြိုးကို မျက်စေ့နားသို့ကပ်ခါ အသေအချာ ကြည့်နေပြန်သည်။

အဖွားကြီးကို ငထုံဟု ထင်ခဲ့ရာမှ ယခုလို ငမွှန်ပါ ဖြစ်နေပြန်တော့ ကိုဒေါ်နအတွက်စားကြောပေါ့။

'ကျွန်တော့် သဘောကတော့ ရေမှာအဆုံး ကုန်းမှာတဝက် ဆိုသလို ကုန်း ပေါ် မှာ အ တူ တူ ကောက် ရ တော့ တ ယောက် တဝက် ယူကြယင်ကောင်းမလား လို့ပါ'

ကိုဒေါ်နက လမ်းကြောင်းဖွင့်ပေးလိုက်သည်။

အဖွားကြီးသည် အရွယ်နှင့် မလိုက်အောင်ပင် လျှင်မြန် ဖျတ်လတ်စွာဖြင့် ရွှေကြိုးကို တပိုင်းစီ ဖြတ်တောက်ရန် အားမာန်ပြုလိုက်သည်။

အိုး—အိုး.... ဒီလိုမလုပ်ပါနဲ့ ဒေါ်ဒေါ်ရယ်၊ နဂို ရှိရင်းစွဲလေး ပျက်စီးသွားမှာပေါ့'

ကိုဒေါ်နက အဖွားကြီး လက်ကို ကမန်းကတန်း လှမ်းဆွဲထားလိုက်သည်။

'ဒါဖြင့် ဘယ်လိုလုပ်မလဲ'

အဖွားကြီးက အ ကြံ ဉာဏ် တောင်းခံလာသည်။

'အဲဒီဆွဲကြိုးရဲ့တန်ဖိုးကိုဖြတ်ပြီး တယောက်တဝက်စီဝေယူကြတာပေါ့'

ကိုဒေါ်နက လျှင်မြန်စွာ ပြောလိုက်သည်။

'ဒီဆွဲကြိုးဟာ တစ်ကျပ်သားလောက်တော့ ရှိမယ်၊ အင်း.... ကာလပေါက်ဈေးနဲ့ဆိုယင် သုံးထောင်ပဲ'

အဖွားကြီးက သူ့ဖာသာ သူ ချိန်ဆ၍ တန်ဖိုး ဖြတ်လိုက်သည်။ အဖွားကြီးက ဈေးကိုလျှော့ပြောနေမှန်း ကိုဒေါ်န ရိပ်မိသည်။ သို့သော် မ သိ ကျွမ်းကျင် နေလိုက်သည်။

'ဒါ ဆို ယ င် တ ယောက် ထောင့်ငါးရာစီပေါ့နော်'

ကိုဒေါ်နက ဝမ်းသာ အားရ ပြောလိုက်သည်။

'အေး ဟုတ်တယ်၊မင်း ဒီ ဆွဲကြိုးကို လိုချင်ယင် ပေး ပိုက်ဆံ

ထောင့်ငါးရာ’

အဖွားကြီးက လက်ဖြန့် တောင်းလိုက်သည်။

‘ထောင့်ငါးရာ၊ ကျွန်တော့မှာ ဘယ်ရှိပါ့မလဲ ဒေါ်ဒေါ်ရယ်’

ကိုဒေါနကာ စိတ်ညစ်ဟန်ဖြင့် ခေါင်းကုတ်လိုက်သည်။

‘အေး၊ ငါ့မှာလည်း မင်းလိုပဲ တထောင့် ငါးရာတော့ မရှိဘူး။ ဒီတော့ အကောင်းဆုံးက တယောက် တပိုင်းစီ ခွဲယူတာ အကောင်းဆုံးပဲ’

အဖွားကြီးက ရွှေကြိုးကို ဆွဲဖြတ်ရန် ဒုတိယအကြိမ် ဟန်ပြင်လိုက်သည်။

‘အိုး-အိုး....မလုပ်ပါနဲ့ ဒေါ်ဒေါ်ရယ်၊ သူ့ဖာသာ သူနေတာ အကောင်းကြီးပါနေမြော်စရာကြီး’

ကိုဒေါနကာ ပြာပြာသလဲထပ်တောင်းပန်လိုက်သည်။

‘ကဲ-သူငယ်၊နေလည်းပူတယ် ဒီတော့ ဒီလိုလုပ်’

အဖွားကြီးက စကားမဆက်သေးပဲ ခေတ္တ စဉ်းစားနေလိုက်သည်။

‘ဘယ်လိုလုပ်ရမလဲဒေါ်ဒေါ်၊ ဒေါ်ဒေါ် သဘောကျသလို စီစဉ်ပါ၊ ကျွန်တော်တို့နှစ်ယောက် ကံကောင်းလို့ ကောက်ရကြတာ၊ ဒေါ်ဒေါ်ကလူကြီးဆိုတော့ ဒေါ်ဒေါ်ပဲ သင့်သလို သာ စီစဉ်ပါတော့’

ကိုဒေါနကာ အရိုးသားဆုံး အမူအရာဖြင့် ညင်ညင်သာသာ ပြောလာလေသည်။

‘ငါ့မှာငွေရှစ်ရာပါတယ်၊ မင်းကျေနပ်ယင်ပေါ့လေ၊အဲဒီ ငွေရှစ်ရာ - မင်းယူ၊ ပစ္စည်း ကိုတော့ ငါယူထားလိုက်မယ်’

အဖွားကြီး၏ ဆုံးဖြတ်ချက်ကာ မြန်ဆန်လွန်းလှသည်၊

ဒါတော့ နည်း နည်း နည်း မယ်ထင်တယ်ဒေါ်ဒေါ်’

‘အေး ငါပြောတယ် မဟုတ်လား၊ မင်းကျေနပ်မှ ယူလို့၊ ငါ့မှာတော့ ဒီငွေရှစ်ရာဟာအကုန်ပဲ၊ အမှန်မှာတော့ အတူတူ မြင်ကြပေမယ့် ငါက အရင်ကောက်တဲ့ လူမို့ ပိုင်ခြင်း ပိုင်ယင် ငါကသာ ပိုင်ရမှာပဲ၊ ငါ မင်းကို မပေးယင် မင်းဘာမှမတတ်နိုင်ပါဘူး၊ ငါက ဥပုသ်ယူပြီး ကျောင်းက ပြန်လာတာမို့ စိတ်ကောင်း စေတနာကောင်းနဲ့ မင်းကိုအတတ်နိုင်ဆုံး လိုက်လျောနေတာပါ’



အဖွားကြီးက ပြေရာပြေကြောင်း ပြောပြနေသည်။ အဖွားကြီး၏ လေသံက စေတနာသံ အပြည့်ပါနေ၏။

ထိုအခါ ကိုဒေါန[illegible] ခေတ္တမျှ စဉ်းစားဟန်ပြုနေလိုက်သည်။

‘ဒါဖြင့်ယင်လည်း ပြီးတာပါပဲ ဒေါ်ဒေါ်ရယ်၊ ကံတရားပေါ့’

ကိုဒေါနက စိတ်လျှော့သံလေးဖြင့် ပြောလိုက်သည်။

‘မဟုတ်ဘူးသေ၊ မင်းကျေနပ်ရဲ့လား၊ ကျေနပ်မှ ယူပါ၊ ဒေါ်ဒေါ်ကတော့ အဖြစ်နိုင်ဆုံးကို စဉ်းစားပြီး ဆုံးဖြတ်တာပါ’

အဖွားကြီးက ကိုဒေါန မျက်နှာကို ခပ်စေ့စေ့ကြည့်ခါ ပြောလာပြန်သည်။ ဆက်ပြောနေလျှင် စကားကြောရှည်ရှိသာထင့်။

သို့ကြောင့် ကိုဒေါနမှာ မောကြော မလိုက်ခင် ထောကြော ဆိုက်ရန် ဆုံးဖြတ်လိုက်သည်။

‘ကျေနပ်ပါတယ် ဒေါ်ဒေါ်ရယ်’

ကိုဒေါန၏ စကားအဆုံးတွင် အဖွားကြီးက ရှိုင်းကြား တွင် ညှပ်ထားသော ပိုက်ဆံအိတ်ထဲမှ ရာတန် ငါးချပ်နှင့် အစိတ်တန် လေးရွက်စီ ခေါက်ထားသော အခေါက်ကလေး သုံးခေါက်ကို ကိုဒေါန လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

‘ရှစ်ရာပြည့်တယ်မဟုတ်လား သူငယ်’

ပိုက်ဆံ ရေတွက်နေသော ကိုဒေါနအား အဖွားကြီးက မေးလိုက်သည်။

‘ဟုတ်ကဲ့၊ ပြည့် ပါ တယ် ဒေါ်ဒေါ်’

ကိုဒေါန စကားဆုံးသည်နှင့် တပြိုင်နက် အဖွားကြီးမှာ မြေးကလေးကို လက်မှဆွဲကာ သုတ်သုတ်ကလေး ထွက်ခွာသွားတော့သည်။

ထောပြီ....။

ထောပြီ....။

မောစရာဆိုလို့ ခွေးပင် မစိုလိုက်။

ဟန်ကျ လိုက်သည့် အလုပ်နှယ်....၊

ရွှေကြိုး အတု၊ အရင်း ပြု၍ ကြွယ်မှုတတ်ဆုံး၊ ငွေ ရှစ်ရာလုံး၊ အိတ်ထဲ ဖြုန်းကနဲ ဝင်လာသမို့ ကိုဒေါနမှာ ပီတိဖုံးကာ အချိန်မဖြုန်းတော့ပဲ မအေးခိုင် ဆေးရုံ

စာမျက်နှာ (၁၉၈) သို့

☆ အထူးမကြော်ငြာလိုပါ။
☆ ထောင်ဇာတ်ညွှန်းဆိုယင်' သူ့စိတ်အချုပ်ရုံးပါပဲ။
☆ ခုစာအုပ်က ရဲဘက်စခန်းကိုကိုယ်တိုင်ရောက်သွား ရသလိုခံစားရပါလိမ့်မယ်။
☆ ထူးထူးထွင်ထွင်ရေးတတ်တယ် သူ့ဟန်အတိုင်း

# ကျော်ဖြူသန်း

ကြိုးသမားနှင့်ကြမ္မာ

ကိုဖတ်ကြည့်ပါလို့

မေလထွက်ပါမည်

လွင်လွင်စာပေ

၅၄- ၁၂၃- လမ်း ကန်တော်ကလေးစာတိုက်။

ခွင့်ပြုချက် ၁၁၀

➡ စာမျက်နှာ (၁၁၁) မှ အဆက်

အချိန်ကြာသည်။ ဥပမာ—မီးသွေး၊ အစိုင်အခဲကြီး၌ အခိုးထွက်သော အရာဝတ္ထုများသည် ပေးသောအပူချိန် မလုံလောက်လျှင် မီးလောင်ရန် အချိန်ကြာမည်။ ၎င်းအရာများသည် သေးငယ်သော အစိုင်အခဲဖြစ်လျှင် ခဏတွင် လောင်နိုင်သည်။ ဥပမာ—မီးသွေးမှုန့်၊ အမျှင်များ၊ ထင်းပေါက်စများသည် အပူပေးသောအခါ အခိုးအငွေ့များထွက်လာပြီး အခိုးအငွေ့များမှ စတင်လောင်သည်။ မီးတောက်မီးလျှံသည်။ ၎င်းအခိုးများ မီးလောင်နေခြင်းဖြစ်သည်။ အခိုးအငွေ့အများအပြား ထွက်ပေါ်လာလျှင် မီးတောက်ကြီးသည် အရည်များသည်လည်း ၎င်းတို့မှ ထွက်သော အခိုးမှစ၍ မီးလောင်သည်။ ဥပမာ—ဓာတ်ဆီ၊ ၎င်းသည် ရိုးရိုးအပူချိန်တွင် အခိုးထွက်သည်။ ထို့ကြောင့် မီးလောင်လွယ်သည်။ ရေနံဆီသည် ရိုးရိုးအပူချိန်တွင် အခိုးအနည်းငယ်သာရှိ၍ မီးခြစ်နှင့်တွေ့လျှင် ချက်ချင်း မီးမလောင်သို့သော် မီးစာအမျှင်နှင့် ဆွတ်ထားလျှင် သာလောင်သည်။ အိုးထဲတွင် ဆီထည့်၍ အပူပေးလျှင် ကြာသောအခါ ဆီအခိုးအငွေ့များထွက်လာပြီး မီးလောင်တတ်သည်။

၂၀။ အရာဝတ္ထုမှထွက်လာသောအခိုးများသည် များသောအားဖြင့် မီးတောက်အနီးတွင်မရှိလျှင် လေနှင့်တွေ့သောအခါ အလိုအလျောက် မလောင်နိုင်။ သို့သော် တခုနှင့်တခုဓာတ်ပြုပြီးထွက်လာသော အခိုးအငွေ့အချို့သည် အပူချိန်ကျ၍ သော်လည်းကောင်း၊ သို့မဟုတ် မီးလောင်လွယ်၍ သော်လည်းကောင်း၊ လေနှင့် တွေ့လျှင် အလိုအလျောက် မီးထလောင်သည်။ ကောက်ရိုးများရေစို၍ ဓာတ်ပျက်ပြီးထွက်လာသောအခိုးအငွေ့သည် အပူလွန်ကဲ၍ လေနှင့် တွေ့သောအခါ မီးအလိုအလျောက်လောင်သည်။ ရေအိုင်၊ ရွှံ့အိုင်ထဲတွင်သစ်ရွက်ဆွေးများ သစ်ကိုင်းဆွေးများ ကျရောက်လျှင် ကြာသောအခါ ဓာတ်ငွေ့များ ရေထဲမှအပေါ်သို့ထွက်လာတတ်သည်။ ၎င်းဓာတ်ငွေ့များသည် လေနှင့်တွေ့လျှင် အလိုအလျောက်မီးထတောက်နိုင်သည်။

ထို့ကြောင့်ညဥ့်များတွင် ၎င်းမီးများကို မြင်ရသောအခါ စုန်းမီး တောက်သည်ဟု လူများကယူဆကြသည်။ ထိုအတူ သစ်ကိုင်းခွကြား များတွင် ရေတင်နေ၍ ငှက်များစားသော အစားအစာ အကြွင်း အကျန်များ ရှိနေလျှင် ညဥ့်အခါ သစ်ပင်ပေါ်မှ မီးလုံးကြီးများထွက် ပေါ်လာသည်ကို မြင်ရတတ်သည်။ အချို့ရေနံတွင်းမှ ထွက်သော အငွေ့များသည်လည်း အလိုအလျောက် မီးထလောင် တတ်သည်။ ၎င်းတို့ကို နဂါးငွေ့မီးဟု ခေါ်သည်။ အရိုးအဆွေးများ မှလည်း တခါတရံမီးထတောက်တတ်သည်။ နေအပူရှိန်ကြောင့် မီးလောင်မှု နည်းသည်၊ သို့သော် နေအပူရှိန်လွန်ကဲလျှင် အချို့သောအခြေအနေ တွင် မီးလောင်တတ်သည်။ ထို့ကြောင့်အမှုစစ်သူ မီးလောင်မှုများတွင် အထူးဂရုစိုက်ရသည်။

ကောက်ရိုးပုံတွင် အလိုအလျောက်မီးထလောင်ခြင်းတွင် အစို ဓာတ်ပါခြင်းသည် အရေးကြီးသောအချက်ဖြစ်သည်။ အချို့ကောက် ရိုးအတန်းအစားသည် အခြားအတန်းအစားများထက် မီးလောင်ရန် ခဲယဉ်းသည်ဟုထင်ကြသည်၊ သီးထပ်မှရသောကောက်ရိုးသည် ပထမ ရိတ်သောကောက်ရိုးထက် မီးလောင်ရန် သာ၍ခဲယဉ်းသည်။ ဤသို့ ထင်မြင်ခြင်းသည် အတော်အတန်မှန်နိုင်ဖွယ်ရှိသည်၊ သို့သော် နောက် ရိတ်သော စပါးကောက်ရိုးမှာ အခြောက်လွယ်၍ ဖြစ်နိုင်သည်။ မီး လောင်မှုအများတွင် တွေ့ရှိရသည်မှာ မည်သည့် ကောက်ရိုးမဆို လိုအပ်သောအစိုဓာတ်နှင့် သင့်လျော်သော အခြေအနေရှိလျှင်၊ မီး လောင်နိုင်သည် (ဥပမာ-ကောက်ရိုးပုံ၏အရွယ်အစား၊ တည်နေရာ) ဘေးအန္တရာယ်ကင်းသော အစိုဓာတ်သည်အများအားဖြင့် ၂၅ ရာ ခိုင်နှုန်းဖြစ်သည်။ ၎င်းထက်ပိုလျှင် မည်သည့်ကောက်ရိုးမဆို လောင် နိုင်သည်။

၂၁။ အများအားဖြင့် အခြေအနေ သင့်တော်လျှင် မီးလောင်ရန် အနည်းဆုံး ဆယ်ရက်မှ တစ်ဆယ့်လေးရက် အထိ လိုပေသည်။ ကောက်ရိုးပုံပြီး ငါးသီတင်းမှ ဆယ်သီတင်းအတွင်း မီးလောင်မှုများ ဖြစ်တတ်သည်။ အချိန်သုံးလကြာပြီးနောက် ကောက်ရိုးပုံသည် သိသိ သာသာပူမနေလျှင် မီးဘေး အန္တရာယ် ကင်းပြီဟု ယူဆနိုင်သည်။ ဤမျှလောက်ကြာပြီးသောအချိန်နောက်ပိုင်းတွင် အလိုအလျောက် မီး လောင်နိုင်သည်ဟု မယူဆသင့်။ ကောက်ရိုးပုံအတွင်းသို့အစိုဓာတ် ပါဝင်လျှင် အလိုအလျောက် မီးထလောင်နိုင်သည်။ ဥပမာ- အမိုး မလုံသော နေရာတွင် မိုးရွာသွန်းခြင်း၊ ရေကြီးခြင်းကြောင့် ကောက် ရိုးပုံ ရေစိုဓာတ်များလွန်းလျှင် ကောက်ရိုးပုတ်သွားနိုင်သည်။

၂၂။ အလိုအလျောက် လောင်သော ကောက် ရိုး ၏ အနံ့သည် အနည်းငယ်မွှေးသည်။ ရိုးရိုးလောင်သောအနံ့သည် စူး၍ မွှန်သည်။ အလိုအလျောက်လောင်သောကောက်ရိုးပုံတွင် တဖြည်းဖြည်းအရောင် ပြောင်းလဲသွားသည်။ ကောက်ရိုး အကောင်း အစိမ်း၊ ရွှေရောင်၊ အညို၊ ချောကလက်အညို၊ နောက်ဆုံး အမဲနက်ရောင်၊ ကောက်ရိုး သဏ္ဍာန်မပျက်ပဲ မီးသွေးဓာတ်ကာဘွန်ဖြစ်သွားသည်။

၂၃။ အလိုအလျောက်မီးလောင်ရန် အတွင်းမှမီးလောင်လွယ်သော အခိုးအငွေ့များသည် ပြင်ပလေနှင့်တွေ့သောအခါ စ၍လောင်သည်။ လောင်သောအခါ ပြာများဖြစ်သွားသည်။ စစ်ဆေးရန်လွယ်ကူအောင် မီးညှိပြီးသောအခါ ကောက်ရိုးပုံကို ကျန်ရှိသည့်အတိုင်းထားရမည်။ ထို့နောက် ကောက်ရိုးပုံကို အလယ်ကခွဲပြီးကြည့်ရှုနိုင်သည်။ ဤနည်း ဖြင့် ကောက်ရိုးပုံသည် အတွင်းမှ စ၍ မဲ လာ သ လော၊ သို့မဟုတ် အပေါ်ယံကစ၍လောင်သလောဟု ခွဲခြားသိရှိနိုင်သည်။

**ဝါဂွမ်းမီးလောင်ခြင်း။** ။ဝါဂွမ်းသည် အလိုအလျောက် ဓာတ် ပြုတတ်သဖြင့် နောက်ဆုံးတွင် အလို အလျောက် မီးလောင်ခြင်းသို့ ရောက်သွားနိုင်သည်ဟု ထင်ကြသည်။ ၎င်းမှာ မမှန်ချေ။ ဝါဂွမ်းသည် သစ်ပင်ကဲ့သို့(CELLULOSE) ခေါ်သော သစ်သားဓာတ်တမျိုး ဖြစ်သည်။ ဝါဂွမ်းသည် ပွသော အမျှင်စုသို့မဟုတ် မယက်ရသေးသောအသွင်၏သေးငယ်သောအမျှင်

ပုံသဏ္ဍာန်ကြောင့် များစွာ မီးလောင်လွယ်သည်။ ဤသို့ သေးငယ်သော အမျှင်များသည် လေနှင့် တွေ့ရာတွင် မျက်နှာပြင် ဧရိယာ အများကြီး ပေးဆောင်သည်။ ကျစ်ထားသော၊ ယက်ထားသော ဝါဂွမ်းသည် ဤကဲ့သို့ လွယ်ကူစွာမီးမလောင်နိုင်ပေ။ ပွသော ဝါဂွမ်း အမျှင်သည် မီးနှင့်တွေ့လျှင် လျှင်မြန်စွာတဟုန်တည်းမီးထတောက်ပြီး မီးတောက်ငြိမ်းသွားသည်။ ပထမ မီးတောက်ရာတွင် အမျှင် သေးကလေး၏မျက်နှာပြင်သည် ပျက်စီးသွား၍ အမျှင်သည်ဆက်လက်ပြီး တဖြည်းဖြည်း မီးတောက်မီးလျှံမရှိပဲ လောင်ကျွမ်းသွားသည်။

၂၄။ စင်ကြယ်သော ဝါဂွမ်းသည် အခြားအရာများနှင့် ယှဉ်လျှင် ပြောင်းလဲခြင်းမရှိ။ ၎င်းနှင့်ရောနေသော ဆီသည် များစွာ နည်း၍ အလိုအလျောက် ဓာတ်ပြုကဲ့ပြီး အပူပေးခြင်း မဖြစ်နိုင်။ ထို့ကြောင့် နောက်ဆုံးတွင် အလိုအလျောက် မီးလောင်နိုင်ခြင်းသည်၊ မဖြစ်နိုင်၊ သို့သော် ဝါဂွမ်းသည် လွယ်ကူစွာလောင်နိုင်ပြီး မီးခဲအဖြစ် ပြောင်းသွားနိုင်သောကြောင့် ဝါဂွမ်း အစအန မီးခဲကလေးသည် ဝါဂွမ်းပုံထဲသို့ အမှတ်တမဲ့ဝင်ရောက်သွားနိုင်သည်။ ဝါဂွမ်းဖန်သောစက်တွင် မီးပွင့်ကလေးများ ထွက်လာနိုင်သည်၊ မီးပွင့်ကလေးသည် ဝါဂွမ်း တစိတ်တဒေသကို မီးလောင်စေနိုင်သည်။ ၎င်းမှ ဝါဂွမ်းပုံထဲသို့ ပါသွား၍ အပြီးသတ် ဝါဂွမ်းပုံထဲသို့ မသိပဲ ရောက်သွားနိုင်သည်၊ ထို့နောက် ရက်ပေါင်းများစွာ မီးခဲအဖြစ်နှင့် လောင်နေပြီး ပြင်ပလေနှင့် နောက်ဆုံးတွေ့ရှိသောအခါ မီးထလောင်နိုင်သည်။

၂၅။ ဝါဂွမ်းသည် ၎င်းကိုယ်တိုင် အလိုအလျောက် မီးမလောင်နိုင်သော်လည်း ၎င်းဓာတ်သတ္တိနှင့် သေးငယ်သော အမျှင် သဏ္ဍာန်တို့ကြောင့် ၎င်းနှင့်ရောနှောသည့် ဓာတ်တိုးနိုင်သောအရာဝတ္ထုကို ဓာတ်တိုးစေရန် လှုံ့ဆော်နိုင်သောအရာဖြစ်သည်။ ဝါဂွမ်းသည် ဖြစ်ပေါ်လာသောအပူကို ကာကွယ်ပေးသည်။ ၎င်းနောက် ဝါဂွမ်းသည် အပေါ်ယံ၌ မီးလောင်နိုင်သော မီးသွေးဖြစ်သွားသည်၊ ၎င်းမီးသွေးသည် မီးလောင်ခြင်းကို မြန်စေသည်။ ဝါဂွမ်းနှင့် ရောနေသော ဆီကိုယ်တိုင် မီးလောင်လွယ်လျှင် ၎င်းသည် မီးလောင်နိုင်သော အပူချိန်သို့ရောက်သွားပြီး ရုတ်တရက် မီးထလောင်နိုင်သည်။ ၎င်းဆီ၏ မီးလောင်နိုင်သော အပူချိန်သည် မြင့်လျှင် မီးမတောက်ပဲ တဖြည်းဖြည်း မီးခဲအဖြစ် ခေါင်ကျွမ်းသည်။ ၎င်းနောက် အပူ ပြင်းလာပြီး မီးထလောင်သည်။

၂၆။ ဤသို့ဖြင့် ဝါဂွမ်းသည် ဓာတ်တိုးနိုင်သော အဆီများနှင့် ပေနေလျှင် ဆီသည် အမျှင်များပေါ်တွင် ပြန့်၍ လွယ်ကူစွာ လောင်နိုင်သော အခြေအနေရှိသည်။ ထို့ကြောင့် ဝါဂွမ်းသည် ဤကဲ့သို့သော ဆီများနှင့်တွေ့လျှင် မီးလောင်နိုင်ရန်သတ္တိရှိသည်။ ဆီများ အားလုံးသည် အလိုအလျောက်မီးလောင်ခြင်းကို အားပေးနိုင်သည်ဟု ယူဆလျှင် မှားမည်။ ဆီသည် ပေးထားသော အခြေအနေ၌ ဓာတ်တိုးနိုင်ရန်လိုသည်။ ဤသို့ဖြင့် ဓာတ်မတိုးသော ရေနံဆီ စသည့် တွင်းထွက်ဆီများသည် မီးထမတောက်နိုင်။ သို့သော် မီး စလောင်လျှင် အားပေးသည်။ အခြား ကောက်ပဲသီးနှံမှရသောဆီများ(လျှော်ဆီ) သည် ဝါဂွမ်းပေါ်တွင် ပြန့်နှံ့နေလျှင် နောက်ဆုံး၌ မီးလောင်တတ်သည်။ တဖန် ဝါဂွမ်းစများသည် လျှော်ဆီပါသောဆေးများနှင့်ရောနှံလျှင် မီးလောင်နိုင်ရန်သတ္တိရှိသည်။

၂၇။ ဤအခြင်းအရာသည် ဝါဂွမ်းနှင့်သာ ဖြစ်ပွားသည်မဟုတ်၊ လျှော်၊ ဂုန်လျှော်တို့နှင့်လည်း ဖြစ်နိုင်သည်။ တဖန် ဤပစ္စည်းများနှင့် ယက်လုပ်ထားသော အထည်များသည် ဆီပေနေလျှင် အလိုအလျောက် မီးထတောက်နိုင်သည်။

၂၈။ ဆက်လက်၍ အချက်တချက်ကို ဖော်ပြလိုသည်။ အချို့ပစ္စည်းများ ကိုယ်တိုင် ဓာတ်မတိုးသော်လည်း ဘက်တီးရီးယား မှိုမွှားများက ၎င်းပစ္စည်းများကို ဓာတ်ပြုကွဲစေသည်။ ဤသို့ ဓာတ်ပြုကွဲ

ရာတွင် ခေါတ်တိုးနိုင်သောပစ္စည်းများ ထွက်ပေါ်လာသည်။ ထိုခေါတ်တိုးနိုင်သောပစ္စည်းများသည် သိုလှောင်ထည့်သော အိတ်များထဲသို့ စုပ်ဝင်နိုင်ပြီး အလိုအလျောက်လောင်နိုင်ခြင်းဖြစ်ပေါ်ရန် အခြေအနေကို ဖန်တီးပေးသည်။ ဥပမာ- မိုးသေားအန္တရာယ် မကြီးသော ပဲဆီအမျိုးမျိုးသည် ပိုးမွှားများကြောင့် ခေါတ်တိုးနိုင်သော ပစ္စည်းများအဖြစ်သို့ ပြိုကွဲသွားသည်။ ၎င်းတို့ကို တဖန် ဂုန်လျှော်အိတ်များက စုပ်ယူပြီး မီးလောင်နိုင်သည်။

၂၉။ မီးများကိုမဆင်မခြင်မှု၊ ဂရုမစိုက်မှုများဟု ခဏခဏစွပ်စွဲတတ်ကြသည်။ အများဆုံးလောင်ခြင်း အကြောင်းမှာ စီးကရက်တိုများ၊ မီးခြစ်များချထားခြင်းကြောင့်ဟုဆိုကြသည်။ ဤသို့ ဆိုခြင်းများသည် ဘာမျှအကြောင်းမရှိ၊ မီးလောင်ခြင်း အကြောင်းကို ရှာမတွေ့သော အခါ အကြောင်းရှာ၍ ပြောခြင်းသာဖြစ်သည်။

၃၀။ စီးကရက်တိုမီးနှင့် စလောင်ရန်သည် အများ ထင်သည်ထက် သာ၍ ခဲယဉ်းသည်၊ မီးလောင်ရန် စီးကရက်တိုမီးသည် အလွန်လောင်လွယ်သောပစ္စည်းနှင့် တွေ့ထိဖို့လိုသည်။ စီးကရက်တိုမီးသည် နှင်းယှဉ် နိုင်လောက်အောင် အပူမပေးနိုင်၊ မီးသောင်စေနိုင်သော သတ္တိသည်လည်းနည်းသည်၊ မီးလောင်နေသောစီးကရက်တိုကိုခေါတ်ဆီထည့်ထားသော ပန်းကန်တခုထက်၌ ကိုင်ထားလျှင် ခေါတ်ဆီအငွေ့ကိုမီးမလောင်စေနိုင်၊ အပူသည် ခေါတ်ဆီငွေ့ကို လောင်နိုင်သောအပူချိန်သို့ တက်ရောက်သွားစေရန် မလုံလောက်ပေ၊ ခေါတ်ဆီရည်သည် စီးကရက်မီးကို ငြိမ်းသွားစေနိုင်သည်။ ဆေးပေါ့လိပ်များသည် စီးကရက်မီးများထက် သာ၍ အပူရှိန်ပြင်းသည်၊ ထိုကြောင့် ခေါတ်ဆီကို အလွယ်တကူလောင်စေနိုင်သည်။

၃၁။ သို့သော် မီးလောင်နေသော မီးခြစ်ဆံ (မီးတောက်) သည် မီးလောင်နိုင်သောပစ္စည်းနှင့် တွေ့ထိလျှင် သာ၍ မြန်စွာလောင်နိုင်သည်။ ၎င်းသည် ခေါတ်ဆီငွေ့ကိုလည်းလောင်စေနိုင်သည်။ အခြားဖြစ်တတ်သောအကြောင်းများမှာ လျှပ်စစ် ချို့ယွင်းမှုများ ဖြစ်သည်။



လျှပ်စစ်အားတတ်ထားသော အဆောက်အအုံများတွင် မီးလောင်မှုများ၌ မီးလောင်နေစဉ် လျှပ်စစ်အားကို အသုံးပြုနေလျှင် မည်သည့်အတွက် အသုံးပြုနေသည်။ ခေါင်မီးအတွက် ပါဝါအတွက်ဖြစ်သည့်တို့ကို တတ်နိုင်လျှင် စုံစမ်းရန်လိုပေသည်။ လျှပ်စစ်အားကို ကုန်ထုတ်လုပ်မှုအတွက် သုံးသောနေရာတွင် အထူးသဖြင့်အရေးကြီးသည်။

၃၂။ (FUSE)ဖြူးစ်သေတ္တာများ(FUSEBOX) ကိုဖြစ်နိုင်သောအခါတိုင်း စုံစမ်းရန်မှာ လုပ်နေကျအလုပ်ဖြစ်သည်။ ၎င်းသေတ္တာသည် အထူးသဖြင့် မီးလောင်သောအချိန်၌ မည်သည့် လျှပ်စစ်လမ်းကြောင်းကို အသုံးပြုနေသည်ကို သိရှိနိုင်သည်။

၃၃။ ဤသို့စစ်ဆေးခြင်းသည် မသင့်တော်သော ဖြူးစ်ကြိုးကိုအသုံးပြုခြင်းကို ပြနိုင်သည်။ အင်းစိန်မြို့၊ ရုပ်ရှင်ရုံတရုံတွင် စင်မြင့်ပေါ်၌ ပြပွဲတခုလုပ်ရာ အင်အားကြီးမားသော မီးလုံးကြီးများကို အသုံးပြုသည်။ ဤသို့ပြုလုပ်ခြင်းကြောင့် လျှပ်စစ်အား ပြတ်သွားသည်။ ဖြူးစ်ပြတ်သွားသည်။ ဖြူးစ်မပြတ်ရန် ကြေးကြိုးကြီး တချောင်းကို တတ်သည်။ ထို့ကြောင့် လျှပ်စစ်ခေါတ်ကြိုး ပူပြီးလျှင် ရှော့ (SHORT CIRCUIT) ဖြစ်သွားပြီး ကုလားကာကြီးကိုမီးလောင်သည်။ ထိုမှ ရုပ်ရှင်ရုံကြီးကိုပါ လောင်သွားသည်။ အခြား မီးလောင်မှု တမှုတွင် လျှပ်စစ်သုံးစက်ကိရိယာတခုသည် အလွန်ပူသောကြောင့် မီးလောင်သည်။ ဖြူးစ်သေတ္တာကို စစ်ဆေးသောအခါ ကြေးကြိုးတချောင်းကို ၎င်းအစား အသုံးပြုထားသည်ကိုတွေ့ရသည်။

၃၄။ ဒီစီ (တဘက်သွား လျှပ်စစ်မီးချောင်း) ချို့ယွင်းမှုများသည် အေစီ(ပြန်လှန်လျှပ်စစ်မီးချောင်း) ချို့ယွင်းမှုများထက်ပို၍ မီးလောင်တတ်သည်။ စက်ရုံအလုပ်ရုံများတွင် အေစီ လျှပ်စစ်ကို အသုံးပြုကြသည်။ သို့သော် အနောက်နိုင်ငံ တောမြို့ အချို့များတွင် ဘက်ထရီအိုးများမှ အေစီလျှပ်စစ်ကိုအသုံးပြုကြသည်။ သင်္ဘောများ၌ အေစီကို အသုံးပြုသည်။ ဤအခန်းတွင် ဖော်ပြထားသော ဆင်ခြင်ချက်

အကြောင်းများကို စက်ရုံ အမျိုးမျိုးတွင် သုံးသော စက်များအတွက် အသုံးပြုနိုင်သည်။ စက်ကိရိယာများကို ဘေးအန္တရာယ် ကင်းရန် ပြင်ဆင်စောင့်ရှောက်ထားရန်မှာအလွန်အရေးကြီးသည်။ အထူးသဖြင့် မီးလောင်လွယ်သောပစ္စည်းများ၊ ပေါက်ကွဲစေနိုင်သောပစ္စည်းများကို အသုံးပြုသောစက်ရုံများအတွက် သာ၍အရေးကြီးသည်။

၃၅။ ကတ္တရာစေး ကျိုချက်သော စက်ရုံမီးတွင် လူသုံးဦး အသက်ဆုံးရှုံးသည်။ သံမှိုရိုက်ထားသော အိုးအောက်ခြေ ပြုတ်ကျ၍ ပူနေသော ကတ္တရာစေးတန်နှစ်ဆယ်မှစ၍ မီးလောင်သည်။ ကတ္တရာစေးမှ ထွက်သောအခိုးများသည် မီ ဖိုမှမီးကြောင့်လော၊ အိုးကို စစ်ဆေးသောအခါ သံပြားများကို သံမှိုနှင့်ရိုက်ထားသော နေရာတလျှောက်တွင် သံချေးစားထားကြောင်းတွေ့ရသည်။ ရဲကစုံစမ်းရာ ဤကတ္တရာစေး ကျိုချက်သောအိုးနှင့် အခြား စက်ကိရိယာများကို လွန်ခဲ့သော နှစ်ပေါင်းများစွာမှ တည်ဆောက်ကတည်းက တခါမျှ စစ်ဆေးခြင်း၊ ပြုပြင်ခြင်းမရှိကြောင်းကို သိရှိရသည်။ ဆီစက်များ၌ရှိ ဘွိုင်လာအိုးများကိုလည်း ရံဖန်ရံခါ ဆေးကြောခြင်းများ ပြုလုပ်ရသည်။ ထိုသို့ မပြုလျှင် ချေးများကပ်တွယ်၍ပေါက်ကွဲတတ်သည်။ ဆန်စက်ဘွိုင်လာ ပေါက်ကွဲ၍ မီးလောင်မှုတမှုတွင် ရေနွေး ဖိအား ကြီးခြင်းကြောင့် အိုးကြီးတလုံးသည် လှုပ်ရှားယိမ်းယိုင်ပြီး စက်ရုံခေါင်မိုးမှ လွတ်ထွက်သွားသည်။ ထို့နောက် လယ်တောထဲသို့ ကျသွားသည်။ ကံအားလျော်စွာ ၎င်းအိုးမပေါက်ကွဲ။ စောင့်ကြည့်နေသောသူက ဘွိုင်လာအိုး လှုပ်ယိခဲ့နေသည်ကိုမြင်၍ အချိန်မီသတိပေးနိုင်သည်။ ဤ အမှုသည် စစ်ဖြစ်နေစဉ် အတောအတွင်း ဖြစ်သည်။ ထိုအတောအတွင်း အိုးကို တခါမှ ဆေးကြောခြင်း၊ ပြုပြင်ခြင်းမရှိဟု သိရသည်။

သီရိပျံချီ ဦးလှဓောင်
(စုံထောက်ကျောင်းအုပ်ကြီးဟောင်း)



စာမျက်နှာ မှ (၁၀၁)အဆက်

အသေအချာ လေ့လာ ကြည့်ရှုစစ်ဆေးသည်။ အနီး ကွက်လပ်တ နေရာ တွင် မော်တော် ကားဘီးရာကို တွေ့ရ လျှင် ပိုဝဲလ်က တစစီရှိနေသော သဲလွန်စများကို ဆက်စပ်ကြည့်သည်။

ကေန္တ — သေသူ မိန်းကလေးသည် အဖော် တဦးဦးနှင့် အတူ ကားဖြင့် ကန်သို့ လာခဲ့ပေလိမ့်မည်။ ကားထဲတွင် ရှိနေစဉ်မှာပင် အဝတ် အစား များကို ချွတ်ပေလိမ့်မည်။ ကန်ရေစပ်ဆီသို့ စိတ်လွတ် ကိုယ်လွတ်ဖြင့် လှမ်းသွားပေလိမ့်မည်။ မကြာမတင်မှာပင် သေပွဲဝင်ရလိမ့်မည်ကို စိုးစဉ်းမျှ တွေးတောမိဟန်မရှိ။

ပြီး မိန်းကလေးသည် ကန်ရေစပ်မှာပင် ရိုက်သတ်ခံရခြင်း ဖြစ်မည်။ တဖန် အလောင်းကို ကန်ထဲသို့ ပစ်ချခဲ့ခြင်း ဖြစ်မည်။ လူသတ်တရားခံက ကားဆီသို့ ပြန်သွားမည်။ အဝတ်အစားများကို ခြုံပုတ်ထဲသို့ ကမန်းကတန်း ပစ်ထားခဲ့မည်။ ပြီးလျှင် ထိုနေရာမှ ကားမောင်း ထွက်သွား ပေလိမ့်မည်။

သည်အခါကျမှ မက်ကက်ချရာ ဇနီးမောင်နှံတို့က သေသူမိန်းကလေးမှာ မိမိတို့သမီးပါပဲဟု ရင်နင့်နင့် ပြောပြကြသည်။

သည်အခါကျမှပင် အိမ်နီးနားချင်း၊ ဘောဘ်ဘီ၏ရုပ်ပုံလွှာက စုံထောက် ပိုဝဲလ်၏ စိတ်အာရုံတွင် ပို၍ပင် ပြတ်ပြတ်ထင်ထင်ပေါ်လာသည်။

ဘောဘ်ဘီသည် လူချစ်လူခင်ပေါသူ ဖြစ်သည်။ ရုပ်ရည်က သနားကမားနှင့် အားကစားလည်း ထူးချွန်သည် ရည်ရည်မွန်မွန်ရှိသည်။ ဘောဘ်ဘီကို သိသူ သကောင့်သား ယောက်ျားကလေးများက ချစ်ခင် ကြသည်။ မိန်းကလေးများအဖို့မူ ဘောဘ်ဘီသည် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်နေသည်။

၁၉၂၉ ခုနှစ်ထုတ် အထက်တန်းကျောင်း မဂ္ဂဇင်း တွင် စုံထောက် ပိုဝဲလ်၏ ရဲဘော်များက စာတိုစာစကလေးကို အမှတ်မထင် သွားတွေ့သည်။ ကူးယူပြီး ပိုဝဲလ်ထံ ပေးပို့သည်။ သည်စာတို စာစကလေးက နမိတ်ဖတ်သလိုလို ထင်ရသည်။

သူ့အပြုံးက မဒီများအတွက်သာ။

ဘယ်သောအခါမျှ မျက်ရည်ကျစေမည် မဟုတ်ပါ။

ဘောဘ်ဘီ၏ အောင်မြင်မှုများမှာ။

သက်ဆုံးတိုင် အစွန်းရှည်မည်သာ။

စုံထောက် ပိုဝဲလ်က သည်စာတိုစာစကိုဖတ်ပြီး မျက်မှောင်ကြုံ့လိုက်သည်။

စဉ်းစဉ်

သည်စာတို စာစကလေးမှာ ကဗျာလည်းမဟုတ် သို့ပေမင့် ဘောဘ်ဘီနှင့်ပတ်သက်သည့် စိတ်ဝင်စားစရာများကို လှစ်ပြလျက်ရှိသည်။

သို့မို့ကြောင့်လည်း စုံထောက် ပိုဝဲလ်နှင့် လက်ထောက် ရဲအရာရှိတစုက ဘောဘ်ဘီ၏ မိသားစုနေအိမ်ခန်းတို့ ဆိုင်းမဆင့် ဗုံမဆင့် ရောက် လာ ကြ သည်။ အ ချိန်မတော် သန်းခေါင် သန်းလွဲ အချိန်တွင် ရောက်လာကြခြင်းဖြစ်သည်။

ဘောဘ်ဘီနှင့် ပက်ပင်းပါ ဆုံကြသည် အခုလို တော့တော့ဆိုင်ဆိုင် တွေ့ရပြန်သော အခါ ဘောဘ်ဘီမှာ ရုပ်ရည်သန့်သန့်နှင့် အမူအရာများက မွန်မွန်ရည်ရည် ရှိသည်ကို ပိုဝဲလ်က ကိုယ်တိုင်နဖူးတွေ့ဒူးတွေ့ မြင်ရသည်။ မိမိတတ်နိုင်သည့်ဘက်မှ စုံထောက်အရာရှိများအား အကူအညီပေးမည့်ဟန် ရှိသည်။ ဖရီးဒါ သေဆုံးရသည့် ကျေကွဲဖွယ်ရာ ဖြစ်ရပ်ကြောင့်လည်း အကြီးအကျယ် စိတ်မထောင်းကိုယ်ကျေ ဖြစ်ဟန်ရှိသည်။ သည်ဖြစ်ရပ်က မိမိနှင့်နီးစပ်သည်ပဲကိုး....။

စုံထောက်ပိုဝဲလ်က စစ်ကြောမေးမြန်းသောအခါ ဘောဘ်ဘီက မိမိနှင့် ဖရီးဒါတို့ ဇာတ်လမ်းကို ထင်တလဲလဲ ပြောပြသည်။

ဖရီးဒါနှင့် ဖရီးဒါ၏ သူငယ်ချင်း ရိုစက်တာကူးလ်မားတို့ကို ကားပေါ်တင်လျက် ကားမောင်းထွက်ခဲ့သည်ဟု ဘောဘ်ဘီက ပြောပြသည်။ ထိုအချိန်က မိုးတဖွဲဖွဲနှင့် ရွာနေပြီ သည်တော့ ဘောဘ်ဘီက ကားကို မြို့ထဲသို့ ပြန်လှည့်ခဲ့သည်။ ရိုစက်တာကို သူမ၏အိမ်တွင် ဝင်ထားရစ်ခဲ့သည်။ နေအိမ်သို့ ခရီး ဆက် ခဲ့ ပြန် ရာ လမ်းခွတ်လပ်တွင် သူ ဖရီးဒါနှင့် ခွန်းတုန့်ခွန်းပြန် စကားပြောပြီး

ကတောက်ကဆ ဖြစ်ခဲ့ကြသည်။

ပိုဝဲလ်က အခြေအမြစ် ရှိ မရှိ ယုတ္တိတန် မတန် စစ်ဆေးကြည့်သည်။ ရိုစက်တာ ပါဝင်သော အခန်း ကဏ္ဍနှင့် ပတ်သက်ပြီး ဘော်ဘီပြောပြသည်မှာ အသေး စိတ်ကအစ တိကျ မှန်ကန်သည်ကိုတွေ့ရသည်။ ပိုဝဲလ်က သည်မျှနှင့် မကျေနပ်နိုင်သေး.... ဆက်လက် စစ်ဆေး ကြည့်ပြန်သည်။

ထိုအခါ

မနေ့က နေ့လည်ခင်း အချိန် ဖရီးဒါ၏ မိဘများက သမီး ပျောက်နေခြင်းကြောင့် ချောက်ချား နေ ချိန် တွင် ဘော်ဘီ က ရောက်လာခဲ့ကြောင်း သိရသည်။

သို့ကလို အလည်အပတ်သာစဉ်က ဘော်ဘီနှင့် ဖရီးဒါ၏ အမေတို့ အပြန်အလှန် ပြောခဲ့သည့် စကားနှစ်ခွန်းက ပိုဝဲလ်ကို ကလိ နေသလိုလို ခံစား နေမိသည်။

ဖရီးဒါ၏ မိခင်က ဘော်ဘီကို မိမိသမီး နှင့် ဘာကြောင့် ကား ထဲ တွင် စ ကား များ ကတောက်ကဆ ဖြစ်ရသည်ကို မေးသည်။

'ဒီလိုလေ ဖရီးဒါက ကျွန်တော့်ကို ပြောပြတယ် ငါဒီနေရာပဲ ဆင်းနေခဲ့တော့မယ် နင်က ငါတို့အိမ်အရောက် မလိုက်စေချင်ဘူး၊ ငါ့အမေက နင်နဲ့အတူ အိမ်ပြန်တာကို မကြိုက်ဘူးလို့ ပြောတယ်လေ'

ဘော်ဘီက ပြော ပြ လျှင် ဖရီးဒါ၏မိခင်က မယုံနိုင်သော မျက်နှာထားနှင့် ဘော်ဘီကို စိမ်းစိမ်းကြည့်ပြီး—

'အမိပွာယ် မရှိတာကွယ်.... မင်းကို သူငယ်နှပ်စားကတည်းက ငါတို့ သိနေကြတာပဲ မင်းကိုလဲ ငါ့သားလိုပဲ သဘောထားတာပဲဥစ္စာ'

ပိုဝဲလ်က အကြံဘာခုရသည်။

ဘော်ဘီအား မိမိလုပ်ဇာတ်ကို ထပ်ဘလဲလဲ ပြောစေလိမ့်မည်။ ပြောယင်း ပြောယင်းက အတိမ်းအချော်များ ပေါ်လျှင် ဖိနင်းရန်အကြံ ပေါ်လာသည်၊

သို့ပင်သို့ငြားလည်း ဘော်ဘီက သူ့လုပ်ဇာတ်ကို ထပ်ဘလဲလဲ ပြောနေရပေမင့် အတိမ်းအစောင်း မရှိခဲ့ ယုတ္တိယုတ္တာ တန်သသ်ဟု ဆိုရမလောက်ပင် သို့ပေမင့် အားနည်းချက်၊ ဟာချက်တော့ရှိသည်မှာ အမှန်....



ပိုဝဲလ်က သဘာ ရင့်နေပြီမို့ ကောင်းစွာသိသည်။ တရားခံက မိမိလုပ်ဇာတ်ကို တကယ့်ဖြစ်ရပ်မှန် သဘာဝယုတ္တိတန်သယောင်ယောင် ထင်ရလေအောင်ဖန်တီးတတ်စမြဲပင်-

အချင်းဖြစ်နေရာတွင်မိမိမရှိပါဟု ထပ်တလဲလဲပြောဆိုခြင်းကွယ်တဘသူသည်မိမိငြင်းချက်ကိုယုတ္တိယုတ္တာ တန်ရလေအောင် အားထုတ်ပေမင့် အတွေ့အကြုံများပြီး သဘာရင့်စုံထောက်ကတော့ သိသည်ပင်—။

ပိုဝဲလ်က ရှတ်ခြည်း နည်းဗျူဟာကို ပြောင်းလိုက်သည်။

'ဒီလိုဆိုမင်းကဖရီးဒါနဲ့ ချိန်းမတွေ့မီ လွန်ခဲ့တဲ့ သတင်းပတ်အကုန်ကမင်းဘာတွေလုပ်ခဲ့သေးသလဲ'

ပိုဝဲလ်ကရုတ်တရက် မေးလျှင်

'လွန်ခဲ့တဲ့သဘင်းပတ်အကုန်က ကျွန်တော်ဒီမြို့မှာ မရှိပါဘူး၊ နယူးယောက်မြို့ အရှေ့ အော်ရီးရာမှာရောက်နေတယ်။ မာဂရက်ဂရိန်းဆိုတဲ့ ကောင်မလေးအိမ်မှာ တည်းတယ်လေ'

ဘော်ဘီက ညည်းညည်းညူညူနှင့်ပြောပြသည်။

'မာဂရက်ကရိန်းဆိုတာဘယ်သူလဲ'

ပိုဝဲလ်က ညင်ညင် သာသာ မေးပြန်သည်။

ဘော့်ဘီကလည်း မာဂရက်ကရိန်းကိုလေဆိပ်မှာဆုံခဲ့ပုံ၊ အနေထိ ဆရာမ လုပ်နေပုံကို ပြောပြသည်။

သို့ကလိုပြောပြယင်းက ဘော်ဘီ၏မျက်နှာ ဖျက်လာသည်။ သို့ပေမင့်ခေတ္တခဏမျှသာ ချက်ချင်းပင်စိတ်ဝင်တစားလိုလိုလားလား ထုတ်ပြောချင်စိတ် ပေါ် လာ ခဲ့သည်ထင့်—

ပိုဝဲလ်ကလည်း ရိပ် စား မိသည်။ သို့မို့ကြောင့်လည်း ရုတ်တရက်မေးလိုက်ပြန်သည်။

'မင်းနဲ့ဒီကောင်မလေးနဲ့ချစ်နေကြပြီလား'

ဘော်ဘီကလည်း 'ဟုတ်ကဲ့' ဟုအလိုက်သင့် ပြန် ပြော သည်။

သည်တော့ ပိုဝဲလ်က ဖရီးဒါနှင့် မာဂရက်တို့ နှစ်ဦးကို ယှဉ်လျက်ဆွေးနွေး လေတော့ သည်။

ဘော်ဘီကမူဖရီးဒါနှင့်မိမိတို့စိတ်သဘောထား မတိုက်ဆိုင်မှုများက အများအပြား ရှိသည်ဟု

သာဒေါ်သတကြီး တွင်တွင်ပြောလျက်ရှိသည်။

သည်အချက်ကပိုဝဲလ်အတွက်အကွက်ကောင်း ဆိုက် လာခြင်းဖြစ်ချိမ့်မည်၊ပိုဝဲလ်ကလည်း ရုတ်တရက် ပေါ်လာသော အကွက်ကောင်းကိုလက်လွှတ်မခံနိုင်-

'ဖရီးဒါမှာ ကိုယ်ဝန်လဲ့ရှိနေတယ်နော်'

သည်မေးခွန်းက ဘော် ဘမ်အား ပိသာလေးနှင့် ဘေးပစ်လိုက်သလို ထိထိမိမိ ရှိလှပါဘိ။

သည်အတိုင်း ဖြစ် လာ စေရမည်လို့လည်းပိုဝဲလ်က မျှော်လင့်ထားပြီးသား၊

ဘော်ဘမ်ကဖရီးဒါ၌ရှိသော ကိုယ်ဝန်မှာ မိမိဘာဝန်သာလျှင်ဖြစ်၏၊သည့်အတွက် မိမိက လုပ်သင့် လုပ် ထိုက် သည့် အတိုင်း ဆောင် ရွက် ခဲ့ ကြောင်း ပြောပြသည်၊ ဖရီးဒါကိုလက်ထပ်ယူချင်ကြောင်း ပြောပြ သည်၊ ဖရီးဒါအတွက်ဘာပဲလုပ်ပေးရလုပ်ပေးရလုပ်ပေးချင်သည်။

သည်အကြောင်းကိုမော်တော်ကားထဲတွင်ဆွေးနွေးခဲ့ကြသည်၊ပြီး ခက်ကောင်း ရက်မြတ်ကိုပင်သတ်မှတ်ခဲ့ကြသေးသည်။

ဘော်ဘမ်ကသည်အကြောင်းများကိုဇာတ်ခင်းပြီး ပြောပြသောအခါစိတ်များ ဂယောက်ဂယက်ဖြစ်လာသည်။

သည်စဥ်အခိုက်-

ပိုဝဲလ်ကဖရီးဒါ အသတ်ခံရသောမြေနေရာတွင် တွေ့ခဲ့ရသောကားဘမ်းရာက ဘော် ဘမ် ၏ကားတာရာအတိုင်းပင်ရှိကြောင်း ရုတ်တရက်ပြောလိုက်သည်။

ဘော်ဘမ် လက်မှိုင်ချရလေပြီ၊ အမှန်အတိုင်း ထုတ်ဖော်ပြောပြပါမည်ဟုဆိုလှာသည်။

ဘော်ဘမ်က ဖရီးဒါနှင့်အတူကန်ရေပြင်တွင် ရေကူးကြသည်။ ဖရီးဒါက ရေမောနားတွင် ကူးယင်းက အစွန်းနှင့်ခေါင်းမတော်တဆတိုက်မိသွားသည်။ ပြီး—ရေထဲသို့ မြုပ်သွားကာ ပေါ်မလာတော့ သည်တော့ ဘော်ဘမ်ကကြောက် ကြောက် လန့်လန့် နှင့်တချိုးတည်း လစ်ပြေးခဲ့သည်။

စင်စစ်-

ဘော်ဘမ်ပြောပြသော ဇာတ်လမ်းက ဝိဝိယိယိ ရှိ သ ယောင်ယောင်ထင်ရသည်။ ဘော်ဘမ်ကလည်းအပြောကောင်း-

ပိုဝဲလ်က ကန်ထဲမှ ရေပေါ်မောက်ကို စစ်ဆေး ကြည့်ရပေလိမ့်မည်။ သို့ပေမင့်-မောဖြင့် မတော်တဆတိုက်မိရုံမျှဖြင့် အသက်ဆုံးရှုံးရလောက်အောင် ဒဏ်ရာရလိမ့်မည်မဟုတ်-

ဘော်လမ်ကလည်းလုပ်ဇာတ်ခင်း၍သွေးရှူး သွေးဘန်းနှင့် ဖြင်းနေသဲ။

'ဖရီး ဒါ က ခြေ ချော် သွားတော့ ကျွန်တော်က လှေပေါ်ဆွဲတင်ပါသေးတယ်၊ အဲဒီမှာ သံချိတ်နဲ့ ခေါင်း တိုက်မိပြီးရေထဲလိမ့်ကျသွားပြန်တယ်၊ ကျွန်တော်သူ့နှလုံးခုန်သံကို နားထောင်ကြည့်သေးတယ်၊ နှလုံးမခုန်တော့ဘူး၊ သူသေပြီဆိုတာ ကျွန်တော် သိရတယ်'

ပိုဝဲလ်က နား ထောင် ယင်း ကြိတ်၍ပြုံးနေမိသည်၊ဘော်ဘမ်ကအလိုလို ကျွံမြီး တိုနေလေပြီ-ရှိတ်စပီးယား ပြဇာတ် များ ထဲမှ မကျွမ်းကျင်သော ဇာတ် ကောင်တဦးလိုပရိသတ်ကိုစွဲ အောင်ကပြအသုံးတော်ခံနိုင်စွမ်း မရှိတော့-ဂိုက်ဆိုက်များကပိုလွန်း သည့် ဖရီးဒါ၏အလောင်းကို ရေထဲ ချပုံကိုဟန်နှင့်ပန်နှင့်ရှင်းပြပြန်သည်။

'ဒီလိုထားခဲ့လို့ အလောင်းကိုတွေ့သူတွေက ရေနစ်သေတာပဲလို့ ထင်မိကြမှာပဲ၊ ဒီလိုပဲ တွေးမိကြမှာသေချာပါတယ်'

သည်အခါ-

ပိုဝဲလ်က ခွက်ဘိုး ခွက် လှန်ရယ်ပစ်လိုက်သည်။

ဘော်ဘမ်ကမူ တရှူးရှူး တရှားရှားနှင့်ဒေါသ ထွက်နေထည်။

'ကဲဗျာ-ကောင်မလေး ဝေဒနာမခံရအောင်ကျွန်တော်ကတင်းပုတ်နဲ့ ထုလိုက်တယ်ဗျာ'

အခုမှဘော်ဘမ်က အန်ထွက်လာသည်။

စုံထောက်ပိုဝဲလ်အဖို့မူ သည်ဇာတ်လမ်း သည်မှာပင်ဆုံးခန်းတိုင်လေပြီ-

သို့ပေမင့်ဘော်ဘမ်က ဖရီးဒါကို ဘာကြောင့် သတ်ရသည်ကိုတော့သိရှိဖို့လိုပေလိမ့်မည်။

ဒါကလည်းရှင်းပါသည်။

သို့ပင်သို့ငြားလည်း မာဂရက်ကရိန်းနှင့်တွေ့ဆုံပြီး အကြောင်းစုံသိရှိဖို့လိုပေလိမ့်မည်။

မာဂရက်ကရိန်းက ဘော်ဘမ်ဘက်မှ မားမား မတ်မတ် ရပ်၍ခုခံအကာအကွယ်ပေးသည်။

'ဘော်ဘာ့မိက ဒီလိုလုပ်မယ့် လူစားမျိုးမဟုတ်ပါဘူး'

မာဂရက်ကသူမနှင့်ဘော်ဘာမိတို့၏အပြန်အလှန် ခံစားချက်များကိုကွက်ကွက်ကွင်းကွင်း သိရလေအောင် ဘော်ဘာမိက သူမထံရေးသောချစ်စာလွှာ ၁၇၂ စောင်ကိုပါထုတ်ပြလိုက်သေးသည်။

သည်စာများမှာ ပိုစဲလ် အတွက်လိုအပ်နေသော ချိတ် ဆက်ကိုတွေ့ရသည်၊ဘော်ဘာမိကမာဂရက်တို့ တန်းတန်းစွဲဖြစ်နေမှုကို၊-

အကယ်၍ဇနီးဒါသာအသက်ရှင်လျက်ရှိပြီးမိမိအား လက် ထပ်ယူပါတော့ဟု နားပူနားဆာလုပ်လျှင်မာဂရက်ကို အရှုံး အမူးနှင့် တန်းတန်းစွဲ ဖြစ်နေရခြင်း သည်လည်း ပျက်ပြုန်းကုန်တော့မည်ကို ဘော်ဘာမိက စိုးထိတ် ကြောက်ရွံ့မိမည်မှာလွဲ-

ဘော်ဘာမိကို လူသတ်မှုဖြင့် ရုံးတင်တရားစွဲခဲ့သည်။

သတင်း တပတ်မျှသာ ကြာသည်။

ဘော်ဘာမိကို သေဒဏ် ပေးလိုက်သည်။

ဖြစ်ရိုးဖြစ်စဉ်လူသတ်မှုပင်ဖြစ်သည်ကိုပေါ်လာသော သက်သေခံအထောက်အထား တစစီတစစီက လှစ်ပြလျက်ရှိသည်။

ဘော်ဘာမိအား အပြစ်ပေးစဉ် ရုံးခန်းတွင်း ရှိသတ်ထဲမှ တဦးသေသပုဂ္ဂိုလ်ကြီးက သည်အဖြစ်မှာဖြစ်ရိုးဖြစ်စဉ် လူသတ်မှုဟုသာ မှတ်ချက်ချပေလိမ့်မည်။

သူကားသီယိုဒိုဒရိုးဆာဆိုသူစာရေးဆရာကြီးဖြစ်သည်။ တချိန်က The American Tragedy ဆိုသော ဝတ္ထုတအုပ် ရေးခဲ့ဖူးသည်။သည့်ဇာတ်လမ်းတွင်အမျိုးသားလေး တဦးက နောက်မိန်းကလေးတဦးကိုစိတ်ညွတ်၍မိမိနှင့်ကိုယ်ဝန်ရှိနေသောချစ်သူ မိန်းကလေးအား ရေတွင်နှစ်၍ သတ်ခဲ့ပုံကိုရေးသားထားခဲ့ပေသည်။

ကျော်ထက်ထွန်း။

Stenley Ellin ရေး Death at her elbors ကိုပြန်ဆိုပါသည်။






ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်
နိုင်ငံလုံးကျွတ်ကျန်းမာစေရမည်
တောင်သာဆေးပညာ

အဘိဓမ္မာ တောင်သာ ဆေးပညာ
တက္ကသိုလ်

ပထမနှစ်
ဒုတိယနှစ်
တတိယနှစ်
ကျောင်းသားများလက်ခံပြီ။

ဆရာကြည်
ဥက္ကဋ္ဌ

မြန်မာနိုင်ငံလုံးဆိုင်ရာ အဘိဓမ္မာတောင်သာ
ဆေးပညာအဖွဲ့ချုပ်
ဗုဒ္ဓဝါဒြူက စေတီတော်၊ ကိုင်းတန်းလမ်းထိပ်
လမ်းမတော်မြို့နယ်၊
ရန်ကုန်တိုင်း။

ဟာ… ဒီမှာ ဦးထုပ်ပျော့ တလုံးပါလား
ဟင် ဆံပင်မွှေးအဖြူတွေရောကပ်လို့
ဒီဦးထုပ်ဆောင်းတဲ့လူဟာ
တော်တော်အသက်ကြီးပုံပဲဗျို့
အဲဒီလိုထောက်လှမ်းခဲ့ရတဲ့



# ကြာကန်ရွာ

## ဆေးခန်းဖောက်ထွင်းမှု

❶

[ပခုက္ကူ စောမှောင်]

ဟော့ဒီလို ဖောက်ထွင်းဝင်ခဲ့လို့ →



သည်လို ပြန်လည်ထွက်ခွာခဲ့သော်လည်း....
ရာဇဝတ်ဘေးဟူသည်.... →



အခင်းဖြစ်နေရာမှ သိမ်းဆီးရမိခဲ့သည့် ဦးထုပ်ပျော့တလုံး →



## ကြာကန်ရွာ
## ဆေးခန်းဖောက်ထွင်းမှု

'မောင်အေးသောင်း'

'ဗျာ'

'တို့ ခုချက်ချင်း ကြာကန်ကို သွားမယ်၊ ယူနီဖောင်း ဝတ်ချေ၊ ပြီးတော့ သေနတ်ပါထုတ်ခဲ့'

'ဟာ-ဘာယ်လိုလဲ ဗိုလ်ကြီး၊ မနေ့ညကပြောတော့မကွေးသွားမယ်ဆို'

'အေး-အရေး ပေါ် ကိစ္စကြောင့်ကြာကန် သွားမယ်၊ ကဲ-မြန်မြန်သွား'

'ဟုတ် ကဲ့ဗိုလ်ကြီး'

စခန်းမှူးဦးသန်း၏ အမိန့်အရ ဒုတပ်ကြပ်အေးသောင်းသည် ယူနီဖောင်း အမြန်ဝတ်ကာ စတင်းသေနတ် တလက် ဖြင့် အသင့်ရောက်လာသည်။ ဒု တပ် ကြပ် အေးသောင်းက စခန်းမှူး၏ရှေ့တွင်သတိအနေအထားဖြင့် အမိန့်နာခံနေသည်။

'ကြာကန် ဆေးခန်းကို မနေ့ညက ဖောက်ခိုးသွားသတဲ့၊ ချက်ချင်းသွားမှ အမှုကပေါ်မှာ၊ ကဲ-မကွေးကပထမထွက်လာတဲ့လိုင်းကားလာယင် တို့လိုက်ကြမယ်'

'ဟင်-ဆေးခန်းကို ဖောက်ရတယ်လို့ပဲ၊ ဗိုလ်ကြီးစေတုဏ္ဍရာကိုပြောင်းမဲ့ ဆဲဆဲ ဖောက်ထွင်းမှုကြီး ဖြစ်လာတော့ ဒုက္ခပါပဲ ဗိုလ်ကြီးရာ'

'အေးပေါ့မောင်အေးသောင်း ဒါပေမဲ့ ဒီအမှုမျိုးက ချက်ချင်း မဆောင်ရွက်ယင် ပြစ်မှုကျူးလွန်သူ မပေါ်ပဲ ပစ္စည်းပျောက်လဲ ဆုံးတတ်တယ်၊ ကဲ-ဟိုမှာကား လာ နေပြီ တို့သွားကြမယ်'

ညောင်ကန်ရဲစခန်းမှူးဦးသန်းနှင့် နယ်ထိန်းဒုတပ်ကြပ် အေးသောင်း တို့ သည် ကြာကန်ရွာ ကျန်းမာရေးဌာနဆေးခန်းသို့ရောက်ချင်းသွားရောက်ကြသည်။ ဆေးခန်းတွင်အသင့်စောင့်နေကြသော လက် ထောက် ကျန်းမာရေးမှူး ဦးဟန်သိန်း၊ ပြည်သူ့ကောင်စီမှ ဦးသောင်း၊ ဦးတင်ဦး၊ ကျေး ရွာပါတီစိပ်မှဦးလှမောင်၊ ဆေးခန်းစောင့်ဦးထော်နှင့် ဆရာမများပါတွေ့ရသည်။

ခရီးရောက်မဆိုက်မှာပင် အခင်းဖြစ်ဆေးခန်းကို စစ်ဆေးကြသည်။ဆေးခန်း အဆောက်အဦပတ်ဝန်းကျင်အဝင်အထွက် ခြေရာ လက်ရာများကို ကြည့်ရှုကြသည်။ဆေး ခန်း အဆောက်အဦတည်နေပုံမှာ မကွေး နတ်မောက်မော်တော်ကားလမ်း၏ မြောက်ဘက်ကိုက် ၂၀၀ အကွာ ဘကေခန့်ကျယ်သောဝိုင်းတွင် မြေစိုက်ပျဉ်ထောင်သွပ်မိုး အဆောက်အဦဖြစ်သည်။ အဆောက်အဦ၏ အနောက်ဘက်တွင်ပေ ၂၀ ခန့်ကွာသည့်နေရာ၌ ဆေးခန်းစောင့် အိမ်ငယ်တလုံးရှိသည်။

'ဥက္ကဋ္ဌကြီး ဟောဒီမှာ ဆေးခန်းဘက်ကိုသွားနေတဲ့ခြေရာတွေ မဟုတ်လား'

'ဟုတ်တယ်ဗိုလ်ကြီးသန်း၊လူနှစ်ယောက်ခြေရာပဲ'

'ကဲ- ဆရာ ဦးဟန်သိန်းရော လူကြီးမင်းများပါသေသေချာချာကြည့်ထားကြပါ၊ကဲ—ကဲ- မောင်အေးသောင်း ခြေရာ ပုံသဏ္ဍာန်ယူထား၊ ခြေရာတွေကတော့ ဆေးခန်းအဝင်တံခါးမကြီးထဲတန်းဝင်နေပြီဗျို့။ အထဲဝင်ကြည့်ကြရအောင်'

စခန်းမှူး ဦးသန်းနှင့် လက်ထောက်ကျန်းမာရေးမှူး ဦးဟန်သိန်းတို့အဖွဲ့သည်ဆေးခန်းအဝင်တံခါးမှအခန်းတွင်းဘီရိုများအထိ စစ်ဆေးကြည့်ရှုကြသည်။

'ဟော-ဒီမှာ ဗိုလ်ကြီးသန်း၊ သော့ခလောက်နဲ့ မြောက်မြီးတွေပဲ'

ဥက္ကဋ္ဌကြီး ဦးသောင်း တွေ့သော မြောက်မြီး နှင့် သော့ခလောက်ငှခုကို စခန်းမှူးဦးသန်းက ရှာဖွေပုံစံဖြင့် သိမ်း ဆီး ပြီး နောက်ဘီရိုအတွင်းမှဆေးပစ္စည်းများကို စစ်ဆေးကြသည်။

'ဗိုလ်ကြီးသန်း ဆေးပစ္စည်း စုစုပေါင်း ၁၁ မျိုး ပျောက်နေတယ်'

'ဟုတ်ကဲ့ဘန်ဖိုးဘယ်လောက်ရှိသလဲဆရာ'

'အစိုးရရှုန်းနဲ့ဆိုယင် ၁၀၀၀ ဖိုးလောက်ရှိမယ် ခန့်မှန်းလို့ရပါတယ်'

စခန်းမှူး ဦးသန်းက ဦးဟန်သိန်းစစ်ဆေးတွေ့ရှိရသည့်ဆေးပစ္စည်းစာရင်းကိုယူပြီးဆေးခန်းအတွင်း ဆက် လက စစ်ဆေးသည်။

'ဟော-ဒီမှာဗိုလ်ကြီး ဦးထုပ်ပျောက်တလုံးပါလာ။ ဟာ-ဆံပင်မွေးအဖြူတွေ ရောပေလို့ ဗိုလ်ကြီး၊ဒီဦးထုပ်ဆောင်းတဲ့သူ တော်တော်အသက်ကြီးပုံပဲ ရှော့ဗိုလ်ကြီး'

ဆေးပစ္စည်းများ စစ်ဆေးနေသည့်လက်ထောက် ကျန်းမာရေးမှူးဦးဟန်သိန်းသည် ဘီရိုအားနားမှာ ရှာသိုသက္ကလပ်ဦးထုပ်ကြီးတလုံးကို ကောက်ပြီး စခန်းမှူးဦးသန်းလက်သို့ ပေးလိုက်သည်၊ စခန်းမှူးကသေသေချာချာကြည့်ပြီး—

'ဟာ—အဲဒီ ဦးထုပ်တော့တာသဲလွန်စပဲဆရာ၊ ကဲဆရာဦးဟန်သိန်း ဒီအမှုပေါ်ဖို့ သေချာသလောက်ရှိပြီ၊အဲဒီတော့ ပြန်ထွက်တဲ့ခြေရာလက်ရာ ကြည့်ကြဦးစို့'

'ဟုတ်ကဲ့ ကောင်းပါတယ်'

ဖောက်ထွင်းခိုးယူသူတို့၏ခြေရာကို သေသေချာချာ စစ်ဆေးကြည့်ကြရာ ဆေးခန်း၏ အနောက်တောင်ဒေါင့်သို့ တောင်ဘက်ပြူတင်းပေါက် တံခါးကိုဖွင့်ပြီး ထွက်သွားကြသောခြေရာကိုတွေ့ကြရသည်၊

စခန်းမှူးဦးသန်းသည် ထွက်သွားသောခြေရာများကို သေသေချာချာကြည့်ပြီးမှ မြေအပြင်အထင်ရှားဆုံး ခြေရာများကို ရယူသည်၊ ခြေရာမှာ နှစ်ယောက်ခြေရာပင်တွေ့ရသည်။

'လာကြ—လာကြ ကျွန်တော်တို့ခြေရာအတိုင်း လိုက်ကြည့်ကြရအောင်၊ ဟောဒီမှာခြေရာတခုက ကတ္တရာလမ်းပေါ် တက်သွားပြီး ကျန်ခြေရာတခုကဘယ်ကို ခွဲသွားလဲ ကြည့်ကြစမ်းပါ'

'ဒီမှာ—ဒီမှာ ဗိုလ်ကြီးသန်း၊ ကတ္တရာလမ်းပေါ် တက်သွားတဲ့ခြေရာဆီလိုက်သွားပြီးမှ နောက်ပြန်လှည့်ပြီးဆေးခန်းဆီ ပြန်သွားတယ်'

'ဟုတ်တယ်ဗျ၊ ကဲ-ဥက္ကဋ္ဌကြီး ပြန်လှည့်တဲ့ခြေရာ ဘယ်ကိုဆက်သွားလဲ လိုက်ကြည့်ကြရအောင်'



စခန်းမှူးနှင့်အဖွဲ့သည် ဖြစ်မှုကျူးလွန်သူတို့အဝင်အထွက် ခြေရာများကိုအသေးစိပ် စိတ်ရှည်လက်ရှည်စစ်ဆေး ကြည့်ရှုကြပြီးနောက် ဆေးခန်း ဖောက်ထွင်းခိုးယူမှုတရားခံဖော်ထုတ် ဖမ်းဆီးနိုင်ရန် လျှို့ဝှက်ဆွေးနွေး ကြသည်။ ပူးပေါင်းဆောင်ရွက် မှုမှ အမှုမှန်အမြန်ပေါ်ရေးသို့ ဟူသော ရည်မှန်းချက်ဖြင့်ညီညွတ် စည်းလုံးစွာလုပ်ဆောင် နေ ကြ ခြင်း ဖြစ်ပေသည်။

☆

၁၉၇၅ခုနှစ် ဇွန်လ ၂၁ရက်နေ့နံနက်(၇)နာရီအချိန်သတင်းရရှိသော [illegible] ဆေးခန်းဖောက်ထွင်းမှုက် စခန်းမှူးဦးသန်းနှင့်အဖွဲ့မှအခင်းဖြစ်ပွားရာအခြေခံ အချက်အလက်များကို စစ်ဆေးကြည့်ရှုခဲ့ပြီးနောက်ရရှိသော ခြေရာ၊မြောက်ဖြီး၊ ဦးထုပ်ပေါ်တို့နှင့်စပ်ဆက်နိုင်သည့် ပုဂ္ဂိုလ်များကိုဖော်ထုတ်ရန် ဆက် လက် စစ်ဆေးကြသည်၊

'ကျွန်တော်ဆရာ ဦးဟန်သိန်းကို မေတ္တာရပ်ခံလိုတာက ဒီအမှုနဲ့ပတ်သက်ပြီး ဆရာတို့ဦးစွာစစ်ပါမယ် ဆရာသိသမျှကိုသီးခံပြီးဖြေပါနော်ဆရာ'

'ဟာ—စစ်ပါစစ်ပါ တာဝန်ရှိတဲ့ဗိုလ်ကြီးသန်းအနေနဲ့စစ်တာကို ကျွန်တော်တို့မကျေနပ်စရာ မရှိပါဘူး၊အမှုပေါ်ဖို့သာ အဓိကပါ ဗိုလ်ကြီးသန်း'

'ဟုတ်ကဲ့ဆရာ၊ ဒီဆေးခန်းကို ဘယ်နေ့ဘယ်ရက်ကရောက်ပြီး ဘယ်ဆေးမှူးဆီက လက်ခံဆောင်ရွက်ပါသလဲ'

'ဟုတ်ကဲ့၊၁၁-၂-၇၅ နေ့က ဆေးမှူး ဦးရင်မောင်ထံက လွှဲအပ်လက်ခံခဲ့ပါတယ်'

'ဦးရင်မောင် လွှဲအပ်စဉ်က လက်ခံခဲ့တဲ့ ဆေးအပြင် နောက်ထပ်ရောက်ပါသေးသလား'

'ဟုတ်ကဲ့— လက်ကျန်ဆေးက နည်းနည်းပါးပါးပဲရှိပြီး အနောက်ဘက်ဘီရိုမှာ ထားပါတယ်။ အရှေ့ဘက်ဘီရိုကထိုးဆေး၊ စားဆေးအများစုကတော့ ၁၄-၂-၇၅ နေ့ကမှ ကျေးရွာပြည်သူ့ကောင်စီ ဦးတင်ဦး၊ဆရာဦးတင်လှတို့နှင့်အတူ ဖောက်ပြီးစစ်ဆေးသုံးစွဲခဲ့ပါတယ်'

'ခိုးရာပါသွားတဲ့ဆေး(၁၁)မျိုး ဆိုတာ ဘီရို ၂ လုံးစလုံးက ဆေးတွေပဲလား'

'အားလုံးပါသွားပါတယ်'

'ကျွန်တော်တို့ စစ်ဆေးခဲ့တဲ့ ခြေရာတွေကို ဆရာမှတ်မိတယ်နော်'

'မှတ်မိပါတယ်'

'ကဲဒါဖြင့် ဟောဟိုနားက ခြေရာတခုနဲ့တူတဲ့ ခြေရာပါသလားကြည့်ပါအုံး'

'ပါတယ် ဗိုလ်ကြီးသန်း — ဆေးခန်းအဝင်အထွက်မှာ ဒီခြေရာမျိုးပါပါတယ်'

'ဟုတ်ကဲ့ အဲဒီခွဲထွက်လာတဲ့ ခြေရာကို လိုက်ကြည့်ပါတယ်မှာ အဆုံးသတ်သလဲ'

စခန်းမှူး ဦးသန်း၏စကားအဆုံးတွင် လက်ထောက်ကျန်းမာရေးမှူးဦးဟန်သိန်းနှင့် ဥက္ကဋ္ဌ ဦးသောင်းပါလိုက်ကြည့်ကြသည်၊ ခြေရာအဆုံးလိုက်ပြီး ပြန်လာကြသည်။

'ကဲ— ခြေရာဘယ်ကိုသွားတယ်ဆိုဒါသိပြီးနော်'

'ဟုတ်ကဲ့....ရှင်းပါတယ်'

ဟုတ်ပြီ-- ဒီလိုဆို ကျွန်တော် ဆရာ ဦးဟန်သိန်းကို နယ်မြေအခြေအနေ သိတ်မသိသေးတော့ ခုတွေ့ရတဲ့ အချက်အလက်တွေလောက်ပဲမေးပါတော့မယ်။ အဲ- ကျွန်တော် နည်းနည်းအစီရင်ခံလိုတာက ဆရာဦးဟန်သိန်းကျေးလက်ကျန်းမာရေးအဖွဲ့ထဲက ဆရာမများနှင့် ဆေးခန်းစောင့်တို့ကို တော့ သေသေချာချာစစ်လိုပါတယ်။ ပြီးတော့ပေါ်ပေါက်လာတဲ့အခြေအနေပေါ်ကြည့်ပြီး ဆက်အရေးယူသင့်တဲ့သူကို အရေးယူမယ်နော်'

ဟုတ်ကဲ့ဗိုလ်ကြီးသန်း- ဗိုလ်ကြီးသန်းတို့ ဒီလိုချက်ချင်းလာပြီး ဆောင်ရွက်တာကိုပဲ ကျွန်တော် ဖြင့်အားတက် ဝမ်းမြောက်လှပါတယ်။ စစ်ပါ ဗိုလ်ကြီးပြစ်မှုကျူးလွန်သူသာ ပေါ်လာမယ်ဆိုယင် ဘယ်သူ့မျက်နှာမှ မထောက်နဲ့ဗျာ။ ဟုတ်တယ်--ဘယ့်နှယ်ဗျာ ကျွန်တော်ရောက်လို့မှ လပိုင်းလောက်ရှိသေးဘယ်-- ဆေးခန်းကိုမှဖောက်ရတယ်လို့ပဲ'

ထားပါတော့လေ ခိုးမှုကျူးလွန်တဲ့လူဆိုတာက ဆေးခန်းရယ် ဘာရယ်တော့မဟုတ်ဘူး —ခိုးလို့ရမဲ့အခြေအနေတွေ့ယင် ခိုးတာပဲဆရာရဲ့'

'ဟုတ်တယ် ဗိုလ်ကြီး၊ အဲဒီဆေး ခန်း က ဦးထော်ရဲ့ ခွေးကလည်း တော်တော် ကောင်းတယ်၊ ဦးထော်ကလည်း နိုးနိုးကြားကြားအိပ်တတ်တဲ့လူ၊ ဒီလိုခွေးရော လူရော ကောင်းမွန် နိုးကြားနေတဲ့ ဆေးခန်းကို ဖောက်ခိုးတယ် ဆိုတာ ခိုးလို့ ရမယ့်အခြေအနေ တွေ့လို့ ဖြစ်မှာပေါ့ ဗိုလ်ကြီး'

'ဟုတ်ကဲ့ ဥက္ကဋ္ဌကြီး၊ ကဲ-ကဲ၊ ဆေးခန်းကဆရာမတွေ ခေါ်ပေးပါ၊ သိပ်တော့မေးစရာမရှိပါဘူး၊ နည်း နည်း ပါး ပါးပဲ မေးစရာကလေးတွေ့ရှိပါတယ်'

စခန်းမှူးနှင့် ဆေးမှူး၊ကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌတို့ ဆွေးနွေး ညှိနှိုင်းပြီးဆေးခန်းအမှုထမ်းများကို ခေါ်၍ စစ်ဆေးသည်။ စခန်းမှူး ဦးသန်းက ရောက်လာသော ဆရာမများနှင့် ဆေးခန်းစောင့်များကို ဆေးခန်း အတွင်း အဝင်အထွက် ခြေ ရာ များ နှင့် ဖောက် ထား သော မြောက် ဖြိုးသော့ခလောက်များကိုပြပြီး တဦးချင်း လိုရင်း အချက်များကို မေးမြန်း စစ်ဆေးသည်။ စစ်ဆေးရာတွင် ပြည်သူ့ကောင်စီ၊ ပြည်သူ့ရဲ၊ ဆေးမှူးတို့ စုပေါင်း ညှိနှိုင်း စစ် ဆေး ကြ သည်။ ဆိုရှယ်လစ်ခေတ်နှင့် လိုက်လျောညီထွေ ညှိနှိုင်း ပေါင်းစုကာ ဆောင်ရွက်ကြခြင်း ဖြစ်လေသည်။

'ကဲ- ကဲ၊ ဆရာမများ အနေဖြင့် ကျွန်တော်တို့ ပြည်သူ့ ရဲကို ယုံ ယုံ ကြည် ကြည် ဖြင့် မေးသမျှ မေးခွန်းတွေကို အမှန် အတိုင်း သိသမျှ ဖြေကြားကူညီသွားကြတဲ့အတွက် ကျွန် တော် တို့ အထူး ဝမ်း မြောက် ပါ တယ်၊ ဒီတော့ ဆရာမများပြန်နိုင်ပါပြီ'

စခန်းမှူး၏ မြွက်ကြားချက်ကို နားထောင်ကြပြီးနောက် ဆရာမများ နှုတ်ဆက်ပြီး ပြန် သွား ကြသည်။ဆရာမများထအပြန် ဆေးခန်းစောင့် ဦးထော်လည်း ပြန်ရန်ပြုစဉ်-

'ဗြော်.... ဦးထော် နေအုန်းလေဗျာ၊ ခင် ဗျား က ဆေးခန်းနား ကပ်နေတဲ့လူက ပိုပြီးပြန်ချင်ပြီလားဗျ'

'မ-မ-မဟုတ်ပါဘူး ဗိုလ်ကြီး၊ ညောင်းလို့ ခဏထတာပါ'

'ဟုတ်လား၊ ကဲ- ဦးထော်ကို နည်းနည်းပြောလိုတာက ဒီ ဆေးခန်း ဖောက်ထွင်းခိုးယူမှုနှင့် ပတ်

?

## သည်ဥပဒေသင်သိပါသလား

၁။ မျက်နှာမြင်ခါနီး မိန်းမတယောက်သည်၊ ဗိုက်နာသည့်ကို မခံမရပ်နိုင်သဖြင့်၊ ရေတွင်းထဲခုန်ချသတ်သေသည်၊ သူမသေသော်လည်း၊ ဗိုက်ထဲမှကလေးမှာသေသွားသည်။

ထိုမိန်းမသည် သေကြောင်းကြံစီမှုဖြင့်အပြစ်ရှိသလော၊

ကိုယ်ဝန်ပျက်ကျစေမှုဖြင့်အပြစ်ရှိသလော။

၀ ၀ ၀

၂။ မိန်းမ ဖောက်ပြန်လျှင် ယောကျ်ားမှ ကွာရှင်းခွင့်တောင်းနိုင်သလို၊ ယောကျ်ားဖောက်ပြန်လျှင် မိန်းမကကွာရှင်းခွင့်တောင်းနိုင်ပါသလော။

၀ ၀ ၀

၃။ အပျိုရွယ် လှလှသည် မိဖများက နှိပ်စက်၍ အိမ်မှထွက်ပြေးသည့်နောက် မိတ်ဆွေ၊ မောင်မောင်အိမ်သွားနေသည်၊ သူမကိုလက်ခံသော မောင်မောင်မည်သည့် ပြစ်မှုကိုထိုက်သနည်း။

၀ ၀ ၀

စာမျက်နှာ (၁၆၄) သို့အဖြေ

သက်ပြီး ဦးထော်ဟာ ဆေးခန်းလုံခြုံမှု စောင့် ရ တဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်နေတော့ဦးထော်ရဲ့ အကူအညီကို ကျွန်တော်တို့ အများဆုံး လိုနေတယ်၊ ဒီတော့ ဟောဒီ ဦးထုပ်ကို ဆေးပစ္စည်းတွေ ထားတဲ့ဆေးခန်းထဲမှာ မေ့ကျန်ရစ်တဲ့အတွက်ဦးထုပ်ဆောင်းသူဟာ ဖောက်ထွင်းမှု ကျူးလွန်တဲ့ သူပဲ၊ အဲဒီတော့ ဦးထော်အနေနဲ့ ဒီဆေးခန်းမှာ တာဝန်ဆောင်ရွက်နေတာ ကြာပြီဖြစ်တဲ့အတွက် ဒီဦးထုပ်မျိုး ဘယ်လိုလူတွေ ဆောင်းတတ်တယ် ဆိုဒါ ဦးထော် မြင်ဖူးမယ်ထင်ပါတယ်’

စခန်းမှူးဦးသန်းက ဦးထော်၏ သွင်ပြင် အနေအထားကို အကဲခတ်ယင်းပြောလေသည်။

‘ဟုတ်ကဲ့ဗိုလ်ကြီး စဉ်းစားပါဦးမယ် မြင်ဖူးသလိုလိုတော့ထင်ပါတယ်’

‘ဟင် ဦးထော်ခင်မျှားမြင်ဖူးသလိုလိုတော့ ထင်ပါတယ်လုပ်မနေနဲ့ ခင်ဗျားသေသေချာချာကို ဘယ်သူဆောင်းတယ် ဆိုတာသိရမယ်’

‘မျှာ’

‘မျှာမနေနဲ့ ခင်ဗျားအိမ်ဘက်က ဆေးခန်းဘက်ကို ကူးလာတဲ့ ခြေရာနှစ်ခုက ခင်ဗျားဘာလုပ်တယ်ဆိုတာ ထောက်ပြနေတယ်၊ ကဲဒီတော့ခင်ဗျား ဘာပြောချင်သေးသလဲ’

‘ဟုတ်ကဲ့ ကျွန် ကျွန်တော်ပြောပါမယ်၊ ခြေရာကတော့ကျွန်တော့ခြေရာဟုတ်ပါတယ်၊ ဆေးခန်းနဲ့ အိမ်နဲ့မကြာခဏ သွားလိုက်လာလိုက် လုပ်နေတာပါ ဗိုလ်ကြီး’

‘ကဲ ဒါဖြင့် ဒါတွေထားတော့ ခင်ဗျားကို ကျွန်တော်တခုပဲမေးမယ် သေသေချာချာ စဉ်းစားဖြေနော်’

‘ဟုတ်ကဲ့ ဗိုလ်ကြီး’

ခင်ဗျား ဒီကိစ္စမှာ ခင်ဗျားသိတာတွေမှန်မှန် ဖွင့်ပြောပြီးတရားခံလိုက်ဖမ်းနိုင်အောင် ပြောမလား မပြောဘူးလား ဒါပဲ ဦးတော်’

‘ဟုတ်ကဲ့ဗိုလ်ကြီးခုကျွန်တော်နည်းနည်းစဉ်းစားလို့ပေါ်လာပြီ ဟိုဦးထုပ်မျိုးကို ရှမ်းဆရာကြီးဆိုလား စောရွှေထွန်းဆိုလားအဲဒီလူဆောင်းထားဒါ မြင်ဖူးသလိုလိုရှိတယ်’

'အံ့ ဒီလူကခင်ဗျာ့ဆီလာဘာမှာဆောင်းလာတာ မြင်တာလား'

'ဟုတ်ကဲ့ အဲလေ မမ မဟုတ်ပါဘူး ဆေးခန်းလာတဲ့အခါမှာ မြင်းဖူးတာပါ သူကျွန် ကျွန်တော့ဆီအရင်ကလာ အဲလေ အရင်က မလာဖူးပါဘူး'

'ဦးထော် ခင်ဗျားပြောနေတာတွေက ဖုန်းဖော်ဖြစ်နေပြီကဲ ကဲ ဒီတော့ အရင်ကမလာဖူးတာတွေ ခုမှလာတာတွေပြောမနေနဲ့တော့ အဲဒီလူဘယ်ရှာသွားလဲ'

'နတ်မောက်နယ်စပ်က စီသာရွာသားလို့ထင်တာပဲ'

'အင်း ဦးထော်ပြောလိုက်မှဖြင့်ဘယ်စကားမှ မပြတ်သားဘူးကဲ ခင်ဗျာ အိမ်ပြန်သွားဆေးခန်းဖွင့်ဖို့အချိန်နီးနေပြီ ခင်ဗျားကိုနောက်မှ စဉ်းစားမယ် ခင်ဗျားဆေးခန်းနှင့်အိမ်ကလွဲပြီး ဘယ်မှမသွားနဲ့'

ဟုတ်ကဲ့ပါဗိုလ်ကြီး'

စခန်းမှူးဦးသန်းသည် ဆေးခန်းအမှုထမ်းများကို စစ်ဆေးပြီးနောက် အုပ်စုပြည်သူ့ေသာင်စိဥက္ကဋ္ဌ ဦးသောင်း၊ ကျေးရွာပါတီစိတ်မှဦးလှဘာင်၊ လက်ထောက်ကျွန်းမာရေးမှူး ဦး ဟန်သိန်း (ယခုမှုတောင်ဆေးခန်း) တို့နှင့်လျှို့ဝှက်ဆွေးနွေးပြီးပြစ်မှုကျူးလွန်သူဖမ်းဆီးရမိရေးနှင့် ဆေးပစ္စည်းများအမြန်ပြန်ရရေးအတွက် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်လုပ်ပြီး လူစုခွဲလိုက်ကြသည်။

နံနက် (၇) နာရီမှ သတင်းရရှိသော ကြာကန်ဆေးခန်းဖောက်ထွင်းမှု စခန်းမှူးဦးသန်းစစ်ဆေးဆောင်ရွက်ခဲ့သည်မှာ နှစ်နာရီမျှကြာသေးသည်။ ကြာကန် ရွာမှရွာသူရွာသားများပင် ၎င်းတို့၏ဆေးပေးခန်းကို ဖောက်ထွင်း ခိုးယူသွားခကြောင်း မသိကြသေး။ ဆေးခန်းနှင့်နီးစပ်သူများမှတဆင့်တယောက်စကား တဆင့်ကြား ဖြင့် မေးမြန်းစူးစမ်းနေချိန်ဖြစ်လေသည်။ အချို့က ပြည်သူ့ရဲတွေဆေးခန်းထဲမှာတွေ့ရတယ်။ ဘာလာလုပ်ကြ သလဲဟု မေးမြန်းနေသလာနေဆဲဖြစ်၏။

မည်သို့သော အခြေအနေတွင်ရှိစေ စခန်းမှူးဦးသန်းနှင့် ဘာဥက္ကဋ္ဌဦးသောင်း၊ ပါတီစိတ်မှဦးလှမောင်၊ လက်ထောက်ကျန်းမာရေးမှူး ဦးဟန်သိန်းတို့သည် ဖောက်





ထွင်းသူကို အမြန်ဆုံး ဖော်ထုတ်ရန် ကြိုးပမ်းနေကြသည်။

တနာရီမျှ ကြာ သေး သော အချိန်ပိုင်း တွင်ပင် ရဲအမြင်နှင့်တရားခံ ဖမ်းဆီးနိုင်ရန် အခြေခံသဲလွန်စတွေ့နေပြီဖြစ်၍ စခန်းမှူးဦးသန်းနှင့် အဖွဲ့သည် မကြာမီအကောင်အထည် ဖော်ကြ လိမ့်မည်ဟု မျှော်လင့်ရပေသည်။

o o

၁၇-မိုင်ခရီးကို နတ်မောက်လိုင်းကားမှ ၁၅-မိနစ်ခြင့်ရောက်အောင်မောင်းပေးသည်။ တနာရီ (၆၀) မိုင်နှုန်း မောင်းလာသော ယာဉ်မောင်းဦးအေးကို၏ ကားသည် ကြက်ဂီတ်အနီး မော်လမြိုင်ကွမ်းယာဆိုင် နားတွင် ထိုးရပ်လိုက်၏။ ကားပေါ်မှ ဆင်းလာသော လူ(၃) ယောက် အနက်တိုက်ပုံ အင်္ကျီနှင့် လူ ငယ် တယောက်က အညာသားမုန့်ဟင်းခါးဆိုင်ဘက်သို့လှမ်းကြည့်သည်။ ၎င်း နောက် ကျန် လူ (၂) ယောက်တို့ ဤသို့ စကားဆိုလိုက်သည်။

'ဦးထော် ပြောတဲ့ စောရွှေထွန်းဆိုတာ အညာသားမုန့်ဟင်းခါးဆိုင်မှာ အနောက်ဘက်အစွန်ကထိုင်စားနေတဲ့လူပဲ ဆရာအေးသောင်း'

'ဟုတ်ကဲ့ ဦးလှမောင် ကျွန်တော်တို့ သူ့ကို ချက်ခြင်းဖမ်းလို့မဖြစ်သေးဘူး ဒီတော့ ဥက္ကဋ္ဌကြီးနှင့် ဦးလှမောင်တို့က သူ့အခြေအနေကို အကဲခတ်ယင်း သူသွားရာ နောက်ယောင်ခံ ပေးပါ၊ ကျွန်တော် စခန်းမှူး ဦးကြည်စန်းဆီသွားသတင်းပို့မယ်'

အညာသား မုန့်ဟင်းခါးဆိုင်တွင် မုန့်စားနေသော စောရွှေထွန်းသည် လူသွားလူလာ ကားဝင်ကားထွက် ရှုပ်ထွေးနေသည့် ကြက်ဂီတ်သို့ ဘယ်အချိန် ကရောက်နေသည်ကိုမသိ မုန့်စားပြီးဖြစ်၍ မုန့်ဆိုင်မှထသွားရန်ပင်ဟန်ပြင်နေသည်။ မကြာမီမှာပင် အညာသားမုန့်ဆိုင်မှခရန်ချောင်းကားလမ်းကို ဖြတ်ကျော် လိုက်သည်။ လမ်းမကြီးမြောက်ဘက်အရောက်တွင် ၎င်း ဖြတ်လာခဲ့သောနောက်မှကြက်ဂီတ်ဘက်သို့ ပြန်လှည့်ကြည့်ပြီး တဆက်တည်းမှာပင် ဦးမောင်ကိုပန်းတိမ်ဝယာ

သို့တချက်စီလှည့်ကြည့်ပြန်သည်။ ၎င်း၏စိတ်တွင်းဝယ် သံသယရှင်းသော ဆုံးဖြတ်ချက်ကို ချဟန်တူသည်။ ထိုနေရာမှ မြောက်ဘက် တည့်တည့်သို့ ဦးတည်ကာ ထွက်သွားတော့သည်။

စောရွှေထွန်းသည် မကွေးမြို့ အရှေ့မြောက်ပိုင်း သိင်္ဂါရီ ရပ်ကွက်သို့ ၁၀- လမ်း အဘိုင်း လျှောက်သွားနေသည်။ ထိုလမ်းမှာ လူသွားလူလာ နည်းသည်။ သို့သော် စောရွှေထွန်းသည်သိင်္ဂါရီလမ်းများကို တောက်လျှောက်မသွား၊ နှင်းဆီလမ်း၊ သုခလမ်းစသည်များကို တဆစ်ချိုး ချိုး၍ လျှောက်နေသည်။ မကြာမီမှာပင် သပြေလမ်း ဘက်သို့ ရောက်သွားသည်။ ထိုလမ်း၏အနောက်ဖျားကျကျမှ အိမ်တအိမ်ရှေ့အရောက် အိမ်ပေါက်ဝတွင် ရပ်လိုက်သည်။

'ဟော့ ကလေး ကလေးအမေရှိသလား'

'မျာ ဟုတ်ကဲ့ ဦးဦး မေမေ ဈေးမှာဗျ'

'အား ဟုတ်သားပဲ ဦးဦးမေ့လို့ ကဲ ကလေး ဦးဦးဈေးထဲ သွားဦးမယ် ရော့ရော့ ကလေး မုန့်စားဖို့ပိုက်ဆံ'

စောရွှေထွန်းသည် သပြေလမ်းမှ ၎င်းတွေ့လာသူမှာ မကွေး ဈေးကြီးအတွင်း ဈေး ရောင်းနေသည်ကို ယခင်ကသိပြီးဖြစ်သော်လည်း သတိမေ့သဖြင့် နေအိမ်သို့ လာမိခြင်းဖြစ်ဟန် တူသည်။ စောရွှေထွန်းသည် တွေ့လိုသူ၏ သားငယ်ကို မုန့်ဖိုးပေးပြီး ဈေးသို့ဆက်ထွက်လာသည်။

တိုင်း မြို့ ကြီး ပင် ဖြစ် သော်လည်း မကွေးဈေးမှာသိပ်မကြီးလှ လေးဘက်ကိုက် ၂၀၀ စီစတုရန်း ပုံဈေးဖြစ်သည်။ လေးဘက်တွင် တဘက် တံခါးတပေါက်စီ ရှိရာ ဈေးအတွင်း တံခါးမှအပ အခြားနေရာမှ လုံးဝ ဝင်ထွက်သွားလာ၍ မရနိုင်သော ခိုင်ခန့်သည့် ဈေးဖြစ်သည်။

စောရွှေထွန်းသည် သိင်္ဂါရီရပ် တောင်မြောက်လမ်းမကြီးကို ဖြတ်ပြီး မြို့တောင် မြသလွန်ဘုရားလမ်းသို့ လျှောက် ကာ ဈေး အနောက် ဘက်သို့ ရောက်လာသည်။ ဈေးကို မြောက်ဘက် အပေါက်၊ အရှေ့ ပေါက်နှင့် အနောက်ပေါက် တို့မှ မဝင်ပဲ တောင်ဘက်အပေါက်က အဝေးဆုံးထိသွားပြီးမှ ဈေးအတွင်း ဝင်သွားသည်။ သူ တွေ့လိုသူမှာ တောင်ဘက်ဈေးပေါက် အရှေ့ဘက်ရှိ ဆိုင်တဆိုင်ကို။ စောရွှေထွန်းသည် သူ၏ပတ်ဝန်းကျင်မြင်ကွင်းများသို့ တချက်မျှ ဝေ့ရမ်းကြည့်ပြီးမှ-

'အရင်လိုမဝေးဘူး ဒီနယ်ထဲက ရော့ယူ ထောင် ကျော် နိုင်တယ် ၇၀၀ /.မြန်မြန်ပေး'

'သေချာသနော်'

'စိတ်ချ ခုတခါ ဆက်ဆံတာမှတ်လို့ ခင်ဗျားအရင်က အများကြီးဆက်ဆံပြီးပြီပဲ ကဲ ကြာတယ် ပေးဗျာ သွားမယ်'

'ကောင်းပြီ ရော့-ရော့၊ ကိုင်းလစ်တော့'

ဆိုင်ရှင်နှင့် စောရွှေထွန်းတို့ အပေးအယူ၊ တနည်း အရောင်းပစ္စည်း ငွေ ချေ နည်းကို သာမန်လူများမသိနိုင်။ ပစ္စည်းပေး၊ ငွေချေ စကားနည်းနည်းပြောသည်။ အချိန်ကာလမှာ တမိနစ်ပင် ပြည့်မည်မထင်၊ တိုတောင်း လှသော ကာလအတွင်း သူတို့ရဲ့အရောင်း အဝယ်ကိစ္စက ပြီးလေပြီ။ သာမန်လူတို့ ရိပ် စား မိရန် ခက်သော်လည်း စောရွှေထွန်း၏ လှုပ်ရှားမှုကို ရှုဒိုးလိုက်သူသာရှိမည်ဆိုက မည်သည့်ပစ္စည်းကို ရောင်း ဝယ်သည်ဟု သိနိုင်မည်သာဖြင်။

○ ○ ○

မကွေးအမှတ် (၁)ပြည်သူ့ရဲတပ်ဖွဲ့စခန်း။

၁၉၇၅ ခု၊ ဇွန်လ(၂၁)ရက် အချိန်အားဖြင့် နံနက် (၉)နာရီရှိပြီး စခန်းမှူးဦးကြင်စန်းနှင့် ဒု-ရဲအုပ် ဦးတင်တင်လေးတို့ အသင့်ရှိနေကြသည်။

'ကဲ-ဦးတင်တင်လေး၊ ဒီအမှုကို ညောင် ကန် ရဲ စခန်း မှူး ဦးသန်းက အခင်းဖြစ် နေရာနှင့် တကွ အမှုပေါ်ဖို့အခြေထိအောင် ဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ဒု-တပ်ကြပ် အေးသောင်းနှင့် တွဲပြီး ဦးတင်တင်လေး ဆက်ဆောင်ရွက်ပါ'

'ဟုတ်ကဲ့ ဗိုလ်ကြီး'

'ပြီးတော့၊ အမှုက တရားခံ မဖမ်းရသေးပေမယ့် ဖြစ်မှု ကျူးလွန်သူဟု သင်္ကာ မ ကင်း တဲ့ ပုဂ္ဂိုလ်တယောက် တွေ့ထားလို့ ဆရာ အေးသောင်းနှင့် ကြာကန်ရွာကဥက္ကဋ္ဌပါဆက်လိုက်နေတယ် ဆရာအေးသောင်းဆီကသတင်းရ

တာနဲ့ တပြိုင်တည်း ကျွန်တော်တို့ အမှတ် (၁) ရဲစခန်းနှင့် ညောင်ကန် ရဲကင်းတို့ပူးပေါင်းပြီး ပြစ်မှုကျူးလွန်သူတွေကိုဖမ်းယယ်'

'ဟုတ်ကဲ့ ဗိုလ်ကြီး'

စခန်းမှူး ဦးကြင်စန်း (ယခု ချောက်)နှင့် ဒုရဲအုပ် ဦးတင်တင်လေး (ယခု မန္တလေး) တို့ အမှုအကြောင်း ပြောဆို ဆွေးနွေးနေစဉ် မှာ ပင် ဆရာ အေးသောင်း အ ရေး ကောင်း ပုံ ဖြင့် ရဲစခန်း ရောက်လာသည်။

ကဲ-ဆရာအေးသောင်း ဘယ်လိုလဲ'

'ဟုတ် ကဲ့ ဗိုလ် ကြီး၊ ကျွန်တော်တို့နောက်ယောင်ခံလိုက်နေတဲ့ စောရွှေထွန်းရဲ့ လှုပ် ရှား မှု အရ ဈေးထဲက ဦးစန်း ဆိုင်မှာ ပစ္စည်းသွင်းသွားပြီ'

'ဟုတ်လား၊ ဒါဖြင့် လက်ပူးလက်ကြပ် မိအောင် မဖမ်းခဲ့ဘူးလား'

'ဟုတ်ကဲ့ တခါတည်း ဖမ်းရင်တော့ ရပါတယ်၊ ဒါပေမယ့် ဥက္ကဋ္ဌ ဦး သောင်း က ဒီလူမှာ အခြား အရေးကြီးပစ္စည်းတွေ ရှိလိမ့်မယ်။ သူ့ရွာအထိ နောက်ယောင်ခံလိုက်ပြီး ဖမ်းယင် ပို၍ ကောင်းမယ်လို့ ပြောတဲ့အတွက် မဖမ်းသေးပဲ စောရွှေထွန်းနောက်က တပါတည်း လိုက် သွား ကြတယ်'

'ဪ—ဟုတ်ပြီ၊ ကဲ-ဦးတင်တင်လေးနှင့် ဆရာအေးသောင်း ဥက္ကဋ္ဌဦးသောင်းတို့နောက် ဆက်လိုက်ပါ၊ ကျွန်တော်က ဈေးထဲက ဦးစန်းဆိုင်ကို ဝင်ရှာမယ်။ ကဲ-ဦးတင်တင်လေးတို့သွားကြတော့၊ ဪ—ပြီးတော့ ကြာကန်ရွာက ဦးထော်လဲတပါတည်းဝင်ခေါ်ခဲ့၊ ပြီးတော့ ဆေးမှူး ကိုလည်း ရဲစခန်းလာဖို့ပြောခဲ့ပါ'

စခန်းမှူး ဦးကြင် စန်း သည် ညောင်ကန်စခန်း ဦးသန်းက လွှဲလိုက်သော ကြာကန် ဆေးခန်း ဖောက် ထွင်း မှု ကို ဦးတင်တင်လေးအား ဆက်လက် ဆောင်ရွက်ရန် တာဝန် ပေးလိုက်သည်။ ၎င်းကိုယ်တိုင်လည်း မကွေး ဈေးအတွင်းမှ ဦးစန်း၏ဆိုင်သို့ ဝင်ရောက် ရှာရန် ထွက်သွားတော့သည်။

ကြာကန် ဆေးခန်း ဖောက်ထွင်းမှုကို စခန်းမှူး ဦးသန်းက ဆက်လက် ဆောင်ရွက်ရန် ဖြစ်သော်လည်း မြို့နယ် ပြည်သူ့ ရဲ တပ်ဖွဲ့မှူး ဦး မြ ဂေါင်း က စေတုတ္တရာသို့ပြောင်းရန် တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူး၏ အမိန့်အရ ထပ်ဆင့် ညွှန် ကြား သ ဖြင့် အမှုကို အမှတ်(၁) ရဲစခန်းသို့ လွှဲပေးခဲ့ခြင်း ဖြစ်လေသည်။

○ ○ ○

'ဟာ....ဗိုလ်ကြီးပါလား၊ ဘယ်ကလျှောက်တာတာလဲဗိုလ်ကြီး'

'ဟုတ်ကဲ့၊ စခန်းက ပဲ ဆိုပါတော့၊ ဒါနဲ့ ဦးစန်းရဲ့ ဆိုင်မှာ ခုမနက် လာရောင်းတဲ့ ပစ္စည်းလေးတွေ ကြည့်ချင်လို့ပါ'

'ဟုတ်ကဲ့၊ မ များ ပါ ဘူး ဗိုလ်ကြီး၊ ကြည့်လို့ ရပါတယ်။ ဒီလိုပဲ ဗိုလ်ကြီးရေ၊ ကျွန်တော်တို့မှာပရိယေသနဝမ်းစာအတွက် ကျဘမ်း ရရာက ဝယ်ပြီး ရောင်းရတာပဲ၊ ဟောဒီမှာ ဗိုလ်ကြီး'

မကွေး ဈေးအတွင်း ဦးစန်း ထံမှ ဆေးပစ္စည်းများကို ဦးကြင်စန်းက သိမ်းဆည်းရန် ကြည့်ရှုသည်။

'ဒီမယ် ဦးစန်း၊ ဒီနေ့မနက် ခင်များ ဝယ်လိုက်တဲ့ ဆေးတွေဟာ ဒါအကုန်ပဲလား'

'ဟုတ်ပါတယ် ဗိုလ်ကြီး၊ ဒီ (၃) မျိုးပါပဲ'

'ဟာ- ဦးစန်းခင်ဗျား၊ ကျွန်တော်တို့ကို မှန်မှန်ကန်ကန် အကူအညီမပေးချင်ပဲကိုး၊ ကဲ-ဒီတော့ ခင်ဗျားတို့ကရဲကိုပတ်တော့ ကျွန်တော်တို့ကလည်း ဥပဒေနဲ့ ညီအောင် မှတ်လောက် သားလောက် လုပ်ရမှာပေါ့ဗျာ၊ ကဲ-ဈေး ကြီးကြပ်ရေးမှူးကြီးနှင့် လူကြီး များ ရှေ့ မှာ ကျွန် တော် ခင်ဗျာ့ ဆေး ပစ္စည်းတွေ သိမ်းမယ်'

'ဗျာ၊ ကျွန်တော့်ဆိုင်တဆိုင်လုံး ကွက်သိမ်းမှာလား ဗိုလ်ကြီး'

'ဒီမယ်ဦးစန်း၊ ခင်ဗျား တခြားဆိုင်တွေပါဆွဲပြီး ပုတ်ခတ် ပြောတာ မကောင်းပါဘူး၊ ကျွန်တော်တို့က ရိုးရိုးသားသားနဲ့ လိုရင်းလောက်ပဲ ဆောင်ရွက်မှာပါ၊ ခုကိစ္စက အကြောင်းရှိလို့ ခင်ဗျားဆိုင်ကိုမှ ဝင်ရှာရတယ် ဆိုတာ ခင်ဗျားသိပြီး ဖြစ်မှာပါ၊ ဒီတော့ ခင်ဗျား စကားနဲ့ ခင်ဗျားနောက်တော့မှ မှားမှန်းသိရမှာပေါ့ဗျာ'

ဆေးပစ္စည်း အ ရောင်း ဆိုင် ဦးစန်းသည် မည်သို့မျှ ဆက်လက် မပြောသာတော့ပဲ စိတ်ပျက်အား

လျှော့သည့်အသွင်ဖြင့် ငြိမ်ကြည့်နေတော့သည်။

'လူကြီးမင်းများ ပေဟာဒီ ဘာနီဘွန်ထိုးဆေး၊ကာတာဘိုက်ဒက်ဒရီနယ်သင်၊ ဘီ (၂)၊ ကေဘာဒ်၊ ဗီဘာဒ်၊ ဘီတွဲလ်၊ သားပလက်ဖို၊ ဘင်နာဂျက်ဆင်၊ အက်ထရိုပိန်း၊ က လို ရှိ ပင်နီတော ဆေးတွေ ကျွန်တော် သိမ်းမယ် ဟုတ်သား ဦးစန်း'

'ဖလုပ်ပါနဲ့ ဗိုလ်ကြီးရာ ကျွန်တော်တို့ကို သနားပါ ဗိုလ်ကြီး ပြောမှာဆိုမှာရှိလည်း ခွင့်လွှတ်ပါ ဗိုလ်ကြီး'

'ဒီဆယ်ဦးစန်း၊ခု ခင်ဗျား ဆေးပစ္စည်းတွေသိမ်းတာ ဘာကြောင့်သိမ်းတယ်ဆိုတာ ခင်ဗျား သိပါတယ်။ဒီတော့ အမှုနှင့် ပတ်သက်ယင် ခင်ဗျားအပေါ် ၂ မှု အရေးယူမယ်၊ မ ပတ် သက် ယင်တော့ ၁ မှုပဲပေါ့ဗျာ။ ကဲ-ရဲကိုဒီလိုပြောနေလို့အပိုပဲ၊ ရဲက တရားဥပဒေအရ ဆောင် ရွက် တာပါ၊ ဈေးရောင်း ဈေးဝယ် လုပ် နေ တာ မဟုတ်ပါဘူး'

ဦးစန်းအဖို့ မည်သို့မှ ဆက်လက် ပြောရန် မရှိတော့ပဲ ဆေးပစ္စည်း (၁၄) မျိုး ကိုသာ အပ်လိုက်ရတော့သည်။

○ ○ ○

မနက်မှူး ဦးကြင်မန်း၏ ညွှန်ကြားချက်အရ ဒု ရဲအုပ် ဦးဟင်ဟင်လေးနှင့် ဒု တပ်ကြပ် အေးသောင်းတို့သည် ဆရာ မင်းဟန်မောင်းသော ရဲ ကား ဖြင့် စောရွှေထွန်းနောက်သို့လိုက်ကြသည်၊ စောရွှေထွန်း နေသောစီသာရွာနှင့် ၂ ဖာလုံခန့်ကွာသောဘောဘန်းတွင် ကားကို ရပ်ဘန်စေပြီး ခြေလျင်ခရီးဆက်ကြသည်။ မကြာမီမှာပင် စီသာ ရွာတံခါး အနီးသို့ ချဉ်းကပ်မိကြသည်။

'ဆရာအေးသောင်း စောရွှေထွန်း နောက်က လိုက် သွား ကြတယ် ဆိုတဲ့ ဥက္ကဋ္ဌ ဦးသောင်းနှင့် ဦးလှမောင်တို့ကိုလည်း မတွေ့ရပါလား'

'ဟုတ်ကဲ့ ဗိုလ်ကြီး၊ သူတို့တနေရာမှာတော့ရှိမှာပါ၊ဒီတော့ စောရွှေထွန်း အိမ်ကို တန်း ဝင်လို့တော့မဖြစ်ဘူး ပရိယာယ်နှင့်



ရွာထဲဝင်ပြီး ဥက္ကဋ္ဌဦးကြည်ရနှင့် ဦးမြညွှန့်တို့ကို သတင်းပို့ပြီးမှ ဝင်ရအောင် ဗိုလ်ကြီး'

'အေး ဟုတ်ပြီ၊အဲဒါကောင်းတယ်'

ဤသို့ ညှိနှိုင်း စီစဉ်ပြီးနောက် ချုံပြောင်းရှုပ်လွှဲပြီလုပ်ကာ ဆက်လက် ဝင်ကြသည်။ ဦးကြည်ရ၏ နေအိမ်သို့ရောက်လျှင် ဦးကြည်ရကို တွေ့ရသည်။ ဦးကြည်ရအိမ်တွင် ကောင်စီဝင် ဦး မြညွှန့် နှင့် လူစိမ်းသြွေ့သည် နှစ်ဦးကိုလည်း တွေ့ရသည်။

'ဟာ....ခင်ဗျားတို့ရောက်လာကြပလား၊ ကဲ- ကျွန် တော် တို့လည်း မကြာမီကမှ စောရွှေထွန်းစီးလာတဲ့ကားပေါ်က ဆင်းလာတာ'

'ဟုတ်လား၊ အင်း- ဒီလိုဆိုတော့လဲ ခင်ဗျားတို့က ဘယ်ဆိုးလို့လဲ ကားအတူ စီးလာတော့ ဟိုလူ ရိပ်မိဘူးလား'

'မရိပ်မိအောင် ကျွန်တော်တို့ကလည်း မြို့က ကုန်သည်ယောင်ဆောင်ပြီး လိုက်လာတာ ကားပေါ်က လူတွေကိုတော့ ဒီဘင်ရွာကို ပဲဝယ်ရန်သွားတဲ့အကြောင်း ပြောတော့ ဟိုလူ ဘယ် သိလိမ့်မလဲ၊ ကျုပ်တို့ နှစ်ယောက် သာ ပြော နေ တယ် ခင်ဗျား တို့ နှစ်ယောက်ကလဲ ပုဆိုးကြမ်းခေါင်းပေါင်းနဲ့ တောသားကြီးတွေ ကျနေတာပဲ'

'ဟုတ်လိုက်လေ၊ ဥက္ကဋ္ဌကြီးတို့လိုပဲပေါ့၊ ဒါပေမယ့် ကျွန်တော်တို့က ဥ က္က ဋ္ဌ ကြီး တို့ နှင့် ချက်ချင်းမတွေ့ယင် သမဝါယမသားသတ် လုပ်ငန်းကို နွားသွင်းမယ့် နွားဝယ်ဘဝနဲ့ စောင့်ရဦးမှာကိုးဗျ'

'ကဲ- စောင့် မ နေ နဲ့ တော့ ဗိုလ်ကြီးနှင့် ဆရာအေးသောင်း၊ ဟောဒီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် တို့ကို ခေါ်ပြီး စောရွှေထွန်းကို သွားဖမ်း ပေ တော့၊ ကျွန်တော်တို့က တော့ ဒီလောက် လုပ်ပေးတာက ပိုလို့မသင့်တော်တော့ဘူး၊ ကဲ- ကျုပ်တို့ပြန်မယ်'

'ဟုတ်ကဲ့ ပြန်ကြပါ၊ ဥက္ကဋ္ဌကြီးတို့ ဆက် လိုက်ဖို့ မသင့်ဘူး တာဝန် ကျေတာထက် ပိုနေလို့ ကျေးဇူးတင်ပါတယ်၊ ကဲ-ပြန်ကြပါ၊ ကျွန်တော်တို့ဆက်လုပ်လိုက်အုံးမယ်'

၎င်းနောက် စီသာရွာပြည်သူ့ကောင်စီနှင့် ဒုရဲအုပ် ကိုဘင်တင်

ကာနေလးတို့အဖွဲ့သည် ရှမ်း ဆေး ဆရာကြီးဦးစောရွှေထွန်းအမည်ခံ မောင်ထွန်းကို ဆေးပစ္စည်းများ နှင့်အတူ ဖမ်းဆီးလိုက်ကြသည်။

ဆက်လက်၍ ကြာကန် ဆေး ခန်းသို့ သွားရောက်ပြီး ဆေးခန်း စောင့် ဦးထော် ပါ ခေါ်ပြီး ရဲ ခန်းသို့ ပြန်လာခဲ့ကြသည်။

မကွေး ဈေးထဲမှ ဦးကြင်စန်း သိမ်းပေးသော ဆေးပစ္စည်းများ နှင့် ဦးသန်းသိမ်းခဲ့သော ဆံပင် များ ကပ်နေသည့် သက္ကလပ် ရှာထိုးဦးထုပ် အပြော့နှင့် မောင် ထွန်းထံမှ သိမ်းဆည်း ရမိသော ဆေး ပစ္စည်း များပါ ရဲစခန်းသို့ ပေးအပ်ကြသည်။

ကြာကန်ရွာ ဆေးခန်းဖောက် မှု ဖြစ်ပွားကြောင်းသတင်းရသည့် နံနက် (၇) နာရီမှ တရားခံများ နှင့် သက်သေခံပစ္စည်းများပါဖမ်း ဆီးရမိသည့် နံနက်(၁၀)နာရီထိ လျှင် (၃) နာ ရီ နှင့် အမှုကို အောင်မြင်စွာ ဖော်ထုတ်နိုင်သည် ဟု ဆိုရပေမည်။

ဤသို့ အောင် မြင် ရ ခြင်း ၏ အကြောင်းရင်းကို ရှာကြည့်လျှင် မှုဖြစ်ပွားကြောင်း ဖြစ်ပွားပြီး ချင်း ချင်း သ တင်း ပေး ခြင်း၊ သတင်းရလျှင် ရချင်း နှောင့်နှေး ကြန့်ကြာမှုမရှိပဲ ချက်ချင်း စုံစမ်း စစ်ဆေး ဆောင်ရွက်ခြင်း၊ သက် ဆိုင်ရာ အပိုင်းကဏ္ဍအလိုက် ပါ ဝင် ပူးပေါင်း ဆောင် ရွက် ခြင်း ဟူသောအချက်ကြီး(၃)ချက်နှင့် ညီညွတ်၍ ဟူသော အကြောင်း ရင်းကို တွေ့ရပေသည်။

လျှို့ဝှက်သိပ်သည်းစွာ တိတ် ဆိတ်ငြိမ်သက်သော ညဥ့်အခါတွင် ဥတိတ်တဆိတ် ဖောက်ထွင်းခိုးယူ သည့်အမှုသည် အခြားအမှုများ နှင့်မတူ တယောက်ကောင်း၊ တ ဖွဲ့ကောင်း ဆောင်ရွက်၍မရ ဖြည်း ဆေးသက်သာစွာအစဉ်းစားကြီး ပြီးဆောင်ရွက်၍လည်းမရ သွက် လက်ဖြတ်လပ်စွာ စုပေါင်းလုပ် ဆောင်မှသာ ပြစ်မှုကျူးလွန်သူ သည် ဖုံးဖိကွယ်ဝှက်ရှောင်တိမ်း နိုင်စွမ်းမရှိပဲ လုပ်သားပြည်သူတို့ ၏ ရှေ့မှောက်သို့ ကျရောက်ရ မည့်သာဖြစ်သည်။

ဆိုခဲ့သည့်အချက် (၃)ရပ်နှင့် ညီညွတ်စွာ ပြည်သူ့ရဲ ပြည်သူ့ ကောင်စီ ပြည်သူ့ပါတီ ပြည်သူ့ ကျန်းမာရေးဌာနတို့မှ ရည်ရွယ် ချက်တူညီမှု စွမ်းအားဖြင့် ပိပြင် ပြတ်သားစွာ သတင်းပေးစုံစမ်း စစ်ဆေး သိမ်းဆည်း ဖမ်းဆည်း မှုပြုခဲ့၍ တိုတောင်းလှသောနာရီ ပိုင်းအတွင်း အောင်မြင်ခဲ့ရသည်။

ထိုသို့ ဆောင်ရွက်ကြခြင်း သည် ယခုမျက်မှောက်ခေတ်ဆို ရှယ်လစ်စနစ်နှင့်လည်း ကိုက်ညီ ရှိလေသည်။

(၃) နာရီအတွင်း တရားခံ (၂)ယောက်နှင့် သက်သေဆေး ပစ္စည်းများ ပြစ်မှုကျူးလွန်သူမေ့ ကျန်ရစ်သော သက်သေခံပစ္စည်း ဦးထုပ်တို့ကို သိမ်းဆည်းဖမ်းမိခဲ့ သဖြင့် ရဲစခန်းမှတ်ပုံတင်(၂၀) တွင်စခန်းတပ်ကြပ်ကြီး(စာရေး) ဦးမြင့်က ရာဇဝတ်ကျင့်ထုံးပုဒ်မ —၁၅၄ နှင့်ညီညွတ်စွာရေးသွင်း သည်။ ထို့နောက်ရှမ်းဆေးဆရာ ကြီးစောရွှေထွန်းအမည်ခံ မောင် ထွန်းနှင့်အတူ ကျူးလွန်သူဆေး ခန်းစောင့်ဦးထော်တို့ကို ရဲစခန်း ပထမသတင်းပေး တိုင်ချက်အ မှတ်၊ ၁၀၅ / ၇၅ ပြစ်မှုကြီး ပုဒ်မ—၄၅၇ (ညည့်အချိန်ဖောက် ထွင်းခိုးယူမှု) အရ အမှုဖွင့်ပြီး ဒုရဲအုပ် ဦးတင်တင်ကလေးကစစ် ဆေးခါ မကွေးမြို့နယ်ပြည်သူ့တ ရားရုံးသို့ တင်ပို့ခဲ့သည်။ တ ရားရုံးမှ အမိကဦးထုပ်ဘွင်တွေ့ ရသော ဆံပင်အဖြူနှင့် မောင် ထွန်း၏ ခေါင်းမှ ဆံပင်တို့ကို အထောက်အကူပြုခါ စဉ်းစား ချင့်ချိန်သည်။

ယင်းအမှုကို မြို့နယ်ပြည်သူ့ တရားရုံးက ပြစ်မှုကြီးအမှတ်၊ ၅၇၂/၇၅ ဖြင့်လက်ခံကြားနာ စစ်ဆေးပြီး တရားခံမောင်ထွန်း ကိုပြစ်မှုကြီးပုဒ်မ - ၄၆၇ အရ ထောင်ဒဏ် (၆)လအပြစ်ပေးပြီး တရားခံဦးထော်ကိုမူ သက် သေခံမထင်ရှား၍တရားသေလွှတ် ခဲ့ကြောင်းသိရသည်။

ရာဇဝတ်မှုလျော့နည်း ပပျောက် ရေး ဥပဒေစိုးမိုးရေး ဟူသောဦး တည်ရည်မှန်းချက်ချင်းတူညီသည့် စုပေါင်းစွမ်းအားကို ရယူအသုံး ချတတ်သော ပြည်သူ့ရဲတပ်ဖွဲ့မှ ပြည်သူ့ သားကောင်းများပေါ် ထွန်းလာစေရန် ရည်သန်၍အ ထက်ပါ ဖြစ်ရပ်မှန်မှုခင်းကို ရေး သားတင်ပြရပေသတည်း။

ပခုက္ကူ စောမောင်

ကျွန်တော်က

သူအထဲဝင်လာမှ ထန်းလျှီးဓားနဲ့

ပြေးခုတ်မယ်ဆိုပြီး

အသာစောင့်နေလိုက်တယ်

ဒါပေမဲ့

ပရဘူးဆရာရေ

မိန်းမနတ်က ကာယ်ကြီးတာကလား

ငနဲ့အဖြစ်ကိုတွေ့မိတော့

ကျွန်တော်

သွေးပျက်ချင်သွားတယ်





## ထန်းတက်လင်မှယား

## သတ်မှု

၁၉၃၁ ခုနှစ် ဒီဇင်ဘာလ အတွင်းဖြစ်သည်။

မုဒုံဂါတ်တွင် ညတာဝန်ကျနေသည့် ပုလိပ်ကလေး မောင်သောင်းထွန်းသည် ညနှစ်ချက်တီးခန့်တွင် စာသင် မောင်ဘသော်၏ အခန်းသို့ ရောက်လာပြီး တံခါး ခေါက်နှိုးလိုက်သည်။ မောင်ဘသော်က ကမန်းကတန်း တံခါးဖွင့်ပေးလိုက်သည်။

သော် ရေးကြီးသုတ်ပြာနဲ့ ဘာဖြစ် လာ သ လဲ မောင်သောင်းထွန်း။

ထွန်း ဘင်လှိုင် ဘက်မှာ လူတယောက် အိမ်ပေါ်က ကျပြီး ခြေတိုင်စူးသေလို့ တိုင်ချက် လာဖွင့်တယ်။

ဟာ မတော် တဆလိမ့် ကျသေတာ ဝဲ ကွာ၊ ငါ့လာခေါ်ရသေးသလား။

ထွန်း ဆရာ့တပည့်ကဒီလောက် ဘယ်ညံ့ပါမလဲ ဆရာရဲ့၊ တခြား လူတယောက်က သူ့တပါးအိမ်ကို ခိုးတက်ရင်းကျသေ တာ မို့ လာ တာ။

သော် အော်....သူခိုးလား။

ထွန်း ဟာ ဆရာကလဲ လာပြန်ပြီ၊ ကျွန်တော့ကိုအထင်မသေးစမ်းပါနဲ့ သူခိုးကျသေလို့လဲ ကျွန်တော် ဒီလောက် အရေး တကြီး ဆရာ့ဆီလာဖို့မလိုပါဘူး။

သော် ဟ- ဒါဖြင့်ယင်ဘာ့ယ်သူလဲ ပြောစမ်းပါဦး။

ထွန်း ကျသေသူက ဈေးပိုင်းက သဌေး ဦးအောင်ဝင်းရဲ့ သစ်စက်မန်နေဂျာ ကိုမြသိန်းတဲ့၊ သူကျတ်တဲ့အိမ်က ပိုက်ဆံအပိုဘာဆယ်တောင်မရှိတဲ့ ထန်းတက်သမား ယစ်ထုပ်သိန်းလှိုင်ရဲ့အိမ်။

သော် ဟာ-ဒါဆိုယင် စိတ်ဝင်စားစရာ ကောင်းပြီ သိသလောက်အစဆုံးပြောစမ်းပါဦး။

ထွန်း ဘင်လှိုင် ရွာစွန်က ထန်းတက်ပြီး ထညက် (ထန်းလျက်) ချက်ရောင်း ထန်းရည်ပုန်းရောင်း (ထန်းရည် အခါး ခိုး ရောင်း) တဲ့ အ သ က် (၄၀) လောက် ရှိ တဲ့ ယစ် ထုတ်သိန်းလှိုင်နဲ့ အသက်က (၂၀) လောက်ရှိတဲ့ ဇနီးအဝင်းဆိုတာ နေတယ်၊ သိန်းလှိုင်က ညဆယ့်တစ်နာရီလောက်အထိ ထန်းရည်သောက်ပြီးအိမ်ရှေ့မှာပဲအိပ်ပျော်သွားတာက များသတဲ့၊ ဒီညနာရီပြန်တချက်လောက် မှာလဲ ဒီလိုပဲ အိမ်ရှေ့ခန်းမှာ အိပ်ပျော် သွားနေတုန်း ခေါင်းရင်းက ဝူးဝူးဝါးဝါး အော်သံကြားရသတဲ့၊ သူလဲ ကဗျာကယာ အခန်းထဲက သူ့ဇနီးအဝင်းလဲမီးထွန်းပြီး အခန်းထဲက ထွက်လာသတဲ့ သူတို့နှစ်ယောက် တဲအောက် ဆင်းပြီး ခေါင်းရင်းဘက် သွားကြည့်တော့ မြသိန်းကို ခြေတိုင်ဝါးမှာ သီလျက်တွေ့ရသတဲ့၊ ဒါနဲ့ သိန်းလှိုင်က သူ့မိန်းမကို၊ 'နင်လင်ငယ်နင်ချိန်းထားလို့ လာတာဖြစ်မှာပေါ့ဆိုပြီး ရိုက်သတဲ့၊ ဒါနဲ့ သူ့မိန်းမက 'ရှင်ကျွန်မကို ရိုက်ယင်ရှင်းသတ်တာလို့ ကျွန်မပုလိပ်ကိုတိုင်မယ်' လို့ပြန်ပြောသတဲ့၊ ဒါနဲ့ ဆက်မရိုက်တော့ပဲ၊ ဆယ်အိမ်ခေါင် သွားတိုင်ကြသတဲ့၊ ဆယ်အိမ်ခေါင်းနဲ့ လူကြီးတွေလာတော့ မြသိန်းဟာ သေနေပြီးတဲ့၊ သိန်းလှိုင်ရဲ့ တိုင်ချက်ကတော့ မြသိန်းနဲ့ သူ့ဇနီးဟာ ဖေါက်ပြန်နေကြသတဲ့၊ သူ့ဇနီးကလဲ ဝန်ခံသတဲ့၊ အခု မြသိန်းဟာ သူ့ဇနီးချိန်းထားလို့လာပြီး ပြတင်းပေါက်က တွယ်ဘက်လို့ ပြဘင်းပေါက်အပေါ်တန်း ပြုတ်ကျပြီး ခြေတိုင်ပေါ်မှာ သွားစိုက် သေတာတဲ့၊ ပုလိပ်တယောက် သူတို့နဲ့ လိုက်သွားတယ်၊ ကျွန်တော်က ဆရာကို လာနှိုးတယ်။

သော် မင်းတော်တယ် သောင်းထွန်း၊ မင်းဟာ တကယ်တိုးတက်မဲ့လူငယ်ပဲ ကဲလာ၊ ဗို့ဆရာကြီး ဦးဘသာကိုခေါ်ပြီး လိုက်သွားကြရအောင်။

○ ○ ○

မြသိန်းဆိုသူမှာ အသက် အစိတ်ခန့် ရှိမည်၊ အရပ် မနိမ့် မမြင့်၊ ကိုယ်လုံးကိုယ်ထည် တုတ် တုတ်ခိုင်ခိုင်ရှိ၏။ ဦးအောင်ဝင်း ၏ဇနီး ဒေါ်ဖွားယီ၏ ဝမ်းကွဲ [illegible] ဖြစ်သူ၏ သားဖြစ်၏။ တဦး တည်းသော သားဖြစ်ပြီး အသက်(၁၆)နှစ်ခန့်တွင် မိဘ နှစ်ပါး ကွယ်လွန် သွားသဖြင့် ဦးအောင်ဝင်း တို့က သားသမီး ပမာ မွေးစားထားခြင်း ဖြစ်၏။ ဦးအောင်ဝင်းမှာ ယက်ကန်းစင် များအပြင် သစ်စက်တလုံးလည်း ရှိသဖြင့် မြသိန်းကို သစ်စက်မန် နေဂျာများအဖြစ် ခန့်ထားသည်။

မြသိန်း၏အလောင်းကို မြင်ရ သည်မှာ တကယ်တုန်လှုပ်ဖွယ်ရာ ဖြစ်၏။ ခြေသည်းရှိမှာ ဝါးငုတ် ဝါးတန်ဖြင့်ခတ်ထားခြင်းဖြစ်၏။ တိရိစ္ဆာန်များ မဝင်နိုင်ရန် ခတ် ထားခြင်းဖြစ်၍ ခြံတိုင် အမြင့်မှာ ၁၅-ပေ သာသာ ခန့်သာရှိ၏။ တိုင်အဖျားကို ချွန်ပြီးခုတ်ထားသ ဖြင့် လှံကဲ့သို့ချွန်နေသည်၊ ဝင်းခြံ နှင့် အိမ်နံရံ မှာလည်း သုံးပေ ကျော်သာ ခြား၏။

တဲမှာမြေပြင်မှ ကြမ်းပြင်အထိ ငါးပေခန့် ရှိသည်။ ကြမ်းပြင်မှ ပြတင်းပေါက် အောက်ဘောင်မှာ လေးပေခန့်ရှိ၏။ ပြတင်းပေါက် ၏အမြင့်မှာ ငါးပေခန့် ရှိသည်။ ပြတင်းပေါက် အပေါ်တွင် သုံး ပေက်ခန့် ခြားသည့်တန်သုံးတန် ကို သေဝင်၍ အသင်းချောင်ဝင် [illegible] ရှိ သွားသည်၊ တံခါးမှာ အပြင်ဖွင့် တရပ် တံခါး ဖြစ်ပြီး အထက်အောက် ချက်တပ်ထား သည်။ အောက်ချက်မှာ ကျွက်တံ နှင့် ချက်ပေါက်လွဲနေသဖြင့် ချက် [illegible] ပြတင်းပေါက်မှာ ပွင့်နေ သည်။ ခြေသည်းရှိ အပေါ်ဆုံး တန်း ပေါ်ရပ်၍ ပြတင်းပေါက် အောက် ဘောင်နှုတ်ခမ်း ကို ခြေနင်းအား ပြုပြီး လေပင်တန်းကို လှမ်းဆွဲ လျှင် မိနိုင်သည်။ လက်တဖက်က တန်းကိုတွဲခိုထားပြီး ကျန်လက်တ ဖက်က တံခါးအပေါ်ချက်ကိုလှမ်း နှိုက်ဖွင့်နိုင်သည်။ ထိုသို့ ဖွင့်ရင်း တန်းက ကိုယ်အလေးချိန်ကို မခံ နိုင်သဖြင့် ပြုတ်ထွက် သွားခြင်း ဖြစ်၏။ ပြတင်းပေါက် ပေါ်တွင် အောက်ဆုံး တန်းမှာ ပြုတ်နေ သည်ကို တွေ့ရသည်။

မောင်ဘသော်က အလောင်း နှင့် အနေအထား အားလုံးကို စိတ် ကျေနပ် လောက် အောင်



အသေးစိတ် စစ်ဆေးပြီးနောက် အလောင်းကို ဆေးရုံ အပို့ခိုင်း လိုက်သည်၊ ထို့နောက် ကို သိန်းလှိုင် နှင့် မဝင်းတို့ စစ်ဆေး သည်။ အဝင်းက ခေါင်းငုံ့နေ သည်။

သော် ကိုသိန်းလှိုင်ရဲ့ တိုင်ချက် မှာ [illegible] ဖြစ်လို့ ကျုပ် ပွင့်ပွင့် [illegible] မေး တော့မယ်၊ မဝင်းကအ မှန်တိုင်း [illegible] ဖြေပါ၊ ကိုမြသိန်း ဟာ [illegible] ချိန်းထားလို့ လာတာလား (အဝင်းက မဖြေပဲ ခေါင်းငုံ့ နေ သည်။)

လှိုင်း [illegible] ဖြေလိုက်၊ အခုမှရှက်နေကြောက်နေ လို့မရ တော့ဘူး၊ အခု ပုလိပ်အမှု ဖြစ်နေပြီ၊ မေး တာကို အမှန် အတိုင်း ဖြေ

ဦးဘသာ ဟုတ်တယ်၊ ကလေးမ ဒါဟာ ဥပဒေရေးရာကိစ္စ ဖြစ်လာပြီ၊ ဒီတော့ ဥပဒေ နဲ့ ငြင်ဆိုင်ဖို့ ဆိုတာ အ ကောင်းဆုံးက အမှန်ကို ဖြေခြင်းပဲ

ဝင်း ဟုတ်ပါတယ်၊ ကျွန်မချိန်း ထားလို့ လာတာပါ။

သော် ကိုသိန်းလှိုင်ဟာ အပြင် ဧည့်မှာ အပြင်အိပ်သလား

ဝင်း မဟုတ်ပါဘူး၊ တခါတ လေမှပါ

သော် ဒီည ကိုသိန်းလှိုင် အပြင် မှာ အိပ်မယ်လို့ ဘယ်လို လုပ်သိပြီး ချိန်းတာလဲ

ဝင်း သိလို့ မဟုတ်ပါဘူး၊ သူ [illegible] ဆိုတော့၊ [illegible] ခေါင်းလိုပဲလာ ပေါ့လို့ ပြန်ပြောလိုက်ပါ တယ်

သော် ခေါင်းလိုဆိုတာကဘယ် လိုလဲ

ဝင်း ခေါင်း [illegible] ခေါင်းရှောင် [illegible] တယ်၊ ကို သိန်းလှိုင်က အိပ်ပျော် ယင် နှစ်အိမ်ကြား၊ ရှစ် အိမ်ကြား ဟောက်တတ် တော့ ဘယ်မှာအိပ်တယ် ဆိုတာ အဝေးကြီးကသိ နိုင်တာပေါ့၊ အပြင်မှာ အိပ်တယ်ဆိုယင် ချက် နှိုက်ဖွင့်ပြီး ဝင်ရှိပဲ [illegible] ၏အဖြေမှာ [illegible] လွန်းသည်ဟု မောင်ဘ သော်က ထင်မိသည်။

သော် မဝင်းနဲ့ ကိုမြသိန်းငြိစွန်း နေကြတာ ဘယ်လောက်ကြာပြီလဲ ခုလို ဘယ်နှစ်ခါ ချိန်းတွေ့ဘူး သလဲ၊ ဘာကိုလိုစဖြစ်ကြသလဲ။

ဝင်း ဖြစ်တာ သုံးလ နီးပါးရှိပါပြီ၊ စတွေ့ဘူးတာတော့ ကျွန်မဦးသိန်းလှိုင်နဲ့ အိမ်ထောင်ကျပြီး သင်္ဘေးဦးအောင်ဝင်း အိမ်ထန်လျက် စပို့ထဲကပဲ၊ ဒါပေမဲ့ လွန်ခဲ့တဲ့ ခြောက်လလောက်ကမှ သူဘာစိတ်ကူး ပေါက်ဘယ် မသိဘူး။ ကျွန်မကိုခုလို အသက်ကြီးရုပ်ဆိုးတဲ့ ယစ်တုတ်ကြီးနဲ့ ပေါင်းသင်းနေရတာကို သနားသတဲ့ သံယောဇဉ်လဲရှိတာမှ မဟုတ်ပဲ ကွာ လိုက်ပါ၊ သူအ တည်တကျ လက်ထပ်ယူပါ့မယ် ဆိုပြီး ရည်းစားစကားပြောတယ်၊ အစက ကျွန်မလဲ မဖြစ်နိုင်ဘူးဆိုပြီးအဘန်တန်ငြင်းပါသေးတယ်၊ နောက်တော့ သူ့ကိုလဲ ယုံကြည်လာတယ်၊ ဦးသိန်းလှိုင်ကလဲ တခါတခါမူးပြီး ရိုက်တက်တော့ စိတ်ညစ်တယ်၊ ဒါနဲ့ လက်ခံလိုက်တယ်။ ဒီလိုချိန်းတွေ့တာတော့ ဒါပါနဲ့ သုံးခါပဲ ရှိပါသေးတယ်။

သော် -ဘယ်လိုချိန်း ကြသလဲ။

ဝင်း -ထန်းလျက် ပို့သွားတိုင်းတွေ့တာပဲ၊ အဲဒီမှာ သူက သူဒီည လာမယ်လို့ ပြောတာပဲ။

သော် -ပြဘင်းပေါက်ကို ဂျက်မချပဲ အသာစေ့ထားလို့ မရဘူးလား။

ဝင်း -ဦးသိန်းလှိုင်က တခါတခါ စစ်ဆေးတယ်၊ ဂျက်မချထားယင် ဆဲတယ်။

သော် -ကိုသိန်းလှိုင်က အတော်စေ့စပ်တာပဲ၊ ဒါတောင် ပြဘင်းပေါက်အောက် ဂျက် ချ မ ရဘူးဆိုတာ မသိဘူးလား မမြင်ဘူးလား။

လှိုင် -ကျွန်တော်က တံခါးကို တွန်းကြည့်တာ ဆရာ၊ ဂျက်ကို စမ်းကြည့်တာ မဟုတ်ဘူး

သော် -ခင်ဗျားမိန်းမ အခုလို မြသိန်းနဲ့ ဖေါက် ပြန်နေတာခင်ဗျားမသိဘူးလား။

လှိုင် -မသိပါဘူး၊ သွားကြည့်တော့မှ မြသိန်းမှန်း သိတော့ ဒီကိစ္စက လွဲပြီး တခြားမဖြစ်နိုင်ဘူး ဆိုပြီး



လည်မလို....လို....နဲ့

တရားခွင်တွင်၊ သူခိုးတယောက်ကို တရားသူကြီးက စီရင်ချက် ဖတ်ပြနေသည်၊ တရားသူကြီး ဘယ်လိုအမိန့်ချသည်ကို နားမရှင်းသော တရားခံက

တရားခံ၊ ကျွန်တော့အမှုကို ဘယ်လိုအမိန့်ချပါသလဲ ခင်ဗျာ။

တရားသူကြီး၊ ငြစ်မှုမထင်ရှားလို့ မင်းကိုလွှတ်လိုက်ပြီလေ။

တရားခံက၊ ဝမ်းသာအားရ ပြောလိုက်သည့်စကားက

'ဒါဖြင့်....ကျွန်တော်ခိုးထားတဲ့ ပစ္စည်းတွေကို ကျွန်တော်ပဲ ဆက်ယူထားနိုင်တာပေါ့နော်'

ဟူသတည်း။

ရိုက်မေးတော့မှ ဝန်ခံတော့တယ်။

သော် -ကိုမြသိန်း အော်သံကို ဘယ်သူအရင်ကြားသလဲ

လှိုင် အဲဒါတော့ မသိဘူး။ ကျွန်တော်ဆီးသွားချင်ပြီး လန့်နိုးလာတုန်း အော်သံကြားတယ်၊ ကျွန်တော် လဲလုံးလဲထတယ်၊ အဝင်းလဲမီးထွန်းပြီး ထွက်လာတယ်။

သော် -ဘယ်အချိန် လောက်လဲ။

လှိုင် -နာရီပြန် တချက်လောက်

သော် -ဘာကြောင့် နာရီပြန် တချက်မှန်း သိသလဲ။

လှိုင် -မရှေ့မနှောင်းပဲ ကင်းတဲက သံချောင်း တချက် ခေါက်ပါတယ်။

သော် -(ကိုမြသိန်း တွယ်ခိုခြင်းကို မခံနိုင်၍ ပြုတ်ကျသွားသော သစ်သားတန်းကို ကိုင်လျက်) ကိုမြသိန်းရဲ့

ကျုံကို ကိုသိန်းလှိုင်က စိတ်မှန်နဲ့ ပြောပုံစမ်းများ။

လှိုင် -ဒီကောင်က တံခါးဂျက် ဖြုတ်ဖို့ လက်ယားဘက်က ဒီတန်းကိုတွယ်ထားရမယ် အရင်ကလဲ နှစ်ခါတောင် တွယ်ထားဘူး တော့ ရိုက် ထားတဲ့သံဟာ ဒီကောင် ကိုယ်အလေးချိန်ကို မခံ နိုင်ပဲ တဖြေးဖြေး ကျွတ် ထွက်လာရာကနေနောက် ဆုံး ပြုတ်ထွက် သွားတာ ဖြစ်မယ်လို့ ထင်ပါတယ် (အမြေ သွက်လက်လွန်း သည်ဟုမောင်ဘသော်က ထင်သည်)

သော် -ဟုတ်ပြီး၊ ခင်များအယူ အဆနဲ့ ကျုပ်အယူအဆ တူတယ်၊ ကိုမြသိန်းရဲ့ အရပ် မြတင်း ပေါက် အောက်ဘောင်နဲ့ တန်း တို့ရဲ့ အကွာအဝေး အ ရဆိုယင် ကိုမြသိန်းဟာ ဂျက်ကို ဖြုတ်နေစဉ်တန်း ကို တွယ်ခိုထားရမယ်၊ တွယ်ခိုထားတယ် ဆိုယင် သဘာဝ အလျောက် တန်းဟာ အောက်တွဲကျ လာပြီးမှ ပြုတ်ထွက်သွား ရမှာပေါ့၊ ဒီလိုမဟုတ်ဘူး လား။

လှိုင် -ဟုတ်ပါတယ်။

သော် -အဲဒီလိုဆိုယင် ရိုက်ထား တဲ့သံလဲ ကောက်သွား ရမှာပေါ့၊ မဟုတ်ဘူး လား (ကိုသိန်းလှိုင်ဘာမှ ပြန်မဖြေ) အခုသံဟာ တ ဖြောင့်ထဲ နေတယ်ပဲနဲ့ လဲ ပြီးတော့ ဂျက်ဖြုတ်တုန်း ပြုတ်ကျတာဆိုယင် တံခါး ဟာ ပိတ်နေရမှာပေါ့၊ အခုတံခါးကလဲ ပွင့်နေ တယ်။

ဝင်း တံခါးကို ကျွန်မကယောင် ကတန်းနဲ့ ဖွင့်မိတာပါ။

သော် ကဲ ထားပါတော့၊ သံ မကောက်တဲ့ ကိစ္စ ပြော ပြောပါဦး၊ လူတွယ်လို့ ပြုတ်ကျယင် သံကောက်ရ မယ် မယုံယင် လက်တွေ့ သွားလုပ်ကြည့်ရအောင်။

သာ အမှန်အတိုင်း ပြောကွာ သိန်းလှိုင်၊ ဒို့ စစ်ယူရယင် ပိုနာမယ်၊

လှိုင် ကျွန်တော်၊ ကျွန်တော် သက်သက် သတ်တာ မ ဟုတ်ဘူး၊ အဖြစ် မှန်ကို ကျွန်တော် ပြောပြပါ့မယ်။

သာ ကဲပြောကွာ၊ အမှန်သာ ပြော မမှန်တာ မပါစေနဲ့ ဒို့ကို ညာလို့ မရဘူးဆို တာ အခုသိပြီ မဟုတ် လား။

လှိုင် ကျွန်တော် အမှန်အတိုင်း ပြောပါ့မယ် ဒီကောင်နဲ့ ဒီကောင်မ မှုမှန်ဘူးဆို တာ ကျွန်တော် နန်နရိပ်မိ တယ်၊ ဒါနဲ့ စောင့်ဖမ်း မယ်ဆိုပြီး ကျွန်တော် အ ပြင်မှာ မူးချင်ဟန်ဆောင် ပြီး အိပ် ပျော် ချင် ဟန် ဆောင် နေ လိုက် တယ်၊ ဟောက်လဲ ပြလိုက်သေး တယ်၊ ကောင်မအိပ်တော့ ကျွန်တော် တံခါးကို ဝင် စမ်းကြည့်တယ်၊ ဂျက်ထိုး ထားတာ တွေ့တော့ အ ပြင်လာပြီး ပြန် ဟောက် နေလိုက်တယ်၊ ငနဲလာ တော့ ကျွန်တော်ဟောက် သံကို အပြင်မှာ ကြားမှာ ပေါ့၊ ကျွန်တော်က အထဲ ဝင်လာမှ ထန်းလှီးဓါးနဲ့ ခြေးခုတ်မယ်ဆိုပြီး အသာ စောင့်နေလိုက်တယ်၊ ဒါ ပေမဲ့ ဆရာရေ မရဘူး။ မိန်းမ နတ်က တယ်ကြီး တာပဲ၊ တံခါးဖွင့်ပြီး ခုတ် မယ်ဆိုပြီး တံခါးရွက်ကို ခြေးတွန်း မိတော့တာပဲ၊ ဘယ်လိုမှ မရည်ရွယ်ပဲနဲ့ ငနဲကို နောက်ပြန် တွန်း လိုက်သလို ဖြစ်သွားတယ် ငနဲ အဖြစ် ကို မတွေ့ တော့ကျွန် တော် သွေး ပျက် ချင် သွား တယ်၊ ဒေါသစိတ်တွေလဲ ဘယ် ရောက်ကုန်မှန်း မသိဘူး၊ ကြောက်စိတ်ပဲ ဝင်လာ တယ်၊ ကိုယ့်ကို အမှုပတ် ပြီဆိုတဲ့ အသိစိတ်လဲ ဝင် လာတယ်၊ ဒါနဲ့ ကောင်မ ကို ဒေါသနဲ့ မရိုက်မိ တော့တာပဲ၊ ကောင်မက 'ရှင် ကျွန်မကိုရိုက်ယင်ရှင် တွန်းချတာလို့ ရဲကိုပြော မယ်၊ မရိုက်ယင် ရှင့်ကို အမှုမပတ်အောင် အကြံ ပေးမယ်' ဆိုတော့ အရိုက် ရပ်ပြီး သူ့အကြံကို မေး

လိုက်စာယ်၊ မိန်းမတွေရဲ့ ဖြတ်ထိုးဥာဏ်ဟာ တယ်ကောင်းတာပဲ ဆရာရယ် တန်း ပြတ်ကျပုံလုပ်ဖို့ ဒီတန်းကို ဖြတ်ခိုင်းတယ်၊ ကြောက်ကြောက်နဲ့ ဖြတ်လိုက်တာ တန်းဟာကျိုးပဲ့ကုန်တယ်၊ ဒါနဲ့ ဒီတန်းနဲ့ တဖြတ်ထဲကသစ်သားကိုယူပြီး သံကျွတ်တဲ့ပုံနဲ့ သံရိုက်ထားလိုက်တယ်၊ သံ ကောက်နေရမယ် ဆိုတဲ့ အထိတော့ ဘယ်တွေးမိပါ့မလဲ၊

သာ ကောင်း၊ပြီ မင်းတို့ နှစ်ယောက်လုံး ဂါတ်တဲ ကိုလိုက် ခဲ့ ပေ တော့၊ ရုံးရောက်မှ တရား ဥပဒေအရ ခုံဖြေရှင်း။

လှိုင် ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော် ကြိုး စင် တော့ မတက်ရပါဘူးနော် ကျွန်တော် မှားပါတယ် ဆရာကြီးရယ်၊ တကယ်ဆိုယင် လူကြီးတွေနဲ့ စောင့်ဖမ်းသင့်တာပေါ့။

သာ အပြစ်ဘယ်လောက် ရမလဲဆိုတဲ့ အဖြေကို တရားသူကြီးကပဲ ပေးလိမ့်မယ်။ အေး နောင်တဆို တာ နောင်မှတရတာပဲ

ဝ ဝ ဝဲ

ခေါင်းဖြင့်ခုတ်ရန်ကြံရွယ်ထားသော်လည်း ခေါ်းဖြင့် လုံးဝ မခုတ်ရခြင်း ပြတင်းပေါက် တွန်းဖွင့်သည်မှာ သေသူကို ဤပုံ ဤနည်း သေရန် ရည်ရွယ်၍ တွန်းဖွင့်ခြင်းမဟုတ်ခြင်း၊ တရားခံမှာ မစိတ်မွန်နေသဖြင့် ဤသို့ဤနှယ် စဉ်းစားနိုင်မည် မဟုတ်ခြင်း စသည်တို့ဖြင့် တရားခံရှေ့နေက အကြောင်းပြပြီး အချက်ကူကူ ခုခံလျှောက်လဲသည်၊ ရှေ့နေမှာ မော်လမြိုင်မှ နာမည်ကြီး ရှေ့နေကြီး ဖြစ်၍ ကိုသိန်းလှိုင်ကဲ့သို့ ဆင်းရဲသူက ငှားနိုင်သည့်အတွက် မြို့လူနေက အံ့ဩသွားကြသည်၊ သို့ သော် တရားခံ ရှေ့နေက သနား၍ တတ်နိုင်သလောက် ပေး ဆို ပြီး လိုက်ပေးခြင်း ဖြစ်သည်ဟု ဖြေသည်။ နောက်ဆုံး သိန်းလှိုင် ထောင်သုံးနှစ် ကျသွားသည်။

ချောင်းဆုံ ဒုန်းသွင်

## သင်သာ တရားသူကြီးဖြစ်လျှင်

မှုခင်းကို အစဉ်တစိုက် ဖတ်ရှုလေ့လာခဲ့သည့် စာရှုသူအဖို့၊ ဥပဒေရေးရာနှင့်တရားစီရင်ရေးဆိုင်ရာ သုတကြွယ်ဝနေပြီဟုယုံကြည်ပါသည်။

ယခု
စိတ်ဝင်စားဖွယ် စီရင်ထုံးများကိုကိုးကား၍အမှုအချို့ကိုတင်ပြထားပါသည်။ စာရှုသူကိုယ်တိုင် အမှုများကိုဖတ်ရှုကြားနာကာစီရင်ချက်ချ၍ မိမိသည်တရားစီရင်ရေးသုတ မည်မျှကြွယ်ဝ နေပြီကိုဆန်းစစ်ကြည့်နိုင်ပါသည်။

ဤဆောင်းပါးကို ရေးသားသည့် ပုဂ္ဂိုလ်မှာ နှစ်ပေါင်းများစွာ တရားစီရင်ရေး နယ်ပယ်ကျင် ကျင်လည်ခဲ့သည့်၊ မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာဘွဲ့ရ၊ ဗဟိုတရားရုံး ရှေ့နေကြီးတဦး ဖြစ်ယုံမျှမက၊ ဥပဒေကျမ်းများစွာကိုပြုစု၍၊ ၁၉၆၀ ခုနှစ်တွင် ဥပဒေကျမ်း ၂ စောင်ဖြင့်အမျိုးသားစာပေ ပထမ ဆု နှစ်ဆုကိုဆွတ်ခူးခဲ့သည့်၊ စာရေးဆရာကြီးတဦးလည်းဖြစ်ပါသည်။

(စီစဉ်သူ)

# သင် ဘယ်လိုဆုံးဖြတ်မလဲ

ဦးအောင်သန်းထွ
ဗဟိုတရားရုံးရှေ့နေကြီး

## ၁။ မယားခိုးမှု

ပခုက္ကူမြို့ မြေကိုင်းစာရေး မောင်လှမြင့်သည်ကျောက်ပန်းတောင်းမြို့ဘိုကုန်းရွာနေ မသန်းအေးနှင့် အကြောင်းလင်မယားအဖြစ် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လက်ထပ်ခဲ့ကြ၏။

ပေါင်းသင်းနေထိုင်ပြီးနောက် ၂ နှစ်အကြာ မောင်လှမြင့်ကအာလုပ်ဖြင့်ကွင်းဆင်းနေရာ ဇနီးမသန်းအေးအားငင်း၏ မိဘများထံ ခေတ္တပို့ထား၏ မောင်လှမြင့်ကပြန်ခေါ်ရာ မလိုက်လိုကြောင်းပြော၊ နေသော်လည်း ရပ်ရွာလူကြီးများ၏ စေ့စပ်ချက်အရ နောက်ဆုံး၌ လိုက်လာခဲ့သည်။

ကျောက်ပန်းတောင်းမြို့တွင် မောင်ကျော်ရှိန်အိမ်၌ခေတ္တတည်းခိုနေစဉ်၊ မသန်းအေးသည်မောင်အောင်ဝင်းဆိုသူနှင့် လိုက်ပြေးသွားရာမောင်လှမြင့်က မောင်အောင်ဝင်းအား ပြစ်မှုဥပဒေပုဒ်မ ၄၉၇ အရမယားခိုးမှုနှင့် တရားစွဲသည်။

မောင်လှမြင့်ကတရားခံမောင်အောင်ဝင်းသည် မိမိ၏တရားဝင်ဇနီးဖြစ်သူမသန်းအေးကို မိမိသဘောမတူဘဲခိုးယူ ပေါင်းသင်းသောကြောင့်တရားခံတွင် အပြစ်ရှိပါသည်ဟုစွပ်စွဲသည်။



တရားခံကမူမသန်းအေးတွင်လင်ရှိသည်ကို မိမိအနေနှင့်မသိပါကြောင်း၊ မသန်းအေးရေးပေးသော သက်သေခံစာချွန်အရ ၎င်း၏လင်နှင့် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်သည် ဟုယုံကြည်ကြောင်း၊ ၎င်းနှင့်ပေါင်းသင်းခြင်းလည်း မပြုခဲ့ရပါကြောင်းထုချေသည်။

သင်သာတရားသူကြီးဖြစ်လျှင်အထက်ပါ အမှုကိုမည်သို့ဆုံးဖြတ်ပါမည်လဲ။

တရားခံအားလွှတ်မည်လော၊ ဖြစ်ဒဏ်စီရင်မည်လော။

○ ○ ○

## ၂။ သံသယအကျိုး

တောင်ငူခရိုင်ထန်းတပင်ရဲစခန်းအပိုင် နိုးစိမ်းရွာနေ တောင်သူကြီး ဦးဘိုးရန်နှင့် မမြရွှေတို့အိမ်တွင် ညဥ့်သန်းခေါင်ယံအချိန် ဒမြတိုက်သည်၊ နွားရောင်းရငွေများနှင့် လက်ဝတ်လက်စားများကို လူဆိုးများကယူသွားပြီး လူဆိုးတဦးက အိမ်ရှင်ဦးဘိုးရန်အားဓါးဖြင့်အကြိမ်ပေါင်းများစွာခုတ်သတ်လိုက်၏၊

မမြရွှေကလူဆိုးများအနက် ဦးဘိုးရန်အားခုတ်သတ်သူမှာ မိမိတို့အိမ်တွင် သူရင်းငှားလုပ်သွားဘူးသူ မောင်တင်မြဖြစ်သည်ဟုလက်နှိပ်ဓါတ်မီးရောင်ဖြင့်၎င်း၊ ၎င်းအသံအရ၎င်း မှတ်မိပါသည်ဟုစွပ်စွဲသည်။

တရားခံရှေ့နေကြီးဒေါက်တာဘမော်က ဒမြတိုက်ပြီးလျှင်ပြီးချင်း ရဲနှင့်အခြားသက်သေများအား မမြရွှေကမောင်တင်မြအားမှတ်မိပါသည်ဟုမပြောခဲ့ကြောင်း၊ အသံဖြင့်မှတ်မိပါသည်ဟု စွပ်စွဲခြင်းမှာလည်းမခိုင်လုံကြောင်း၊ အခြားမည်သည့်သက်သေကမျှ တရားခံအားမှတ်မိသည်ဟု ထွက်ဆိုချက်မရှိကြောင်း၊ သက်သေခံဓါးနှင့် တရားခံ၏ အဝတ်အစားများ၌ သွေးများပေနေခြင်း လုံးဝမရှိသဖြင့် တရားခံအား သံသယအကျိုးခံစားခွင့်ပေးရန် စွပ်စွဲထားသောလူသတ်မှုမှတရားသေလွှတ်ပစ်သင့်ပါသည်ဟု တင်ပြလျှောက်လဲသည်။

## သည်ဥပဒေ သင်သိပါသလား အဖြေ

(၁) နိုင်ငံခြား စီရင်ထုံးတခုတွင် ဖေါ်ပြထားသော အမှုတခု၌ ထိုမိန်းမသည်၊ ကိုယ်ဝန်ပျက်စေခြင်းဖြင့်-ပုဒ်မ ၃၁၂အရ အပြစ်မရှိ၊ မိမိကိုယ် သေကြောင်းကြံစီမှု ပုဒ်မ ၃၀၉ အရ အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့လေသည်။

(1919 A.I.R. (Allahabad)

ဝ ဝ ဝ

(၂) မြန်မာဗုဒ္ဓဘာသာ၊ ယောကျ်ားတဦးသည်၊ မယား တဦးထက် ပိုမိုယူခွင့် ရှိသည်ဟု မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေက၊ ခွင့်ပြုထား လေသည်။ ယောကျ်ားသည် အခြားမိန်းမတဦးနှင့် ဖေါက်ပြန်သည်ဆိုရုံမျှဖြင့် မယားက လင်ကို ကွာရှင်းပေးခွင့် မတောင်းခံနိုင်ပေ။

(မသိန်းနွယ်နှင့် မောင်ခ ရ ရန်ကုန် ၄၅၁)

ဝ ဝ ဝ

(၃) မောင်မောင် ပြစ်မှုမထိုက်ပါ။ မောင်မောင်က သူမကို ဖျားယောင်း သွေးဆောင်ခဲ့ခြင်း မပြုသောကြောင့်ဖြစ် သည်။ အကယ်၍ မောင်မောင်က သူမကိုအိမ်မှ ထွက် လာရန် သွေးဆောင်ခဲ့လျှင်ကား လူခိုးမှုမြောက်မည် ဖြစ် သည်။



သင်သာတရားသူကြီးဖြစ်ပါက တရားခံ သေဒဏ်ခံရမည် လော၊တရားသေလွှတ်ပစ်မည်လော။

ဝ ဝ ဝ

## ၃။ လောင်းကစားမှု

ဒိုက်ဦးမြို့ဘူတာလမ်းနေ ဦးအောင်သိန်း၏ နေအိမ်၌ ရဲအုပ် ဦးမျိုးမြင့်ကထုတ်ပေးသော ဝရမ်းဖြင့် ရဲကြပ်ကြီးမောင်ထွန်းသောင် က သက်သေလူကြီးများနှင့် ဝင်ရောက်ရှာဖွေရာ အိမ်၌ဦးအောင်သိန်း နှင့်အတူ အခြားသူ ၆ ယောက်တို့အား ဖဲ့ထုပ်ဘထုပ်၊ ငွေ ၉၃ိ/ နှင့်အတူ ဖမ်းဆီးရမိရာမှလောင်းကစားမှု အက်ဥပဒေပုဒ်မ ၁၁ နှင့် ၁၂ တို့အရ တရားစွဲဆိုခဲ့သည်၊

တရားလိုဘက်မှ တရားခံများ ဖဲကစားနေသည်ကို လက်ပူး လက်ကြပ်ဖမ်းဆီးရမိခြင်းဖြစ်သဖြင့် အပြစ်ရှိပါသည်ဟုစွပ်စွဲ၏။

တရားခံများဘက်မှ တရားသူကြီးထုတ်ပေးခဲ့သော ဝရမ်းမှာ ရဲအုပ်ဦးမျိုးမြင့်၏ အမည်ဖြင့်ထုတ်ပေးခဲ့သော ဝရမ်းဖြစ်သဖြင့်၊လက် ထောက်အရာရှိ ရဲကြပ်မောင်ထွန်းသောင်က ထိုဝရမ်းနှင့်အညီ ဆောင်ရွက်ခြင်း မရှိပါကြောင်း၊ ထိုသို့ဥပဒေနှင့်မညီသော ဆောင် ရွက်ချက်သည် လောင်းကစားအက်ဥပဒေပုဒ်မ ၆ (၁)အရဆောင် ရွက်ချက် မဟုတ်သဖြင့် တရားမဝင်သောကြောင့် တရားခံများအား လွှတ်ပစ်ရန်သာရှိပါသည်ဟု ခုခံချေပသည်။

သင်တရားသူကြီးဖြစ်လျှင် မည်သို့စီရင်ဆုံးဖြတ်ပါမည်လဲ။

ဝ ဝ ဝ

## ၄။ အရက်မူးနေစဉ်လူသတ်မှု

တောင်ငူခရိုင်၊ ကညွတ်ကုန်း ရဲစခန်း အပိုင် နောင်ဘိုရွာနေ အောင်သန်းကြည်ဆိုသူက မိမိ၏ကြက်ပျောက်ရာ အုံးမောင်ဆိုသူက ခိုးစားသည်ဟုစွပ်စွဲသည်။ ကျေးရွာလုံခြုံရေးကော်မီတီသူကြီး ဦးညွန့် မောင်က ဖြန်ဖြေပေးရာ အုံးမောင်ကငြင်းဆိုသော်လည်း ဦးညွန့်မောင်

က အုံးမောင်အား ကြက်ဘိုးပေးလျော်ရန်ပြော၏။ ထိုစဉ် အနီးရှိ မောင်ချစ်လှိုင် (ခေါ်) ဒုက္ခက အုံးမောင်အားဓါးမြှောင်နှင့် ထိုးပြီး ဓါးဖြင့်ခုတ်ရာ အုံးမောင်သေဆုံးသွား၏။

တရားလိုဘက်မှ တရားခံသည် သက်သေများရှေ့တွင်ထင်ထင်ရှားရှား လူသတ်မှုကျူးလွန်ခဲ့သဖြင့် အပြစ်ရှိပါသည်ဟု စွပ်စွဲ၏။

တရားခံကမူ အခင်းဖြစ်ပွားစဉ်အချိန်၌ အရက်မူးလွန်နေခြင်းကြောင့် မိမိ မည်သို့ ပြုမူမိသည်ကို မသိပါကြောင်း၊ နောက်မှ မိမိအပေါ် စွပ်စွဲထားသည်ကို သိရသဖြင့် တိမ်းရှောင်နေမိခြင်းသာ ဖြစ်ပါကြောင်း ခုခံချေပသည်။

သင်သာတရားသူကြီးဖြစ်လျှင် မည်သို့စီရင်ဆုံးဖြတ်ပါမည်လဲ။

☆ ☆ ☆

## ၅ တရားဝင်လက်ထပ်ထိမ်းမြားခြင်း

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် မောင်ချစ်ပိုနှင့် အသက် ၂၀ အောက်ရှိ မခင်ရီတို့သည် လူငယ်ချင်းချစ်ကြိုက်ပြီး ခိုးရာလိုက်ပြေးသည်။ နောက် ဖျာပုံမြို့တရားရုံးတွင် လက်ထပ်ထိမ်းမြားကြ၏။

၂ လအကြာ မောင်ချစ်ပိုက မခင်ရီမိဘများထံ လူကြီးစုံရာနှင့် တောင်းရမ်းပြီး မင်္ဂလာ လက်ထပ်ပွဲ လုပ်ခဲ့သည်။ ၃ ရက် အကြာ မခင်ရီက မိဘနေအိမ်သို့သွားရောက်လည်ပတ်ရာ ပြန်မလာတော့ချေ။

မောင်ချစ်ပိုက မယားခေါ်လိုမှုဖြင့် မခင်ရီနှင့် ၎င်း၏မိဘများအပေါ် မယားခေါ်လိုမှု တရားစွဲဆိုသည်။

မောင်ချစ်ပိုက မိမိနှင့်မခင်ရီမှာ နှစ်ဦးချစ်ကြိုက်ကြပြီး တရားရုံးနှင့် မခင်ရီအိမ်တွင် တရားဝင်လက်ထပ်ခဲ့သောကြောင့် တရားဝင်အကြင် လင်မယားအရာ မြောက်သဖြင့် ပြန်ခေါ်ယူခွင့် ပေးထိုက်ကြောင်း တင်ပြသည်။

မခင်ရီက မောင်ချစ်ပိုက မိမိအား တိတ်တဆိတ် ခေါ်ဆောင်သွားပြီး ၁၅ ရက် အကြာ လိမ်လည်၍ ကျွမ်းကျိန် ခိုင်းခဲ့ခြင်းသာ ဖြစ်ကြောင်း၊ ထိမ်းမြားလက်ထပ်ခြင်း မပြုခဲ့ကြောင်း။ အသက် ၂၀ မပြည့်သေးသဖြင့် မိဘများက သဘော မတူလျှင် တရားဝင် လက်ထပ် ထိမ်းမြားခြင်းလည်း မပြုနိုင်ကြောင်း၊ ယခု ကိစ္စတွင် မိဘများကလည်း သဘောမတူကြောင်း ခုခံချေပသည်။



သင်သာတရားသူကြီးဖြစ်လျှင် မည်သို့စီရင်ဆုံးဖြတ်ပါမည်လဲ။

၁ ၀ ၀

## ၆။ RES IPSA LOQUITOR ခေါ် ဥပဒေ ဆိုရိုးစကားအဓိပ္ပာယ်

မအူပင်ခရိုင်၊ ကျွဲခတ်ရွာအနီး ကူးတို့ဆိပ်တွင် ဆန်အိတ်များတင်ပြီး ဆိုက် ကပ် ထား သော 'ခေတ်သစ်ဆန်း' မော်တော်ကို 'ရတနာမယ်' ခေါ်သော ခရီးသည်တင် မော်တော်ဘုတ်က ညဦးသန်းခေါင်ယံတွင် ဝင်ရောက် တိုက်မိရာ မိနစ်ပိုင်း အတွင်း ခေတ်သစ်ဆန်း မော်တော်မှာ ဆန်အိတ်များနှင့် အတူ နစ်မြုပ်ခဲ့ပြီး ထိုမော်တော်ပေါ်တွင် အိပ်ပျော်နေသူ ၂ ဦး အသက်ဆုံးရှုံးခဲ့ရသဖြင့် ခေတ်သစ်ဆန်း မော်တော် ပိုင်ရှင်များက ရတနာမယ် ပိုင်ရှင်အား ဆုံးရှုံးခဲ့ရသော ဆန်များတန်ဘိုးငွေ ၁၁၁၅၇ ကျပ်၊ ၅၀ ပြားရလိုမှုဖြင့် တရားမမှုစွဲဆိုသည်။

ခေတ်သစ်ဆန်းမော်တော်ပိုင်ရှင်များက မိမိတို့၏မော်တော်မှာ ကူးတို့ဆိပ်ကမ်းတွင် ဆန်အိတ်များတင်ထားပြီး ကျောက်ချဆိုက်ကပ်ထားခြင်းဖြစ်ပါသည်၊ ရတနာမယ်မော်တော်က ပေါ့လျော့စွာ မောင်းနှင်ပြီး ဝင်ရောက် တိုက်သဖြင့် တောင်းဆိုထားသော လျော်ကြေးငွေများ ရလိုပါသည်ဟု စွပ်စွဲ၏။

ရတနာမယ် မော်တော် ပိုင်ရှင်များက ခေတ်သစ်ဆန်း မော်တော်ကို မီးများ ထွန်းမထားသောကြောင့် ဝင်ရောက် တိုက်မိခြင်းဖြစ်၍ မိမိတို့တွင် ပေးလျော်ရန် တာဝန်မရှိပါဟု ပြန်လည်ချေပသည်။

သင်သာ တရားသူကြီးဖြစ်လျှင် မည်ကဲ့သို့ ဆုံးဖြတ်ပါမည်လဲ။

၀ ၀ ၀

အဖြေကို စာမျက်နှာ ( ၂၁၆ ) တွင် ဖော်ပြထားပါသည်။



## အခန်း (၁)

တရားလိုဦးစိန်ဖိုးနှင့် တရားခံ မောင်သိန်းစိုးပါ(၄) တို့အမှုမှာ လူတိုင်း စိတ်ဝင်စားနေသည့်အမှု ပင်ဖြစ်၏။

တဘက်နှင့် တဘက်လည်းအ ခဲမကျေတမ်း သဲကြီးမဲကြီးနိုင်လှ ၏။ အထူးသဖြင့် သေဆုံးသူ၏ ဖခင်တရားလို ဦးစိန်ဖိုးကပို၍နာ ကျည်းဟန်တူသည်။ တရားလို ဘက်မှ လိုက်ပါဆောင်ရွက်ရန် ဥပဒေဝန်ထမ်းအဆင့်(၄) ရှိနေ သည့်တိုင် ဥပဒေဝန်ထမ်း၏ခွင့် ပြုချက်ဖြင့် အပြင်ရှေ့နေနှစ်ဦးကို ပင်ထပ်၍ငှားထားသေးသည်။

ယင်းအမှုနှင့် ပတ်သက်၍ တ ရားလိုပြသက်သေ စုံသလောက် စစ်ပြီးသောအခါ မူလမြို့နယ်တ ရားရုံးက တရား ခံများ အား တရားရုံး၏ဆင်ခြင် တုံတရားဖြင့် အာမခံပေးခဲ့သည်။ ယင်းကိုတ ရားလိုဘက်က မကျေနပ်သဖြင့် တိုင်း တရားရုံးသို့ ပြင်ဆင်မှု လျှောက်သည်။ တိုင်းတရားစီရင် ရေးအဖွဲ့က လိုပြသက်သေများ၏ ထွက်ချက်အရ လူသတ်မှုဖြစ်ပေါ် လာရခြင်းမှာ လက်ရှိအား ဖြင့်

ထင်ရှားနေသည်။ အာမခံပေးရန်အကြောင်းမရှိဟု သုံးသပ်ကာ မူလရုံး၏အာမခံကို ပြန်လည်ရုတ်သိမ်းခဲ့သည်။

ဤသည်မှာ ပထမအကြိမ်အားစမ်းလိုက်ခြင်းပင်။

ဒုတိယအကြိမ် ထိပ်တိုက်တွေ့ကြပြန်၏။

လိုပြသက်သေအားလုံး စစ်ပြီးသောအခါ နှစ်ဘက်ရှေ့နေများ၏စွဲချက်အဆင့် လျှောက်လဲချက်ကိုကြားနာပြီး စွဲချက်အမိန့်ချမှတ်ခဲ့သည်။

မောင်စံတင်ပါ (၂) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၅၊ တရားရုံးချုပ်၊ စာမျက်နှာ-၅၀၅ စီရင်ထုံးကို ကိုးကား၍ဝိုင်းဝန်းရိုက်နှက်ထိုးခုတ်ခြင်း၊ အကြံရာယ်ပြုခြင်းစသည်တို့ကို ပြုလုပ်ရာတွင် မည်သူ့လက်ချက်ဖြင့် ထိုသူသေဆုံးရသည်ဟူ၍ သက်သေအထင်အရှား မတွေ့ရှိရသဖြင့် ရာဇသတ်ပုဒ်မ- ၃၀၂ အစား ၃၂၆ ဖြင့် စွဲချက်တင်ခဲ့သည်။

ဤသည်ပင်လျှင် ဦးစိန်ဖိုးမှာ ဆတ်ဆတ်တုန်နေခဲ့ရပြန်၏။ ထုံးစံအတိုင်းပင် တိုင်းတရားစီရင်ရေးအဖွဲ့သို့ ပြင်ဆင်မှု လျှောက်သည်။ တိုင်းတရားသူကြီးအဖွဲ့က၊ ပြင်ဆင်မှုအမှတ်—၆၅/၇၉ ဖြင့်လက်ခံကြားနာကာ ပြင်ဆင်ပေးခဲ့ရပြန်သည်။

ပြင်ဆင်မှုရုံး၏ သုံးသပ်ချက်မှာ

'တရားလိုပြ သက်သေများ၏ထွက်ဆိုချက်များကိုစုပေါင်း သုံးသပ်ရာတွင် သေသူမောင်စိန်ဝင်းသည် (၁) တရားခံ မောင်သိန်းစိုး၏နှမ မယဉ်မြင့်နှင့် သမီးရည်းစားဖြစ်၍ (၁) တရားခံ မောင်သိန်းစိုးက မ ကျေနပ် ကြောင်း ပေါ်လွင်ထင်ရှားသည်။ တရားခံမောင် သိန်း စိုး သည် တရားခံ မောင်ရီလှ၊ မောင်လွင်ဆန်း၊ မောင်မြင့်ရဲတို့နှင့် အတူ သေသူမောင်စိန်ငင်း လာမည့် ဖြစ်သည့်လမ်းတွင်ရှိသော အုန်းပင် ဘေးတွင် ရပ်စောင့်ပြီး မည်သို့မျှမပြောမဆိုပဲ ဝင်ခုတ်ခြင်းသည် တင်ကူးကြံရွယ် ချက်ဖြင့် ပြုလုပ်မှု ဖြစ်ကြောင်း ယူဆရန် အကြောင်းရှိသည်'

ယင်း သုံးသပ်ချက်နှင့် အတူ ပြင်ဆင် အမိန့်ကိုပါ တပါတည်းချမှတ်လိုက်သည်။



'မူလ တရားရုံးက တရားခံ မောင်သိန်းစိုးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂(၁)(ခ) ဖြင့်လည်းကောင်း၊ တရားခံ မောင်ရီလှ၊ မောင်လွင်စန်းနှင့် မောင်မြင့်ရဲတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁) (ခ)/၃၄ ဖြင့်လည်းကောင်း ထပ်မံ၍ စွဲချက်အသီးသီးများတင်ကာ ဥပဒေနှင့်အညီ ဆက်လက် စစ်ဆေးသွားရန် အမိန့်ချမှတ်လိုက်သည်။

ဦးစိန်ဖိုးကျေနပ်သွားပြီဖြစ်၏။ ယင်းစွဲချက်တင်သည့်ပုဒ်မ၏ တခုတည်းသောပြစ်ဒဏ်မှာ သေဒဏ်သာ ရှိသည်ဖြစ်၍ ဦးစိန်ဖိုးအနေဖြင့် အဘယ်မှာ မကျေနပ်ပဲ ရှိပါတော့မည်နည်း။

စွဲချက် အဆင့်သာ ရှိသေး၍ တရားခံများ အနေ ဖြင့် ပူပင်သောက မရှိသေး။ မိမိဘက်က ပြန်လည် ချေပခွင့် ရှိသေးသည်။ အပြီးသတ်အမိန့်တွင် စွဲချက်တင်ထားသော ပုဒ်မထက် ကြီးလေးသောပုဒ်မသို့ပြောင်းလဲ၍ပြစ်ဒဏ်ပေးခြင်းမပြုနိုင်သော်လည်း ယင်းထက်နိမ့်သောပုဒ်မဖြင့်ပြောင်းလဲပြစ်ဒဏ် ပေးနိုင်သကဲ့သို့ တရားသေလည်း လွှတ်နိုင်သည်။ ထို့ကြောင့်လည်း ပူပင်မှုမရှိခြင်းပင်ဖြစ်သည်။

မည်သည့် ပုဒ်မဖြင့် ပြစ်ဒဏ်ကျခံ ကြရသနည်း။ တရားသေလွှတ်နိုင်ရန် အကြောင်းကော ရှိပါအံ့နည်း။

ဇာတ် လမ်း က သည်လို....။

၀ ၀ ၀

အခန်း (၂၂)

မောင်စိန်ဝင်းနှင့် မယဉ်မြင့်တို့ ချစ်ကြိုက် နေကြသည်မှာ ကြာပြီဖြစ်၏။ တရွာလုံးက သိပြီး ဖြစ်သော်လည်း မယဉ်မြင့်၏ မောင်များက မသိကြ။ ဤသည်ပင်လျှင် သဘာဝဖြစ်၏။

မယဉ်မြင့်မှာ မောင်သိန်းစိုး၊ မောင်ရီလှတို့၏ ညီမ ဖြစ်၏။ အသွားအလာ ဟန်ပန်က ပျက်လာသောအခါ မောင်များက ရိပ်မိလာသည်။ သတိပေးသူများကလည်း ပေါ်လာပြန်သေး၏။

မောင်စိန်ဝင်းနှင့် မယဉ်မြင့်တို့မှာ တ ရွာ တည်း သား များ ဖြစ်၏။ ကန်ဇူရွာတွင် အတူ နေကြသည်။ မောင်စိန်ဝင်းမှာ လူပျိုပေါက်ကလေးတယောက် ဖြစ်

သကဲ့သို့ မယဉ်မြင့်မှာလည်း အပျိုပေါက်ကလေးတယောက်ဖြစ်၏။ သို့သော် မယဉ်မြင့်က ငယ်သည်။

မောင်စိန်ဝင်းသည် မျက်နှာများသော လူငယ် တယောက်ဖြစ်၏။ သူ့အကြောင်းကို အားလုံးသိသည်။ မိန်းကလေးများကို တယောက်ပြီး တယောက် ကြိုက်လေ့ရှိသည်။ အချို့က သစ္စာမဲ့သည်ဟုမြင်သည်။ အချို့က မိမိဘဝနှင့် ဆီလျော်မည့်အိမ်ထောင်ဘက် ရွေးခြင်းသာ ဖြစ်သည်ဟု ဆိုကြသည်။

'ရည်းစား တစ်ထောင် လင်ကောင် တယောက်' ဟု မြန်မာစကားပုံရှိသည်။ ရည်းစား ဘယ်လောက်ပင်များများ လင်ရတော့ တယောက်တည်းသာ ဖြစ်မည်ကို ဆိုလိုလေ သလား။ အိမ်ထောင်ဖက် ရွေးသည့် အခါ ရည်းစား တစ်ထောင် ရှိချင်ရှိမည် သို့သော် နောက်ဆုံးမှာ မိမိဘဝနှင့် ဟပ်မိမည် ဖြစ် သော သူ တဦး ကိုသာ အိမ်ထောင်ဖက်ရွေးခြင်းကို ဆိုလိုသလား။ အဓိပ္ပာယ်ချင်း မကွာ။

ဤတွင် ရှာလည်း ရည်းစားထားခြင်းမှာ အပျို၊ လူပျို တို့၏ အခွင့်အရေး ဖြစ်နေသဖြင့် မည်သူမျှ ပုံကြီးချဲ့၍ မပြောလိုကြ။

ယင်း အခွင့်အရေးကို အခွင့်ကောင်း ယူပြီး 'အိုင် တွေ့တိုင်း ခြေဆေး' တတ်သည့် ယောကျ်ားများ ရှိသကဲ့သို့ 'ပန်း တွေ့တိုင်း ပန်ချင်' ကြသည့် မိန်းကလေးများလည်း ရှိ တတ် သည်။ အသိနှင့်ယှဉ်၍ ဖြေတတ်သူများရှိသကဲ့သို့ အစွဲ အလန်း ကြီးသူတို့၏ ရင်ထုမနာ ဖြစ်ရပ်များလည်း ကြုံရလေသည်။

မောင် သိန်း စိုးက မောင်စိန်ဝင်းကို အိုင်တွေ့တိုင်း ခြေဆေးတတ်သူဟု မြင်သည်။ သူ၏ နှမ မယဉ်မြင့်တယောက် ရေတိမ် နစ်မှာကို စိုးရိမ်မိသည်။ စွဲမြဲသော မေတ္တာ မထားတတ်သူနှင့် အိမ်ထောင်ဖက်ပြု၍လည်း ခိုင်မြဲမည် မထင်ဟုလည်း တွေး၍ပူမိသည်။

'ညီမလေး၊ နင် စိန် ဝင်း နဲ့ ကြိုက်နေသလား'

မောင် သိန်း စိုး မှာ မနေနိုင်တော့ပဲ ညီမဖြစ်သူကိုမေးရတော့သည်။

'အို- တောက်တီးတောက်တဲ့ အစ်ကို၊ ဘယ်သူပြောသလဲ'



မယဉ်မြင့်က ဝန်မခံ။ ခပ်တည်တည်နှင့် ငြင်းလိုက်သည်။

'နှမရည်းစားထားတာ မောင်ကိုတော့ ဘယ်သူပြောမလဲ၊ နင်တို့အနေ အထိုင် ကြည့်ရတာ သိပ်မဟန်လို့ မေးရတာပါ'

'တရွာတည်းသားတွေပဲ၊ ဒါလောက်တော့ ခင်မင်မှု ရှိရမှာပေါ့ အစ်ကိုရယ်....'

'အေးလေ မဟုတ်ယင်လဲ ပြီးတာပေါ့။ အစ်ကိုပြောချင်တာက မောင်စိန်ဝင်းဟာ မျက်နှာ များတယ်၊ အတည်တကျလဲမဟုတ်ဘူး။ ရုပ်ရည်မဆိုးသလောက် အပြောကလည်းကောင်းတယ်၊ သူနဲ့ တိုးပြီဟေ့ ဆိုယင် ပင့်ကူ အိမ်ကိုတိုးမိတဲ့လိပ်ပြာကမှ လွတ်နိုင်သေးတယ်၊ တိုးမိတဲ့ မိန်းကလေးက လွတ်နိုင်တော့ဘူး၊ အဲဒါ သတိထားဖို့ပါ'

'ဒါလောက်လဲ မဟုတ်ပါဘူး အစ်ကိုရယ်၊ မိယဉ်မြင့်တို့တော့ လာမစမ်းနဲ့ ဘယ်ရမလဲ'

'ကောင်းတယ်၊ တခုသတိထားဦး ယောကျ်ားပဲ ဖြစ်ဖြစ် မိန်းမပဲ ဖြစ်ဖြစ် အလွယ်ရယင် အလကား စားပစ်တတ်တယ်'

'စိတ်ချပါ အစ်ကို'

မယဉ်မြင့်က ပေါ့ပေါ့ကလေး အဖြေပေး၍ ထွက်သွားသည်။ မောင်သိန်းစိုးက ညီမငယ်ကို ကြည့်ယင်း စိတ်မော နေမိ၏။ မယဉ်မြင့်၏ အဖြေများမှာ သဘာဝကျသော်လည်း ယုတ္တိမရှိဟု မောင်သိန်းစိုးက တွက်သည်။

မောင်စိန်ဝင်းသစ္စာမဲ့ခဲ့သော် ညီမအတွက် သောက ရောက်ရမည်သာမက တဆွေလုံး တမျိုးလုံး အရှက်ကွဲကြရမည်။ သတိလာပေးသူမှာလည်း မောင်စိန်ဝင်း၏ အကျင့်ကိုသိ၍ သတိပေးခြင်း ဖြစ်သည်ကိုလည်း သူနားလည်သည်။

ညီမကို ဖျောင်းဖျသည်။ မရလျှင် ဘာလုပ်ရမည်နည်း၊ မောင်သိန်းစိုးအကြံပ်ရိုက်နေသည်။

ဝ ဝ ဝ

## အခန်း (၃)

တခုသောနေ့၏ ညဉ့်တည ဖြစ်၏။

'ရိလှ၊ ညီမလေး အနေအထိုင်ကို သတိထားမိရဲ့လား ငါတော့ကြည့်ရတာ တမျိုးကြီးဖြစ်နေတယ်'

မောင်သိန်းစိုးက ညီဖြစ်သူ မောင်ရီလှအား နှမအကြောင်းကို ထုတ်ဖော်တိုင်ပင် ရလေသည်။ မောင်ရီလှတင်လား မဟုတ် ညီအစ်ကို ဝမ်းကွဲတော်သူ မောင်လွှင်ဆန်းနှင့် မောင်မြင့်ရဲတို့လည်း ရှိသည်။ မောင်သိန်းစိုးတို့၏ အိမ်ထဲတွင် စကားစုပြော နေကြရာမှ မယဉ်မြင့်အကြောင်း ပါလာသည်

'စိန်ဝင်းနဲ့ ကိစ္စပြောတာ မဟုတ်လား'

'ဟုတ်တယ်'

'ကျွန်တော်လဲ တခါ နှစ်ခါ ဟန့်သေးတယ် မရဘူး'

ခေတ်လူငယ်များပီပီ မောင်ရီလှကလည်း ရိပ်မိသည်။

'ငါ့မေးတော့လည်း ယဉ်မြင့်က မဟုတ်ဘူး ပြောပြန်တယ်'

'ယဉ်မြင့်ကတော့ ဟုတ်သဲ ဟုတ်တယ် ပြောပါ့မလား အစ်ကိုကြီးရဲ့'

'အင်း၊ ဒါလဲ ဟုတ်တာပဲ အဖေတို့ အမေတို့ကို ဖွင့်ပြောရသင် ကောင်းမလား'

'စဉ်းစားစရာပဲ အစ်ကိုကြီး'

'မင်းတို့က ခုမှသိတယ် တို့သိနေတာကြာပြီ။ ပြောကောင်း မပြောကောင်း ချိန်နေတာကွ''

မောင်လွှင်ဆန်းကမောင်သိန်းစိုးတို့ ညီအစ်ကို နှစ်ယောက်စကားကို နားထောင်ပြီး လိပ်ပတ်လည်သွားသည်နှင့်ဝင်ပြောသည်

'ဒီကောင်က သစ္စာမရှိတဲ့ မေတ္တာသမားကွ။ မင်းတို့ ငါတို့ နှမကိုတော့ ဖိဖိစီးစီး ပြောထားမှ ဖြစ်မယ် '

မောင်မြင့်ရဲကလည်း မချင့်မရဲဖြင့် ဝင်ပြောသည်။

'ပြောမရယင်လဲဘာလုပ်ကြမလဲ'

မောင်သိန်းစိုးက တကြိမ်မက အကြိမ်ကြိမ် ပြောပြီးပြီ။ ပြုံးပြုံးဖြိုနေနေသာသာ အမှန်ကိုပင် ဝန်မခံသေး။ ထို့ကြောင့် ပြောရမည်ဟု မယုံကြည်သဖြင့် နည်းလမ်းသစ်ဘာခုကို ဖွင့်၍တိုင်ပင်ကြည့်သည်။

'စိန်ဝင်းကိုပဲ ပွင့်ပွင့်လင်းလင်းပြောပြီး သတိပေးရမှာပဲ'

မောင်ရီလှ၏ အကြံပေးချက်ကိုအားလုံးက ငြိမ်၍စဉ်းစားနေသည်။

ထိုအချိန်တွင်၊

'ဟိုကောင်မလေး ညှိုဘိုဘိုတို့ကိုကြိုက်လို့ငိုု'

တိတ်ဆိတ်သော ညအမှောင်ကို ဖောက်ထွင်းကာ လမ်းမပေါ်မှ အသံကြောင်ကြောင်နှင့် သီချင်းသံတပုဒ်ပေါ်ထွက်လာသည့် အသံကြားသည်နှင့်မောင်စိန်ဝင်းဖြစ်ကြောင်း အားလုံးသိလိုက်သည်။ သူနှင့်ဘာ[illegible]သူ ပါလာသည်ကိုတော့ မသိသော်လည်း ဖိနပ် သံများကြောင့် ၃/၄ ယောက်ထက် မနည်းတော့မောင်စိန်ဝင်းတို့ အဖွဲ့မှန်း ရိပ်မိသည်။

သူ့ကိစ္စ သူ့အကြောင်းပြောနေ၍မှမပြီးသေး၊ အိမ်ရှေ့မှလာပြီးရိုတိတိ သီချင်းသံကြား လိုက်ရသောအခါ လူငယ်များပီပီ ဒေါသထွက်သွားကြသည်၊

'ဘယ်မအေ ပေးတွေက အသံကြောင်နဲ့ လာဟောင်နေတာလဲ'

မောင်သိန်းစိုးက ဒေါသကို မထိန်းနိုင်သဖြင့် နှုတ်မှလွှတ်ကနဲ ပြောယင်း မတ်တတ် ရပ်လိုက်မိသည်။ ကျန်(၃) ယောက်ကလည်း မတ်တတ်ရပ်ပြီး ဖြစ်နေ၏။

လမ်းပေါ်မှ မောင်စိန်ဝင်းကလည်း သူ့ကိုခွေးနှင့် နှိုင်းသဖြင့် ဒေါသ ဖြစ်လာပြန်သည်၊ ဤတွင် သည်းခံစိတ်များ ပျောက်ပျက်ကာ အိမ်တွင်းမှ မောင်သိန်းစိုးတို့ကို ပြန်ကလော် လိုက်ပြန်သည်။

''မင်းနှမလင်လေကွာ''

မောင်စိန်ဝင်း စကားကြောင့် မောင်သိန်းစိုးမှာပိုပြီး ဒေါသဖြစ်သွားကာ အိမ်ရှေ့တံခါးဖွင့်သည်၊ ကျန်(၃) ယောက်ကလည်း ရရာလက်နက်များကိုစွဲ၍ နောက်မှပါသွားသည်။

'သတ္တိရှိယင် အိမ်ပေါ်က ဆင်းခဲ့လေကွာ'

မောင်စိန်ဝင်းတို့က စိန်ခေါ်သော်လည်းအောက်ကရပ်စောင့်နေခြင်းမဟုတ်၊ မှောင်ရိပ်တွင်းမှာပျောက်သွားသည်၊ အိမ်ပေါ်မှဆင်းနေကြပြီးဖြစ်သော မောင်သိန်းစိုးတို့အဖွဲ့ကိုလည်း ဖခင်ဖြစ်သူဦးပျော့မောင်နှင့် မိခင်ဒေါ်အေးမိတို့က ဆွဲထားလိုက်သဖြင့် အိမ်ပေါ်မှမဆင်းဖြစ်တော့ချေ၊

ကိုယ့်စည်းကမ်းနှင့် ကိုယ်မနေချင်၊ တယောက်ကိုတယောက် စတဘ်သူများကြောင့် သဲထိတ်ရင်ဖိုနှင့်ကြုံရသော်လည်း ထိုည္ဓကတစ္ဆာလို၊ ဝိဘ်ခအေးချမ်းသာအိပ်ကြရသည်၊

○ ○ ○

## အခန်း(၄)

၁၉၇၇ ခုမေလ (၄) ရက်နေ့၏ ညဥ့်တည (၁၀) နာရီခွဲအချိန်ခန့်ဖြစ်၏။

မောင်စိန်ဝင်းနှင့် အပေါင်းအသင်းများဖြစ်ကြသော မောင်ရွှေကျော်၊ မောင်ချို၊ မောင်ဝင်းစိုးတို့လေးဦး ရွာလမ်းမအတိုင်းလျှောက်လာကြသည်။ ညဥ့်ဦးဆိုသော်လည်း လမင်းမှာထန်းတဖျားခန့်ရှိနေပြီဖြစ်သဖြင့် အားလုံးကိုသဲသဲကွဲကွဲမြင်ရ၏။

သူတို့ခရီးစဥ်မှာ သူငယ်ချင်းမောင် အေး ကျော် အိမ် တွင်ကောက်ညှင်း ချက်စားရန် ဖြစ်သည်။ မောင်သိန်းစိုးတို့ ဖခင်ဦးပျော့မောင် အိမ်ကို ဖြတ်၍လျှောက်ကြရမည်။

ဦးပျော့မောင်အိမ်ရှေ့ရောက်သည်နှင့် အုန်းပင်ဘေးတွင် ရပ်နေသောလူနှစ်ယောက်နှင့်အခြားလမ်းဘေးတွင် ရပ်နေသော လူနှစ်ယောက်ကို တွေ့ရသည်။ လရောင်ကြောင့် အားလုံးကို သိသည်။

အုန်းပင် ဘေးတွင် မောင်သိန်းစိုးနှင့် မောင်ရီလှတို့ညီအကိုနှစ်ယောက် လက်ထဲတွင် ဘာပစ္စည်းမျှ ကိုင်ထားခြင်းမတွေ့ရ။ မောင်သိန်းစိုးက ပုဆိုးခြုံထားသည်။ လမ်းတဘက်ခြံဘေးမှ နှစ်ယောက်မှာ မောင်လွင်ဆန်းနှင့်မောင်မြင့်ရဲတို့ဖြစ်၏။ သူတို့လက်ထဲတွင်လည်း ဘာမှမရှိ။ နေကြသည်မှာလည်း ခပ်အေးအေးပင်ဖြစ်၏။

'မောင်သိန်းစိုးတို့ ညီအစ်ကို တသိုက်ပါလား'

မောင်စိန်ဝင်းက စိုးရိမ်စွာဖြင့်သူငယ်ချင်းများကို သတိပေးယင်းခြေလှမ်း အနည်းငယ်လေးသွားသည်။ သို့သော် သူတို့ကလည်း (၄) ယောက် ဖြစ်ပြီးမောင်သိန်းစိုး တို့ထက် အရွယ်ကောင်း သည်။ ငယ်နိုင် များလည်းဖြစ်၏။ ထို့ကြောင့်ဂရုမစိုက်ချေ။ ရှေ့ခြေမပျက် ဆက်၍လျှောက် လာသည်။ မောင်စိန်ဝင်းကရှေ့ဆုံးမှ လျှောက်သည်။ ကျန်သူချယ်ချင်း (၃) ယောက်ကလွန်ခဲ့သောညကအဖြစ်အပျက်ကို သတိရသဖြင့် မဝန့်မရဲဖြင့်နောက်ချန်လျှောက်သည်။ မောင်သိန်းစိုးတို့က မောင်စိန်ဝင်းကိုတစုံတရာပြုလျှင်လည်း ကူညီနိုင်ရန်ရည်ရွယ်၏။

'မျက်ခြေမပြတ်စေနဲ့ သတိထား ဒီကောင်တွေ အကြံရှိပုံရတယ်'

မောင်စိန်ဝင်းက နောက်ဘက်မှ ရွှေကျော်တို့ကိုလှည့်၍ တိုးတိုးသတိပေးသည်။ သူကိုယ်တိုင်လည်း မျက်စိကျီးကန်းတောင်းမှောက်နှင့်။

မောင်စိန်ဝင်းက မောင်သိန်းစိုးတို့အဖွဲ့ရှေ့သို့ ကျော်တက်လာသည်အထိ မောင်သိန်းစိုးတို့က လှုပ်ရှားမှုမရှိ။ သို့သော် စကားမပြော ကြ သည် မှာ ထူး ခြားချက် တခုဟု မောင်စိန်ဝင်း က သတိပြုမိသည်။ ထို့ကြောင့် ပို၍သတိထားပြီး လမ်းဟိုဘက်သည်ဘက်တွင် ညှပ် ထိုင် နေ သော မောင်သိန်းစိုး တို့ ကို ကြ ည့် ပြီး လျှောက်နေရ၏။

မောင် ရွှေ ကျော် တို့ (၃) ယောက်က မောင်သိန်းစိုးတို့အဖွဲ့အနီး ရောက်လာချိန်တွင် ရှေ့ဆုံးမှ မောင်စိန်ဝင်းက လမ်းတဘက်တွင်ရှိသည့် မောင် လွင် ဆန်း တို့အဖွဲ့အား လှည့်၍ အကဲခတ်လိုက်သည်။ ဤတွင် အုန်းပင်ခြေရင်းမှ မောင်သိန်းစိုးက အခွင့်ကောင်းယူပြီး ရုတ်တရက်ပြေး၍မောင်စိန်ဝင်းအား ဓနိခုတ်ဓားဖြင့် ခုတ်ချလိုက်သည်။ မောင်စိန်ဝင်း လဲကျသွား၏။ ကျန် (၃) ယောက်ဖြစ်ကြသော မောင်ရီလှ၊ မောင်လွင်ဆန်းတို့က ဓားဖြင့် ဝင်ခုတ်ကြပြီး မောင်မြင့်ရဲက တုတ်နှင့် ဝင်ရိုက်သည်ဟု ထင်လိုက်ကြသည်။ ဝိုင်းရိုက်နေသည်ကို မြင်ရသော်လည်း လှုပ်ရှားမှု မြန်လွန်းသဖြင့် လက်နက်ကို သဲသဲကွဲကွဲ မမြင်ရချေ။

'စိန်ဝင်းကိုဝိုင်းခုတ်ကုန်ပြီလုပ်ကြပါဦး'

'သေပါပြီတော် လာကြပါဦး လာကြပါဦး'

မိန်းမသံများ ဆူညံစွာထွက်ပေါ်လာသည်။မည်သူ့အသံများဟု ဘယ်သူမှ မပြောနိုင်သော်လည်း အခင်းဖြစ်စဥ်အနီးတွင် မောင်မောင်စန်း၊ ဒေါ်မြစော၊ မယဥ်မြင့်နှင့် ဦးပျော့မောင်တို့ရှိကြသည်။

မောင်စိန်ဝင်းနှင့် အဖော်ပါလာသူ သုံးဦးမှာလည်း ရုတ်တရက် ဖြစ်သဖြင့် ကြက်သေသေပြီး

ကြည့်နေရာမှ မောင်ရှိလှတို့ အိမ် ပေါ်တက်ပြေးကြသည်။

'ငါ့သားကို မတရားမလုပ်ကြ နဲ့မဟ'

ဦးစိန်ဖိုးက စိန်ဝင်းဟု ကြား သည်နှင့် ဓားကိုင်လျက် တအားဒုံးစိုင်းပြေးလာသည်။ သို့သော် နောက်ကျသွားပြီ မောင်စိန်ဝင်း ကလဲ့နေ၏။ အသက်မကုန်သေး မောင်သိန်းစိုးတို့အဖွဲ့က ထွက်ပြေး သွားပြီ။

'သား—သား—ခေါ်လို့လဲမရ တော့ပါလား ဘယ်လိုဖြစ်ကြတာ လဲ သားရယ်'

လူဘယောက်ဖြစ်ထွန်းအောင် မွေးရသည်မှာ လွယ်သည်မဟုတ် မွေးလာပြန်သောအခါ ကျွေးမွေး စောင့်ရှောက်ရသည်က ခက်သေး၏။ လူဖြစ်လာရသည်မှာ လွယ် သည့် မဟုတ်သော်လည်း ယခု လွယ်လွယ်နှင့် ဇာတ်သိမ်းရတော့ မည့်သားအဖြစ်ကို မြင်သောအခါ ရင်ထုမနာဖြစ်ရတော့သည်။

အသက်ရှင်လိုရှိခြား ကျေး ရွာအကူအညီနှင့် သားကိုကန်ရွာ ဆေးခန်းသို့ ဦးစိန်ဖိုး ပို့ပါသေး ၏။ သို့သော် ဆေးခန်းမရောက်မီ ပင် မောင်စိန်ဝင်းခမျာ လာလမ်း အတိုင်း ပြန်သွားလေပြီတည်း။

လူ့အဖွဲ့အစည်း၏ စည်းကမ်း ကို ချိုးဖောက်တတ်သော သူတို့ ၏ ဘဝကား ခိုင်မာမှုမရှိ။

သဝင်ကြောင်သော စိတ် ၏ မောဟ ရေးသည်လည်း ထိုသူ အား ချမ်းသာပေး မည် မဟုတ် ဒုက်ခတ်ပေလိမ့်ဦးမည်။

○ ○ ○

## အခန်း (၅)

ဓားဒဏ်ရာ(၉)ချက်ဖြင့် သေ ဆုံးခဲ့ရသော သားအတွက် ဦးစိန် ဖိုး ခမျာ အဘယ်မှာ ကျေအေး နိုင်ပါမည်နည်း၊

လူဆိုသော လူသည် အတ္တ သမားများသာဖြစ်၏။မိမိကိုယ်ကို မိမိမဆုံးမ မိမိသားသမီးကိုလည်း မဆုံးမ။

'ငါ့သားက ရည်း စား များ တယ်မဟော့။ ငါ့သားက တကယ် တော်တဲ့ကောင် မိန်းမတယောက် ပြီး တယောက် ယူတာကြည့်၊ ငါ့သားလေးကြီးယင် မိုက်မယ်၊ ငါ့သားလေးကတဇွတ်ထိုးလုပ်တဲ့ ကောင်၊ ဆံပင်ရှည်ရှည် ခေါင်း လောင်း ဘောင်းဘီနဲ့ဆိုတော့ ဘယ် ဆိုးလို့ တုံး' စ သည် ဖြင့် သားသမီးကို မြှောက်ပေးတတ် သည်။ သူတပါး သားသမီးက ယင်းသို့သောပုံစံမျိုးဖြင့် လူ့စည်း ကမ်းကို ဖျက်လာသော အခါမှ ကိုယ်ချင်းစာတတ်၏။ လူ တိုင်း မဟုတ်သေး—။

ဦးစိန်ဖိုးကား ထိုသို့သော လူ စားမျိုးလား သူ့ကြောင်းကို သူ က ပို၍ သိပေလိမ့်မည်။

ဒေါသအမျက် ချောင်းချောင်း ထွက်ခနသော ဦး စိန် ဖိုး သည် တရားခံများကို သေစားသေစေ ရန် သဲကြီးမဲကြီးဖြင့် တရားစွဲခဲ့ ခြင်းပင်။

လူ့အဖွဲ့အစည်း၏ စည်းကမ်း ကို ဘယ်သူကစ၍ ချိုးဖောက် လေသနည်း။ စာ ရှု သူ များ ၏ တာဝန်ဖြစ် ပါ သည်။ သို့ သော် သဝန်ကြောင်သော မောင်တစု၏ လုပ်ရပ်က ရာဇဝတ်မကင်းသော လုပ်ရပ် ဖြစ် လာ လေသော အခါ ငပုတောမြို့နယ် တရား စီ ရင် ရေး အဖွဲ့ အမှတ် (၁) က ပြစ်မှုဆိုင် ရာ အမှုကြီးအမှတ်၊ ၂၀၈/၇၇ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး နောက် ဆုံးတွင် (၁၀-၅-၇၀)နေ့၌ သုံး သပ်ချက်ဖြင့် အမိန့်ချခဲ့သည်။

တရားခံများမှာ ထိုနေ့ညက ဦးပျော့မောင် အိမ်ရှေ့လမ်းတွင် ရှိနေကြကြောင်းထင်ရှားပါသည်၊ ၎င်းတို့အနေဖြင့် မောင်စိန်ဝင်းကို မပြောမဆို ဓာ ဖြင့်ခုတ် တုတ်ဖြင့် ရိုက် ခြင်းလည်း ထင်ရှားပ သည်။ ထိုသို့ ပြုလုပ်ခြင်းမှာ ၎င်းတို့တွင် ဓား၊ တုတ် အသင့်ရှိနေ၍ ပြုလုပ် ခြင်းဖြစ်သည်ဟုယူဆသည်။လက် နက်များ ကိုင်ဆောင်ခြင်းကိုကား သက်သေများက ထွက်ဆိုနိုင်ခြင်း မတွေ့ရပါ။

မောင်သိန်းစိုး တ ဦး တည်း သာလျှင် ပုခုံးမှ ပုဆိုးကို သိုင်းခြုံ ထားကြောင်း တွေ့ ရ ကြောင်း ထွက်ဆိုချက်ရှိပါသည်။ ကိုအေး ကျော် အိမ်သို့ မောင်စိန်ဝင်း တို့ သွားမည်ကို သိ၍ စောင့် နေပြီး ဓားနှင့်ခုတ် တုတ်ဖြင့်ရိုက်ကြောင်း သက်သေခံချက် မရှိပါ။သို့ရာတွင် မောင်စိန်ဝင်း လာရာ လမ်းတွင် တရားခံများအတူတကွ ရှိနေကြ ခြင်း။မောင်စိန်ဝင်းကိုမပြောမဆို ဝင်ခုတ် ရိုက်ခြင်းတို့မှာ ကြိုတင် ကြံစည်၍ပြုလုပ်ကြောင်း ပူးပေါင်း

## ကမ္ဘောဇမိသားစု၏ပန်ကြားလွှာ

သို့သော် မသမာစီးပွားရှာသူ အချို့သည် ကမ္ဘောဇလွှယ်အိတ်မှ မြတ်နိုးသူတို့ အပေါ် လိမ်ညာအမြတ်ထုတ်နေကြပါသည်။ ကမ္ဘောဇအမည် အမှတ်အသား တံဆိပ်ကို အတုအပ ဆင်တူရိုးမှား ပြုလုပ်ဖန်တီးကာ လိမ်လည်လှည့်ဖျား ရောင်းချနေကြောင်း။

ဤသို့ အတုအပ ပြုလုပ်ရောင်းချသူများကို ဥပဒေအရ အရေးယူခဲ့ပြီး ဖြစ်ပါသည်၊ ဆက်လက်အရေးယူဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ရာ အတုအပများကို ဖော်ထုတ်ရာတွင် သတင်းပေးပါက ကျေးဇူးတုန့်ပြန်ပါမည်။

**ကမ္ဘောဇလွှယ်အိတ်စစ်စစ် မြတ်နိုးသူတို့ အဝယ်မမှားနိုင်ရန် အောက်ပါအချက်များကို သတိပြုစေလိုပါသည်။**

(၁) ကမ္ဘောဇရောင်စုံ ပို့စကာဒ်တခု လက်ဆောင်ပေးခြင်း၊
(၂) လွယ်အိပ်ကြိုးပေါ်တွင် ရောင်စုံကမ္ဘောဇတံဆိပ် ကပ်ထားခြင်း၊ (မှန် မမှန် စစ်ဆေးယူပါ)။
(၃) ကမ္ဘောဇလွယ်အိတ် တလုံး ဝယ်လျှင် ကမ္ဘောဇတံဆိပ်ပါ စက္ကူအိတ်တအိတ်ကျစီဖြင့် ထည့်ပေးရခြင်း၊ (နှစ်လုံးဝယ်လျှင် နှစ်အိတ်တောင်းပါ)

**ဝယ်ယူရောင်းချသူများသို့ မေတ္တာရပ်ခံချက်**

ကမ္ဘောဇပို့စကာဒ်နှင့် စက္ကူအိတ်သည် ကမ္ဘောဇလွှယ်အိတ်အတွက်သာ မူပိုင်ဖြစ်ပါသည်။ အခြားလွှယ်အိတ် အခြားပစ္စည်းများ ထည့်ရောင်းရောင်းချခြင်း မပြုလုပ်ပါရန် မေတ္တာရပ်ခံပါသည်။

**မာမီရယ်ရှာပေးကွယ် ကမ္ဘောဇ လွယ်အိတ်**

**လက်လီ/လက်ကား အရောင်းဆိုင်**
**အမှတ် ၂၇၉/ဗိုလ်ချုပ်ဈေးသစ်**
**ရန်ကုန်မြို့၊ ဖုန်း–၈၁၁၄၃**

ကြံစည်၍ ပြုလုပ်ကြောင်းထင်ရှားသည်ဟုယူဆပါသည်။ သို့အတွက် တရားခံများမှာ စွဲချက်တင်ထားသည့်အတိုင်း ပြစ်မှုကျူးလွန်သည်ဟုသုံးသပ်ရမိပါသည်။ သို့အတွက် အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်။

'ငပုတောမြို့နယ်၊ကန်စုရွာနေ ဦးပျော့မောင်၏သား မောင်သိန်းစိုးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) ခ) အရ အပြစ်ရှိကြောင်း ထင်ရှား၍သေဒဏ်ကျခံစေရန် ဦး ပျော့ မောင်၏ သား မောင်ရီလှ၊ ဦးကုလား၏ သား မောင်လွင်ဆန်း၊ ဦး တိုး စိန် ၏ သား မောင်မြင့်ရဲတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၁၂ (၁) (ခ)/၃၄ အရ ပြစ်မှုထင်ရှား၍ သေဒဏ်ကျခံစေကြရန် ဆုံးဖြတ်သည်။ သက်သေခံပစ္စည်း အားလုံး ဖျက်ဆီးစေ'

○ ○ ○

အခန်း (၆)

ကုသိုလ်ကံ ကောင်းကြ လေသည်ဟု ဆိုရပေမည်။

ဒေါသ အလျောက် မောဟနောက် ပါမိ၍ ကျူးလွန်ခဲ့သော အမှားကို နောင်တကြီးစွာ ရခဲ့ကြသည် ဆိုသော်လည်း နိုင်ငံသားအားလုံး၏ဆန္ဒဖြင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် အညီ သေဒဏ်ပေးခံခဲ့ကြရသည်။

၎င်းတို့အား သေဒဏ်ပေးရန် ရှေ့ဝတီတိုင်း တရားသူကြီး အဖွဲ့ထံ အမိန့်ခံနေစဉ် ကာလအတွင်း နိုင်ငံတော် ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၂ / ၈၀ (လွတ်ငြိမ်း ချမ်းသာခွင့် အမိန့်) ထွက်လာလေသည်။ ယင်းအမိန့်အရ အကျိုးခံစားခွင့်ရလေသဖြင့် ကြိုးစင်နှင့်လွဲခဲ့ရလေသည်။ ယင်းခံစားခွင့်ကို ထောင်မှ တာဝန်ယူဆောင်ရွက်ပေးရမည် ဖြစ်သည်။

မှုခင်း ဖြစ်ရသည့် အကြောင်းများတွင် စည်းကမ်းကိုမလိုက်နာကြခြင်းမှစတင်ရသည့်အကြောင်း တကြောင်းပါသည်။

ကိုယ့်စည်း ကိုယ့်ကမ်း နှင့်နေတတ်သော အလေ့အကျင့်များ ထွန်းကားလာသည်နှင့်အမျှ မှုခင်းများလည်း ကျဆင်း လာရမည် ဖြစ်ပေသည်။

နေလင်းထွန်း

ကောက်လှိုင်း

လူခေတ်ခေတ် စည်ပါသည်။

'မစည်ကားအပ်သည့် အရပ်မှာ၊ သုသာန်တစပြင်၊ တရားသူကြီးရုံး အစရှိသည့် ရှေးလူကြီးများထားရစ်ခဲ့သည့် ပုံပြင်စကားကို နားဝယ် မှတ်စွဲနေမိပါသည်။

သုသာန်ဆိုသည်မှာ၊ လူသေမှလာရောက် စွန့်ပစ် သင်္ဂြိုဟ်ရန် စုဝေး ကြသည့်နေရာမို့, မစည်ကားအပ်သလို၊ တရားသူကြီးရုံးတော်ဆိုသည် မှာလည်း အမှုအခင်း ဖြစ်ပွားသည့် အခါတွင် လာရောက်စုဝေးရာ အရပ်ဖြစ်၍၊ မလာကြနှင့် မစုဝေးကြနှင့်၊ မစည်ကား အပ်သော အရပ်တခုဟူ၍ သတ်မှတ် ပြောဆိုခဲ့ကြခြင်း ဖြစ်တန်ရာသည်။

ခုတော့ သုသာန်မှာလည်း ကားတွေတပြုံကြီး၊ လူတွေ တပြုံကြီး၊ မီးသင်္ဂြိုဟ်စက်ကြီး [illegible] ကျောက်သင်ပုန်းကို ဖတ်ကြည့်လျှင်၊ ဖုတ်ကြည်း သင်္ဂြိုဟ်မည့် အသုဘ အရေအ

ဩော် ....

မင်းက သည်လို ထမင်း
ဖိတ်ကျွေးတာပဲမြင်တာ
ကိုးကွ၊ ဓားနဲ့ လိုက်
ခံရတာမတွေ့ဖူးလို့ပါ။





ထွက်မှာဆယ်ဂဏန်း၏အထက်တွင် နေ့စဉ် ရှိနေတတ်သည်။

တရားရုံးများကို ကော ကြည့်ဦးမလား။

နေ့စဉ် စာရေးကြီး အခန်းဝမှအော်၍ ခေါ်သော အမှုများမှာလည်း ဆယ်ဂဏန်းအောက် မလျော့ပါ။

တရားရုံး ပတ်ဝန်း ကျင်မှာ ညစ်ပေးတန်းကလေး တခုသဖွယ် မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ လက်ဘက်ရည်၊ ဆေးလိပ်၊ ကွမ်းယာဆိုင် ကလေးတွေ ပြွတ်လို့ သိပ်လို့။

ရုံးချိန်းသည့် အချိန်မှာဆယ်နာရီ ဖြစ်ပါသည်။

သို့သော်လည်း နံနက်ကိုးနာရီခွဲလောက်ကတည်းကပင် ရုံးနားတဝိုက်မှာ လူတွေ တစုပြီးတစု ရောက်လာလေ့ရှိသည်။

တချို့ကရှေ့နေနှင့်လက်ဘက်ရည်ဆိုင်မှာ ဆုံကြရန် ချိန်းထားသည်။ တရားရုံး တွေကလည်း ရပ်ကွက်အလိုက်ထားခြင်းဖြစ်ရာ သီးခြား အဆောက်အအုံ ဟူ၍မပေးနိုင်ပါ။ ရသမျှ ဖြစ်သမျှ အဆောက်အအုံနေရာမှာပဲ သင့်သလို ရုံးဖွင့်ကြရသည်။

တချို့က ရဲစခန်းနှင့် တွဲလျက်၊ တချို့မှာ ဂိုဒေါင် ဟောင်းကြီးထဲ၊ တချို့က ဆင်ခြေဖုံးက ဟောင်းနွမ်းပျက်စီးနေပြီဖြစ်သော ရုပ်ရှင်ရုံဟောင်းထဲမှာ စသည်ဖြင့် အခြေအနေအရပဲ တရားရုံးများကို တည်ထောင်ထားကြရသည်။ (တရားစီရင်ရေး မှန်ကန်ဖို့က အဓိကပဲ) သည်တော့ ရုံးတွင်းမှာထိုင်စရာနေရာ သိပ်ကျယ်ကျယ်ဝန်းဝန်းမရှိလှပါ။ တရားသူကြီးအဖွဲ့ကလည်း အနည်းဆုံးနှစ်ဖွဲ့၊ တချို့ သုံးဖွဲ့ရှိလေရာ၊ တရားခွင်၏ နေရာကိုပင်၊ မနည်းနေရာဖြစ်အောင် လုပ်ထားပေးရပါသည်။

သို့ဖြစ်၍ ရုံးနား တဝိုက်က လက်ဘက်ရည်ဆိုင်တွေမှာ အမှုသည်တို့၏ နားနေရာ စခန်းများ ဖြစ်လာကြသည်။ တချို့ရှေ့နေတို့၏ အရေးပေါ် ရုံးခန်းများလည်း ဖြစ်၍ လာကြရတော့သည်။

လက်ဘက်ရည်ဆိုင်က စားပွဲပေါ်မှာပင်၊ ကိုယ်စားလှယ်လွှဲစာ လက်မှတ် ထိုးခြင်း၊ အာမခံတင်ခြင်း၊ မိတ္တူကူးရန်ဘာညာစသည့် စာရွက် စာတမ်းများကို လက်နှိပ်စက်စာရေးထံအပ်ခြင်းစသည်ဖြင့် အလုပ်လုပ် ကြရလေသည်။



အခွန်တော် တံဆိပ်ခေါင်းနှင့်စာချုပ်ပုံစံတွေကလည်း လက်ဘက်ရည်ဆိုင်ရှေ့မှာ အသင့်။

တံဆိပ်ခေါင်း ကလည်း စာချုပ်ပုံစံ ဝယ်ဆုံးပြီးလျှင် ဥပမာ စာချုပ် ငါးကျပ်တန် တရွက်ကို ငါးကျပ်နှင့်မရပါ။ ပိုပေးမှရ၏။ ဒါကလည်း နည်းနည်း ပါးပါး အမြတ်အစွန်းတော့ စားပါစေ၊ စားပါစေ။

အဲ... မင်္ဂလာ လက်ထပ်ကျမ်းကျိန်လွှာ ကျတော့ ဒီလိုပုံစံမျိုး ငါးကျပ် တန် မှာပဲ သတ်မှတ်ဘောင် ဝင် သော စာ ပိုဒ် များ လက်နှိပ်စက်ဖြင့် ရိုက်ပေးသည်။ တချို့ ပုံနှိပ်ပြီး ရွှေမှင် ငွေမှင် စာလုံးများဖြင့် အသင့်။ လက်ကလေးနှစ်ဘက် လက်ထပ်ယှက်နေသော နှင်းချီ ဒီဇိုင်းကလေးပင် ပါလာသေးသည်။

တစုံကို လေးဆယ်၊ အားပါး ပါး....

ဒါပေမဲ့ ကိုရွှေသတို့သားက စျေးမဆစ်ပါ။

ဘာပဲ ဖြစ်ဖြစ်၊ မင်္ဂလာကိစ္စ အမြန် ပြီးမြောက်ဖို့က လိုရင်း ဟုတ်လား၊ ငယ်ထိပ်ကို အဆိပ်တက်နေချိန်ပဲ။

သည်လိုပင် တရားရုံးပတ်ဝန်းကျင်သည် ရုံးကို အမှီသဟဲပြုကာ ဝမ်းရေး ဖြည့်တင်း နေရသူများရှိကြပါသည်။ ရုံးတရုံးသည် လူပေါင်း အတော်အသင့်၏ ဝမ်းစိုက်များကို ဖြည့်ပေးနိုင်သည်ဖြစ်ပါသည်။

ကဲ.... ရုံးအတွင်းဘက်ကို ဝင်ကြည့်ကြပါစို့။

ဆယ့်ငါးခပ၊ နှစ်ဆယ့်ငါးပေရှိသော အကျယ် အဝန်းကို သုံးထပ်သား ခန်းဆီးကာ၍ ရုံးခန်းတခုစီ ဖွဲ့ထားရပါသည်၊ နံရံကပ် လျက် က တရားသူကြီး (ဥက္ကဋ္ဌ)နှင့် အဖွဲ့ဝင် နှစ်ဦးထိုင်ရန် ကုလားထိုင်သုံးလုံးနှင့် စားပွဲရှည်ကြီး တလုံး။ ၎င်းရှေ့တည့်တည့်မှာ တရားလို (သို့မဟုတ်) တရားခံထိုင်ရန် ကုလားထိုင်တလုံးနှင့် စားပွဲငယ်တလုံး (ရှေးယခင်ကလို၊ ဝက်ခြံ ခပ်ထားသည့် သစ်သား တန်းများ မရှိတော့) ၎င်း၏ ဘေးနှစ်ဘက် နှစ်ချက်မှာ စားပွဲရှည်တလုံးစီနှင့်ထိုင်ရန် ကုလားထိုင်ခုံတန်းများမှာ နှစ်ဦးနှစ်ဘက်မှ လိုက်ပါ ဆောင်ရွက်မည့် အကျိုးဆောင် ရှေ့နေကြီးများအတွက် နေရာဖြစ်သည်၊ ရုံး

၏ထယ်ဝါမှုသည် အမိကမဟုတ်တော့ပေ၊ လုပ်ငန်းမှန် ဖို့သာ လိုရင်းအချက်ပါ။

တရားခွင်၏ နောက်ဆုံးဘက်မှာ ရုပ်ရှင်ရုံခုံတန်းတွေလို တရားခွင်ဆီသို့ မျက်နှာမူ၍ ချပေးထားသည်များက အမှုသည် များနှင့် လာရောက် လေ့လာသူများထိုင်ရန်အတွက် ဖြစ်ပါသည်။

ဆယ်နာရီ မထိုးမီ အင်းစိန်ထောင်မှ လာသောအချုပ်ကားပြာကြီး ရောက်လာသည်။အချုပ်ကျများ အားလုံး ထုတ်လာခြင်းဖြစ်ရာ စာရင်းအရ ရုံးချိန်းပေးထားရာ ရုံးများတွင် အချုပ်သားများ ကို ချ ထား ခဲ့ သည်။ နှစ်ယောက်ပူး လက်ထိပ် ခတ်လျက်တချို့မှာ လူကများပြီး လက်ထိပ်ကမလောက်၍လေဘောကြိုးကြိုးကြိုးဖြင့်တွဲချည်လျက် အမှုမခေါ်မီတရားရုံး၏ နောက်ဘက်မှာရှိသော ယာယီအချုပ်ခန်းတွင်းသို့ခေတ္တသွင်းထားရသည်။

သည်မှာ အချုပ်သား၏ သား မယား၊ ဆွေမျိုး၊ မိဘတွေက လာစောင့် နေကြသည်၊ ထမင်းကျော်၊ ခေါက်ဆွဲ၊ လက်ဘက်ရည်၊ စီးကရက် စသည်ဘို့ကျွေးမွေးပြုစုကြသည်။

ဟိုအကြောင်း သည်အကြောင်း၊ ပြောကြဆိုကြသည်၊တချို့လည်း ငို လို့ ဆွေး လို့၊ ဟို ဟာ မှာ သည်ဟာမှာနှင့် တချို့လည်း ရယ်လို့၊ လူအမျိုးမျိုး ပုံအသွယ်သွယ်။

သည်တော့ အ နီး အ နား မှ ဈေးဆိုင်တွေကသည်း ရောင်းလို့ကောင်းသည်၊ ဈေးနှုန်းကလည်း ဘယ်သူကမျှ ဆစ်နေစရာ အချိန်မရှိ၊ ရသမျှ အချိန်ကလေးမှာ ကိုယ့်တရားခံကိုယ် မြန်မြန်ကျွေးမှ ပေးမှ ပြုစုမှ။

လက်ဘက်ရည် ဆိုင်မှာ ကျ တော့လည်း အကျီ ဆောင်ရှေ့နေကြီးနှင့် လက်စွဲကျော် တပည့်စာရေးကြီးတယောက်၊ ပြီးတော့ စာမေးပွဲ အောင်ပြီး အလုပ်သင်ရှေ့နေအဖြစ် (ချိန်ဘာ၊) လိုက်နေသော ရှေ့နေလောင်းလျာက သုံးယောက်၊ အမှုသည်က လက်ဘက်ရည်ဖိုး တခါရှင်းလိုက်လျှင် အီစလံ ဝေသွားပါတော့သည်။ *မတွန့်တိုပါနဲ့ လေ အမှုကဖြစ်ခန* မှာပဲ၊ ငွေကုန်ဘော့မခေပါ့။

(ဒါကြောင့် အမှုမဖြစ်ကြဖို့ သတိပေးရခြင်းပါ။)

များသောအားဖြင့် တရားရုံးက ရာဇဝတ်မှု ပြစ်မှုဆိုင်ရာမှုခင်းများကို နံနက်ပိုင်းမှာ စ၍ခေါ်သည်၊ စစ်ဆေးသည်၊ တရားမမှုများကို ခေတ္တ ထမင်းစားချိန်နားချိန် ပြန်ဘက်သော နေ့လည်ပိုင်း (ဒုတိယ အချိန်)တွင် ခေါ်လေ့ရှိသည်။ တခါ တရံသည်းအမှုများ၏ အခြေအနေကိုကြည့်ကာ အဆင်ပြေသလို ခေါ်ရစစ်ရမြန်လေသည်။

ကျွန်တော် တရား ရုံးထဲဝင်လာတော့ ဆယ်နာရီ ထိုးတော့မည်။

အဆင်သင့်ပင် ကျွန်တော့် သူငယ်ချင်း ဖြစ်သူ တရားသူကြီးသည်တရားခွင်ပေါ်မတက်သေးပဲ ခေါင်းပေါင်းပင် မစွပ် သေး ပဲ၊ ဘီသစ် စာရေးကြီး၏ စားပွဲရှေ့မှာ တရားရေးရုံးဦးစီးနှင့် စကားလက်ဆုံကြနေသည်ကို တွေ့ရပါသည်။

'လာသူငယ်ချင်း ထိုင်ဦးကွာ'

သူက ကျွန်တော်ကို တရားရေးဦးစီးနှင့် မိတ်ဆက်ပေးသည်။ ကျွန်တော် လာယင်း ကိစ္စမှာ အမှုအတွက် မဟုတ်ပါ။ သူသည် ယခုနေသည့် နေရာ ရပ်ကွက်ကို မကြိုက်သဖြင့် အိမ်တခန်း ငှားလိုသည်ဆိုသဖြင့် ကျွန်တော့်ကူညီပေးရန် သူနှင့် ချိန်းထားခြင်းဖြစ်ပါသည်။ ကျွန်တော့် ညီမ ၏ အိမ်ဘက်ခန်းအား သွားပြီးဖြစ်ရာ သူငှားလိုသည်ဆို၍ လိုက်လံပြသပြီး စကားစမြည် ပြောရန်ဖြစ်၏။

'အချိန်ရတယ် မ ဟုတ် လား သူငယ်ချင်း'

'ကိုယ် အားပါတယ် ကိုရင် အမှုတွေပြီးမှ အေးအေးသွားကြတာပေါ့'

'အမှုတွေက များတယ်မျ'

ဦးစီးက ဖြတ်၍ ဝင်ပြော၏။ ဘေး စား ပွဲ မှ ရှေ့ နေ ကြီးတယောက်က ဦးစီးဘေးမှာ ဝင်ထိုင်လိုက်ပြီး....

'အင်း လူ တွေ က လဲ များ ပြဿနာတွေကလဲ များလာဘော့ အမှုတွေ များဘော့တာပေါ့'

'ဒါ ဘောင် လမ်း ညွှန် ချက်အတိုင်း ဖြစ်သင့်တဲ့ အမှုတွေကို အမြန်ဆုံး၊ အတတ်နိုင်ဆုံး ပြတ်အောင်စစ်ပေးခဲ့တာ မဘာ်သာ

လို့ မပြီးပြတ်တဲ့ အမှုလောက်ပဲ ကျွန်တော့တာဝန် ဦးစီးရ'

ခဏမှာပင် လက်ဘက်ရည် ခွက် ရောက်လာပါသည်။ မုန့်တပွဲနှင့် ဒူယားတဗူးပင် ပါလိုက်သေးသည်။

'သောက်ကွ သူငယ်ချင်း'

ကျွန်တော်လည်း ဘယ်သူ့ဟာမှန်းမသိပဲနှင့်ပင် တခွက်ငင်ကြိတ်လိုက်၏။ ပြီးတော့ ဦးစီးကဖွင့်ဖောက်တည့်သော ဒူးယားတလိပ်ကို ခဲလိုက်မိပြန်သည်။

ထိုခဏမှာပင် တဘက်တရားခွင်၏ ရှေ့ပေါက်ဝမှ စာရေးကြီး၏ အော်ခေါ်သံကို ကြားလိုက်ရလေသည်။

'ပိုင်းလော့ဝေ့၊ ဂျက် လေယာဉ်မှူးတွေ လာကြပါဗျို့'

ကျွန်တော်က အဓိပ္ပာယ်မသိသလို ငေးကြောင်ကြောင် ကြည့်နေမိ သည့်တွင် သူငယ်ချင်းက ပြောပြောဆိုဆို ထိုင်ရာမှထ၏။

'မော်တော်ယာဉ်အမှုတွေလေကွာ သူတို့ အသုဘ် အရင်ဆုံး ရှင်းပေးလိုက်ဦးမယ်'

သူတရားခွင်သို့ တက်သွားကြလေပြီ၊

ကျွန်တော်သည် မယောင်မလည်ဖြင့်ပင်တရားခွင့်မှ လေ့လာသူများထိုင်ရာ ခုံတန်းသို့ ရောက်ကာ ဝင်၍ထိုင်လိုက် မိပါသည်။

ယာဉ်ထိန်း ရဲကြပ်ကြီးသည် အမှုတွဲထပ်ကြီးနှင့် အကွ အပြာရောင်နှင့် အနီရောင်ယာဉ်မောင်းလိုင်စင်စာအုပ်များကို ပူးတွဲလျက် တရားခွင်၏ စာရေးကြီး စားပွဲပေါ်သို့ တင်ပေးသွား၏။ မော်တော်ယာဉ် ဆရာများ နံရံဘေးနားတွင် တန်းစီ၍ ရပ်နေကြလေသည်ကို တွေ့ရ၏။

စာရေးကြီး၏ စူးရှသောအသံကပေါ်လာ၏။

'နာမည်ခေါ်ယင် တယောက်စီလာပါ စုပြုံမလာကြပါနဲ့နော်'

မော်ဘော်ကား ဆရာများက သဘော ပေါက်ပါသည်ဟူသည့် အဖြေပေးသည့် အနေဖြင့် ခေါင်းများညိတ်ပြသည်။

'ကိုအုန်းဆိုင်'

လူဘယောက် ရှေ့ထွက်လာပြီး စာရေးကြီး ရှေ့မှာရပ်လိုက်၏။ စာရေးကြီးက လိုင်စင်စာအုပ်အနီနှင့် အမှုတွဲ စာရွက်ကို တရားသူကြီး စားပွဲပေါ် တင်ပေးလိုက်သည်။ သူငယ်ချင်း တရားသူကြီးက အမှုတွဲကို လှန်လှောကြည့်ယင်း....

'ကိုအုန်းဆိုင်မှာ မျက်စိလိမ်းတဲ့ဆေးစွမ်းကောင်း ရှိတယ်ထင်တယ်'

'မရှိပါဘူးဆရာ ဘာဖြစ်လို့လဲ'

'ညဥ့်ခမှာင် ကြီးထဲမှာ မော်တော်ကား ရှေ့မီး မပါပဲနဲ့ မောင်းနိုင်တယ် မဟုတ်လား'

ကျွန်တော့် သူငယ်ချင်းတရားသူကြီးသည် ဟာသ ရှိသူဖြစ်ပါသည်။ စကားပြောလျှင် ရယ်စရာမှတ်စရာ လေးများ ထည့်ပြောတတ်၏၊ ပင်ကိုယ်စရိုက်မှာလည်း သဘောကောင်း စိတ်ကောင်းရှိပါသည်။ ဥပဒေကို တိကျစွာ လိုက်နာတတ်သူ ဖြစ်၏။

သည်အမှုက ညဥ့်ဘက်တွင် မော်တော်ကား ရှေ့မီးမပါသဖြင့် လိုင်စင် ဖမ်းထားသော အမှုဖြစ်သည်။ ယခုသူက 'ထေ့'လိုက်တော့မှ ယာဉ်မောင်း သူက သဘောပေါက် သွားသလိုဖြင့်....

'ဒီလိုပါ ဆရာရယ်၊ မောင်းလာတုန်းက မီးလင်း ပါတယ်၊ ဝါယာရှော့ဖြစ်ပြီး ဖြုန်းကနဲကျွမ်းသွားပုံရတယ်'

'ဟိုး....ဟိုး....အဲဒါ မက်ကင်းနစ်ဆီပြပြီး ပိုင်ယာလဲလိုက်နော်၊ ခုတော့ ဟောဟို စာရေးကြီးမှာ ဒဏ်ငွေ သုံးဆယ်တော့ ဆောင်သွား ကျေနပ်ရဲ့လား'

'ကျေနပ်ပါတယ် ဆရာ'

ဘာပဲပြောပြော ယာဉ်မောင်းတို့မည်သည့် မည်မျှ ဒဏ်ငွေပဲဆောင်ရပါပစေ၊ မိမိလိုင်စင် စာအုပ်ကလေး အိတ်ထဲ ပြန်ရောက်ဖို့ပဲ စောကပ်နေကြတတ်ပါသည်။ ဒါလေးက ထမင်းစား လက်မှတ်ကလေးပဲ မဟုတ်လား။

'ကိုတင်မောင်'

'ရှိပါတယ်'

စာရေးကြီး ခေါ်သံနှင့်တပြိုင်တည်းပင် ရှေ့နားသို့ ကိုတင်မောင် ရောက်လာသည်၊ တရားသူကြီးက အမှုတွဲစာရွက်ကို ဖတ်ပြီး....

'ကိုတင်မောင် ခင်ဗျား မော်တော်ကားရဲ့ ဘော်ဒီက သံချပ်ကား ကိုယ်ထည်နဲ့ လဲတပ်ထားတယ် ထင်တယ်'

'ဘာပြုလို့လဲဆရာ'

'မီးနီထဲ ဝင်ဖြတ်မောင်းတယ်ဆိုတော့ ဘေးကမီးစိမ်းလို့ ဝင်

လာတဲ့ ကားတွေနဲ့ တိုက်ယင် မဖြုံလို့ပေါ့ဗျာ'

အမှုက မီးနီကို ဖြတ်မောင်းမှု ပင်။

'ကျွန်တော်ဝင်တုန်းက မီးက ဝါတောင် မဝါသေးပါဘူးဆရာ၊ အဲဒါ ကျွန်တော်လဲ ပြောပါသေးတယ် ယာဉ်ထိန်းရဲက ဇွတ်ဖမ်းတာပါဆရာ'

'ခင်ဗျား ဒီလိုငြင်းယင် အဲဒီ ယာဉ်ထိန်းရဲ ပြန်ခေါ်ပြီး ထပ်စစ် ရက်ရွှေ့နဲ့ ခင်ဗျားအမှုကြာသွားမယ် ကိုတင်မောင်'

'ဒါဖြင့်လဲ မငြင်းပါဘူးဆရာ'

'အပြစ်ရှိပါသလား'

'ရှိပါတယ်'

'ကဲ .... ဒဏ်ကလေးဆောင် လိုက်ဦးဗျာ'

တရုံးလုံး ပြုံး၍ ခပ်အုပ်အုပ် ရယ်ကြသည်၊ နောက်တဦး။

'မာမက်'

အသက်သုံးဆယ်ခန့် ကုလား ကပြားတယောက် ထွက်လာပြီး ရှေ့မှာ ရပ်၏။ စာရေး ကြီး က လိုင်စင်နှင့် အမှုတွဲစာရွက် တင်ပေးလိုက်သည်။

'မင်း အယင်တုန်းက ဆိုက္ကား တော်တော် နင်းလာခဲ့တယ် ထင်တယ်'

'ကျွန်တော် ဆိုက္ကား မနင်းတတ်ပါဘူး ဆရာကြီး ဘာပြုလို့ ပါလဲဗျာ'

'အနော်ရထာ လမ်းမကြီးက နေ သုံးဆယ့်နှစ် လမ်း ထဲ ကို ညာဘက်ချိုးပြီး လမ်းပြောင်းပြန် ဝင်တယ်ဆိုကွ၊ ဆိုက္ကားမှ လမ်းပြောင်းပြန်ဝင်တာ၊ မင်းက ကားသမား မဟုတ်လား'

'ဟုတ် ပါ တယ် ဆရာ၊ ကျွန်တော် ရှေ့ကလူဖြတ်လို့ ဘရိတ် အုပ်လိုက်တာမှာ ရှေ့ဘီး တဘက်က ညာဆွဲသွားတာနဲ့၊ ပြီးတော့ ဘရိတ်ကလည်း လေခိုပြီး'

'ဟိုး....ဟိုး....အဲဒါလဲ မက်ကင်းနစ်နဲ့ ပြပြီးပြင်ပေါ့၊ ကြည့်ပါဦး၊ မင်း လိုင်စင်ထဲက ပြစ်မှုတွေ တထမ်းကြီးပဲ၊ နောက်တခါ လိုင်စင်လဲယင်တောင် ပြစ်ချက်ကသပ်သပ်တအုပ် တွဲပေးရမလို ဖြစ်နေပြီ'

သည်တော့ မာမက်က ပြုံးစေ့စေ့ လုပ်နေ၏။

'ကဲ...မင်းအပြစ်ရှိသလား'

'ရှိပါတယ် ဆရာကြီး'

'အေး....မင်းအမှုတွဲထဲမှာရှေ့ ကပြစ်ချက်တွေ ထည့် ရေး ထားတယ်။ ဒီတော့ ဘဏ္ဍာတော်ငွေ နည်းနည်းတော့ ပိုထည့်ပေါ့ကွာ ဒဏ်ငွေ ငါးဆယ်ကျေနပ်ရဲ့လား'

'ကျေနပ်ပါတယ် ဆရာကြီး'

တ ယောက် ပြီး တ ယောက် ခေါ်လိုက် သည့်တွင် မော်တော်ယာဉ် အမှုများ ပြီးသွားသည်။ ပြစ်မှုတွေ လာပါပြီ။

'မောင်မအောင်သန်း'

တရားခံ၏ နာမည်ကို ခေါ်ခြင်းဖြစ်သည်၊ အမှုတွဲကို ကျွန်တော် ကြည့်လိုက်တော့ 'ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်အောင်သန်း' ဟုရေးထားသည်ကို တွေ့ရသည်၊ ပြစ် မှု ဆိုင်ရာ မှာ တရားလိုသည် အစိုးရပေါ့ကလား။

'မင်းအကျိုးဆောင် ပါတယ်နော်'

'ဟုတ်ကဲ့ ကျွန်တော်ပါ' ရှေ့နေက ပြော၏။

'ဆေးစာကလဲ ခုထိ မရသေးဘူး၊ ဆရာဝန် က လဲ ခေါ် လို့ မလာဘူး'

'ရဲ စက္ကူမှာ ရေးထားတဲ့အတိုင်းရော' ရှေ့နေကဝင်ပြော၏။

'ရဲစက္ကူလဲ ပါမလာ ဘူးကွ၊ ကဲဗျာဒါဆိုယင်လဲ နောက်တပတ်ပြန်ချိန်းပေါ့'

တရားခံကို ဆက်၍ ချုပ်ထားရဦးမည် ဖြစ်သည့်အတွက် ရှေ့နေကထပြန်သည်။

'ကျွန်တော်တို့ အာမ ခံ တင်ပါ့မယ်'

'ကောင်းတယ် တင်တင် ကဲနောက်အမှု'

'သူ့ရှေ့နေမလာဘူးခင်ဗျ'

တဘက်မှ အမှုလိုက်ရဲအရာရှိ (စီဒီအို)က ပြော၏။

'ဟုတ်ပါတယ် ဆရာကြီး ဟိုဘက်က အမှုက အရေးကြီးလို့ ဆိုလား ခရီးလွန်နေလို့ဆိုလားပဲ' ဟု တရားခံက ပြော၏။

'ဟာ....ဒါ လဲ အ မှု ပဲ ဟာ ဘယ်အမှုဖြစ်ဖြစ် အရေးကြီးတာချည်းပေါ့ ရှေ့နေမလာယင် ဘာလုပ်လို့ရတော့မလဲ ရှေ့နေဟာ အမှုရဲ့ ဦးဆောင်ရှက်ပဲ နောက်ရုံးချိန်မှာ လာပါလို့ပြောနော်'

'ဟုတ်ကဲ့ ဆရာကြီး'

ရက်ချိန်းပြန်သည်၊ သည်လိုနှင့် နေ့လည် ခေတ္တ နားတော့ လက်ဖက်ရည် သောက်ကြပြန်၏။

ပြီးတော့ ညနေပိုင်း တရားမမှုတွေ ဆက်ခေါ်သည်။ နှစ်ဘက်

သက်သေများအား ရွှေ့နေများက စစ်ကြသည်ကို ကြားနာကြသည်။ သည်လိုနှင့် ရုံးဝင်းတော့ ညနေလေးနာရီပင် ထိုးပြီးလေပြီ၊

'ဒီနေ့ ဗိုင်စားသွားတယ်'

'ဘာပြုလို့လဲ'

'တခါတလေ နေ့လည် နှစ်ချက်လောက် တင်ပြီးချင် ပြီးနေတာကွ....

ခုတော့ လေးနာရီကျော်ရော၊ ဒီလိုပေါ့လေ ကဲ.... တို့သွားကြမယ် သုံးဘီးတစင်းတော့ဆွဲကွာ'

'မင်းမှာ မော်တော်ကား မရှိဘူးလား'

'ဟာ ဘောက်တီး တောက်တက်ကွာ၊ ကားဝေးနေလို့ ဗိုလ်အုန်းသီး ကလေးကားတောင် မဝယ်နိုင်တာ'

'ဟ-တရားသူကြီးတယောက်လုံးက'

'ဘာရတာမှတ်လို့ကွာ ရုံးကလစာလိုပါပဲ'

ကျွန်တော့် ညီမအိမ် ရောက်သော့ စကားပြောကြ၊ အပေးအယူလုပ်ကြဖြင့် အိမ်ငှားဖြစ်သွားပါသည်၊ စပေါ်ငွေပေးရန်၊ စာချုပ်ရန်၊ အိမ်ပြောင်းရွှေ့ရန် စသည်တို့ သတ်မှတ်ပြီး ကျွန်တော်တို့ ပြန် ထွက် လာတော့ ညနေငါးနာရီပင် ခွဲလေပြီ၊

'သူငယ်ချင်းနဲ့ တွေ့ရခဲ့ဘယ်ကွာ၊ တွေ့တုန်း ညစာထမင်းစားကြရအောင် ငယ်ငယ်တုန်းကလိုပေါ့ကွာ၊ ကိုယ်ဒကာခံပါမယ်'

ကျွန်တော်ဆွဲခေါ်သဖြင့် အသေးစား ဟော်တယ်ကလေးတခုသို့ ရောက်သာကြလေသည်၊ ညစာစားကြယင်း စကားဆက်ပြန်သည်။

'မသိလို့ မေးရဦးမယ်....မင်းတို့ စီရင်ချက်ချတဲ့ အမှုတွေမှာ မှားတာယွင်းတာ မပါနိုင်ဘူးလား'

'ဒါကတော့ ငါတယောက်တည်း ဆုံးဖြတ်ပြီး ချရတာမှ မဟုတ်ပဲ၊ အဖွဲ့ဝင်တွေပါတယ်ကွာ တရားရေး ဝန်ထမ်း၊ ဥပဒေဝန်ထမ်းတွေနဲ့ ညှိနှိုင်း တိုင်ပင်ပြီးမှ အတိမ်းအစောင်း မ ရှိ ရအောင် လုပ်ကြရတာပါ။ ပြီးတော့ ငါကလဲ ပါကိုးကွယ်တဲ့ ဆရာတော်ကြီးရဲ့ ဆုံးမဩဝါဒကို ဦးထိပ်ထား ပြီး သုပ်တာပါ'

စာမျက်နှာ (၁၀၄) သို့





စာမျက်နှာ (၁၁၁) မှအဆက်

တင်ရန် ကိုစွ ဝုန်းဝုန်းဒိုင်းဒိုင်းပင် ဝီဥဉ်လိုက်ရ‌တော့သည်။

ဝ ဝ ဝ

'အစ်ကိုပြန်လာပြီလားဟင်'

အိမ်ရာ ထက်မှ ဇနီး သည် အေးနိုင်၏ အမေးကြောင့် ကိုဒေါ်နမှာ အကျႌ ချွတ်နေယင်းမှ လှမ်းကြည့်လိုက်လေသည်။

'ဟုတ် တယ် မခိုင်၊ အစ်ကို အလုပ်ကိစ္စရှိလို့ နည်းနည်းကြာသွားတယ်၊ညနေစောင်းမှ ဆေးရုံတက်တာပေါ့နော်'

ကိုဒေါ်နက ဇနီးသည်ကို ဖြေသိမ့်လိုက်သည်။

'ရပါတယ်အစ်ကို'

'အော် မခိုင်လည်း တနေ့လုံးဘာမှ စားသောက်ရ ဦးမှာမဟုတ်ဘူး အစ်ကို ကော်ဖီဖျော်လိုက်မယ်နော်'

'ဟုတ်ကဲ့'

ကိုဒေါ်နသည် ဇနီးသည်၏ စကားဆုံးသည်နှင့် မီးဖိုခန်းထဲသို့ ဝင်၍ကော်ဖီဖျော်နေတော့သည်။

'ရော့မခိုင် ကော်ဖီပူပူလေး သောက်လိုက်ပါဦး'

ကိုယ်တိုင် ဖျော်လာ သောကော်ဖီကို ဇနီးသည်အားလှမ်း၍ပေးလိုက်လေသည်။

ကိုဒေါ်နသည် ဇနီးသည်၏ မျက်နှာကို တစိမ့်စိမ့် ကြည့်ကာ ကရုဏာသက်မိနေလေသည်။

'အစ်ကိုကော မသောက်ဘူးလား'

'မသောက် တော့ဘူး မခိုင် အစ်ကိုစောစောကပဲ သံပုရာရည် သောက်လာခဲ့တယ်'

'အော် ဒါနဲ့ အစ်ကို မနက်တုံးက မခိုင် ဆွဲကြိုးလေး ယူသိမ်းထားသလားဟင်'

'ဘာ ဆွဲကြိုးဟုတ်လားအစ်ကိုမယူသွားရပါလားမခိုင် နိုင့်ဆွဲ

ကြိုးကို မခိုင်အမြဲဆွဲထားနေကျင် မဟုတ်သား'

'ဟုတ်တယ်အစ်ကို ဒါပေမဲ့ သိပ်ပြီး နေသိုင်မကောင်း ဖြစ်တဲ့အခါ၊ အလှအပတို့ ရွှေတို့ကို မဝတ်ဆင်ကောင်းဘူးလို့ လူကြီးတွေပြောတဲ့စကားကို သတိရမိတာနဲ့ မခိုင်ချွတ်ပြီးမှန်တင်ခုံပေါ် တင်ထားလိုက်မိတယ်'

'အော် ဒါလား ဒါဆိုယင် မှန်တင်ခုံပေါ်မှာရှိမှာပေါ့'

'မရှိဘူးအစ်ကို၊ ခိုင်နှစ်ခါသုံးခါတောင် ထပ်ရှာ ကြည့်သေးတယ် မတွေ့ဘူး အစ်ကိုများသိမ်းထားသလားလို့'

'နို့ အိမ်ကို ဘယ်သူလာသွားသေးသလဲ'

'အစ်ကို ထွက်သွား ပြီးတဲ့နောက် ဘယ်သူမှမလာပါဘူး'

'ဒီလိုဆိုယင် မှန်တင်ခုံနားတဝိုက်မှာပဲရှိမယ် မခိုင် မျက်စေ့မှောက်နေလို့ဖြစ်မယ်'

ကိုဒေါနသည် ပြောပြောဆိုဆိုနှင့် မှန်တင်ခုံရှိရာသို့ လှမ်းထွက်သွားသည်။

'ဟိုက်'

မှန်တင်ခုံရှေ့နောက်မှ ကိုဒေါန တုန်လှုပ်သွားသည်။

မနက်က သူအပြင်ထွက်ခါနီး ခေါင်းလာဖီးသေးသည်။

ထိုနောက် မှန်တင်ခုံပေါ်တွင် ရှိနေသော ဆွဲကြိုးလေးကို ယူ၍ တိုက်ပုံ အင်္ကျီအိတ်ထဲသို့ ကမန်းကတန်းထည့်ပြီး အပြင်သို့ ထွက်သွားသည်။

သူသတိရပြီ-

ကိုဒေါန သတိရပြီ၊

ချက်ချင်းပဲ အင်္ကျီချိတ်တွင် စောစောကချိတ်၍ ချိတ်ထားသော သူ့တိုက်ပုံ အင်္ကျီအိပ်များကို နှိုက်ကြည့်လိုက်သည်။

''ရော''

တိုက်ပုံအင်္ကျီ အတွင်းဘက်အိတ်တွင် ရွှေကြိုးတကုံး ထွက်လာသည်။

သွားပြီ၊

သွားပြီ၊

ကိုဒေါန အာရုံကြောများရပ်တန့်သွားသည်။

မျက်စိပြာဝေ၍ လဲမကျသွားရန် မနည်းထိန်းထား လိုက်ရသည်။

ဟုတ်ပြီ၊

ဟုတ်ပြီ၊

မနက်က ( ) ဈေးထဲတွင်ခေတ်ကူး(ဘတ်ကြီးတု) ဆွဲ



ကြိုးတကုံး ဆယ့်ငါးကျပ်ပေး၍ ဝယ်လာခဲ့ပြီး တိုက်ပုံ အင်္ကျီ၏ အတွင်းဘက် အိတ်ထဲသို့ ထည့်ထားလိုက်သည်။

အိမ်မှာဟိုရှုပ်နေ၍ သတိမထားမိ။

နောက်မှ မှန်တင်ခုံ ရှေ့တွင် ခေါင်းဖီးယင်းမှ တွေ့သော ဆွဲကြိုးကို ကောက်ယူ၍ နမောနမဲ့ဖြင့် တိုက်ပုံအင်္ကျီ အပြင်ဘက် အိတ်သို့ထည့်ခါ အလုပ်ဆင်းခဲ့သည် မဟုတ်သား။

တိုက်ပုံအင်္ကျီအတွင်းအိတ်နှင့် အပြင်အိတ် ခိုနားနေသော ရွှေကြိုးအတုနှင့် ရွှေကြိုးအစစ်ကို ကိုဒေါန သတိမမူမိပဲအလျင်စလိုဖြင့် အပြင်အိတ်ထဲတွင် ရှိနေသော ရွှေကြိုးအစစ်ကို အတုမှတ်၍ ''ရောင်းပြ'' လုပ်ခဲ့မိချေပြီ

သည်တခါတော့ အလမ္ပာယ်ဆရာ မြွေပေါက်ကိန်းဆိုက်ပြီ။

လောလောလတ်လတ် အနေဖြင့် ငွေရှစ်ရာအတွက်နှင့် ကိုဒေါနခမျာ ငွေသုံးထောင် ငါးရာတန်ဇနီးသည်၏ ရွှေကြိုးတကုံး၊ လုံးလုံးကြီး အဆုံးရှုံးခံလိုက်ရချေပြီ။

စောစောပိုင်းက ကြည်နူးဝမ်းမြောက် မှုများမှာလည်း ဘယ်သို့ဘယ်ဝယ် ပျောက်ကွယ်သွားများမသိ။

ကိုဒေါနမှာသာ မောဟိုက်နေယင်းမှ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ယင်း နဖူးကို ထုရိုက်နေမိတော့သည်။

ကိုဒေါနတယောက် လောဘကြောင့် သောက ရောက်နေသလောက်။

ο ο

'သမီးရေ လာပါအုံးကွဲ့ ဟင်း ဟင်း ပြောရဦးမယ် ရယ်စရာလည်း ကောင်းတယ်၊ နေ့လည် တုံးကမေမေ၊ မြေးကလေးပုစုးနဲ့ ဇောတိကကျောင်း ကဥပုသ်ယူပြီးပြန်အလာ၊ လမ်းမပေါ်မှာ ရွှေကြိုးတကုံးကောက်ရတယ် ထုံးစံအတိုင်းပေါ့ကွယ် သတင်းစာထဲမှာလည်း ဒွေမဒွေ ခဏခဏ ဖတ်ဖူးနေတာပဲဥစ္စာ ဆန်းတာ မှတ်လို့ ကောင်တကောင်က ဝေစုလာခွဲတယ်လေ မေမေလည်း ရွှေကြိုးကိုသေသေချာချာကြည့်တော့ အားရမိတယ်

ဒါနဲ့ စကားနည်းရန်စဲဆိုပြီး သူ့ကိုမေမေငွေရှစ်ရာ ပစ်ပေးခဲ့ပြီး ပြန်လာလိုက်တယ် ဒီကောင်က မေမေ့အကြောင်း မသိဘူးထင်တယ် ခေတ် အဆက်ဆက်က ရှေ့ပန်းတိမ်ဆရာလုပ်လာပြီး တသက်လုံး ရှေ့ပွဲစား လုပ်လာတာ ဒီလောက်များ တော့လားဟင်း နဲ့ပါသေးတယ် ဟား ဟား ဟား’

သည်စကားစုများကိုတော့ကို ဒေါ်နတယောက် ကြားနိုင်လိမ့်မည်မဟုတ်ပေ။

ရွှေမြိုင်တင့်မောင်





အမှတ် ၇၉၊ မောင်ထော်လေးလမ်း၊ ရန်ကုန်။ ဖုန်း - ၈၀၀၁

## စိတ်ချရသည့် ဆေးစွမ်းကောင်းများ

### G,A,C, ဂျီ-အေ-စီ မီးယပ် သွေးမှန်ဆေးကြီး

အမျိုးသမီးထု၏ ထောက်ခံမှု အများဆုံးရပြီး၊ အထူးကောင်းမွန်
စိတ်ချရသော ကျန်းမာရေးအတွက် လစဉ်
မီးယပ်သွေးမှန်ပြီး သား သမီးဒုက္ခမှ ကင်းဝေးစေသည်။
တနှစ်အတွက် ၁၅–ကျပ်။ တသက်တာအတွက် ၃၀–ကျပ်။

### C,L မီးယပ်သွေးမှန်ဆေးကြီး

သုံးဖူးသူ အမျိုးသမီးတိုင်း ကျန်းမာ ဝဖြိုး အလှတိုး စေသည့်
ကောင်းမွန်စိတ်ချရသည့် လစဉ် မီးယပ် သွေးပေါ်ဆေးကို
စားပါ။

၂–နှစ် အတွက် ၁၂–ကျပ်။ ၃–နှစ်အတွက် ၁၈–ကျပ်။
ယောကျ်ားပီပီ စံချိန်မီစေမည့် ခွန်အားဗလ ဆေးစွမ်းကောင်းများ။
တဘူး–၇ ကျပ်။

ယောကျ်ားများအတွက် အထူးသင့်လျော်သော
ဂျာမန်အားတိုးဆေးကြီး။
(G.IMPOTENT PILLS) ပြန်ရပါပြီ။
မြို့နယ်များသို့ V.P.P ဖြင့် ပို့ပေးနေပြီ။

### နယူးဆေးတိုက်

၁၂၄–ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၄၀–သမ်းထိပ်၊ ရန်ကုန်မြို့။
(ပွဲရုံနံတောင်စာတိုက်) ဖုန်း–၇၀၂၀၀

★ အသက်တရာမနေရ အမှုတရာပွေ့ရတဲ့ လူ့ဘဝ ကြီးရဲ့ ဘေးရန်အပေါင်းမှ လွတ်မြောက်လိုပါ သလား။ ရှေ့နေဘဝ တသက်စာဖူလုံစေလိုသလား။ ပုံစံ အလွှာတွေကို အမိက မထား။ ဥပဒေ အနှစ်သာရတွေ (Precedents) သာ အဓိက၊ ခေတ်ပေါ်ပင်မဟုတ်၊ ရှေ့နဲ့ ယိုးမှားပန်းစကားမဟုတ်။ ဥပဒေပုဒ်မ လုပ်ထုံးလုပ် နည်း ရှင်းလင်းချက်ပေါင်းများစွာဖြင့် ဒီတအုပ်တည်းနဲ့ တသက်စာ ဖူလုံသွားစေမယ့် အချည်အချော မြည့်ဝတဲ့ ဥပဒေပညာကျမ်း။

## သန်လျင်ဦးတင်မောင်

ရှေ့နေများလက်စွဲကျမ်း [နှစ်တွဲပေါင်းချုပ်]

# THE LAWYERS' MANUAL OF PRECEDENTS

IN EXPOSITION OF THE BRILLIANT CAREER OF THE AUTHOR IN HIS CAPACITY AS AN EXPERIENCED LAWYER.

ဖေါင် ၁၀၄၊ စာမျက်နှာ ၈၃၀ ကျော်၊ ကဒ်ထူဖုံး၊ စံမီခန့်ချုပ်။ တန်ဖိုး ၁၅၀၊ တအုပ်ချင်းကော်မရှင် ၁၀%။ ၃ အုပ်ထက် ၁၅%။

## မြန်မာတပြည်လုံးဖြန့်ချိရေးဌာန

ဝိဇ္ဇာပညာစာပေတိုက်

ဦးကျော်သာကာဝန်ခံစာတည်း

အမှတ် ၄၅၊ ဦးရွှေဗိုးလမ်း (ဆန်တန်းလမ်း)

ကြည့်မြင်တိုင်စာတိုက်၊ ရန်ကုန်မြို့။



## ဝိဇ္ဇာပညာစာပေတိုက်ထုတ်

## လက်ရွေးစဉ်ဥပဒေကျမ်းများ

ဗဟိုဥပဒေရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးထွန်းလင်း၏

**အမှာစာမှ....**

ဦးကြည်ဝင်းပြုစုရေးသားသော ယခုစာအုပ်တွင် ဒီကရီနှင့် အမိန့်များကို ဆုံးဖြတ်ချက်အတိုင်း အတည်ပြု ဆောင်ရွက် ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သက်ဆိုင်ရာပုဒ်မနှင့် နည်းဥပဒေ များကို ကျယ်ကျယ်ပြန့်ပြန့် တင်ပြထားသည့်ပြင် မှတ်စုခေါင်းစဉ် ပေါင်းချုပ် (Synopsis) နှင့်တကွ မှတ်စုခေါင်းစဉ် အလိုက် အမှုစီရင်ထုံးများ ကိုးကား ဖော်ပြထားရှိသဖြင့် ဖတ်ရှုရာတွင် လွယ်ကူရှင်းလင်းသည်။ စာရေးသူ အတော်တကာတ်[illegible] [illegible]ပြုစုထားကြောင်း သူ၏စာအုပ်ကို ဖတ်ကြည့်ပါက ပေါ် လွင်ပါသည်။

သို့ဖြစ်ရာ ဤစာအုပ်သည် ဒီကရီနှင့် အမိန့်များကို ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်မှု[illegible] ကိုင်တွယ်ရသော ပုဂ္ဂိုလ်အသီးသီးအတွက် [illegible] သုံး[illegible] ရသည့် လက်စွဲကျမ်းစာအုပ် [illegible] ဖြစ်လိမ့်မည်ဟု ဆိုနိုင်ပါသည်။

ဦးကြည်ဝင်း B, Sc,, B. L,, Dip. in Russian.

ဥပဒေ[illegible]နှင့်ဆန်းအတင့်(၁)၊ ဗဟိုဥပဒေရုံး။


## တရားမကျင့်ထုံးဥပဒေ၏ ဒီဂရီနှင့် အမိန့်များကို အတည်ပြု ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

## THE CIVIL PROCEDURE CODE ON EXECUTION OF DECREES AND ORDERS

(အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့်) ထွက်တော့မည်။

ဖောင် ၁၀၀၊ စာမျက်နှာ ၈၀၀ ကျော်၊ ကဒ်ထူဖုံး၊ စံမီခန့်ချုပ်။ တန်ဖိုး ၁၃၅ ကျပ်။

(မှတ်ချက်- မေ ၁၀ ရက်တွင်း ကြိုတင်ငွေ ၁၀၅ ကျပ် သွင်း လျှင် စရိတ်ငြိမ်း ပို့မည်။) ဘေမှူးခွင့်ပြု (၀၁၂၉)




## အမြစ်ပြတ်မဟာသုခဆီးဆေးကြီး

ကျား-မ၊ အပူလွန်၍ ဆီးပူ၊ ဆီးဝါ၊ ဆီးနီ၊ ဆီးပုပ်၊ ဆီးကျန်၊ ထိုး၊ ဆီးကျောင်၊ ဆီးအောင့်၊ ဆီးစပ်တင်း၊ ဆီးခဲ၊ ဆီးကိုက်၊ ကာလသားရောဂါ၊ သားအိမ်နာ၊ ဆီးကြောင့် မျက်စိဝေ၊ ဇက်ကြောတက်၊ အသားပူ၊ မူးဝေ၊ သုတ်ပူ၊ အားနည်း၊ ပိန်ခြောက်မှ စ၍ ဒိဋ္ဌပျောက်သော ဆီးဆေးသက်သက် ဖြစ်သည်။ ဝမ်းနုတ်ဆေးမဟုတ်၊ ကုသခအာင်မြင်ပြီး ဆေးဖြစ်၍ သုံးဖူးသူတိုင်း လက်မလွှတ်ကြပါ။ အကြီး ၈-ကျပ်၊ အငယ် ၄-ကျပ်၊ ခလေးပုလင်းမှာ **VPP** နှင့်ပို့သည်။

## ဆီးပူ၊ ဆီးပုပ်၊ ညောင်းကျ၊ အဖြူဆင်း

ကျား-မ အပူလွန်သူများ စာဆေး၊ ဆီးဆေး အစုံဆေးဘိုး ၃၀ိ ကျ၍ ဆေးများ **VPP** နှင့်ပို့ပြီး ဓာတ်စာညွှန်ကြားချက် အခမဲ့ပေးသည်။ အလုပ်မပျက် ဘေးမဲ့ဖြစ်၊ ပျောက်သူများ၍ ဝမြီးလာမည်။

## နှာပုပ်၊ နှာပိတ်၊ နှာကိုက်၊ ထိမ်ခတ်နာ

စားလိမ်း၊ ရှူခဆေးနှင့် မှိုင်းရှူခဆေးအစုံ၊ ဆေးဘိုး ၃၅-ကျပ်ကျသည် ဆေးများ **VPP** နှင့်ပို့ပြီး ဓာတ်စာညွှန်ကြားချက် အခမဲ့ပေးသည်၊ အလုပ်မပျက် ဘေးမဖြစ် ပျောက်သည်။

မှာရန်—သဘာဝဓမ္မဆရာကြီး ဆရာစိန်။ မဟာသုခဆေးတိုက်နှင့် ဆေးကုဌာန၊ အမှတ် (၈၅) ရေတာရှည်လမ်းဟောင်း၊ ဗဟန်းဈေးအနီး၊ ရန်ကုန်မြို့၊ ဖုန်း ၅၂၆၄၉




သားသမီးကျဲစေ၊ ဝေးစေ
မိန်းသူဝ၍ ဝသူ လှစေရမည်။
မယ်တို့သွေးပေါ် သွေးမှန်
ပုပ္ပါးတောင် ဂမုန်းနီ ကြယ်လ မီးယပ်ဆေး

မီးယပ်လကျော် နှစ်ကျော် ငုတ်သူများ၊ လျှင်မြန်စွာ ပေါ်စေသည့် မြန်မာ့ဆေးဘက်များနှင့်သာ ဖော်စပ်ထားသည်။ အမျိုးဖော်ဝင်စချိန်တွင် သွေးမပေါ်ခြင်း၊ ရင်၊ တင်၊ သားအိမ်၊ လိင်အင်္ဂါစသည်များ မကြီးထွားခြင်း၊ ကိုယ်ခန္ဓာ သေးကွေးကြုံလှီခြင်း၊ မျိုးအိုမီးယပ်လကျော် နှစ်ကျော်ငုပ်ခြင်း၊ နည်းခြင်း၊ ကျန်ခြင်း၊ မမှန်ခြင်း၊ တလနှစ်ကြိမ်ဆင်းခြင်း၊ အဖြူရည်ကျခြင်း၊ သားအိမ်အတွင်းနှင့် သားအိမ်အပြင် ယားယံခြင်း၊ ကိုက်ခဲခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ အင်အားကုန်ခမ်း ညှိုးနွမ်းခြင်း၊ သတိမေ့မူးဝေထိတ်လန့်ခြင်း၊ နှလုံးတုန် စိတ်မငြိမ် ရှုးသွင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အသင်းရောင်ပြောင်းလဲ၍ စိုပြေမှုမရှိခြင်း၊ မီးယပ်လေပူနာရှိခြင်း၊ နှုတ်ခမ်းမျက်ကွင်းညို ဖော့ယော့ သွေးလေအလုံးအပြင်ရှိခြင်း၊ အသားမကောင်း ဖြစ်လာ၍ ပွေး၊ ညှင်း၊ တင်းတိတ်၊ ဝက်ခြံ၊ ခရုသင်း၊ ဝဲနှင်းခူး၊ အဖြူ၊ အနီ၊ အနက် အကွက်ထွက်ကာ အနာကြီးရောဂါသို့ ရောက်ရှိနိုင်သည်။ မီးယပ်သွေးပေါ်ပြီး အလှတိုးမည်။ သားသမီး ဝေးစေပါသည်။ အေး ဥပါဒ်ဖြစ်စေမည့် ဆေးဘက်များမပါ။

ကိုယ်စားလှယ်များထံ မရလျှင် ပင်ရင်းဌာနသို့မှာပါ။ (VPP) နှင့် ပို့မည်။

၆–လအတွက် စားဆေးတပုလင်း ၁၂–ကျပ်။

ဖြန့်ချီရေးဌာန။ ။၁၃၀၊ အနောက်ဘက်တန်း
ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။

ပင်ရင်းဌာန။ ။ဂမုန်းနီဆေးတိုက်၊ အမှတ်–၁၄၊
၄–လမ်း၊ ပုသိမ်ညွန့်၊ ရန်ကုန်မြို့။ ဖုန်း ၅၁၂၆၇




**အနီ၊ အဖြူ၊ အနက်ကွက်၊ အရေပြားရောဂါ**
**အားလုံး၊ ထုံကျင်ခြင်းများကို**
**အာမခံနှင့်ကုသသည်။**

LEUCODERMA ခရှသင်း သမင်ဖြူ

**Chisht Misson** တွင် ကုသခဲ့ပြီး ရောဂါ ပျောက်ကင်းသော ဆရာဝန်ကြီးများ၊ နိုင်ငံခြား သံတမန်များ ထောင်ပေါင်းများစွာသော လူများ၏ ထောက်ခံစာကို ကြည့်ရှုနိုင်သည်။


အရေပြားရောဂါသည် အပေါ်ယံ အရေပြား၌သာ ဖြစ်ခြင်းဖြစ်သည်။ အချို့သော ဆေးများသည် ACID POISION များပါဝင်သဖြင့် အရေပြားတခုလုံးကို စားသွား၊ လောင်သွားရာ မူလအတိုင်း ပြန်လည်မကောင်းတော့ပေ၊ ကုသရန်လည်း ခက်သည်။ ဤဌာနမှဆေးများတွင် အထက်ပါ ACID POISION များမပါသဖြင့် မူလ အခြေ အနေ အတိုင်း ပြန်ကောင်းသည်။ အပျောက်လည်း မြန်သည်။

၁၅ ရက်၊ တလအတွင်း ပျောက်သည်။

နယ်မှ ဝေဒနာရှင်များ တခါလာပြီး အိမ်မှာပင် ဆေးစားသုံးနိုင်ပါသည်။ ရန်ကုန်တွင် နေထိုင် ကုသလိုပါက နေရာထိုင်ခင်း အစီအစဉ်လည်း ပြုလုပ်ထားပါသည်။

**အထက်ဗမာပြည်ဌာနခွဲ**
အမှတ် ၁၉၅၊ ၇၇ လမ်းမကြီး
၃၂ လမ်းနှင့် ၃၃ လမ်းကြား
ဆေးရုံကြီးတောင်ဘက်

**Chisht Mission**
ခရှသင်းရောဂါနှင့် အထွေထွေ
အရေပြားရောဂါ အမျိုးမျိုး
အထူးကုဌာန၊ ၄၃ ပါရမီရိပ်သာ
ရန်ကုန်၊ ဖုန်း-၆၁၃၉၅။




ရှေးသမားတော်ကြီးများ လက်စွဲ အသုံးပြုခဲ့သော

## စန္ဒမာလာ ရွှေ သ ညီး ခြေ သွေး အား တိုးဆေး ကြီးကို မှီဝဲပါ၊

နှလုံးတုန်၊ ရင်ခုန်၊ စားမဝင်၊ အိပ်မပျော်၊ မောပမ်း၊ မူးဝေ အားနည်း၊ ဖောယောင်ခြင်း ပျောက်၍ အားအင်ပြည့်ဖြိုး အသား အရေ စိုပြေလာပါမည်၊ တဘူး ၇ ကျပ်။

**စန္ဒမာလာ မက်လင်ချဉ်ဆေးပြား** ချောင်းဆိုးရင်ကြပ်၊ သလိပ်ပုတ်ခြင်း၊ကိုယ်လက်ကိုက်ခဲ၊ခေါင်းကိုက် မူ ဝေအော့အံခြင်း လည်ချောင်းနာခြင်း၊ တုတ်ကွေးဖျား၊ အသားဝါ ရောဂါများ အတွက် ဆေး သုံးပြားမှသေးပြားအထိ တနေ့ ၃—ကြိမ်ကွမ်းရွက် စိမ်းရေနှင့် သောက်ပါ၊ တပုလင်း ၃-ကျပ်။

**စန္ဒမာလာ အကြောဖြဲဝမ်းနုတ်ဆေးကြီး** ဆီး၊ဝမ်း၊သေ ချုပ်ခြင်း၊ အညောင်းအညာ၊ မီးယပ်၊ ဒူလာ၊ သွေးတက်၊ အကြောတက်၊မျက်စေ့ဝေခြင်း၊အဆစ်အမြစ် နာကျင်ကိုက်ခဲခြင်း၊ စားမဝင် အိပ်မပျော်ခြင်း။

ဆေးညွှန်း—လူကြီး တထုပ်၊ ကလေး တဝက် လူကြီးများ နေ့စဉ်ခေလးပုံ တပုံကျ မှန်မှန်စားသုံးသွားနိုင်ပါသည်။

တထုပ် ၁-ကျပ်။

**စန္ဒမာလာ(စက္ခုပါလ)** မျက်စိမှုန်၊ ချိန့်၊ ခြေလက်အေး၊ အကြောတက်၊ ခေါင်းကြီးကိုက်ခြင်းများကို ပျောက်ကင်းပါသည်။ ဆေးညွှန်း—ညအိပ်ရာဝင်ဆေး ၅—ပြားမှ ၆-ပြား အထိစားပါ။

ဤဆေးများကို ဦးဘညိမ်သား ဆေ တိုက်ကြီးနှင့် ဒေါ်အေး မှင် တခွန်းတိုက် ရွှေတောင်တန်းထိပ်တွင် ရနိုင်ပါသည်။

တပုလင်း ၅ ကျပ် ၅၀ ပြား။

ပင်ရင်း= စန္ဒမာလာဆေးတိုက်၊ ၇၁၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။ ဖုန်း-၇၄၀၂၅




စာမျက်နှာ (၁၉၂) မှ

'ဆရာတော်ကြီးက ဘယ်လို ပြဲဝါဒ ဆုံးမသလဲကွ'

'အမှုစီရင်တာမှာ ဒကာကြီး ရဲ့ ပယောဂ မပါစေနဲ့တဲ့ သူ့ ဘဝက အကြောင်း တရား နဲ့ ဥပဒေအတိုင်း ဖြစ်ပါစေတဲ့ကွ'

'သာဓုကွာ'

သည်ခဏမှာပင် ဟင်းပွဲများ ရောက်လာသည်။ တပွဲတည်း မ ဟုတ်ပါ၊ လေးပွဲ ပြီးတော့ နောက် ထပ် ဘရန်ဒီတလုံး။

'ဟေ့ သူငယ်.... တို့ ဒါတွေ မမှာပါဘူးကွ၊ စားပွဲမှားပြီး ပို့ တယ်ထင်တယ်'

စားပွဲထိုးကလေး အူကြောင် ကြောင် ဖြစ်နေစဉ်မှာပင် အခန်း ဆီးကိုဖယ်၍ လူတယောက်ဝင် လာကာ ပြုံး၍ ခပ်ရို့ရို့ ရပ်လိုက် သည်။

'ဆရာ ကျွန်တော့်ကို မမှတ် မိတော့ဘူးထင်တယ်'

ကျွန်တော့် သူငယ်ချင်းက ပြုံးကြည့်ယင်း—

'အေးဗျာ စိတ်တော့ မရှိပါ နဲ့နော်၊ ကျွန်တော်တို့က လူအ များနဲ့ တွေ့ဆုံလုပ်ကိုင် နေရတာ ဆိုတော့ ဇဝေဇဝါဖြစ်ပါတယ်'

'မှန်ပါတယ်ဆရာ ကျွန်တော် နာမည် ကျော်မောင်ပါ ကျွန် တော့် အမှုကိုဆရာပဲ အမိန့်ချ တာပါ မယားခေါ်လိုမှုလေဆရာ ရဲ့ ဆရာ ကျွန်တော့်ကို အနိုင် ပေးခဲ့တာပဲ ခုအားလုံး အဆင် ပြေဖြစ်နေပါတယ်။ ဆရာ့ကိုကျေး ဇူးဆပ်ဖို့ဟာ အိမ်လဲ မလာရဲလို့ ခုလိုတွေ့တုန်း တွေ့ခဲ ပြုစုရတာ လက်ခံပါ ခင်ဗျာ၊ အပြန်အတွက် လဲ ကျွန်တော့် မော်တော်ကား ပါပါတယ် ကျွန်တော့် မိတ်ဆွေ တယောက်နဲ့ ဟိုဘက် ခန်းမှာရှိ နေပါ့မယ်ဆရာ ဆရာတို့ လိုတာ ရှိလဲ ထပ်မှာပါ'

သူထွက်သွား တော့မှ ကျွန် တော့်မှာ ပြုံးမိသည်။

'စောစောက မှာတာတွေလဲ ရှင်းပေးသွားပြီဆရာ'

စားပွဲထိုးကလေးက ပြောပြီး ထွက်သွား၏။ သည့်တော့ ကျွန် တော်က သူ့ကိုကြည့်ယင်း....

'ဒီလိုဆို တော့လဲ ဘယ်ဆိုး လို့တုန်းသူငယ်ချင်း မောင်ရင်တို့ အလုပ်က ဟန်ကျသားပဲ ပြုစုမဲ့ ဒကာ မရှားဘူး'

သည်တော့မှ သူက အားရပါးရ ရယ်ချလိုက်ပြီး ခင်တိုးတိုး အသံကို ပြန်အုပ်၍ ပြောလိုက်ပါသည်။

မောင်ရင်က ဒီလို ခဏသာ တွေ့တာ၊ တခါတုန်းက မားခုတ်မှုမှာ ကိုယ် ထောင်နှစ်နှစ်ချလိုက်ဖူးတဲ့လူက ဒီလိုပဲ ထမင်းဆိုင်ထဲမှာတွေ့ပြီး ဒီခွေး မသား ပေါ့၊ ငါ့ကို ထောင်ချတာဆိုပြီး ပုသင်းနဲ့ ရိုက်မယ် လုပ်လို့ မနည်းလစ်ပြေးရတဲ့ အဖြစ်မှ မတွေ့ဖူးသေးဘဲ ဟား...ဟား'

ကောက်လှိုင်း

○····○····○····○····○

စာမျက်နှာ (၃၀) မှ ➡

○····○····○····○····○

တို့၏ လျှို့ဝှက်စခန်း (၁၆) ခုတို့ကို ဖော်ထုတ် ဖြိုဖျက်ကာ လက်နက် ခဲယမ်းမီးကျောက်များ အနာဂတ် အဖျက်လုပ်ငန်း စီမံချက်များနှင့် အခြားအရေးပါသော စာရွက်စာတမ်း များကို သိမ်းဆည်း ရမိလိုက်သည်။ မဟုတ်ပါလား။

( ၂၀-၁၂-၀၁၊ ၄-၁-၀၂၊ ၁၁-၁-၀၂၊ ၂၅-၁-၀၂ နှင့် ၈-၂-၀၂ နေ့ထုတ် နယူးဝိ(စ်) နှင့်တိုင်း မဂ္ဂဇင်းများမှ ကောက်နုတ်ပြန် ဆိုပါသည်။)

တက္ကသိုလ် ကျော်မြင့်ဦး



# ရက် (၂၀) အတတ်

စက်ချုပ်ဆရာကြီး၊ ရန်ကုန် ဦးညွန့်မောင်

၏

# အချုပ်၊ အညှပ် သင်တန်း။

အင်္ကျီပုံဆန်းအမျိုးမျိုးကို ရက် ၂၀ နှင့် အတတ်သင်ပေးမည်။

စုံစမ်းရန်။ ။ ဖရက်မှာ အပ်ချုပ်ဆိုင်၊ (ခ) လမ်းမကြီး၊
ဖဆပလ၊ ကန်တော်လေး၊ ရန်ကုန်။

---

ဘလောက် ဆို လျှင်

# ဇမ္ဗူတလူ

မှာ စိတ်ချရတယ်၊

ဇမ္ဗူတလူ ဘလော့က်တိုက်။
၂၂၆၊ ၃၂ လမ်း၊
ရန်ကုန်မြို့။

မျိုး၌ သံသယဖြစ်စေနိုင်သော မျက်မြင်သက်သေ တဦးတည်း၏ ထွက်ချက်ဖြင့် ပြစ်ဒဏ်မစီရင်သင့်သောကြောင့် ပေတည်း။ ထိုကဲ့သို့သော သက်သေခံချက်များအပေါ်၌ သံသယဖြစ်စေရန် အချက်အလက်များ ပေါ်ပေါက်နေပါက ထိုသံသယ၏ အကျိုးတို့ တရားခံအား ခံစားခွင့် ပေးသင့်သောကြောင့် ဖြစ်ပေသည်။

ရည်ညွှန်းချက်....

(၁၉၆၆-ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာမျက်နှာ ၆၄၄ ပါ မောင်တင်မြနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ စီရင်ထုံးမှ)

○ ○ ○

## ၃။ လောင်းကစားမှု

ဆုံးဖြတ်ချက်....

(တရားခံများအား လွှတ်ပစ်ရပေမည်။ အကြောင်းမှာ၊ ဤအမှုတွင် ထုတ်ပေးခဲ့သော ဝါးရမ်းမှာ လောင်းကစားအက်ဥပဒေပုဒ်မ ၆ အရ ထုတ်ပေးခဲ့သော ဝါးရမ်းမဟုတ်သဖြင့် ယင်းဥပဒေပုဒ်မ ၇အရ တရားခံ ဦးအောင်သိန်း၏ အိမ်သည် ကစားဝိုင်း ပြုလုပ်သည့်အိမ်ဟူ၍၎င်း၊ ဖမ်းဆီးရမိသော ပစ္စည်းများနှင့် ငွေများသည် လောင်းကစား ပြုလုပ်ရာ၌ အသုံးချသည့် ပစ္စည်းများဖြစ်သည်ဟူ၍ ကောက်ယူ ဆုံးဖြတ်ခြင်းမပြုနိုင်သောကြောင့်ပေတည်း။



ရည်ညွှန်းချက်....

(၁၉၆၆-ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၅၇၇ မ၊ ကိုအောင်သိန်းပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ စီရင်ထုံးမှ)

## ၄။ အရက်မူးနေစဉ် လူသတ်မှု

ဆုံးဖြတ်ချက်....

(တရားခံအား ပြစ်ဒဏ်စီရင်ရမည်သာ ဖြစ်ပေသည်။ အကြောင်းမှာ တရားခံသည် အခင်းဖြစ်နေစဉ် လုံးဝ သတိလစ်နေအောင် မူးယစ်နေခြင်းလည်းမဟုတ်၊ သူတပါးက အတင်းအဓမ္မ အရက်တိုက်ခြင်းလည်း မဟုတ်သဖြင့် ပြစ်မှုဥပဒေပုဒ်မ ၈၅ အရ ကင်းလွတ်ခွင့် မရနိုင်သောကြောင့် ပေတည်း။)

ရည်ညွှန်းချက်....

(၁၉၆၆-ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ ၄၃၇ ပါ မောင်ချစ်လှိုင်(ခေါ်)ဒုက္ခနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ စီရင်ထုံးမှ)

## ၅။ တရားဝင် လက်ထပ်ထိမ်းမြားခြင်း

ဆုံးဖြတ်ချက်....

(မောင်ချစ်ပိုအား အနိုင်ပေးရမည်သာ ဖြစ်ပေသည်။ အကြောင်းမှာ မောင်ချစ်ပိုနှင့် မခင်ရီတို့မှာ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း

ထင်ရှားပေါ်လွင်သည့်အပြင်၊ မောင်ချစ်ပိုက မခင်ရီအား ပြန်အပ်ရာ၌ မခင်ရီ၏မိဘများအနေနှင့် ကြည်ကြည်ဖြူဖြူ ကန့်ကွက်ခြင်းလုံးဝမပြုပဲ လက်ခံခဲ့ခြင်းကြောင့်၊ သဘောတူ ရာရောက်နေသောကြောင့် ပေတည်း။)

ရည်ညွှန်းချက်....

(၁၉၆၆-ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာမျက်နှာ ၃၇၆ ပါ မခင်ရီနှင့် မောင်ချစ်ပို(ခေါ်) မောင်ဆန် ထွန်းဦးတို့ စီရင်ထုံးမှ)

## ၆။ ဥပဒေဆိုရိုးစကားအမှီပွာယ်

ဆုံးဖြတ်ချက်....

(ရထားမင်းမော်ကော်က လျော်ကြေးပေးဆောင်ရန် တာဝန်ရှိပေသည်။ အကြောင်းမှာ၊ ဥပဒေဆိုရိုးစကားဖြစ် သော ''RES IPSA LUQUITOR'' မူအရ လယ် ပြင်တွင် ဆင်သွား၊သကဲ့သို့ ထင်ရှားနေသော လုပ်ဆောင် ပြုမူချက်တရပ်နှင့်ပတ်သက်၍ အငြင်းပွားနေရန်မလိုပေ။ ပြု လုပ်သူတွင် တာဝန်ရှိရစမြဲဖြစ်သည်။ ယခုအမှုတွင် ကျောက် ချရန်ထားသော ကုန်တင်မော်တော်ကို ရွေ့လျားနေသော ခရီးသည်တင် မော်တော်က ဝင်ရောက်တိုက်ခြင်း ဖြစ်သော ကြောင့်ပေတည်း။)

ရည်ညွှန်းချက်....

(၁၉၆၆-ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ ၇၄၉ ပါ မန်နေဂျာ တန်ကူအာ့ဝန်နှင့် ဦးသန့်စိန် စီရင်ထုံးမှ)





↓↓ စာမျက်နှာ (၁၆၇)မှ အဆက် ↓↓

## ၁။ မယားနိုးမှု

**ဆုံးဖြတ်ချက်....**

(တရားခံအား ပြစ်ဒဏ်စီရင်ရမည်ဖြစ်သည်။ အကြောင်းမှာ၊ မသန်းအေး၏စာအရပင်လျှင် ၎င်းသည် လင်ရှိမယားဖြစ်မှန်း တရားခံကသိရှိနေပြီး၊ နောက် စာတစောင်အရ မိမိ၏သဘောအလျောက် တရားခံ အိမ်ပေါ်တွင် တက်နေခြင်းဖြစ်ကြောင်း၊ ပေါ်ပေါက်အဖြင့် ပတ်ဝန်းကျင်အထောက်အထားများအရ၊ လင်ရှိမယားတဦးအား လင်၏ခွင့်ပြုချက်မရပဲ ပေါင်းသင်းစပ်ရှက်ကြောင်း ထင်ရှားနေသောကြောင့်ပေတည်း။)

**ရည်ညွှန်းချက်....**

(၁၉၆၆-ခု၊ မြန်မာနိုင်ငံ၊ စီရင်ထုံး၊ စာမျက်နှာ ၃၆၈ ပါ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်အောင်သိန်း စီရင်ထုံးမှ)

○ ○ ○

## ၂။ သံသယအကျိုး

**ဆုံးဖြတ်ချက်....**

တရားခံအား တရားသေလွှတ်ပစ်ရပေမည်။ အကြောင်းမှာ ဤမှုကြီးလေးသော သေဒဏ်ထိုက်သင့်သည့် ပြစ်မှုကြီး

စာမျက်နှာ (၂၁၂) သို့ ဆက်ဖတ်ပါရန်